The Commerce Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .18, NO . 14 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | April 2, 2018

# ဈေးကွက်တွင် မျက်နှာပန်းလှ ဝယ်လိုအား မြင့်တက်နေသော မြန်မာ့သစ်သီးဝလံများ

စာမျက်နှာ - ၈ ➢



## နိုင်ငံခြားဖြစ် စားသောက်ကုန်ပစ္စည်းများ ပြည်တွင်းမှာလည်း ထုတ်လုပ်နိုင်သည်

စာမျက်နှာ - ၂၁ ➢

## မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံကြား ကုန်ပစ္စည်းအတုနှိမ်နင်းရေးနှင့် ကူးစက်ရောဂါ ရှာဖွေစစ်ဆေးရေးဆိုင်ရာ ဆွေးနွေးပွဲများကျင်းပ

စာမျက်နှာ - ၂၉ ➢

## International Trade Basic Course (Weekend Programme) (Batch-3) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပမည်

စာမျက်နှာ - ၂၃ ➢



## ရန်ကုန်ကားဈေးကွက် ဆက်လက်အေးနေဆဲ

စာမျက်နှာ - ၂၂ ➢






CAPITAL AUTOMOTIVE

Ford
Go Further

**YANGON SHOWROOM:**

No. (3), Ward (12), Insein Main Road, Hlaing Township, Yangon, Myanmar.
Ph : +95(0)1 521-959

**MANDALAY SHOWROOM:**

No. (55), Corner of 78th Street & 10th Street of Near Kywe Sel Kan, Pyi Gyi Tagon Township, Mandalay.
Ph : +95(0)2 56014~18

Ford-Myanmar.com I sales@ford-myanmar.com

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် Industrial and Commercial Bank of China, Yangon Branch မှ CEO ဖြစ်သူ Mr. He Bi Qing ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် Industrial and Commercial Bank of China, Yangon Branch မှ CEO ဖြစ်သူ Mr. He Bi Qing ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား မတ် ၂၉ ရက် ၁၆:၃၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ-၁ ၌ လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၏ မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာနိုင်ငံမှ ပို့ကုန်လုပ်ငန်းရှင် များအား ပို့ကုန်ဆိုင်ရာ ငွေကြေးထောက်ပံ့မှု (Export Credit) ပေးရေး၊ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုဆိုင်ရာငွေပေးချေမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးနှင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကုန်ထုတ်လုပ်မှု နယ်ပယ်များတွင် ရင်းနှီးမြှုပ်နှံ မည့်ကိစ္စရပ်များကို အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC (IR)

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ကွန်ဖရင့်၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ မကာအို အထူးအုပ်ချုပ်ရေးဒေသအစိုးရ အုပ်ချုပ်ရေးမှူးဟောင်း H.E. Mr. Edmund Ho Hau Wah ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံကွန်ဖရင့်၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ မကာအို အထူးအုပ်ချုပ်ရေးဒေသ အစိုးရအုပ်ချုပ်ရေးမှူးဟောင်း H.E. Mr. Edmund Ho Hau Wah ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် မကာအိုအထူးဒေသမှ လုပ်ငန်းရှင်များအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေး၊ နှစ်ဖက်အပြန်အလှန် လေးစားမှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ဖြင့် အနာဂတ် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ မြှင့်တင်လုပ်ဆောင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

MOC (IR)

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး မကွေးတိုင်းဒေသကြီးကုန်သည်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် ဝန်ထမ်းများအားတွေ့ဆုံ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးဇော်မင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် မတ် ၂၅ ရက်က မကွေးတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံးခန်းမ၌ မကွေးတိုင်းဒေသကြီး အတွင်းရှိ ကုန်သည်လုပ်ငန်းရှင်များ၊ သီးနှံစိုက်ပျိုးထုတ်လုပ်သူများ၊ ကုန်သည်များနှင့် စက်မှုလုပ်ငန်းအသင်းရှင်များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီး ဦးအောင်ထူးက အဖွင့်အမှာစကားပြောကြားရာတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်း/ပြည်ပ ကုန်သွယ်မှုမြှင့်တင်ရန် ဆောင်ရွက်နေပါကြောင်း၊ ပြည်တွင်း/ပြည်ပ ကုန်သွယ်မှုလုပ်ငန်းများသည် Supply Chain တစ်ခုလုံးတွင် တစုတဝေးတည်းပါဝင်နေပြီး အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများလည်း ပါဝင်လာပါကြောင်း၊ မိမိတို့နိုင်ငံမှ တင်ပို့နေသည့် လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ရေထွက်ကုန်ပစ္စည်းများတွင် ရောဂါပိုးပါဝင်မှု၊ မှိုနှင့် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုများရှိနေသဖြင့် အရည်အသွေး စံချိန်စံညွှန်းသတ်မှတ်ချက် မြင့်မားတင်းကျပ်သည့် နိုင်ငံများသို့ တင်ပို့ရာတွင် အခက်အခဲများ ကြုံတွေ့နေရကြောင်း၊ ကုန်သွယ်မှုတိုးမြှင့်ရေး Supply Chain တစ်ခုလုံး၏ အစဖြစ်သည့် စိုက်ပျိုးထုတ်လုပ်မှုတွင် မှို၊ ရောဂါပိုးများ၊ ဓာတ်ကြွင်းများကင်းစင်ရေး အလေးထားဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်တွင် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ တောင်သူများနှင့်ကုန်သည် များနှစ်ဦးနှစ်ဖက်အကျိုးရှိစေရေး အသင်းအဖွဲ့များဖွဲ့စည်း၍ အားပေးဆောင်ရွက်နေပါကြောင်း၊ ယနေ့တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ကုန်သည်စက်မှုလုပ်ငန်းရှင်များအနေဖြင့်တွေ့ကြုံနေရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက မိမိတို့၏လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားနည်းချက်၊ အားသာချက်များအား ရှင်းလင်းတင်ပြကြရာ ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးပြီး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း ပေါင်းစပ်ပေးခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် နံနက် ၁၁:၃၀ နာရီတွင် မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနဝန်ထမ်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စွာဝင်းက တိုင်းဒေသကြီးအတွင်း စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးစင်တာများ ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်မှု၊ ကုန်သွယ်မှုအခြေအနေ၊ သီးနှံများ စိုက်ပျိုးထုတ်လုပ် ထွက်ရှိမှုတို့အား ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ဒုတိယဝန်ကြီးက အမှာစကားပြောကြားရာတွင် စားသုံးသူရေးရာဦးစီးဌာနသည် ပြည်နယ်/တိုင်းဒေသကြီး

စာမျက်နှာ ၂၄ သို့

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
မင်းမင်း
မြင့်လွင်
ဦးဦးဟန်
မြတ်ထွန်းကျော်

**စာတည်းမှူးချုပ်**
ကြည်မာ

**တာဝန်ခံစာတည်း**
-

**အုပ်ချုပ်ရေးမှူး**
အေးအေးမော်

**စာတည်းအဖွဲ့**
ကြည်သာသစ်နိုင်

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး၊ မော်မော်အောင်၊
ခင်မိုးသူ၊ သီတာဝင်း

**သတင်းထောက်များ**
သန်းထိုက်အောင်(ပြင်ပ)၊ စုမြတ်လှိုင်(ပြင်ပ)
ရီလင်းထွဋ်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)၊
ကြည်နိုင်ဦး(အင်းတော်) မင်းဇော်မွန်(ဖျာပုံ)၊
မြင့်ဦး(ပခုက္ကူ) ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်၊ ကျိန်သျှံနွမ်း

**ကြော်ငြာတာဝန်ခံ**
ထွန်းထွန်းဝင်း (ဖုန်း-၀၉-၄၂၇၇၃၇၅၆၃)
မြင့်ဇင်ညွန့် (ဖုန်း-၀၉-၇၃၀၅၃၅၃၁)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း- ၂၅၂၀၁၇၊ ၂၅၃၀၂၈

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
ဇော်ဝင်း၊ မျိုးဇော်၊
အောင်မျိုး၊ အုန်းခင်

**ကွန်ပျူတာ**
ပြည်ဟိန်းဇော်
သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၈၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Vol: 18, No.14 Monday April 2 2018

# ဆန်တင်ပို့မှုနယ်စပ်မှပိုမိုပြီး ရေကြောင်းမှလျော့ကျ

မတ်လ ၁၇ရက်မှ ၂၃ရက်အထိ ကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၄၆၉ သန်းတန်ဖိုးရှိ ဆန်နဲ့ကောက်ညှင်းဆန်တန်ချိန် ၃၈၅၅၀ တင်ပို့ခဲ့ပါတယ်။ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဧည့်မထဆန် တန်ချိန် ၂၉၄၆၀၊ ကောက်ညှင်းဆန် ၆၄ တန်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ဧည့်မထဆန် ၈၇၉၃တန်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန် ၂၃၃တန်တင်ပို့ခဲ့ပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၄၇၆ သန်းတန်ဖိုးရှိဧည့်မထဆန် ၁၂၆၁တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မြန်မာ-တရုတ်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်နှစ်ခုမှ ဆန်တင်ပို့မှုမှာ ၃၄၈၂၂တန်ဖြစ်ပြီး ယခုတစ်ပတ်မှာ ၃၉၈၁၁ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်ဆန်တင်ပို့မှု ၄၉၈၉ တန်ပိုမိုကြောင်းသိရပါတယ်။

ယခုတစ်ပတ် ဆန်ကွဲတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ သုည ဒသမ ၂၀၅ သန်းဖိုးနဲ့ တန်ချိန် ၆၅၀ဖြစ်ပြီး မူဆယ်မှ ၃၄၂တန်နဲ့လွယ်ဂျယ်မှ ၃၀၈တန်တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲ ၉၀၅တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ဆန်ကွဲတင်ပို့မှု ၂၅၅တန်လျော့ကျခဲ့တာ တွေ့ရပါတယ်။ မတ်လ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းတစ်ပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၃၄၇ သန်းတန်ဖိုးရှိဆန်ဖြူနဲ့ ပေါင်းဆန် ၁၉၇၂၄တန်ကို အာရှ၊ ဥရောပနဲ့အာဖရိကနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။

ယခုတစ်ပတ်မှာ ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ဆန်တန်ချိန် ၇၇၅၀၊ အင်ဒိုရာနိုင်ငံသို့ ဧည့်မထဆန်တန်ချိန် ၆၀၀၀ အများဆုံးတင်ပို့ခဲ့ပြီး မလေးရှား၊ ဗီယက်နမ်၊ တရုတ်၊ ရုရှား၊ကင်မရွမ်နဲ့အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်းသိရပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ တန်ချိန်နှစ်သောင်းကျော်လျော့နည်းခဲ့ကြောင်းသိရပါတယ်။

အမေရိကန်ဒေါ်လာ ၂ ဒသမ ၄၈၇ သန်း တန်ဖိုးရှိဆန်ကွဲ ၈၈၄၆ တန်ကို စင်ကာပူ၊ ဆီနီဂေါနဲ့အီးယူနိုင်ငံများသို့ တင်ပို့ခဲ့ပြီး ဆီနီဂေါနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၀၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုနဲ့ နှိုင်းယှဉ်ပါက ယခုတစ်ပတ်မှာ တန်ချိန်တစ်သောင်းကျော် လျော့ကျခဲ့တာတွေ့ရပါတယ်။

ယခုတစ်ပတ်ဆန်တင်ပို့မှုမှာ ကုန်သွယ်ရေးစခန်းများမှ ပိုမိုပြီး ပင်လယ်ရေကြောင်းမှ လျော့ကျခဲ့ပါတယ်။ ဆန်ကွဲတင်ပို့မှုမှာတော့ နယ်စပ်ရောရေကြောင်းမှပါ လျော့ကျခဲ့တာတွေ့ရပါတယ်။

**ယဉ်ယဉ်အေး**

## မှောင်ခိုဈေးကွက်ကြီးစိုးနေသော ကမ္ဘောဒီးယားဆန်

ကမ္ဘောဒီးယားနိုင်ငံမှ စုစုပေါင်းဆန်တင်ပို့မှု၏ ၄၄ ရာခိုင်နှုန်းသည် တရားမဝင်ကုန်သွယ်မှု လမ်းကြောင်းမှ တင်ပို့မှုဖြစ်နေကြောင်းကို ကမ္ဘာ့ကုလသမဂ္ဂ စိုက်ပျိုးရေးနှင့် အစားအသောက်ဆိုင်ရာအဖွဲ့(FAO) မှ မတ်လဆန်းတွင် ထုတ်ပြန်ခဲ့သည်။ ၂၀၁၈ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံမှ ဆန်တန်ချိန် ၁ဒသမ၃၅ မီလီယံတန် တင်ပို့နိုင်မည်ဟု FAO မှ ခန့်မှန်းထားပြီး ၂၀၁၇ ခုနှစ် တင်ပို့မှုထက်ကျော်လွန်တင်ပို့နိုင်မည်ဖြစ်သော်လည်း တရားဝင်တင်ပို့မှုမှာမူ ဆန်တန်ချိန် ၇သိန်းခွဲခန့်သာ တင်ပို့နိုင်မည်ဟု သုံးသပ်ဖော်ပြထားခဲ့သည်။ ဆန်တန်ချိန် ၆ သိန်းခန့်သည် မှောင်ခိုသမားများက လယ်သမားများထံမှ တိုက်ရိုက်ဝယ်ယူပြီး တရားမဝင် နယ်စပ်ဖြတ်ကျော်မှုဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သော ဗီယက်နမ်နှင့် ထိုင်းနိုင်ငံများသို့ ရောက်ရှိသွားနိုင်ဖွယ်ရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ဆန်ဈေးကွက်တွင် မှောင်ခိုဈေးကွက်ကြီးစိုးမှုမှာ ကာလကြာရှည်ခဲ့ပြီဖြစ်သည်။ အစိုးရမှ လယ်သမားများ ထိခိုက်နစ်နာစေသော အဆိုပါ ဆန်မှောင်ခိုဈေးကွက် ပပျောက်ရေးကြိုးပမ်းဆောင်ရွက်နေပြီး ပြင်းထန်စွာ အရေးယူမှုများပြုလုပ်နေကြောင်း သတင်းများအရသိရသည်။ “စပါးရိတ်သိမ်းချိန်ရောက်တဲ့အခါ ပြည်တွင်းဆန်စက်တွေနဲ့ ဆန်ကုန်သည်တွေက ထွက်သမျှစပါးကို အကုန်မဝယ်ယူနိုင်တဲ့အတွက် ဒီစပါးတွေ၊ ဆန်တွေကို နယ်စပ်က မှောင်ခိုပွဲစားတွေက ဝယ်နေကြတာဖြစ်တယ်။ ဒါကြောင့် ဆန်စပါးသိုလှောင်မှုတွေကနေတစ်ဆင့် ဈေးကစားမှုတွေဖြစ်လာပြီး ကုန်ဈေးနှုန်းပြဿနာတွေ ပေါ်ပေါက်လာတယ်။ အစိုးရအနေနဲ့ ဒါတွေကို ထိန်းချုပ်ဖို့နဲ့လယ်သမားတွေကို ကူညီဖို့နည်းလမ်းမျိုးစုံနဲ့ ကြိုးစားနေတယ်။ဆန်မှောင်ခိုဈေးကွက်ဟာ နိုင်ငံရဲ့ဂုဏ်သတင်းကို ထိခိုက်စေတယ်”လို့စိုက်ပျိုးရေးဝန်ကြီးဌာနမှ အရာရှိကြီးတစ်ဦးက ပြောခဲ့သည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ဆန်မှောင်ခိုဈေးကွက်ကြောင့် အစိုးရရော လယ်သမားများပါ ထိခိုက်နစ်နာလျက်ရှိပြီး အစိုးရရည်မှန်းထားသည့် ဆန်တင်ပို့မှု တန်ချိန်ကိုရောက်ရှိနိုင်ရေးဝေးကွာလျက်ရှိနေသေးကြောင်း သတင်းရရှိပါသည်။

**ကြည်သာသစ်နိုင်**

## ဆန်သစ်ဝင်ရောက်လာလို့ ရက်၉၀နဲ့သီးထပ်ဆန်များ ဈေးကျ

ယခုတစ်ပတ် ရန်ကုန်ဆန်ဈေးကွက်မှာ ဆန်ချောဈေးငြိမ်နေသော်လည်း ဝါးတန်းကုန်စည်ဒိုင်ကို ဆန်ကြမ်းအသစ်ရက် ၉၀ နဲ့ သီးထပ်ဆန်များဝင်ရောက်လာတဲ့အတွက် ဈေးကျကြောင်းသိရပါတယ်။ ဆန်ချောများဖြစ်တဲ့ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၃၆၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၅၀၀၀၊ ပုသိမ်၊ မြောင်းမြပေါ်ဆန်းဆန်ထိပ်စတစ်အိတ်ကျပ် ၄၆၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၄၄၀၀၀၊ နယ်စုံကျိုက်လတ်ထိပ်စတစ်အိတ်ကျပ် ၃၅၀၀၀ နဲ့ လတ်စတစ်အိတ်ကျပ် ၃၄၀၀၀၊ ကျားပျံပေါ်ဆန်းဆန်တစ်အိတ်ကျပ် ၃၈၀၀၀ မှကျပ် ၄၀၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ်ကျပ် ၅၃၀၀၀ မှ ကျပ် ၅၅၀၀၀ရှိပြီးဈေးငြိမ်နေပါတယ်။ ဆန်ချောကတော့ အရောင်းအဝယ်လည်းသိပ်အသွက်ကြီးမဟုတ်ဘဲ ခပ်အေးအေးပဲ ပုံမှန်ရှိနေတယ်လို့ ဝါးတန်းဆန်ဈေးကွက်မှ သိရပါတယ်။



ဆန်ကြမ်းကတော့ ရက် ၉၀ ဆန်နဲ့ သီးထပ်ဆန်များ အဝင်အားကောင်းတဲ့အတွက် ဈေးကျကြောင်းနဲ့ ကျန်ဆန်ကြမ်းများဈေးငြိမ်နေကြောင်း သိရပါတယ်။ ဧည့်မထ ၂၅ မှတ်ဆန်တစ်အိတ်ကျပ် ၂၀၅၀၀ မှ ကျပ် ၂၀၈၀၀၊ အကြမ်းသစ်(ရှယ်) တစ်အိတ်ကျပ် ၂၂၇၀၀ မှ ကျပ် ၂၃၂၀၀၊ မိုးသုခတစ်အိတ်ကျပ် ၂၄၅၀၀ မှ ကျပ် ၂၆၀၀၀ နဲ့ဈေးငြိမ်နေပါတယ်။ အသစ်ဝင်ရောက်လာပြီဖြစ်တဲ့ ရက် ၉၀ ဆန်ကတော့ တစ်အိတ်ကိုကျပ် ၂၂၀၀၀ မှ ကျပ် ၂၃၀၀၀၊ သီးထပ်ရှယ်တစ်အိတ်ကျပ် ၂၁၈၀၀ မှ ကျပ် ၂၂၀၀၀ ရှိပြီး တစ်အိတ်ကို ကျပ် ၁၅၀၀ မှ ကျပ် ၂၀၀၀ အထိ ဈေးကျကြောင်း သိရပါတယ်။ အရောင်းအဝယ်ကတော့ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော် နားနီးနေပေမယ့် မျှော်မှန်းသလောက်တော့ အရောင်းအဝယ်မသွက်သေးကြောင်း ဝါးတန်းကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၃၀-၃-၂၀၁၈ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀ % | ၄၂၀ | ၄၂၀ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၄၁၀ | ၄၁၀ | △ | ၄၁၅ | ၄၂၃ | △ | ၄၃၀ | ၄၃၀ | □ | ၄၁၃ | ၄၁၃ | □ |
| ဆန်ဖြူ ၁၀% | ၄၀၈ | ၄၁၆ | △ | ၄၁၀ | ၄၁၈ | △ | - | - | - | ၄၀၉ | ၄၀၉ | □ |
| ဆန်ဖြူ ၁၅% | ၄၀၅ | ၄၁၂ | △ | ၄၀၅ | ၄၁၃ | △ | - | - | - | ၄၀၅ | ၄၀၅ | □ |
| ဆန်ဖြူ ၂၅% | ၃၉၃ | ၃၉၈ | △ | ၃၉၂ | ၄၀၃ | △ | ၃၇၅ | ၃၇၅ | □ | ၃၇၀ | ၃၇၃ | △ |
| ပေါင်းဆန် | ၄၄၀ | ၄၄၆ | △ | - | - | - | ၄၂၃ | ၄၂၇ | △ | - | ၄၀၈ | |

*Source: liverice*

## ပြည်တွင်းမြို့ကြီးများ၏ (၃၀-၃-၂၀၁၈)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ဆန်ပိုဒေသများ | | | | | | | | |
| ပြည် | ၅၅၈၀ | □ | ၂၃၅၀၀ | □ | ၇၈၀၀ | □ | ၃၉၀၀၀ | □ |
| ပုသိမ် | ၅၉၈၀ | □ | ၂၄၀၀၀ | □ | ၈၆၇၀ | △ | ၃၈၀၀၀ | □ |
| ပဲခူး | ၅၇၀၀ | □ | ၂၂၀၀၀ | □ | ၇၀၀၀ | □ | ၃၇၀၀၀ | △ |
| ရွှေဘို | ၆၅၇၀ | △ | ၂၇၀၀၀ | □ | ၁၄၀၀၀ | ▽ | ၄၅၀၀၀ | ▽ |
| စစ်တွေ | ၄၂၅၀ | □ | ၁၈၅၀၀ | □ | ၆၈၀၀ | □ | ၃၁၀၀၀ | □ |
| ဆန်လိုဒေသများ | | | | | | | | |
| နေပြည်တော် | ၆၃၅၀ | △ | ၂၄၀၀၀ | □ | - | - | ၄၉၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၄၀၀ | □ | ၂၁၅၀၀ | □ | - | - | ၃၄၀၀၀ | □ |
| မန္တလေး | ၆၄၀၀ | □ | ၂၄၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| မကွေး | ၆၅၀၀ | □ | ၂၄၅၀၀ | △ | - | - | ၄၆၀၀၀ | □ |
| မော်လမြိုင် | ၆၀၀၀ | △ | ၂၃၀၀၀ | □ | ၈၀၀၀ | □ | ၃၆၀၀၀ | △ |
| လွိုင်ကော် | ၇၈၀၀ | △ | ၂၈၀၀၀ | □ | - | - | ၅၈၀၀၀ | □ |
| မြိတ် | ၅၀၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၅၀၀၀ | □ |
| ဘားအံ | ၅၆၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၄၂၀၀ | □ |

မှတ်ချက်။ ။ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊ လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စ နွေ(သစ်)အမျိုးအစားဖြစ်ပါသည်။ ရန်ကုန်၏ စပါးဈေးမှာ သန်လျင် မြို့နယ်၏ စပါးဈေးနှုန်းဖြစ်ပါသည်။

## ၂၆-၃-၂၀၁၈ မှ ၃၀-၃-၂၀၁၈ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 959 | 45,930,130.570 |
| 2 | Form D | 97 | 3,667,272.291 |
| 3 | Form E | 140 | 20,193,967.970 |
| 4 | Korea GSP | 10 | 339,809.240 |
| 5 | Form AK | 96 | 5,035,299.585 |
| 6 | Form AJ | 10 | 284,651.700 |
| 7 | Form AI | 43 | 8,555,500.110 |
| 8 | Form AANZ | 30 | 1,200,231.740 |
| 9 | Form DFTP | | |
| Grand Total | | 1385 | 85,206,863.206 |

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၃၀-၃-၂၀၁၈ ကျပ်/ပိဿာ

| ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မူဆယ် | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ၂၃/၃ | ၃၀/၃ | ပြောင်းလဲမှု | ၂၃/၃ | ၃၀/၃ | ပြောင်းလဲမှု | ၂၃/၃ | ၃၀/၃ | ပြောင်းလဲမှု | ၂၃/၃ | ၃၀/၃ | ပြောင်းလဲမှု |
| မတ်ပဲ | ၇၉၅ | ၇၅၉ | ▼ | ၇၁၇ | ၇၁၇ | ■ | ၇၆၅ | ၇၀၀ | ▼ | ၇၃၀ | ၆၈၅ | ▼ |
| ပဲစင်းငုံ | ၆၂၉ | ၆၃၇ | ▲ | ၅၇၅ | ၅၃၃ | ▼ | ၅၂၅ | ၅၂၅ | ■ | ၅၆၅ | ၅၂၅ | ▼ |
| ပဲတီစိမ်း | ၁၂၀၀ | ၁၂၀၀ | ■ | ၁၉၂၀ | ၁၀၈၄ | ▼ | ၁၂၁၁ | ၁၂၁၁ | ■ | ၁၃၇၀ | ၁၃၇၀ | ■ |
| ကုလားပဲရိုးရိုး | ၁၈၀၀ | ၁၅၀၀ | ▼ | ၁၂၉၃ | ၁၁၈၈ | ▼ | ၁၂၈၉ | ၁၂၁၁ | ▼ | ၁၂၂၀ | ၁၂၂၀ | ■ |
| ပဲလွန်းဖြူ | ၁၀၅၀ | ၁၀၃၀ | ▼ | ၁၂၀၃ | ၁၂၀၃ | ■ | - | - | - | ၁၃၀၀ | ၁၁၇၅ | ▼ |
| ထောပတ်ပဲ | ၁၆၅၀ | ၁၆၅၀ | ■ | ၁၉၀၂ | ၁၈၆၇ | ▼ | ၁၆၅၈ | ၁၈၄၂ | ▲ | ၁၇၆၅ | ၁၈၄၀ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၃၀-၃-၂၀၁၈ ဒေါ်လာ/တန်

| ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | ၂၃/၃ | ၃၀/၃ | ပြောင်းလဲမှု | ၂၂/၃ | ၂၉/၃ | ပြောင်းလဲမှု | ၂၂/၃ | ၂၉/၃ | ပြောင်းလဲမှု |
| မတ်ပဲ | ၃၇၅ | ၃၆၀ | ▼ | ၅၉၂ | ၅၉၆ | ▲ | ၅၃၈ | ၅၃၈ | ■ |
| ပဲစင်းငုံ | ၂၉၅ | ၂၉၅ | ■ | ၅၉၉ | ၆၁၁ | ▲ | ၆၃၄ | ၆၄၆ | ▲ |
| ပဲတီစိမ်း | ၆၁၀ | ၆၅၀ | ▲ | - | - | - | ၇၃၈ | ၇၃၈ | ■ |
| ကုလားပဲဖြူလုံးကြီး | ၆၀၀ | ၆၀၀ | ■ | ၅၆၁ | ၅၈၄ | ▲ | ၅၇၃ | ၅၈၅ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁.၁.၁၈) မှ |
| | (၁၇.၃.၁၈)ထိ | (၂၄.၃.၁၈)ထိ | (၂၄.၃.၁၈) ထိ |
| မတ်ပဲ | ၄၅၄၈၃ | ၃၈၀၃ | ၄၉၂၈၆ |
| ပဲတီစိမ်း | ၂၈၇၅၉ | ၄၂၆၄ | ၃၃၀၂၃ |
| ပဲစင်းငုံ | ၂၀၇၄၃ | ၃၆၅ | ၂၁၁၀၈ |
| ကုလားပဲ | ၇၃၈ | ၁၅၁၆ | ၂၂၅၄ |
| ပဲလွန်းဖြူ | ၁၁၇၂၇ | ၉၈၁ | ၁၂၇၀၈ |
| မြေထောက်ပဲ | ၃၀၄၄ | ၅၅၀ | ၃၅၉၄ |

## ပြည်မတ်ပဲဈေးလျှော့ပေမယ့် အရောင်းအဝယ်ပုံမှန်ဖြစ်နေ

ပြည်ပဲမျိုးစုံဈေးကွက်အတွင်း မတ်လကုန်ပတ်မှာ မတ်ပဲသစ်များ အဝင်များလျက်ရှိကာ တစ်ရက်အိတ် ၄၀၀ မှ ၅၀၀ အထိ ဝင်ရောက်ခဲ့ပါတယ်။ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပန်းတောင်းမြို့နယ်များမှ နေ့စဉ်ဝင်ရောက်ခြင်းဖြစ်ပြီး ဈေးကွက်အတွင်း လက်ကျန်ပဲများလည်း ရှိတာကြောင့် ဝယ်လိုအားရှိသလောက် ရောင်းချခဲ့ရကြောင်း သိရပါတယ်။ ဒါကြောင့် တစ်ရက်အိတ် ၅၀၀ ကျော်အရောင်းအဝယ်ဖြစ်လျက်ရှိကာ ပဲဈေးမှာတစ်တင်း ကျပ် ၁၅၀၀၀ ဖြင့် ဈေးလျှော့သွားခဲ့ပါတယ်။ ယခင်တစ်ပတ်ကထိ ပဲတစ်တင်းကျပ် ၁၆၀၀၀ ကျော်ရရှိနေခဲ့ပေမယ့် ပဲအဝင်တဖြည်းဖြည်းများလာသလို ဈေးလည်းတဖြည်းဖြည်း လျှော့နည်းနေခဲ့ကြောင်းသိရပြီး ပဲစင်းငုံဈေးထက်တော့ ဈေးပိုရနေခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲကြီးနှင့် ကုလားပဲသီးနှံများ အရောင်းအဝယ်သွက်လျက်ရှိ

ပဲခူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်အတွင်း မတ်လကုန်ပတ်တွင် ပဲသစ်အချို့ ဝင်ရောက်မှု ဆက်ရှိနေကြသလို အချို့ပဲတွေကလည်း ပဲအဝင်လုံးဝမရှိတော့ဘဲ လှောင်ပဲများဖြင့် အရောင်းအဝယ်ဖြစ်နေတာ တွေ့ရပါတယ်။

ပဲတီစိမ်းသီးနှံမှာ ပဲအဝင်မရှိဘဲ လက်ကျန်ပဲအချို့ရှိကြလို့ မန္တလေး လိုင်းသမားဝယ်ယူမှုအပေါ် ရက်ခြားသာ ရောင်းဝယ်မှုဖြစ်ပြီး အရောင်းအဝယ် ဖြစ်သည့်ရက်တွင် အိတ် ၁၀၀-၁၅၀ ကျော် ရောင်းချခဲ့ကြရကြောင်း သိရပါတယ်။

ပဲဈေးအနေဖြင့် ဈေးငြိမ်နေပြီး တစ်တင်း ကျပ် ၂၈၅၀၀ ဖြင့် မတ်လဆန်းဈေးထက် ဈေးပိုရလာတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ပဲအထွက်လှိုင်ချိန်မှာ ပဲဈေးလျှော့နည်း ကျဆင်းသွားပြီး ယခု ပဲလက်ကျန်နည်းချိန်မှာတော့ ပဲဈေးနှုန်း ဈေးပြန်မြင့်လာခဲ့တာ တွေ့ရပါတယ်။ ယခင်နှစ်က မတ်လအတွင်း ပဲတီစိမ်းသီးနှံမှာ တစ်တင်း ကျပ် ၃၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည့်အတွက် ယခုနှစ်ဈေးမှာ မတ်ပဲ၊ ပဲစင်းငုံသီးနှံများထက် ဈေးမြင့်ခဲ့သော်လည်း ယခင်နှစ်ဈေးထက် လျှော့နည်းနေခဲ့ကြောင်း သိရပါတယ်။

ပဲစင်းငုံသီးနှံမှာ ပဲအဝင်အနည်းငယ်သာရှိခဲ့တာကြောင့် လက်ကျန်ပဲများလည်းရှိမှုအပေါ် ရန်ကုန်ဝယ်လက် ဝယ်လိုအားရှိသလောက် ရောင်းချခဲ့ကြရကြောင်း သိရပါတယ်။


ဒါကြောင့် အိတ် ၂၀၀-၃၀၀ ကျော်အထိ အရောင်းအဝယ်ဖြစ်ပြီး ပဲဈေးနှုန်းမှာ တစ်တင်းကျပ် ၁၀၅၀၀ ဖြင့်ဈေးငြိမ်နေသလို ဈေး ကွက်အတွင်း ဈေးအနိမ့်ဆုံးသာ ရရှိခဲ့ကြောင်း သိရပါတယ်။ ယခင်နှစ်က မတ်လအတွင်း မတ်ပဲ၊ ပဲတီစိမ်းသီးနှံထက် ဈေးလျှော့သလို ယခုနှစ်အတွင်းမှာလည်း အဆိုပါပဲများထက် လျှော့နည်းလျက်ရှိကြောင်း သိရပါတယ်။ ယခင်နှစ်ရဲ့ ဈေးထက် ထက်ဝက်ကျော်ခန့်အထိ ကျဆင်းနေခဲ့ပြီး အရောင်း အဝယ်ဖြစ်မှုကတော့ ပုံမှန် ရောင်းဝယ်မှု ဖြစ်နေတဲ့ ပဲသီးနှံဖြစ်ခဲ့ပါတယ်။

ကုလားပဲသီးနှံမှာ ပန်းတောင်း၊ မင်းတုန်း၊ ကံမမြို့နယ်များမှ နေ့စဉ် အဝင်များခဲ့တဲ့အတွက် တစ်ရက် အိတ် ၆၀၀ ကျော်၊ ၇၀၀ ကျော်အထိ ဝင်ရောက်ခဲ့တာကို တွေ့ရပါတယ်။ ဝယ်လက်ကတော့ ခွဲစက်သမားအပြင် လှောင်ပဲသမားများလည်း အဝယ်ရှိပေမယ့် အိတ် ၅၀၀ ကျော်သာ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲဈေးမှာ တစ်တင်း ကျပ် ၂၁၅၀၀ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည့်အတွက် မတ်ပဲ၊ ပဲစင်းငုံ သီးနှံများထက် ဈေးပိုနေသော်လည်း ပဲတီစိမ်းသီးနှံထက်တော့ ဈေးလျှော့နေခဲ့ပါတယ်။ ယခင်နှစ်က ကုလားပဲသီးနှံ ဈေးမှာ တစ်တင်း ကျပ် ၃၆၀၀၀ အထိ ရရှိခဲ့တဲ့အတွက် ဈေးကွက်မှာ ဈေးကောင်းတဲ့ ပဲသီးနှံထဲမှာ ပါဝင်နေပြီး ယခုနှစ်မှာတော့ ဈေးအေးခဲ့တဲ့ သီးနှံ ဖြစ်နေတာကို တွေ့ရပါတယ်။

ပဲကြီးသီးနှံမှာ ဈေးကွက်အတွင်း ပဲအဝင်အများဆုံးဖြစ်သလို အရောင်းအဝယ်အသွက်ဆုံးဖြစ်နေပြီး ဈေးလည်း အမြင့်ဆုံးဖြစ်ခဲ့တဲ့ ပဲသီးနှံဖြစ်ခဲ့ပါတယ်။ ပဲကြော်ဖိုသမားရော လှောင်ပဲသမားများပါ နေ့စဉ်အဝယ်ရှိခဲ့တဲ့အတွက် တစ်ရက် အိတ် ၆၀၀ မှ ၇၀၀ ကျော်အထိ အရောင်းအဝယ်ဖြစ်ပြီး ပဲဈေးမှာ (ရွှေကျွန်း)တစ်တင်း ကျပ် ၃၅၀၀၀၊ (ကမ်းနား)တစ်တင်း ကျပ် ၃၃၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးလျှော့နည်းသွားခဲ့တယ်လို့လည်းသိရပါတယ်။

ဘိုကိတ်နှင့် ပဲလွန်းဖြူသီးနှံများမှာ ပဲအဝင်နည်းသွားပြီး ဈေးကွက်မှာ လက်လီသာ အရောင်းအဝယ် ပိုဖြစ်နေခဲ့တာ တွေ့ရပါတယ်။ ဒါကြောင့် နေ့စဉ်ရောင်းဝယ်မှုဖြစ်ပေမယ့် အိတ်အနည်းငယ်သာ ရောင်းချခဲ့ကြရကြောင်းသိရပြီး ဘိုကိတ်ပဲဈေး တစ်တင်း ကျပ် ၁၇၀၀၀၊ ပဲလွန်းဖြူသီးနှံ တစ်တင်း ကျပ် ၂၀၀၀၀ တို့ဖြင့် လလယ်က ဈေးအတိုင်း ဈေးငြိမ်ငြိမ်ဖြင့် အရောင်းအဝယ်ဖြစ်နေတဲ့ ပဲသီးနှံများဖြစ်ခဲ့ကြပါတယ်။

**ခင်ဆွေဝင်း**



## ပြည်လက်လီပဲဈေးကွက်မှာ စားတော်ပဲသီးနှံဈေးကောင်းရ

ပြည်ပဲဈေးကွက်အတွင်းသို့ စားတော်ပဲသီးနှံသစ်များ နေ့စဉ်ဝင်ရောက်လာခဲ့တာကြောင့် တစ်ရက်အိတ် ၁၀၀ ကျော်ထိ ဝင်ရောက်မှုရှိလာခဲ့တာကို တွေ့ရပါတယ်။

ပဲဈေးမှာ ဈေးငြိမ်နေပြီး တစ်တင်း ကျပ် ၃၆၀၀၀ နှင့် ၃၇၀၀၀ ကြား ယခင်တစ်ပတ်ဈေးအတိုင်း ဆက်လက်ဈေးငြိမ်နေခဲ့ပါတယ်။ လက်လီပဲဈေးကွက်အတွင်းမှာတော့ စားတော်ပဲသီးနှံဈေးဟာ နှစ်စဉ်လိုလို ဈေးကောင်းရလျက်ရှိတာကြောင့် ယခုနှစ်မှာ အခြားလက်လီပဲအချို့ဈေးမြင့်တက်နေသော်လည်း စားတော်ပဲသီးနှံဈေးကတော့ ပိုမြဲ ပိုနေလျက်ရှိခဲ့တာကို တွေ့ရပါတယ်။

ယခင်နှစ်က မတ်လကုန်အတွင်း စားတော်ပဲဈေးမှာ တစ်တင်း ကျပ် ၃၇၅၀၀ ရရှိခဲ့တဲ့အတွက် ယခုနှစ်ဈေးမှာလည်း တစ်တင်းကျပ် ၃၇၀၀၀ ခန့် ရရှိနေလို့ ယခင်နှစ်ပဲဈေးကောင်းရခဲ့သလို ယခုနှစ်လည်း ဈေးကောင်းရလျက်ရှိကြောင်းသိရပါတယ်။

**ခင်ဆွေဝင်း**

## အဝင်ရှိပေမယ့် ဈေးငြိမ်နေတဲ့ ပြည်မြေပဲဆန်ဈေး

ယခုတစ်ပတ်ပြည်ဈေးကွက်တွင် မြေပဲဆန်ဈေးပုံမှန်ဖြစ်လျက်ရှိပါတယ်။ ကံမ၊ မင်းတုန်းနှင့် တောင်ကုတ်ဘက်မှ တစ်နေ့လျှင် ပဲဆန်အိတ် ၁၀၀၀ မှ ၁၅၀၀ ခန့် အဝင်ရှိနေသော်လည်း ဈေးကွက်တွင်ဝင်သလောက် အရောင်း အဝယ်ဖြစ်တာတွေ့ရပါတယ်။

ပွဲရုံများနှင့် ဆီစက်များကလည်း မြေပဲဆန်ဝင်ရောက်မှုမရှိသောအခါ ထုတ်၍ရောင်းချခြင်း၊ ထုတ်၍ဆီကြိတ်ရန်အတွက် အသင့်ဝယ်ပြီး သိုလှောင်ထားတာဖြစ်တယ်လို့ သိရပါတယ်။ မြေပဲဆန်များ ဝင်ရောက်မှုပုံမှန်ဖြစ်လို့ဈေးမှာလည်း ပုံမှန်ဖြစ်ပြီး အရောင်းအဝယ်နေ့စဉ်ဖြစ်တာတွေ့ရပါတယ်။ ယခုတစ်ပတ် မြေပဲဆန်ဈေးများမှာ ယခင်တစ်ပတ်ကအတိုင်း မြေပဲဆီဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၁၉၀၀၊ (အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၀၅၀ ရှိပြီး လုံးဆန်(အနီ) တစ်ပိဿာလျှင် ကျပ် ၂၂၀၀နှင့် (အဖြူ) တစ်ပိဿာလျှင် ကျပ် ၂၃၅၀ ဖြင့်ဈေးငြိမ်နေတာတွေ့ရ ပါတယ်။ မြေပဲဆန်ဈေးငြိမ်ပေမယ့် မြေပဲဆီဈေးကတော့ တစ်ပိဿာလျှင် ကျပ် ၅၂၀၀ အထိဈေးမြင့်လာတာတွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

## ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲဆန် ဈေးတက်

ယခုတစ်ပတ် ရေစကြိုကုန်စည်ဒိုင်တွင် မြေပဲဆန်ဈေးမှာတဖြည်းဖြည်း တက်လျက်ရှိပြီး မြေပဲလုံးဆန်နီ (မြောင်) တစ်ပိဿာလျှင် ကျပ် ၂၀၀၀ မှ ၂၅၀၀၊ ကျွန်းဆန်တစ်ပိဿာလျှင် ကျပ် ၁၉၅၀ မှ ၂၂၀၀၊ S1 (မြေပဲဖြူလုံးဆန်) ကျပ် ၂၄၀၀၊ M12 (မြေပဲလုံးဆန်) တစ်ပိဿာလျှင် ကျပ် ၂၂၀၀ မှ ၂၅၀၀ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိပါတယ်။ ရေစကြိုဒေသထွက် မတ်ပဲဈေးသည် ဈေးအနည်းငယ်ကျနေပြီး မတ်ပဲတစ်တင်းလျှင် ကျပ် ၁၂၀၀၀ မှ ၁၄၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

ပဲလွန်းပြာတစ်တင်းလျှင် ကျပ် ၁၆၀၀၀၊ ကုလားပဲဝါ HLတစ်တင်းလျှင် ကျပ် ၂၁၇၀၀ ဖြင့် အိတ် ၁၀၀၊ ကုလားပဲဖြူလုံးကြီးV2 တစ်တင်းလျှင် ကျပ် ၂၂၅၀၀ ဖြင့် အိတ် ၁၀၀၊ 929 ကုလားပဲဖြူတစ်တင်းလျှင် ကျပ် ၂၂၀၀၀ ဖြင့် အိတ် ၁၀၀၊ ပဲပိစပ်တစ်တင်းလျှင် ကျပ် ၁၀၀၀၀၊ ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၂၄၀၀၀၊ ထောပတ်ပဲဖြူတစ်တင်းလျှင် ကျပ် ၃၃၀၀၀၊ ပဲပုပ်တစ်တင်းလျှင် ကျပ် ၂၄၅၀၀ဖြင့် အိတ် ၅၀၊ ပဲနီပြားတစ်တင်းလျှင် ကျပ် ၂၂၅၀၀၊ ပြောင်းဖူးစေ့ (CP) ဈေးမှာ တစ်တင်းလျှင်ကျပ် ၉၅၀၀ဖြင့် အိတ် ၁၀၀၀ခန့် အရောင်းအဝယ်ဖြစ်နေသည်ဟု ရေစကြိုကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။ **လှိုင်ဥမ္မာဦး(ပခုက္ကူ)**

## မြန်မာ့ဆိပ်ကမ်းတွင် ၂၉ .၃ . ၂၀၁၈ နေ့ ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

### (က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ထီးတန်းဆိပ်ကမ်း (၁) | - SIMA PERFECT | ကုန်သေတ္တာ ၅၀၅ ကုန်တင်ရန် |
| အလုံဆိပ်ကမ်း(၂) | - ROYAL-27 | Urea ၁၁၀၀၀ ကုန်ချရန် |
| အလုံဆိပ်ကမ်း(၃) | - TUG:brantas 1202+ BG:SINGA BESAR | Spun Concrete Piles ၃၁၇၅ ကုန်ချရန် |
| စက်မှုဆိပ်ကမ်း (၃) | - MAERSK WOLGAST | ကုန်သေတ္တာ ၆၇၅ ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း (၅) | - ALEA | ဆန် ၇၀၀၀ တန်ကုန်တင်ရန် |
| ဆူးလေဆိပ်ကမ်း (၇) | - BUDVA | ဆန် ၂၅၆၇၈ တန်ကုန်တင်ရန် |
| သီလဝါဆိပ်ကမ်း (၂) | - TOVE MAERSK | ကုန်သေတ္တာ ၁၇၂ ကုန်တင်ရန် |
| သီလဝါဆိပ်ကမ်း (၃) | - BLUE ANGLE | Steel & Equipment ၁၉၄၈၁တန်ကုန်ချရန် |
| သီလဝါဆိပ်ကမ်း (၄) | - DA ZHONG | Steel & Structure 1714တန်ကုန်တင် ၁၂၆၄၃ တန် ကုန်ချရန် |
| Green Asia JETTY | - MT.YU RU | MOGAS (92RON) ၁၁၆၆၁ကုန်ချရန် |

### (ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| MS OCEAN DREAM | Cruise Vessel PAX ၅၂၉ | - | ၂၉.၃.၂၀၁၈ |
| HAN ZHANG | ကုန်သေတ္တာ ၇ ကုန်ချရန် | - | ၃၀.၃.၂၀၁၈ |
| UNI AUC ONE | Steel Products ၂၀၄၄၀ တန်ကုန်ချရန် | CHINA | ၃၁.၃.၂၀၁၈ |
| YU CHANG | Steel (Deformed Bars) ၁၅၁၇၉ ကုန်ချရန် | CHINA | ၃၁.၃.၂၀၁၈ |
| DUBAL CROWN | Steel ၂၃၅၀၀ ကုန်ချရန် | CHINA | ၃၁.၃.၂၀၁၈ |
| CORA LIA | CEMENT (in Bulk) ၈၀၀၀ တန်ကုန်ချရန် | MALAYSIA | ၂.၄.၂၀၁၈ |
| MS CRYSTAL SERENITY | Cruise Vessel Pax ၉၀၀ NOS | THAI | ၃.၄.၂၀၁၈ |
| MERCURY LEADER | Units Vehicle (RO/RO) ၄၅၅တန်ကုန်ချရန် | JAPAN | ၄.၄.၂၀၁၈ |

### (ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| SINAR BALI | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၉.၃.၂၀၁၈ |
| PATHEIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၉.၃.၂၀၁၈ |
| EVER ALLY | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၀.၃.၂၀၁၈ |
| ARCA | SINGAPORE | သီလဝါ/စက်မှုဆိပ်ကမ်း | ၃၀.၃.၂၀၁၈ |
| SHIBA | SINGAPORE | သီလဝါဆိပ်ကမ်း | ၃၀.၃.၂၀၁၈ |
| MAX CRUSADER | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၁.၃.၂၀၁၈ |
| RATANA THIDA | SINGAPORE | သီလဝါ/အလုံဆိပ်ကမ်း | ၃၁.၃.၂၀၁၈ |
| SINAR BANDA | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၃၁.၃.၂၀၁၈ |
| BIPL TRUST | SINGAPORE | ဗိုလ်တစ်ထောင်ဆိပ်ကမ်း | ၁.၄.၂၀၁၈ |
| MATHU BHUM | SINGAPORE | စက်မှု/သီလဝါဆိပ်ကမ်း | ၁.၄.၂၀၁၈ |
| NINOS | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁.၄.၂၀၁၈ |
| CAPE FLORES | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၄.၄.၂၀၁၈ |
| KOTA HASIL | SINGAPORE | သီလဝါ/အေးရှားဝေါလ်ဆိပ်ကမ်း | ၅.၄.၂၀၁၈ |
| SHAR E KORD | SINGAPORE | သီလဝါဆိပ်ကမ်း | ၅.၄.၂၀၁၈ |
| THANLWIN STAR | SINGAPORE | စက်မှုဆိပ်ကမ်း | ၆ ၄.၂၀၁၈ |
| ANAN BHUM | SINGAPORE | စက်မှုဆိပ်ကမ်း | ၆.၄.၂၀၁၈ |
| KUO HSIUNG | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၈ ၄.၂၀၁၈ |
| SIMA PERFECT | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၈.၄.၂၀၁၈ |

### (ဃ) ဆိုက်ရောက်ရန် မျှော်လင့်လျက်ရှိသော စက်သုံးဆီ/စားအုန်းဆီ သင်္ဘောများစာရင်း

| သင်္ဘောအမည် | ကုန်ပစ္စည်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ရောက်မည့်ခန့်မှန်းရက် |
|---|---|---|---|
| MT.HYDROUSSA | MOGAS 92 RON | - | ၂၃.၃.၂၀၁၈ |
| MT.SK LINE-1 | P'Oil(In Bulk) | - | ၂၉.၃.၂၀၁၈ |
| MT.GRATE PRINCESS | ဒီဇယ်ဆီ | - | ၂၉.၃.၂၀၁၈ |
| MT.OCEAN WINTER | MOGAS 92 RON+ဒီဇယ်ဆီ | - | ၂၉.၃.၂၀၁၈ |
| MT.GREAT DIAMOND | ဒီဇယ်ဆီ | SINGAPORE | ၃၀.၃.၂၀၁၈ |
| MT.PRIMROSE | P'Oil(In Bulk) | INDONESIA | ၃၀.၃.၂၀၁၈ |
| MT.MADEIRO | ဒီဇယ်ဆီ | SINGAPORE | ၃၀.၃.၂၀၁၈ |
| MT.WINTER OAK | MOGAS 92 RON | SINGAPORE | ၃၀.၃.၂၀၁၈ |
| MT.CP-38 | P'Oil(In Bulk) | INDONESIA | ၃၀.၃.၂၀၁၈ |
| MT.OCEAN DOLPHIN | ဒီဇယ်ဆီ | SINGAPORE | ၃၁.၃.၂၀၁၈ |
| MT.TAIBAH | ဒီဇယ်ဆီ | SINGAPORE | ၃၀.၄.၂၀၁၈ |
| MT.OCEAN VICTORY | MOGAS 92 RON+ဒီဇယ်ဆီ | SINGAPORE | ၃၁.၃.၂၀၁၈ |
| MT.FLY MARLIN | ဒီဇယ်ဆီ | SINGAPORE | ၃၁.၃.၂၀၁၈ |
| MT.MESON | P'Oil(In Bulk) | INDONESIA | ၁.၄.၂၀၁၈ |
| MT.OCEAN AUTUMN | ဒီဇယ်ဆီ | SINGAPORE | ၁.၄.၂၀၁၈ |
| MT.MESON | P'Oil(In Bulk) | INDONESIA | ၂.၄.၂၀၁၈ |
| MT.BULL SUMBAWA | MOGAS 92 RON | SINGAPORE | ၃.၄.၂၀၁၈ |
| MT.OCEAN FALCON | ဒီဇယ်ဆီ | SINGAPORE | ၄.၄.၂၀၁၈ |
| MT.BABY LON | ဒီဇယ်ဆီ | SINGAPORE | ၅.၄.၂၀၁၈ |
| MT. ATLANTA | ဒီဇယ်ဆီ | SINGAPORE | ၆.၄.၂၀၁၈ |
| MT.PROMROSE | P'Oil(In Bulk) | INDONISIA | ၁၉.၄.၂၀၁၈ |

## ပြည်ထောပတ်ပဲသီးနှံ ယခင်နှစ်ထက်ဈေးကောင်းရပြီး လက်လီလက်ကားအဝယ်လိုက်

မတ်လကုန်ပတ်အတွင်း ပြည်ပဲဈေးကွက်မှာ ထောပတ်ပဲသီးနှံ ဝင်ရောက်မှု ပုံမှန်ရှိသလို အရောင်းအဝယ်ဖြစ်မှုလည်း ဝယ်လိုအားအနေဖြင့် ဒေသတွင်း ဝယ်လက်များအပြင် မန္တလေးလိုင်းသမားများလည်း အဝယ်ရှိလာတယ်လို့သိရပါတယ်။

ဒါကြောင့် လက်လီလက်ကားရောင်းဝယ်မှုဖြစ်လျက်ရှိကာ ပဲတစ်တင်း ကျပ် ၃၀၅၀၀ ဖြင့် ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲလွန်းဖြူ ဘိုကိတ်၊ ပဲနီပြား၊ ပဲပုပ်သီးနှံများထက် ဈေးပိုရရှိသော်လည်း စားတော်ပဲသီးနှံထက် ဈေးလျော့နည်းခဲ့ကြောင်းသိရပါတယ်။ ယခင်နှစ်က ထောပတ်ပဲ သီးနှံဈေးဟာ တစ်တင်းကျပ် နှစ်သောင်းခန့်သာ ရရှိခဲ့တဲ့အတွက် ယခုနှစ်ဈေးက ယခင်နှစ်ဈေးထက် ကျပ်တစ်သောင်းကျော်ထိ ဈေးပိုရခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း**

## ပခုက္ကူကုန်စည်ဒိုင်၌ ပြည်ပမှအဝယ်လိုက်၍ နမ်းဈေးတက်ပြီး မန်ကျည်းတောင့် ဈေးအနည်းငယ်ကျ

ယခုတစ်ပတ် ပခုက္ကူကုန်စည်ဒိုင်၌ ပဲစင်းငုံနီအသစ် တစ်တင်းလျှင် ကျပ် ၈၅၀၀ မှ ၉၅၀၀ ဖြင့် အိတ် ၅၀နှင့် ပဲစင်းငုံနီအဟောင်း တစ်တင်းလျှင် ကျပ် ၁၁၄၀၀ဖြင့် နေ့စဉ် အိတ် ၅၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ကုလားပဲဝါ HLတစ်တင်းလျှင် ကျပ် ၂၁၇၀၀ ဖြင့် အိတ် ၁၀၀ခန့်၊ ကုလားပဲဖြူလုံးကြီး V2 တစ်တင်းလျှင် ကျပ် ၂၂၅၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ကုလားပဲဝါလုံးကြီး 929 တစ်တင်းလျှင် ကျပ် ၂၂၀၀၀ဖြင့် အိတ် ၅၀ ခန့်၊ ဒေသထွက်ဖြစ်သော ပဲနီပြား တစ်တင်းလျှင် ကျပ် ၂၄၀၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ ပဲယဉ်း(မြစ်ခြေ)တစ်တင်းလျှင် ကျပ် ၁၈၁၀၀ဖြင့် အိတ် ၃၀ ခန့်၊ ပဲလွန်းပြာအသစ်တစ်တင်း လျှင် ကျပ် ၁၆၁၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ပဲဇီးကွက် တစ်တင်းလျှင် ကျပ် ၂၄၅၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ ပဲကြီးဖြူ တစ်တင်းလျှင် ကျပ် ၃၅၀၀၀ ဖြင့် အိတ် ၅၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

စွန်တာနီ (ယော) တစ်တင်းလျှင် ကျပ် ၂၂၇၀၀ ဖြင့် အိတ် ၁၀၀ ခန့်၊ စွန်တာနီ(ကျွန်း)တစ်တင်းလျှင် ကျပ် ၂၂၁၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ထီးလင်း (စားတော်ပဲ) တစ်တင်းလျှင် ကျပ် ၃၂၅၀၀ ဖြင့် အိတ် ၅၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ပြောင်းဖူးစေ့(CP)ဈေးဟာလည်း အနည်းငယ်ကျလျက်ရှိပြီး တစ်တင်းလျှင် ကျပ် ၉၉၀၀ ဖြင့် အိတ် ၁၀၀ ခန့် နေ့စဉ်ပုံမှန် အရောင်းအဝယ်ဖြစ်လျက်ရှိသည်ဟု ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။ ကျွန်းထောပတ်ပဲဖြူ တစ်တင်းလျှင် ကျပ် ၃၃၁၀၀ ဖြင့် အိတ် ၅၀ ခန့်၊ ယောထောပတ်ပဲဖြူ တစ်တင်းလျှင် ကျပ် ၃၄၀၀၀ဖြင့်အိတ်၁၀၀ ခန့် နေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

နှမ်းဈေးကွက်တွင် ပြည်ပမှ အဝယ်လိုက်လာသဖြင့် ဈေးမြင့်တက်လျက်ရှိပါတယ်။ ယခင်တစ်ပတ်က နှမ်းနက်(ဂ) တစ်တင်းလျှင် ကျပ် ၃၁၀၀၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် ကျပ် ၃၅၀၀၀ ဖြင့် အိတ် ၅၀ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ဒေသထွက် မန်ကျည်းတောင့်ဈေးမှာ ယခင်တစ်ပတ်ထက် ဈေးအနည်းငယ်ကျဆင်းနေပါတယ်။ ယခင်တစ်ပတ်က မန်ကျည်းတောင့် တစ်ပိဿာလျှင် ကျပ် ၁၀၄၀ ရှိခဲ့ရာမှ ယခုတစ်ပတ်တွင် မန်ကျည်းတောင့် တစ်ပိဿာလျှင် ကျပ် ၉၄၀ ဖြင့် ပိဿာချိန် ၅၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

**လှိုင်ဉမ္မာဦး(ပခုက္ကူ)**

## ပြည်ပဲပုပ်ဈေးငြိမ်နေပြီး လက်လီအရောင်းအဝယ်ဖြစ်

ပြည်ပဲဈေးကွက်အတွင်း အခြားပဲသစ်များ အဝင်ရှိနေသော်လည်း ပဲပုပ်သီးနှံ ကတော့ ပဲသစ်ဝင်ရောက်ခြင်းမရှိတော့ဘဲ လက်ကျန်ပဲများ၊ လှောင်ပဲများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိခဲ့ပါတယ်။ လက်လီသမားများသာ ဝယ်ယူမှုရှိပြီး၊ ပဲဈေး မှာ တစ်တင်းကျပ် ၂၄၅၀၀ ဖြင့်ဈေးငြိမ်ရောင်းဝယ်နေခဲ့ကြတာတွေ့ရပါတယ်။

ပဲပုပ်သီးနှံမှာ ပဲထွက်ပေါ်ချိန်၊ အထွက်လှိုင်ချိန်များတွင်သာ လက်လီ လက်ကားအရောင်းအဝယ်သွက်ပေမယ့် ကျန်အချိန်များတွင် နေ့စဉ်ရောင်းဝယ်မှု ရှိကြသော်လည်း လက်လီဝယ်ယူမှုဖြင့်သာ အိတ်အနည်းငယ်စီ ရောင်းချမှုရှိကြောင်း သိရပါတယ်။ ပဲပုပ်သီးနှံဈေးမှာ နှစ်စဉ်ဈေးအတက်အကျသိပ်မဖြစ်ဘဲ ဈေးငြိမ်ငြိမ် ရောင်းဝယ်မှုအဖြစ်များတာကြောင့် ယခုနှစ်မှာလည်း မတ်ပဲ၊ ပဲစင်းငုံသီးနှံဈေးနှုန်းများ လျော့နည်းပေမယ့် ပဲပုပ်သီးနှံဈေးမှာ အဆိုပါပဲများထက် ဈေးပိုရနေခဲ့တာ တွေ့ရပါတယ်။

**ခင်ဆွေဝင်း**

## ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံသို့ လက်ဖက်ခြောက်တင်ပို့

မတ် ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ် ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃၇၂၄၃တန်ဖိုးရှိ လက်ဖက်ခြောက် ၉၅တန်ခွဲတင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၄၅ တန်ခွဲနဲ့ နှိုင်းယှဉ်ပါက တန် ၅၀ ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။

အလားတူ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှလည်း အမေရိကန်ဒေါ်လာ ၃၉၇၅ တန်ဖိုးရှိလက်ဖက်ခြောက် ၁၂ တန်ခွဲ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၃ တန်နဲ့ နှိုင်းယှဉ်ပါက ၁၀ တန်ခွဲ လျော့နည်း တင်ပို့ခဲ့ပါတယ်။

မြန်မာ့လက်ဖက်၏ အားသာချက်မှာ အော်ဂဲနစ်ပစ္စည်း ဖြစ်တာကြောင့် အနောက်နိုင်ငံများက ကြိုက်နှစ်သက်မှုရှိကြောင်း၊ မြန်မာနိုင်ငံထွက် သဘာဝနည်းဖြင့် စိုက်ပျိုးတဲ့ အော်ဂဲနစ်လက်ဖက်သည် ဈေးနှုန်းကြီးမြင့်သော်လည်း အနောက်နိုင်ငံဈေးကွက်မှ လက်ခံမှုရှိကြောင်း မြန်မာနိုင်ငံ လက်ဖက်စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

## ဒီတစ်ပတ် မန်ကျည်းတန်ချိန် ၁၆၀၀ ကျော်တင်ပို့

မတ်လ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း မန်ကျည်း ၁၆၀၉တန် ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၅ တန်၊ ကိုလံဘီယာနိုင်ငံသို့ တန် ၅၀၊ အင်ဒိုနီးရှားနိုင်ငံသို့ တန်ချိန် ၃၅၀၊ အီရန်နိုင်ငံသို့ ၇၅ တန်၊ မလေးရှားနိုင်ငံသို့ ၇၀၉ တန်၊ စင်ကာပူနိုင်ငံသို့ တန်ချိန် ၂၅၀၊ ထိုင်းနိုင်ငံသို့ တန်ချိန် ၅၀နဲ့ ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၁၀၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တန်ချိန် ၂၀၀၀ ကျော် တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် တန်ချိန် ၃၉၀ ကျော် တင်ပို့မှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။မန်ကျည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၃၄၄၂၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## ကြက်သွန်

# ဈေးကွက်အတွင်းသို့ ကြက်သွန်နီအသစ်များ လှိုင်လှိုင်ဝင်ရောက်လျက်ရှိ

ပခုက္ကူခရိုင်၊ ပခုက္ကူကြက်သွန်နီ ကုန်ဝယ်ဒိုင်သို့ကြက်သွန်နီအသစ်များ နေ့စဉ်ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ ကြက်သွန်ထွက်ရှိရာ ဒေသများဖြစ်သော ပေါက်၊ ရေစကြို၊ ပခုက္ကူ ကျွန်းနယ်များမှနေ့စဉ် ကြက်သွန်နီပိဿာချိန် ၄၀၀၀၀ ကျော် ၅၀၀၀၀ ပုံမှန်အရောင်း အဝယ်ဖြစ်လျက် ရှိပါတယ်။ ယခုတစ်ပတ်တွင် ပခုက္ကူကြက်သွန်နီ ကုန်ဝယ်ဒိုင်သို့ မုံရွာနယ်ကြက်သွန်နီ စိုက်ပျိုးသော တောင်သူများမှ ဝင်ရောက် ရောင်းဝယ်နေသည်ဟု သတင်းရရှိပါတယ်။

ယခုတစ်ပတ် ပခုက္ကူကြက်သွန်နီ ကုန်ဝယ်ဒိုင်၏ လက္ကားဈေးများမှာ ကြက်သွန်နီထိပ်စ တစ်ပိဿာလျှင် ကျပ် ၆၅၀၊ လတ်စတစ်ပိဿာလျှင် ကျပ် ၅၀၀၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၃၀၀ဖြင့် နေ့စဉ်ပုံမှန် ပိဿာချိန် ၄၅၀၀၀ မှ ၆၀၀၀၀ ကြား အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ မတ် ၃၀ ရက်တွင် ကြက်သွန်နီကုန်ဝယ်ဒိုင်သို့ ကြက်သွန်နီထိပ်စ တစ်ပိဿာလျှင် ကျပ် ၃၀၀ မှ ကျပ် ၆၅၀ ဈေးဖြင့် ကုန်ချိန် ၁၀၀၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ကြက်သွန်နီထွက်ရှိရာ ဆိပ်ဖြူဒေသ၏ ကြက်သွန်နီဈေးမှာလည်း ယခင်တစ်ပတ်ထက် အနည်းငယ်ဈေး ကျနေပါတယ်။ ဆိပ်ဖြူကုန်စည်ဒိုင်တွင် ကြက်သွန်နီအဓိကထား၍ ရောင်းဝယ်မှုပြုလုပ်ကြပါတယ်။

ဆိပ်ဖြူဒေသထွက် ကြက်သွန်နီကို ရန်ကုန်မြို့သို့ အဓိကထား၍တင်ပို့ ရောင်းဝယ်မှုပြုလုပ်ကြသည်ဟု သတင်းရရှိပါတယ်။ဆိပ်ဖြူကုန်စည်ဒိုင်၏ ကြက်သွန်နီ ဈေးနှုန်းမှာ ထိပ်စတစ်ပိဿာလျှင် ၆၇၅ ကျပ်၊ လတ်စတစ်ပိဿာလျှင် ကျပ် ၅၈၀ ၊ အနိမ့်စတစ်ပိဿာလျှင် ကျပ် ၅၀၀ ဖြင့် ပိဿာချိန် ၇၈၀၀၀ ခန့် အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။

**လှိုင်ဥမ္မာဦး(ပခုက္ကူ)**

# တရုတ်နိုင်ငံသို့ ကြက်သွန်နီတင်ပို့မှုပို

မတ် ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၁၃ သန်းတန်ဖိုးရှိ ကြက်သွန်နီ တန် ၂၀၁၀ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၉၃၃ တန်နဲ့ နှိုင်းယှဉ်ပါက ၁၀၇၇ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

တောင်သူများ ကြက်သွန်စိုက်ပျိုးနေချိန်တွင် ကြက်သွန်တစ်ပိဿာလျှင် ကျပ် နှစ်ထောင်ကျော် ပေါက်ဈေးရခဲ့ပေမယ့် ကြက်သွန်ပေါ်ချိန်တွင် တောင်သူများထံမှ တစ်ပိဿာ ကျပ် ၇၀၀ ခန့်အထိ ဈေးကျနေကြောင်း သိရပါတယ်။ **မော်မော်အောင်**

# ပြည်ကြက်သွန်နီဈေးကွက်အတွင်း ဝယ်လိုအားများ၍ အရောင်းအဝယ်သွက်

ယခုတစ်ပတ်တွင်လည်း ပြည်ပွဲရုံ များသို့ မကွေးတိုင်း၊ အောင်လံ၊ တောင်တွင်းအစရှိတဲ့နယ်များမှ ကြက်သွန်နီများ ပိဿာ ၃၀ ဝင် အိတ် ၁၀၀၀၊ ၁၂၀၀ ခန့်နေ့စဉ်ဝင်ရောက်မှုရှိနေပြီး အဝင်ဆက်တိုက်များနေတာ တွေ့ရပါတယ်။ ဝင်ရောက်မှုများသလို အရောင်းအဝယ်မှာလည်း ကောင်းနေတာ တွေ့ရပါတယ်။ ပုံမှန်ဈေးကွက်ဖြစ်သော အိတ်ဆွဲဝယ်ရောင်းသမားများ၊ ဒေသတွင်း ဝယ်လက်သမားများနှင့် ဧရာဝတီတိုင်း၊ ရခိုင်ပြည်နယ်တို့သို့ တိုင်းကျော်တင်ပို့မှုအပြင် သင်္ကြန်အခါ ကာလနီးပြီမို့ အလှူအတန်းပြုလုပ်မည့်သူများ၏ ဝယ်လိုအားရှိမှုကြောင့် ပြည်ဈေးကွက်အတွင်း ဝင်ရောက်မှု၏ အားလုံးနီးပါးခန့် အရောင်းအဝယ်ဖြစ်လျက်ရှိနေကြောင်း သိရပါတယ်။

ဈေးနှုန်းအနေနဲ့ ပြည်ပွဲရုံများတွင် လက်ကားဈေး တစ်ပိဿာကို အရည်အသွေးပေါ် မူတည်ကာ ကျပ် ၅၀၀-ကျပ် ၆၀၀ - ကျပ် ၇၀၀- ကျပ် ၇၅၀ စသည်ဖြင့် ခွဲခြားရောင်းချပြီး လက်လီဈေးများတွင် (ကြီး) ကျပ် ၉၀၀-ကျပ် ၁၀၀၀၊ (လတ်) ကျပ် ၈၀၀-ကျပ် ၈၅၀၊(သေး) ကျပ် ၆၅၀-ကျပ် ၇၀၀၊ (အသေးဆုံး) ကျပ် ၅၅၀ - ကျပ် ၆၀၀ နှုန်းတို့ဖြင့် ရောင်းဝယ်လျက်ရှိကာ ယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲဘဲရှိနေတာ တွေ့ရပါတယ်။ ကြက်သွန်နီ သီးနှံအနေဖြင့်ယခုကာလမှာ ဈေးနှုန်းလည်းချို အရည်အသွေးလည်းကောင်းနေတဲ့အတွက် ဝယ်ယူစားသုံးသူများ စိတ်ကြိုက်ဖြစ်နေသလို အရောင်းအဝယ်သွက်နေသဖြင့် ပွဲရုံလုပ်ငန်းရှင်များ အကြိုက်တွေ့နေသော ကာလလည်းဖြစ်နေကြောင်း သိရှိရပါတယ်။

ပြည်မြို့ပတ်ဝန်းကျင်ဒေသစိုက် မော်ဇာ၊ ကုန်းရိုးကြက်သွန်နီများ ဖေဖော်ဝါရီနောက်ဆုံးပတ်တွင် စတင် ထွက်ပေါ်ပေမယ့် ပြည်ဈေးကွက်သို့ အိတ် ၁၀၀ မှ ၁၅၀ ခန့်ဖြင့် အနည်းငယ်သာ တင်ပို့ရောင်းချပြီး ရန်ကုန်ဝယ်လက်ပွဲစားများမှတစ်ဆင့် တစ်ပိဿာကိုကျပ် ၆၀၀-ကျပ် ၇၀၀ဖြင့် ရန်ကုန်၊ တိုက်ကြီး၊ ဥက္ကံ အစရှိတဲ့မြို့များသို့ ကုန်တွဲရထားဖြင့် ပိုမိုတင်ပို့ရောင်းချမှုရှိနေကြောင်း သိရှိရပါတယ်။

**ဝင်းလဲ့ဝါ(ပြည်)**

# ကြက်သွန်ဖြူအဝယ်လိုက်နေပေမယ့် ဈေးကျလျက်ရှိ



ပြည်ကြက်သွန်ဖြူ (ပွဲရုံ)နှင့် ဈေးကြီးအတွင်း သင်္ကြန်နီးလာတဲ့အတွက် အရောင်းအဝယ်ဖြစ်နေတာ တွေ့ရပါတယ်။ ကြက်သွန်ဖြူအိတ်တွေကတော့ ပုံမှန်ဝင်ရောက်နေတာ တွေ့ရပါတယ်။ အဝယ်လိုက်ပေမယ့် ဈေးနှုန်းတွေ မြင့်တက်လာတာတော့ မတွေ့ရပါဘူး။ ယခုမတ်လနောက်ဆုံးပတ် ကြက်သွန်ဖြူ ဈေးနှုန်းတွေကတော့ (ရှမ်းစ) တစ်ပိဿာလျှင် ကျပ် ၂၅၀၀ နှင့် (ကြူကုတ်စ) တစ်ပိဿာလျှင် ကျပ် ၁၄၀၀ တို့ဖြင့် ပွဲရုံဈေး (လက်ကား) ရောင်းချလျက်ရှိနေပါတယ်။ ဒေသတွင်း လက်လီဈေးကွက်များတွင် (ရှမ်းစ) တစ်ပိဿာလျှင် ကျပ် ၃၀၀၀ မှ ကျပ် ၃၅၀၀ ထိဖြစ်ပြီး (ကြူကုတ်စ) ကိုတော့ ကျပ် ၁၆၀၀ ဈေးတို့ဖြင့် ရောင်းချလျက်ရှိနေပါတယ်။

သင်္ကြန်ပိတ်ရက်များနှင့် လိုင်းကားများ ပိတ်မှာကြောင့် အိတ်ဆွဲသမားများဖြင့် အရောင်းအဝယ်သွက်လျက်ရှိနေပါတယ်။ အနီးပတ်ဝန်းကျင်များမှ ဝယ်လက်များရှိနေတာကြောင့် ပွဲရုံများမှာ အဝယ်လိုက်လျက်ရှိနေတာတွေ့ရပါတယ်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူ အိတ် ၃၀၀ ခန့်အရောင်းအဝယ် ဖြစ်နေကြောင်းလည်း သိရပါတယ်။ အချို့ ကြက်သွန်ဖြူ ရောင်းဝယ်ရေးဆိုင်များတွင် ပစ္စည်းပြတ်နေတဲ့ အထိ အရောင်းအဝယ် ဖြစ်လျက်ရှိနေပါတယ်။ **နီနီဝင်း**

## ချင်း

# ရေလမ်းမှ ချင်းတန်ချိန် ၈၀၀ နီးပါးတင်ပို့

မတ်လ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း ချင်း ၇၉၉ ဒသမ ၅၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အင်ဒိုနီးရှားနိုင်ငံသို့ ၂၅ ဒသမ ၅ တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၇၇၄တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ ချင်းတန်ချိန် ၇၇၀ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ချင်းတန်ချိန် ၂၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ချင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၇၅၈၉၀ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

## နှမ်း

# ဒီတစ်ပတ်လျော့နည်းတင်ပို့ခဲ့တဲ့ နှမ်းတက်

မတ် ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန် ဒေါ်လာ ၂၉၄၇၇၀တန်ဖိုးရှိ နှမ်းတက်(ရှမ်းစ) ၄၀၃ တန်နီးပါးကို တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၅၇၂ တန်နဲ့ နှိုင်းယှဉ်ပါက ၁၆၉ တန်ခန့် လျော့နည်းတင်ပို့ခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ နှမ်းတစ်တန်ရဲ့ မိမိဘက်ပေါက်ဈေး(ငွေလဲနှုန်းအရ) ၉၇၃၀၅၅ ကျပ်ခန့်ရှိပြီး ယခင်နှစ်ကာလတူက ကျပ် ၉၁၈၀၀၀၀န်းကျင်သာရှိခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

# ဒီတစ်ပတ် နှမ်းတင်ပို့မှုလျော့

မတ် ၁၈ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း နှမ်း ၁၀၆ ဒသမ ၂၂ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံသို့ ၁၇ ဒသမ ၂ တန်၊ အိန္ဒိယနိုင်ငံသို့ ၁၆ ဒသမ ၅ တန်၊ စင်ကာပူနိုင်ငံသို့ ၁၆ ဒသမ ၅၂ တန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တန်ချိန် ၅၆ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခင်သီတင်းပတ်က တင်ပို့ခဲ့တဲ့ နှမ်းတန်ချိန်၃၄၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၂၃၀ ကျော်တင်ပို့မှု လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ နှမ်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၇၆၄၃ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

# ကုန်သွယ်ရေးစခန်းစုံမှ တင်ပို့ခဲ့တဲ့ မြန်မာ့ဖရဲ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီ စခန်းလေးခုပေါင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ မတ် ၁၇ ရက်မှ ၂၃ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၄၆ သန်းတန်ဖိုးရှိ ဖရဲသီး တန် ၂၇၀၆၀ ကိုတင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန်ချိန် ၃၁၈၁၀ နဲ့နှိုင်းယှဉ်ပါက တန် ၄၇၅၀ လျော့နည်းခဲ့တာတွေ့ရပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ တာချီလိတ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ ၄၈၆၅ တန်ဖိုးရှိ ဖရဲသီး တန် ၅၀ ကို ထိုင်းနိုင်ငံသို့တင်ပို့ခဲ့သလို မြန်မာ-အိန္ဒိယနယ်စပ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၁၁ သန်း တန်ဖိုးရှိ ဖရဲသီး ၄၂ တန်ကျော်ကို အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ရိဒ်ကုန်သွယ်ရေးစခန်းမှ ယခင်တစ်ပတ်ကလည်း ၄၂ တန်ကျော်တင်ပို့ခဲ့ပြီး တာချီလိတ်မှ ဖရဲတင်ပို့မှု မရှိခဲ့ဘူးလို့ သိရပါတယ်။

**မော်မော်အောင်**

# ကန်ပိုက်တီနှင့် လွယ်ဂျယ်မှ တစ်သျှူးငှက်ပျော ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှ မတ်လ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၉၆၉၆၈၄ တန်ဖိုးရှိ တစ်သျှူးငှက်ပျော တန် ၁၉၉၄၀ ကိုတင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၁၃၆၅ တန်နဲ့ နှိုင်းယှဉ်ပါက ၈၅၇၅ တန် ပိုမိုတင်ပို့ခဲ့သလို လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှလည်း အမေရိကန်ဒေါ်လာ သုည ဒသမ ၅၃၆ သန်း တန်ဖိုးရှိတစ်သျှူးငှက်ပျော ၁၇၉၂ တန် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၁၄၅၂ တန်နဲ့ နှိုင်းယှဉ်ပါက တန် ၃၄၀ ပိုမိုတင်ပို့ခဲ့တာ တွေ့ရပါတယ်။ ၂၀၁၆ ခုနှစ်က ကချင်ပြည်နယ်တွင် တစ်သျှူးငှက်ပျော စိုက်ဧကစာရင်းကောက်ယူခဲ့ရာတွင် ဝိုင်းမော်မြို့နယ်အတွင်း ကုမ္ပဏီ ၁၃ခုမှ စိုက်ဧကပေါင်း ၁၆၀၀၀ကျော်ရှိကြောင်း၊ လာအိုနိုင်ငံရဲ့ တစ်သျှူးငှက်ပျောပို့ကုန်မှာ ၁၀ဆအထိ မြင့်တက်ခဲ့ပြီး ထွက်ရှိသမျှ ငှက်ပျောအားလုံးကို တရုတ်နိုင်ငံသို့ တင်ပို့ကြကြောင်း သိရပါတယ်။

**မော်မော်အောင်**

# ဈေးကွက် [illegible] ဝယ်လိုအားမြင့်မားလာသော မြန်မာ့သစ်သီးဝလံများ



**ရှင်မင်းအုံ (တန့်ဆည်)**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် နိုင်ငံ၏ စီးပွားရေးကို မြှင့်တင်နိုင်စေရန်အလို့ငှာ လယ်ယာထွက်ကုန်ပစ္စည်းများသည် အဓိကပို့ကုန်အဖြစ် ရပ်တည်လျက် ရှိရာ ဝန်ကြီးဌာန၏ရည်မှန်းချက်ဖြစ်သည့် ပို့ကုန် (၃) ဆ တိုးမြှင့်နိုင်ရန်အတွက် လယ်ယာထွက်ကုန်ပစ္စည်းများကို အရည်အသွေးတိုးမြှင့်၍ ပိုမိုထုတ်လုပ် တင်ပို့နိုင်ရေး၊ ဈေးကွက်တိုးချဲ့တင်ပို့နိုင်ရေးတို့ကို ဦးတည်ဆောင်ရွက်သွားရန် အထူးလိုအပ်ပါသည်။ ပြည်ပသို့ တင်ပို့သည့် လယ်ယာထွက်ကုန် ပစ္စည်းများဖြစ်သည့် ဆန်နှင့်ဆန်ကွဲ၊ ပြောင်း၊ ရော်ဘာနှင့်ပဲမျိုးစုံတင်ပို့မှုအပြင် သစ်သီးဝလံတင်ပို့မှုသည်လည်း တစ်စိတ်တစ်ပိုင်းပါဝင်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် ( မတ်လ ၂၃ ရက်ထိ)ပြည်ပသို့ အဓိကတင်ပို့သော သစ်သီးဝလံများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**တန်ဖိုး-အမေရိကန်ဒေါ်လာသန်းပေါင်း**

| စဉ် | သစ်သီးအမျိုးအစား | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (မတ်လ ၂၃ ရက်နေ့အထိ) | |
|---|---|---|---|
| | | တန်ချိန် | တန်ဖိုး |
| ၁ | ဖရဲသီး | ၆၉၅,၁၇၁ | ၆၆.၄၀၇ |
| ၂ | သခွားမွှေး | ၁၀၆,၁၅၁ | ၂၁.၄၃၇ |
| ၃ | တစ်သျှူးငှက်ပျော | ၁၆၂,၆၇၂ | ၄၇.၈၂၁ |
| ၄ | ထောပတ်သီး | ၁,၁၃၄ | ၀.၃၀၂ |
| ၅ | အုန်းသီး | ၁,၁၉၄ | ၀.၃၂၁ |
| ၆ | သရက်သီး | ၃၀,၅၅၇ | ၉.၄၅၆ |
| ၇ | ဆီးသီး | ၁,၃၈၄ | ၀.၁၅၇ |
| ၈ | လိမ္မော်သီး | ၂,၅၂၁ | ၀.၃၅၄ |
| ၉ | နာနတ်သီး | ၆,၂၂၀ | ၀.၆၅၃ |
| ၁၀ | ပန်းသီး (ချင်းတောင်) | ၁၅၀ | ၀.၁၁၈ |

မြန်မာနိုင်ငံ၏ သစ်သီးဝလံတင်ပို့မှုကို ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် ( မတ်လ ၂၃ ရက်ထိ ) တန်ချိန် ၁၀ သိန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄၈ သန်းကျော် တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ် ကာလတူထက် တန်ချိန်တစ်သိန်းကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁၇ သန်းကျော် ပိုမိုတင်ပို့နိုင်ကြောင်း တွေ့ရှိရပါသည်။

ဖရဲသီးတင်ပို့မှုတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ( မတ်လ ၂၃ ရက်ထိ ) တန်ချိန် ၆ သိန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆၆ သန်းကျော်တင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် တန်ချိန် ( သုည ဒသမ ၉ သိန်းကျော်၊ တန်ဖိုး အမေရိကန်ဒေါ်လာခြောက်သန်းကျော် ပိုမိုတင်ပို့ခဲ့ပါသည်။ အများဆုံးတင်ပို့သည့်စခန်းမှာ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်ဖြစ်ပြီး မူဆယ်သစ်သီးဝလံကုန်စည်ဒိုင်တွင် မတ်လ ၂၉ ရက်၌ ဖြစ်ပေါ်နေသော ဈေးနှုန်းများအရ ဖရဲသီးတစ်တန်လျှင် ယွမ် ၈၀၀ မှ ယွမ် ၃၈၀၀ ထိ ရှိနေပြီး သယ်ယူပို့ဆောင်စရိတ်အနေဖြင့် သီပေါမှ မူဆယ်အထိ တစ်ပိဿာလျှင် ၁၄၂ ကျပ်နှုန်း ရှိကြောင်း သိရှိရသည်။ အများဆုံးတင်ပို့သည့်နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး ယခုအခါယူအေအီးနိုင်ငံများထိပါ ဈေးကွက်ချဲ့ထွင်တင်ပို့ရန် စီစဉ်နေကြောင်း သိရှိရသည်။

တရုတ်နိုင်ငံ၏ ဖရဲသီးနှင့် သခွားမွှေးသီးဈေးကွက်ဝယ်လိုအားနှင့် ဈေးကွက်လိုအပ်ချက်သည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာသောကြောင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် မြေလွတ်မြေရိုင်းများဖော်ထုတ်၍ ပိုမိုစိုက်ပျိုးလာကြောင်းသိရသည်။ စိုက်ပျိုးသော ဖရဲသီးအမျိုးအစားများမှ ဖရဲအဝိုင်းကြားသီး၊ ဖရဲအဖြူသီး၊ ဖရဲအစေ့မဲ့သီးဟု အမျိုးအစားများစွာရှိပြီး တရုတ်နိုင်ငံသို့ တင်ပို့ရာတွင်လည်း အမျိုးအစားအလိုက် အရည်အသွေးအပေါ် မူတည်ပြီး ယွမ် ၈၀၀ မှ ယွမ် ၃၈၀၀ ထိဈေးရရှိပါသည်။ ပြည်တွင်းဈေးနှုန်းမှာလည်း ဖရဲသီး တစ်တန်လျှင် မန္တလေးမြို့ယခင်နှစ် ဈေးနှုန်းမှာ ကျပ် ၉၉၆၀၀ ရှိရာမှ ယခုနှစ်တွင် ကျပ် ၁၃၂၈၀၀၊ ရန်ကုန်မြို့ ယခင်နှစ်ဈေးနှုန်း ကျပ် ၂၄၉၀၀၀ ရှိရာမှ ယခုနှစ်တွင် ကျပ် ၅၈၁၀၀၀ နှင့် စစ်ကိုင်းမြို့ ယခင်နှစ်ဈေးနှုန်းမှာ ကျပ် ၂၁၅၈၀၀ ရှိရာမှ ယခုနှစ်တွင် ကျပ် ၃၃၂၀၀၀ ရရှိလာကြောင်း သိရှိရပါသည်။ ရွှေသခွား၊ ဖရဲသခွားသီး၊ ပိုက်ကွက်သီးဟူ၍ သခွားမွှေးသီးအမျိုးအစားများစိုက်ပျိုးကြပြီး အမျိုးအစားအလိုက် အရည်အသွေးအပေါ် မူတည်ပြီး ယွမ် ၁၀၀၀ မှ ယွမ် ၅၂၀၀ ထိဈေးရရှိပါသည်။ လက်ရှိအချိန်တွင် နယ်စပ်မှဖရဲသီးတင်ပို့နေသော ကုမ္ပဏီ ၇၂ ခုထိရှိပြီး ပင်လယ်ရေကြောင်းမှလည်း စင်ကာပူနိုင်ငံနှင့် ရုရှားနိုင်ငံသို့ တင်ပို့လျက်ရှိပါသည်။

ထိုသို့ ကုမ္ပဏီများမှ ဈေးကွက်အပြိုင်စနစ်ဖြင့် တင်ပို့လာသောကြောင့် ဖရဲသီးနှင့်သခွားမွှေးသီးဈေးကွက် ပိုမိုတိုးတက်လာသည်ကိုလည်း လေ့လာသိရှိရပါသည်။ တရုတ်နိုင်ငံဈေးကွက်တွင်လည်း မြန်မာ ဖရဲသီးနှင့် သခွားမွှေးသီးများမှာ အရည်အသွေး ကောင်းမွန်မှုကြောင့် မျက်နှာပန်းလှပြီး ဈေးအပြိုင်ပေး၍ ဝယ်ယူလျက်ရှိပါသည်။ ကောင်းမွန်သော လက်ရှိအခြေအနေကို စိုက်ပျိုးထုတ်လုပ်သူများနှင့် တင်ပို့သူကုန်သည်လုပ်ငန်းရှင်များမှ အဓိက ထိန်းသိမ်းရမှာဖြစ်ပြီး တင်ပို့ရာတွင်လည်း အရည်အသွေး ကောင်းမွန်ပြီး အလုံးလှသော အသီးကို မျက်မြင်အပေါ်မှာထားကာ အရည်အသွေး အနည်းငယ်ညံ့သောအသီးများကို အလုံးလှသော အသီး၏ အောက်မှာထားပြီး တင်ပို့သော အလေ့အထများ ပြုလုပ်လာကြသည်ကိုလည်း သိရှိရပါသည်။ ဈေးကွက်မှာ မျက်နှာပျက်ရမည့် အပြုအမူမျိုးကိုလည်းတင်ပို့သူကုန်သည်လုပ်ငန်းရှင်များမှ ရှောင်ကြဉ်ပြီး သက်ဆိုင်ရာတာဝန်ရှိသော အဖွဲ့အစည်းဌာန များမှလည်း အထူးကြပ်မတ်စောင့်ကြည့်စစ်ဆေးဖို့လိုအပ်ပါသည်။

မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ တင်ပို့နေသော ဖရဲသီး တင်ပို့မှုစာရင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(တန်ဖိုး - အမေရိကန်ဒေါ်လာသန်းပေါင်း)**

| ဘဏ္ဍာနှစ် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး |
|---|---|---|---|
| ၂၀၁၅-၂၀၁၆ | တန် | ၅၆၇၅၄၀. ၀၀၀ | ၆၀. ၂၃၆ |
| ၂၀၁၆-၂၀၁၇ | တန် | ၆၁၆၉၃၅. ၂၀၀ | ၆၁. ၃၈၇ |
| ၂၀၁၇-၂၀၁၈ မတ်လ(၂၃)ထိ | တန် | ၆၈၈၇၁၃. ၀၀၀ | ၆၆. ၁၉၀ |

မူဆယ်ဒေသရှိ ဖရဲသီး တစ်ကီလိုဂရမ်၏ ယွမ်ငွေကြေးဖြင့် ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**(တန်ဖိုး-ယွမ်)**

| ဘဏ္ဍာနှစ် | နိမ့် | မြင့် |
|---|---|---|
| ၂၀၁၅-၂၀၁၆ | ၀. ၅ | ၄. ၂ |
| ၂၀၁၆-၂၀၁၇ | ၀. ၁ | ၅. ၂ |
| ၂၀၁၇-၂၀၁၈ | ၀. ၂ | ၄. ၂ |

မြန်မာနိုင်ငံတွင် ဖရဲသီးကို ခရမ်း၊ သုံးခွ၊ လှည်းကူး၊ ပဲခူးတိုင်း၊ ဟသ်ာတ၊ ပျဉ်းမနား၊ မိတ္ထီလာ၊ သာစည်၊ မြစ်သား၊ မြင်းခြံ၊ ကျောက်ဆည်၊ တံတားဦး၊ စစ်ကိုင်း၊ ကသာ၊ ထီးချိုင့်ဒေသတို့တွင် အများဆုံးစိုက်ပျိုးကြပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဖရဲသီးစိုက်ဧကမှာ ၆၀၁၅၅ ဧကနှင့် ရိတ်သိမ်းသည့်ဧကမှာ ၆၀၀၉၂ ဧကရှိကြောင်းသိရပါသည်။

သခွားမွှေးတင်ပို့မှုတွင် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် (မတ်လ ၂၃ရက်အထိ) နယ်စပ်ကုန်သွယ်မှုမှ တန်ချိန် ၁၀၆၁၅၁ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၂၁ သန်းတင်ပို့နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူထက် တန်ချိန် ၄၀၀၁ တန်၊ တန်ဖိုးအမေရိကန်ဒေါ်လာတစ်သန်းကျော် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။ သခွားမွှေးတစ်တန်၏ ဈေးနှုန်းမှာ ယွမ် ၁၀၀၀ မှ ယွမ် ၅၂၀၀ ထိ ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။

တစ်သျှူးငှက်ပျောတင်ပို့မှုတွင် နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သည့် လွယ်ဂျယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီနှင့် ကျိုင်းတုံစခန်းများမှ တင်ပို့လျက်ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်(မတ်လ ၂၃ရက်အထိ ) တန်ချိန် တစ်သိန်းခွဲကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၄၇ သန်းတင်ပို့နိုင်ခဲ့ရာ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက တန်ချိန် သုည ဒသမ ၀၄ သိန်းနှင့် တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၉ သန်းကျော်ကို တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နိုင်ခဲ့ပြီး ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ပိုမိုတင်ပို့လာသည်ကို တွေ့ရှိရပါသည်။ တစ်သျှူးငှက်ပျော စိုက်ပျိုးရေးလုပ်ငန်းများကို မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ်ဒေသရှိ မြေလွတ်မြေရိုင်းများတွင် ဧက ၂၅၀၀၀ ခန့် စိုက်ပျိုး လျက်ရှိကြောင်း သိရှိရသည်။

မြန်မာနိုင်ငံသည် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို တင်ပို့ရာတွင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှသာ အဓိက တင်ပို့လျက်ရှိရုံမျှမက ပင်လယ်ရေကြောင်းလိုင်းနှင့် လေကြောင်းလိုင်းများမှပါ ပြည်ပဈေးကွက်များသို့ တင်ပို့လျက်ရှိပါသည်။ ပင်လယ်ရေကြောင်းမှတစ်ဆင့် မလေးရှား၊ ဆော်ဒီအာရေဗျ၊ စင်ကာပူ၊ ဂျပန်၊ တောင်ကိုရီးယားနှင့် အင်္ဂလန်နိုင်ငံများသို့ ဆီးသီး၊ သရက်သီး၊ သခွားမွှေး၊ ရဲယိုသီး အစရှိသည့် သစ်သီးဝလံများအပြင် ဟင်းသီးဟင်းရွက်များကိုလည်း စမ်းသပ်တင်ပို့လျက်ရှိပါသည်။

ကမ္ဘာ့သစ်သီးဝလံဈေးကွက်ကို လေ့လာကြည့်ပါက ငှက်ပျောသီး၊ ပန်းသီး၊ ဆန်းကစ်သီး၊ စပျစ်သီးစသည့်အသီးများသည် ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအားများသော သစ်သီးဝလံများဖြစ်ပြီး လက်တင်အမေရိကနိုင်ငံများသည် အဓိကတင်ပို့နိုင်လျက်ရှိသည်ကိုတွေ့ရှိရကာ တရုတ်နိုင်ငံမှ ဝယ်လိုအားများစွာဖြင့် တင်သွင်းမှုရှိကြောင်းကို လေ့လာတွေ့ရှိရပါသည်။ ထို့အပြင် သစ်သီးဝလံများမှ ထုတ်လုပ်ရရှိသော ဖျော်ရည်ရောင်းချထုတ်လုပ်သည့်ဈေးကွက်သည်လည်း ဝယ်လိုအား ကောင်းမွန်လျက်ရှိပြီး အဓိကအားဖြင့် အမေရိကန်၊ ဥရောပသမဂ္ဂ (EU) နှင့် ပစိဖိတ်သမုဒ္ဒရာနှင့် ကပ်လျက်ရှိသည့် Oceania ဒေသများမှ အဓိကစားသုံးကာ ဝယ်လိုအား ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

တရုတ်နိုင်ငံ၏ ဈေးကွက်လိုအပ်ချက်များပြားမှု၊ မြန်မာနိုင်ငံမှ သီးနှံအများစုသည် ဓာတုဗေဒဆေးဝါးများ သုံးစွဲမှုနည်းပါးခြင်း၊ သုံးစွဲမှုကင်းစင်ခြင်း၊ ၎င်းတို့နိုင်ငံတွင် မထွက်ရှိသောသီးနှံနှင့် ထွက်ရှိသော်လည်း လိုအပ်ချက်များပြားခြင်းတို့ကြောင့် မြန်မာသစ်သီးဝလံများကို အထူးကြိုက်နှစ်သက်ပြီး ဝယ်လက်များပြားနေသဖြင့် မိမိဘက်တွင် တည်ငြိမ်စွာဖြင့် ပီပြင်သောဈေးကွက်ဖြစ်ပေါ်လျက်ရှိသည်ကိုတွေ့ရှိရသည်။

**စာမျက်နှာ ၂၁ သို့**

## ဓာတ်ဆီ/ဒီဇယ်

# ဒီတစ်ပတ် ဓာတ်ဆီရော ဒီဇယ်ပါ အဝင်ပို

မတ် ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၄၅၈၆၅၉၁၇ တန်ဖိုးရှိ ဒီဇယ် ၈၀၃၃၀ ဒသမ ၈၃ တန်နဲ့ အမေရိကန်ဒေါ်လာ ၆၀၈၁၄၃၇၄ တန်ဖိုးရှိ ဓာတ်ဆီ ၂၇၇၀၃ ဒသမ ၆၈ တန်၊ စုစုပေါင်း ၁၀၈၀၃၄ ဒသမ ၅၁ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်း ခဲ့ပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်၊ အောက်တိန်း(92)နဲ့အောက်တိန်း(95 )တို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဒီဇယ်တန်ချိန် ၄၄၁၄၀ ကျော်နဲ့နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဒီဇယ်တန်ချိန် ၃၆၁၉၀ ကျော် အဝင်ပိုသလို ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဓာတ်ဆီတန်ချိန် ၂၃၆၄၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဓာတ်ဆီတန်ချိန် ၄၀၆၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ် ဒီဇယ်ရောဓာတ်ဆီပါ အဝင်ပိုခဲ့ပါတယ်။

နယ်စပ်စခန်းဖြစ်တဲ့ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၇ ဒသမ ၆၃၆ သန်းတန်ဖိုးရှိ Re-export ဒီဇယ် ၁၁၄၁၈ ဒသမ ၀၁တန် တင်ပို့ခဲ့ပြီး တာချီလိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၆၉၄၄၈၃ တန်ဖိုးရှိ ဒီဇယ် ၁၂၁၅ ဒသမ ၂၈ တန်နဲ့ အမေရိကန်ဒေါ်လာ ၅၃၆၁၆၉ တန်ဖိုးရှိ ဓာတ်ဆီ ၉၇၈ ဒသမ ၉၉ တန်တင်သွင်းခဲ့သလို မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၀၁၉၂၀၅ တန်ဖိုးရှိ ဒီဇယ် ၁၇၈၀ ဒသမ ၃၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်**မှာ ဓာတ်ဆီရော ဒီဇယ်ပါပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့တစ်လီတာ ဈေးနှုန်းများမှာ ဒီဇယ် ကျပ် ၈၁၀၊ အောက်တိန်း (92) ကျပ် ၇၉၀၊ အောက်တိန်း (95) ကျပ် ၈၂၀၊ အဆင့်မြင့်ဒီဇယ် ကျပ် ၈၃၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ မတ် ၂၆ ရက်မှာ ဒီဇယ်ဝယ်ဈေး ကျပ် ၁၆၉၀၀၀၊ ရောင်းဈေး ကျပ် ၁၇၃၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။မတ်လ ၂၆ ရက်မှာ ဓာတ်ဆီဝယ်ဈေး ကျပ် ၁၇၃၀၀၀၊ ရောင်းဈေး ကျပ် ၁၇၈၀၀၀ နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ် ဈေးနဲ့ယှဉ်ရင် ဒီဇယ်ရော ဓာတ်ဆီပါ ဈေးအပြောင်းအလဲသိပ်မရှိဘူးလို့ သိရပါတယ်။

**မန္တလေးဈေးကွက်**မှာ ဓာတ်ဆီရော ဒီဇယ်ပါ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။ ပုဂ္ဂလိကဆိုင်များတွင် အောက်တိန်း (92)နဲ့ အောက်တိန်း (95)၊ ဒီဇယ်နဲ့ အဆင့်မြင့် ဒီဇယ်မှာဈေးငြိမ်တယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချ နေတဲ့ တစ်လီတာဈေးနှုန်းများမှာအောက်တိန်း (95) တစ်လီတာ ကျပ် ၈၉၀၊ ဒီဇယ် တစ်လီတာ ၈၃၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၄၅ ကျပ်၊ အောက်တိန်း (92) တစ်လီတာကျပ် ၈၄၀၊ ဓာတ်ဆီတစ်လီတာ ကျပ် ၈၂၀ နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ မတ် ၂၆ ရက်တွင် ဒီဇယ်ဝယ်ဈေးကျပ် ၁၇၀၀၀၀၊ ရောင်းဈေး ကျပ် ၁၇၆၀၀၀ နဲ့ အရောင်း အဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အောက်တိန်း (92)ဈေးမှာ မတ် ၂၆ ရက်တွင် ဝယ်ဈေး ကျပ် ၁၆၈၀၀၀၊ ရောင်းဈေး ကျပ် ၁၇၀၀၀၀နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ မတ် ၃၀ ရက်တွင် ဝယ်ဈေး ဈေးငြိမ်ခဲ့သော်လည်း ရောင်းဈေး ကျပ် ၃၀၀၀ ဈေးမြင့်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ ယှဉ်ရင် ဒီဇယ်ရော ဓာတ်ဆီပါ ဈေးနည်းနည်းမြင့်လာတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်**မှာ အရောင်းအဝယ် ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အဆင့်မြင့်ဒီဇယ်နဲ့အောက်တိန်း (92)မှာ ဈေးအနည်းငယ်မြင့်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့တစ်လီတာ ဈေးများမှာ ဓာတ်ဆီ ၇၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ကျပ်၈၇၀၊ အောက်တိန်း(92) ၈၂၅ ကျပ်၊ အောက်တိန်း (95)ကျပ် ၈၆၀ နဲ့အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ တစ်ဂါလံ ကျပ် ၃၄၀၀၊ အဆင့်မြင့်ဒီဇယ် တစ်ဂါလံ ကျပ် ၃၉၀၀၊ အောက်တိန်း(92)တစ်ဂါလံ ကျပ် ၃၈၀၀၊ အောက်တိန်း(95)တစ်ဂါလံ ကျပ် ၃၉၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

# ဒေါ်လာဈေးငြိမ်နေခဲ့တဲ့ ရက်သတ္တပတ်

ပြည်တွင်းငွေလဲဈေးကွက်သည် ယခုရက်သတ္တပတ်အတွင်း ဈေးငြိမ်နေခဲ့ပြီး အရောင်းအဝယ်အေးခဲ့ကြောင်း သတင်းရရှိသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ရည်ညွှန်းငွေလဲနှုန်းကို အမေရိကန်တစ်ဒေါ်လာကို ၁၃၃၇ကျပ်မှ ၁၃၃၅ ကျပ်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သိရသည်။

ယခုတစ်ပတ်တွင် အမေရိကန်ဗဟိုဘဏ်က ဘဏ်တိုးနှုန်း တိုးမြှင့်သတ်မှတ်မှုရပ်တန့်နိုင်သောသတင်းများ ထွက်ပေါ်လာခြင်းအပြင် ကုန်သွယ်ရေးစစ်ပွဲတင်းမာမှု အရှိန်လျော့ကျလာခြင်းတို့ကြောင့် ဒေါ်လာငွေကြေးတန်ဖိုးအပေါ် စောင့်ကြည့်လေ့လာမှုများရှိခဲ့ ကြောင်းသိရသည်။ ပြည်တွင်းဈေးကွက်တွင် အမေရိကန်ဒေါ်လာ အရောင်းအဝယ်ပုံမှန်သာရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရသည်။

ပြည်တွင်းငွေလဲနှုန်းဈေးကွက်တွင် မတ် ၂၆ ရက်က အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၂၈ကျပ်၊ ဝယ်ဈေး ၁၃၂၆ ကျပ်၊ မတ် ၂၈ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၂၅ ကျပ်၊ ဝယ်ဈေး ၁၃၂၃ ကျပ်ရှိခဲ့ပြီး မတ် ၃၀ရက်တွင် အမေရိကန်တစ်ဒေါ်လာ ရောင်းဈေး ၁၃၂၆ ကျပ်၊ဝယ်ဈေး ၁၃၂၄ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။

**သန်းထိုက်အောင်**

# ပြည်တွင်းရွှေဈေးကွက် အမြင့်ဈေးဖြင့် အရောင်းအဝယ်သွက်

ယခုရက်သတ္တပတ်အတွင်း ပြည်တွင်းရွှေဈေးကွက်မှာ ဈေးမြင့်တက်လာခဲ့ပြီး ကမ္ဘာ့ရွှေဈေးမှာလည်း ကုန်သွယ်ရေးစစ်ပွဲ တင်းမာမှုလျော့ကျလာခြင်းနှင့်အတူ ဈေးနှုန်းအတက်အကျများခဲ့ကြောင်း ပြည်တွင်းရွှေဈေးကွက်မှ စုံစမ်းသိရှိရသည်။ ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်းက ကျပ် ၉၃၈၅၀၀ဈေးရှိ ခဲ့သော ပြည်တွင်းရွှေဈေးနှုန်းများသည် ယခုတစ်ပတ်အတွင်း ကျပ် ၉၄၀၀၀၀ သို့ မြင့်တက်ခဲ့ကြောင်း သိရသည်။

“ဒီတစ်ပတ် ရွှေအရောင်းအဝယ်က ကောင်း/မကောင်းပြောလို့မရဘူး။ဈေးတက်လာလို့လည်း ပါတာပေါ့။ ဒီနှုန်းနဲ့ရပ်နေဖို့များသလို ထပ်တက်လာဖို့လည်းရှိတယ်။ သင်္ကြန်မတိုင်ခင်အထိ စောင့်ကြည့်ဖို့တော့လိုပါလိမ့်မယ်”ဟု ပြည်တွင်းရွှေအရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ပြောသည်။

ပြည်တွင်းရွှေဈေးကွက်တွင် မတ် ၂၆ ရက်ကအခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၉၄၈၀၀၀ထိ ဈေးမြင့်ခဲ့ပြီး မတ် ၂၈ ရက်တွင် ကျပ် ၉၄၃၀၀၀ ဝန်းကျင်သို့ ပြန်ကျလာခဲ့ကာ မတ် ၃၀ ရက်တွင် ကျပ် ၉၃၉၀၀၀ ဖြင့် ဈေးပိတ်ခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ရွှေဈေးကွက်တွင်လည်း မတ် ၂၆ ရက်က တစ်အောင်စလျှင် ၁၃၄၇ အမေရိကန်ဒေါ်လာရှိခဲ့ရာမှ မတ်၂၇ရက်တွင် တစ်အောင်စလျှင် ၁၃၅၃ အမေရိကန်ဒေါ်လာသို့ မြင့်တက်ခဲ့ပြီး မတ်၃၀ရက်တွင် ၁၃၂၇ အမေရိကန်ဒေါ်လာသို့ကျဆင်းခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

# ရန်ကုန်စတော့အိတ်ချိန်းတွင် တစ်ရက်အတွင်း အစုရှယ်ယာရောင်းဝယ်မှု လေးကြိမ်သို့တိုးမြှင့်

ရန်ကုန် စတော့အိတ်ချိန်းတွင် တစ်နေ့တာအတွင်း အစုရှယ်ယာ အရောင်းအဝယ် ပြုလုပ်သည့်အကြိမ်ရေ (Matching Time)ကို လေးကြိမ်သို့ မတ်၃၀ရက်မှစတင်ကာ တိုးမြှင့်လိုက်ပြီဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်းမှ သိရသည်။

အစုရှယ်ယာ ဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံသူများ တိုးတက်များပြားလာရေးနှင့် ငွေအရင်းအနှီးများ ဈေးကွက်အတွင်းသို့ လွယ်ကူလျင်မြန်စွာ လည်ပတ် စီးဆင်းနိုင်ရေးအတွက် ရန်ကုန်စတော့အိတ်ချိန်း၏ လက်ရှိ အရောင်းအဝယ်ကြိမ်ရေ နှစ်ကြိမ်မှ လေးကြိမ်သို့ တိုးမြှင့်မှုကို မတ် ၃၀ ရက်တွင် စတင်ပြီဖြစ်ကြောင်း၊ တစ်နေ့တာအတွင်း အရောင်းအဝယ်ကြိမ်ရေများအဖြစ် နံနက် ၁၀နာရီတွင်တစ်ကြိမ်၊ နံနက် ၁၁ နာရီတွင်တစ်ကြိမ်၊မွန်းတည့် ၁၂နာရီတွင် တစ်ကြိမ်နှင့် မွန်းလွဲ ၁ နာရီတွင်တစ်ကြိမ်ဖြစ်ကြောင်း ရန်ကုန်စတော့အိတ်ချိန်းက သတင်းထုတ်ပြန်ထားသည်။

အစုရှယ်ယာ အရောင်းအဝယ်ပြုလုပ်သည့် အကြိမ်ရေ (Matching Time)တိုးမြှင့်ခဲ့သည့် မတ် ၃၀ ရက်တွင် FMI အစုရှယ်ယာသည် ကျပ် ၁၂၀၀၀ ဖြင့်လည်းကောင်း၊ MTSH အစုရှယ်ယာသည် ကျပ်၂၈၅၀ ဖြင့်လည်းကောင်း၊ MCB အစုရှယ်ယာသည် ကျပ် ၇၁၀၀ ဖြင့်လည်းကောင်း၊ FPB အစုရှယ်ယာသည် ကျပ် ၂၇၀၀၀ နှင့် TMH အစုရှယ်ယာသည် ကျပ် ၂၈၀၀ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**သန်းထိုက်အောင်**

## Currency Exchange Rate

March 30, 2018
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.30 |
| BDT | Bangladesh Taka | 83.02 |
| CAD | Canada Dollars | 1.29 |
| CNY | China Yuan Renminbi | 6.28 |
| EUR | Euro | 0.81 |
| H KD | Hong Kong Dollars | 7.85 |
| I NR | India Rupees | 65.04 |
| I DR | Indonesia Rupiahs | 13739.38 |
| JPY | Japan Yen | 106.18 |
| MYR | Malaysia | 3.87 |
| PKR | Pakistan Rupees | 115.49 |
| PHP | Philippines Pesos | 52.17 |
| RUB | Russia Rubles | 57.33 |
| SGD | Singapore Dollars | 1.31 |
| KRW | South Korea Won | 1061.60 |
| LKR | Sri Lanka Rupe | 155.64 |
| THB | Thailand Baht | 31.20 |
| GBP | United Kingdom Pounds | 0.71 |
| VND | VietnamDon | 22797.01 |

*Source:xe.com*

## World Gold Price

March-2018 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 26 | 1349 | 1346 | 1347 |
| 27 | 1349 | 1348 | 1347 |
| 28 | 1345 | 1344 | 1344 |
| 29 | 1330 | 1328 | 1328 |
| 30 | 1329 | 1327 | 1327 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 26-3- 2018 | 946.50 | 945.50 |
| 27-3- 2018 | 946.50 | 946.00 |
| 28-3- 2018 | 945.00 | 945.00 |
| 29-3- 2018 | 941.00 | 940.00 |
| 30-3- 2018 | 939.00 | 939.00 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မတ်လ ၂၀၁၈ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 26 | 6.31 | 31.18 | 83.49 | 64.91 |
| 27 | 6.28 | 31.18 | 83.03 | 64.87 |
| 28 | 6.28 | 31.22 | 83.46 | 64.99 |
| 29 | 6.29 | 31.26 | 84.02 | 65.19 |
| 30 | 6.28 | 31.20 | 83.02 | 65.04 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 26-March | 16.52 | 3166.39 | 2030.55 | 6530.23 | 946.00 |
| 27-March | 16.50 | 3288.37 | 2019.53 | 6596.57 | 941.00 |
| 28-March | 16.48 | 3278.01 | 2015.34 | 6580.04 | 943.00 |
| 29-March | 16.25 | 3304.46 | 2014.24 | 6668.64 | 936.00 |
| 30-March | 16.35 | 3290.79 | 1984.04 | 6665.56 | 930.00 |

## Energy NYMEX

30-3-2018

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 64.91 | 0.53 | 0.82 |
| Brent Crude Futr (USD/bbl) | 69.34 | 0.58 | 0.84 |
| Gasoline Rbob Fut (Cent/gal) | 201.92 | 0.00 | 0.00 |
| Natural Gas Futr (USD/MMBtu) | 2.73 | 0.03 | 1.22 |
| Heating Oil Futr (Cent/gal) | 202.56 | 1.17 | 0.58 |

## ဘိလပ်မြေ

# ဘိလပ်မြေတန်ချိန် ၅၀၀ကျော်သာဝင်

မတ်လ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၈၅၈၅၆ တန်ဖိုးရှိ ဘိလပ်မြေ ၅၁၈ ဒသမ ၄၈၈တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ ၈၁ တန်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၁၀၀၊ ဂျပန်နိုင်ငံမှ ၁ ဒသမ ၄၈၈ တန်နဲ့ တရုတ်နိုင်ငံမှ ၃၃၆ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ ဘိလပ်မြေတန်ချိန် ၇၀၀၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာ ဘိလပ်မြေတန်ချိန် ၆၄၈၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့သိရပါတယ်။

မတ်လ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း နယ်စပ်လမ်းမှ ဘိလပ်မြေ အဝင်မှာတန်ချိန် ၁၃၈၉၀ ကျော်ရှိပြီး ယခင် သီတင်းပတ် ကဘိလပ်မြေ အဝင်မှာတန်ချိန် ၁၄၈၃၀ ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၃၉၇ တန် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းပါ ဘိလပ်မြေအဝင်လျော့ခဲ့ပါတယ်။

# ဘိလပ်မြေဈေးကွက် အရောင်းသွက်

မော်လမြိုင်ဘိလပ်မြေဈေးကွက်မှာ သင်္ကြန်ပိတ်ရက်အတွင်း အလုပ်သမားများ နေရပ်ပြန်ကြမှာဖြစ်တာကြောင့်ဆောက်လုပ်ရေးလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ အားစိုက်လုပ်ကိုင်လာကြတာကြောင့် အရောင်းအဝယ်သွက်တယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်သွက်ပေမယ့် ဘိလပ်မြေဈေးက မပြောင်းဘူးလို့သိရပါတယ်။

ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၇၅၀၊ ဆင်(ထိုင်း)ကျပ် ၅၇၅၀၊ကြံ့(မြန်မာ)ကျပ် ၄၈၅၀၊စိန်(ထိုင်း) ကျပ် ၅၇၅၀နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** သင်္ကြန်အမီဈေးကွက်ထဲ ပစ္စည်းအဝင်များသလို အရောင်းအဝယ်လည်းသွက်တယ်လို့ သိရပါတယ်။ယခင်တစ်ပတ်က ဈေးအနည်းငယ်မြင့်ခဲ့ပြီး ဒီတစ်ပတ်မှာတော့ ဈေးနည်းနည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ကျပ် ၄၈၀၀၊ ကြံ့နှစ်ကောင် ကျပ် ၅၀၀၀၊ အယ်လ်ဖာ ကျပ် ၅၀၀၀၊ ဒိုင်းမွန်း ကျပ် ၄၅၀၀၊ ခရောင်းကျပ် ၅၂၀၀၊ အပါချီ ကျပ် ၄၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**မကွေးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်သွက်တယ်လို့ သိရပါတယ်။ယခင်တစ်ပတ်က ဈေးနည်းနည်းပြောင်းခဲ့ပေမယ့် ဒီတစ်ပတ်တော့ ဈေးနည်းနည်ငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်မြန်မာ ကျပ် ၄၈၀၀၊ ကြံ့ကျပ် ၅၃၀၀၊ ဆင်(ထိုင်း) ကျပ် ၆၅၀၀၊ အပါချီ ကျပ် ၅၃၀၀၊ စိန်(ထိုင်း)ကျပ် ၆၁၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဈေးကွက်ထဲပစ္စည်းအဝင်များသလို အရောင်းအဝယ်လည်းသွက်ပြီး ဘိလပ်မြေများက ယခင်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ စိန်(ထိုင်း) ကျပ် ၇၀၀၀၊ အေသုံးလုံး ကျပ် ၅၂၀၀၊ အပါချီ ကျပ်၄၃၀၀၊ ကမ္ဘောဇ ကျပ် ၄၄၀၀၊ နဂါး ကျပ် ၄၄၀၀၊ ဆင်(ထိုင်း) ကျပ် ၆၄၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးဆိုင်မှ စုံစမ်းသိရပါတယ်။

သီတာဝင်း(DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

# ဒီတစ်ပတ် မြေသြဇာအဝင်နည်း

မတ်လ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၀၁၆၄၈ တန်ဖိုးရှိ မြေသြဇာ ၅၆၃၁ ဒသမ ၉၀၉ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် ကနေဒါနိုင်ငံမှ တန်ချိန် ၁၀၀၀၊ ကိုရီးယားနိုင်ငံမှ ၁၀၀၁ ဒသမ ၄၀ တန်၊ ထိုင်းနိုင်ငံမှ ၉၆၆ ဒသမ ၀၆၄ တန်၊ အိန္ဒိယနိုင်ငံမှ ၁၀ တန်၊ တရုတ်နိုင်ငံမှ ၇၆၅ ဒသမ ၄၄ တန်၊ မလေးရှားနိုင်ငံမှ တန်ချိန် ၇၂၀၊ အီရန်နိုင်ငံမှ ၅၂၅ တန်နဲ့ နော်ဝေနိုင်ငံမှ ၆၄၄ ဒသမ ၀၀၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ မြေသြဇာတန်ချိန် ၂၆၀၀၀ ကျော်နဲ့နှိုင်းယှဉ်ရင် တန်ချိန် ၂၀၀၀၀ ကျော်လျော့နည်း တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်တင်သွင်းခဲ့တဲ့ မြေသြဇာများမှာ ပိုတက်၆၀%၊ အာမို ၁၆း၁၆း၈၊ ကွန်ပေါင်း ၁၅း၁၅း၁၅၊ ကွန်ပေါင်း ၁၃း၁၃း၂၁နဲ့ ယူရီးယားတို့တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

# အရောင်းအဝယ်အေးနေတဲ့ မြေသြဇာဈေးကွက်

မတ်လ ၁၇ ရက်မှ ၂၃ ရက်အထိ နယ်စပ်လမ်းမှ မြေသြဇာအဝင်မှာ တန်ချိန် ၂၇၂၀၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်ကအဝင်မှာ တန်ချိန် ၁၉၈၇၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာတန်ချိန် ၇၃၂၀ကျော်အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ဒါကြောင့် ဒီတစ်ပတ်မှာရေလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှ မြေသြဇာအဝင်ပိုခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်မှာ ပုံမှန်အရောင်းအဝယ်ရှိပြီး တောင်ကြီး၊မကွေးနဲ့မန္တလေးမှာအရောင်းအေးတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** အရောင်းအဝယ်အေးကာ ဈေးငြိမ်တယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ-အသေး ၄၆% (ရွှေတောင်-တရုတ်) ကျပ် ၂၄၀၀၀၊ ကွန်ပေါင်း (အစိမ်း) ၁၅း၁၅း၁၅ (ထိုင်း) ကျပ် ၄၀၅၀၀၊ ကွန်ပေါင်း (ပန်းရောင်) ကျပ် ၃၂၅၀၀၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း) ကျပ်၃၀၀၀၀၊ တီစူပါ၄၆% (သံကွင်း-တရုတ်) ကျပ် ၂၃၅၀၀၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ကျပ် ၂၃၅၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းသိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** သင်္ကြန်ကာလနီးလာလေ အရောင်းအဝယ်က ပိုအေးလာတယ်။ အရောင်းအေးသလို မြေသြဇာဈေးများလည်းငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲအရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ (ကမ္ဘာလုံး-တရုတ်) ကျပ် ၂၆၀၀၀ ၊ ယူရီးယား (ရွှေတောင်-တရုတ်) ကျပ် ၂၆၀၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ်၂၆၀၀၀၊ တီစူပါ၂၀% (တရုတ်) ကျပ် ၁၇၀၀၀ ၊ ပိုးသတ်ဆေး ကျပ် ၂၂၀၀၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ကျပ် ၃၈၀၀၀ ၊ တီစူပါ ၁၀း၁၀း၅ (တရုတ်) ကျပ် ၁၆၅၀၀၊ ဓာတ်ဆား(တရုတ်) ကျပ် ၁၄၀၀၀၊ ပိုတက်(တရုတ်) ကျပ်၂၄၀၀၀၊ ယူရီးယား(ယူအေအီး) ကျပ် ၂၂၅၀၀ ၊ မြားကမ္ဘာကျပ် ၁၆၀၀၀ ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ဒီအချိန်က အရောင်းအဝယ်အေးပြီး မြေသြဇာများက ယခင်ဈေးအတိုင်း အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် (၁၂း၁၃) ကျပ် ၁၅၈၀၀၊ ဆင်၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၂၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၃၅၃၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၉၀၀၊ သီးစုံ(ဝါစိမ်းပြာ) ကျပ် ၁၆၅၀၀၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်)ကျပ် ၂၄၃၀၀၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ကျပ် ၂၅၀၀၀၊ ဇာမဏီ ကျပ် ၁၇၂၀၀၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ကျပ် ၁၈၀၀၀၊ မြားကမ္ဘာ(၁၅း၇း၈) ကျပ် ၁၈၅၀၀၊ တီစူပါ ကျပ် ၂၂၈၀၀၊ တောင်သူမ ကျပ် ၁၅၇၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဒီတစ်ပတ် မြေသြဇာအရောင်းအေးပြီး ဈေးလည်းငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား(ရွှေတောင်-တရုတ်) ကျပ် ၂၄၈၀၀၊ ယူရီးယား (ပန်းဖူး-တရုတ်) ကျပ် ၂၅၀၀၀၊ တီစူပါ၄၆%တရုတ် ကျပ် ၂၂၀၀၀၊ မြားသီးစုံ ကျပ် ၁၅၂၀၀၊ ပန်းသီးစုံ ကျပ် ၁၆၅၀၀၊ အာမို ၁၀း၁၀း၅ ကျပ် ၁၆၈၀၀၊ အာမို ၁၆း၁၆း၈ ကျပ် ၁၆၅၀၀၊ အာမို ၁၅း၁၅း၁၅ ကျပ် ၃၇၀၀၀၊ ပိုတက် ကျပ် ၂၂၈၀၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

## နို့ဆီ/နို့မှုန့်

# နို့ဆီတန်ချိန် ၄၀၀ ကျော်နဲ့ နို့မှုန့်တန် ၆၀၀ ကျော်ဝင်

မတ်လ ၁၈ ရက်မှ ၂၄ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၅၀၁၆၄၇ တန်ဖိုးရှိ နို့ဆီ ၄၄၃ ဒသမ ၃၂၈ တန်ကိုပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် မလေးရှားနိုင်ငံမှ ၉၃ ဒသမ ၁၂ တန်နဲ့ စင်ကာပူနိုင်ငံမှ ၃၅၀ ဒသမ ၂၀၈ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ တင်သွင်းခဲ့တဲ့တံဆိပ်များမှာ တီးပေါ့(ပ်)၊ မာရီဂိုးနဲ့ ဒွန်းနို့ဆီတို့ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့ဆီတန်ချိန် ၆၂၀ ကျော်နဲ့ နှိုင်းယှဉ်ရင် ဒီတစ်ပတ်မှာနို့ဆီတန်ချိန်၁၇၀ ကျော် တင်သွင်းမှုလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်နိုင်ငံမှ ၅၄၆ ဒသမ ၆၂၅ တန်၊ မလေးရှား နိုင်ငံမှ ၁၂ ဒသမ ၉၆ တန်နဲ့ ဂျာမနီနိုင်ငံမှ တန် ၅၀၊ စုစုပေါင်း ၆၀၉ ဒသမ ၅၈၅ တန်တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က တင်သွင်းခဲ့တဲ့ နို့မှုန့် ၃၈တန်နဲ့ နှိုင်းယှဉ်ရင် တန်ချိန် ၅၇၀ ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီအဝင်လျော့ပြီး နို့မှုန့်အဝင်ပိုခဲ့ပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၇/၃ မှ ၂၃/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၀/၃ မှ ၁၆/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | - | - | | - |
| ၂။ | လွယ်ဂျယ် | - | ၂၁၀·၀၀ | (-) | ၂၁၀·၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | | - |
| ၄။ | ကန်ပိုက်တီး | ၂၄၂၈·၀၀ | ၂၁၂၀·၀၀ | (+) | ၃၀၈·၀၀ |
| ၅။ | တာချီလိတ် | ၅၃၄၀·၀၀ | ၉၅၀၀·၀၀ | (-) | ၄၁၆၀·၀၀ |
| ၆။ | မြဝတီ | - | - | | - |
| ၇။ | ကော့သောင်း | ၅၀·၀၀ | - | (+) | ၅၀·၀၀ |
| ၈။ | မြိတ် | ၆၀၇၅·၀၀ | ၃၀၀၀·၀၀ | (+) | ၃၀၇၅·၀၀ |
| | စုစုပေါင်း | ၁၃၈၉၃·၀၀ | ၁၄၈၃၀·၀၀ | (-) | ၉၃၇·၀၀ |

မော်မော်အောင်

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၇/၃ မှ ၂၃/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၁၀/၃ မှ ၁၆/၃ | နှိုင်းယှဉ်ချက် (ပို/လို) +/- | |
|---|---|---|---|---|---|
| ၁။ | မူဆယ် | ၁၈၄၁၅·၂၀ | ၁၃၆၇၇·၈၅ | (+) | ၄၇၃၇·၃၅ |
| ၂။ | လွယ်ဂျယ် | ၆၂·၀၀ | ၄၀·၀၀ | (+) | ၂၂·၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၈၄·၀၀ | ၁၆၀၀·၂၅ | (-) | ၁၄၁၆·၂၅ |
| ၄။ | ကန်ပိုက်တီး | ၈၆၀·၀၀ | ၆၅၀·၀၀ | (+) | ၂၁၀·၀၀ |
| ၅။ | မြဝတီ | ၂၀၇၂·၇၈ | ၁၁၀၀·၁၇ | (+) | ၉၇၂·၆၁ |
| ၆။ | ကော့သောင်း | ၁၁·၀၀ | - | (+) | ၁၁ ·၀၀ |
| ၇။ | မြိတ် | - | ၁၁၀·၀၀ | (-) | ၁၁၀·၀၀ |
| ၈။ | ရိဒ် | ၅၆၀၀·၀၀ | ၂၇၀၀·၀၀ | (+) | ၂၉၀၀·၀၀ |
| | စုစုပေါင်း | ၂၇၂၀၄·၉၈ | ၁၉၈၇၈·၂၇ | (+) | ၇၃၂၆·၇၁ |

ခင်မိုးသူ

## နှမ်း

# ယခင်တစ်ပတ်က တင်ပို့မှုနည်းခဲ့တဲ့ နှမ်းယခုတစ်ပတ် တင်ပို့မှုတိုးလာ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ မတ်လ ၁၇ ရက်မှ ၂၃ ရက်အထိ ရက်သတ္တပတ်အတွင်း အမေရိကန် ဒေါ်လာ ၈၂၉၂၀ တန်ဖိုးရှိ နှမ်းနက် ၆၉ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်မှ နှမ်းတင်ပို့မှုမရှိဘဲ ဖေဖော်ဝါရီနောက်ဆုံးပတ်က နှမ်းဖြူ(အခွံချွတ်) ၁၄တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

အလားတူ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှလည်း အမေရိကန် ဒေါ်လာ ၃၄၀၂၀ တန်ဖိုးရှိ နှမ်းနက် ၂၈တန်ကျော်ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ မြဝတီမှလည်း ယခင်တစ်ပတ်က နှမ်းတင်ပို့မှုမရှိခဲ့ဘဲ မတ်လ ပထမပတ်မှာ နှမ်းနက် ၅၆တန်ကျော် တင်ပို့ခဲ့တာ တွေ့ရပါတယ်။မူဆယ်ကုန်စည်ဒိုင်မှာ မတ်လ ၁၇ ရက်မှ ၂၃ ရက်အထိ ရက်သတ္တပတ်အတွင်း နှမ်းဖြူတစ်တန်လျှင် ကျပ် ၁၈၅၀၀၀၀၊ နှမ်းနက်တစ်တန်လျှင် ၁၉၅၄၁၆၇ ကျပ်ဈေး ရှိခဲ့တယ်လို့သိရပါတယ်။

**မော်မော်အောင်**

## နှမ်းလက်ကျန်ရှားလို့ ဈေးပြန်မြင့်လာတဲ့ ပြည်ဈေးကွက်

ယခုတစ်ပတ်ပြည်ဈေးကွက်သို့ နှမ်းဝင်ရောက်မှုမရှိပေမယ့် မိုးနှမ်း လက်ကျန်နှင့် ဆောင်းနှမ်းလက်ကျန်များကြောင့် အရောင်းအဝယ်မှာ တစ်နေ့လျှင်အိတ် ၁၀၀ မှ ၁၅၀ ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းနီကိုဆီစက်များက အဝယ်ရှိပြီး နှမ်းနက်နှင့်စမုံနက်နှမ်းမှာ ယခု တစ်ပတ်တွင် ဝယ်လက်ပျောက်နေတာတွေ့ရပါတယ်။ နှမ်းနီကိုအဝယ်ရှိလို့ ဈေးမြင့်လာပြီး နှမ်းနက်နှင့်စမုံနက်နှမ်း မှာ ဝယ်လက်ပျောက်လို့ ဈေးမြင့်လာတာတွေ့ရပါတယ်။

နွေနှမ်းများစိုက်ပျိုးချိန်ဖြစ်လို့ ဈေးကွက်တွင်နှမ်းလက်ကျန်နည်းပေမယ့် လှောင်နှမ်းအချို့ကြောင့် ပွဲရုံများ၊ ကုန်သည်များဈေးကောင်းရလျက်ရှိပါတယ်။ အချို့ဆီစက်များကလည်း ဆီကြိတ်နှမ်းနီကို ဝယ်လို့မရသဖြင့် ရရာနှမ်းကိုဝယ်ပြီး ဆီကြိတ်ရသဖြင့် နှမ်းဆီဈေးမှာလည်း မြင့်လာတာတွေ့ရပါတယ်။ ယခုတစ်ပတ် ပြည်ဈေးကွက်ရှိ နှမ်းဈေးမှာ နှမ်းနီ သုံးတင်းတစ်အိတ်လျှင် ကျပ် ၁၁၀၀၀၀၊ နှမ်းနက် သုံးတင်းတစ်အိတ်လျှင် ကျပ် ၉၃၀၀၀ နှင့် စမုံနက်နှမ်းသုံးတင်းတစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀ ဖြင့် ယခင်တစ်ပတ်ကထက် ဈေးမြင့်လာတာတွေ့ရပါတယ်။ နှမ်းဆီဈေးမှာလည်း တစ်ပိဿာလျှင် ကျပ် ၅၂၀၀ ဖြင့် ဈေးပြန်မြင့်လာ တာတွေ့ရပါတယ်။

**ဝေဝေမင်း(ပြည်)**

## စားအုန်းဆီ

# ဆယ်နွှယ်နေသော အခြားစားသုံးဆီဈေးများကျဆင်းမှုကြောင့် စားအုန်းဆီဈေးကျဆင်း



မလေးရှားစားအုန်းဆီ ကြိုရောင်းကြိုဝယ်ဈေးမှာ မတ်လ ၂၉ ရက်က တတိယမြောက်နေ့အဖြစ်ကျဆင်းခဲ့သည်။ ယင်းကဲ့သို့ကျဆင်းခဲ့ရခြင်းမှာ အမေရိကန်ပြည်ထောင်စု ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့နှင့် တရုတ်နိုင်ငံဒါလီယံ ကုန်စည်ဒိုင်တွင် အခြားသောစားသုံးဆီဈေးများကျဆင်းမှုကြောင့် ဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ဘာဆာမလေးရှားကုန်စည်ဒိုင်တွင် ဇွန်လအတွက် ဖြန့်ချိမည့် စားအုန်းဆီ၏အခြေခံစံထားဈေးနှုန်းမှာ မတ် ၂၉ ရက် ဈေးပိတ်ချိန်က သုည ဒသမ ၆ ရာခိုင်နှုန်းကျဆင်းပြီး တစ်တန်ကို ၂၄၀၄ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၂၁ဒသမ ၈၃) နှုန်းရှိခဲ့သည်။ ထိုနေ့က အနိမ့်ဆုံးဈေးနှုန်းမှာ တစ်တန်ကို ၂၃၉၉ ရင်းဂစ်နှုန်းအထိ ရောက်ရှိခဲ့ရာ မတ် ၁၃ ရက်နောက်ပိုင်းအနိမ့်ဆုံးဈေးဖြစ်ခဲ့သည်။

စားအုန်းဆီဈေးသည် ယခုလအတွင်း ၆ ဒသမ ၁ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ယခုနှစ်ပထမသုံးလပတ်နှင့် နှိုင်းယှဉ်ပါက လေးရာခိုင်နှုန်းကျဆင်းခဲ့သည်။ အယ်လ်နီညို ရာသီဥတု အခြေအနေပြီးဆုံးခြင်း၊ အပင်ငယ်များအရွယ်ရောက်လာခြင်းနှင့် သီးနှံရိတ်သိမ်းဧရိယာတိုးတက်များပြားလာခြင်းတို့ကြောင့် ကုန်ထုတ်လုပ်မှုတိုးတက်လာမည်ဖြစ်သည့်အတွက် ယခုနှစ်အတွင်းစားအုန်းဆီဈေးများ ထပ်မံ ကျဆင်းမည်ဟုခန့်မှန်းရသည်။

မတ် ၂၉ ရက်ဈေးပိတ်ချိန်အထိ တစ်ရက်တာရောင်းချမှုပမာဏမှာ ၂၅ တန်ရှိ အတွဲပေါင်း ၃၄၃၆ တွဲရှိခဲ့သည်။

"ဒါလီယံကုန်စည်ဒိုင်ကဦးဆောင်ပြီး ယနေ့မှာပြည်ပဈေးကွက်တွေလည်း ကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် ရင်းဂစ်တန်ဖိုးကျဆင်းမှုက စားအုန်းဆီဈေးကျဆင်းမှုကို သက်သာရာရစေခဲ့ပါတယ်"ဟု ကွာလာလမ်ပူအခြေစိုက် ကြိုရောင်းကြိုဝယ်ကုန်သည်တစ်ဦးကပြောသည်။

စားအုန်းဆီဈေးသတ်မှတ်ရာတွင် အသုံးပြုသော ရင်းဂစ်တန်ဖိုးမှာ မတ် ၂၉ ရက်ညနေက သုည ဒသမ ၁ ရာခိုင်နှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၃ ဒသမ ၈၆၆၀ ရင်းဂစ်နှုန်း ရှိခဲ့သည်။ မတ် ၂၈ရက်နေ့က ရင်းဂစ်တန်ဖိုးသည် နှစ်နှစ်ခန့်အတွင်း အမြင့်ဆုံးအခြေအနေရောက်ရှိရာမှ ပြန်လည်ကျဆင်းခြင်းဖြစ်သည်။ ရင်းဂစ်တန်ဖိုးကျဆင်းခြင်းသည် နိုင်ငံခြားငွေကြေးဖြင့် စားအုန်းဆီကိုဝယ်ယူသူများအတွက် ဈေးသက်သာပြီး ဝယ်လိုအားကိုဆွဲဆောင်နိုင်သည့်အတွက် ထုံးစံအားဖြင့် စားအုန်းဆီဈေးနှုန်းမြင့်တက်စေရန် အထောက်အကူပေးတတ်သည်။

အခြားစားသုံးဆီဈေးကွက်များကိုကြည့်ပါက ချီကာဂိုကုန်သွယ်ရေးဘုတ်အဖွဲ့တွင် မေလအတွက်ရောင်းချသည့် ပဲပုပ်ဆီဈေးမှာ သုည ဒသမ ၃ ရာခိုင်နှုန်းကျဆင်းပြီး တရုတ်နိုင်ငံဒါလီယံဈေးကွက်တွင် မေအတွက် ပဲပုပ်ဆီဈေးမှာ ၁ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ ဒါလီယံကုန်စည်ဒိုင်တွင် စားအုန်းဆီဈေးမှာ ၁ ဒသမ ၁ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

ကမ္ဘာ့ဟင်းရွက်ဆီဈေးကွက်တွင် ဈေးကွက်ဝေစုအတွက် ယှဉ်ပြိုင်နေရသည့်အတွက် အခြားစားသုံးဆီဈေးအတက်အကျကလည်း စားအုန်းဆီဈေးနှုန်းအပေါ် အကျိုးသက်ရောက်မှုရှိခဲ့သည်။

စားအုန်းဆီဈေးသည် သုံးလအတွင်း တစ်တန်ကို ၂၁၅၀ ရင်းဂစ်နှုန်းအထိ ကျဆင်းနိုင်ကြောင်း ရိုက်တာသတင်းဌာနကုန်စည်များနှင့် စွမ်းအင်များအတွက် လေ့လာဆန်းစစ်ရေးမှူး ဝမ်တောင်းက ပြောသည်။

**ဉာဏ်တင်**

## ပြည်တွင်းဆီဈေးနှုန်းများ (၃၀-၃-၂၀၁၈)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၅၅၀၀ | ၅၇၀၀ | △ | ၄၉၀၀ | ၄၉၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၆၀၀၀ | ၆၀၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| မန္တလေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၂၀၀၀ | ၁၉၀၀ | ▽ |
| ပဲခူး | ၅၄၀၀ | ၅၄၀၀ | □ | ၅၅၀၀ | ၅၅၀၀ | □ | ၁၈၅၀ | ၁၈၅၀ | □ |
| မကွေး | ၄၈၀၀ | ၄၈၅၀ | △ | ၅၅၀၀ | ၅၅၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| မုံရွာ | ၄၄၀၀ | ၄၄၀၀ | □ | ၄၃၀၀ | ၄၃၀၀ | □ | ၁၈၀၀ | ၁၈၀၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၂၃၀၀ | ၂၃၀၀ | □ |




## မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၃၀-၃-၂၀၁၈ US$/Ton

| အမျိုးအစား | မတ်လတတိယပတ် | မတ်လစတုတ္ထပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၆၄၃.၀၀ | ၆၅၀.၀၀ | △ |
| RBD P.Olein | ၆၄၉.၀၀ | ၆၅၂.၀၀ | △ |
| RBD P.Stearin | ၆၄၈.၅၀ | ၆၄၇.၅၀ | ▽ |

*Source: bepi.mpob*

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၃၀-၃-၂၀၁၈ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၅၀၅.၁၅ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x USD)/612 | ၃.၇၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၇.၅၃ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၀၅ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.0 x 5%)/612 | ၇၂.၅၃ |
| ဆိပ်ကမ်းခွန် | (50000/ 1000)/612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-)/ 612 | ၃၉.၄၆ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၅၄ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၄၈.၈၂ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၃၀-၃-၂၀၁၈နေ့ (CIF ဈေး Cloud Point 8 ˚C Max ၆၉၀ ဒေါ်လာနှင့် USD ဈေး ၁၃၃၅ကျပ်)ဖြင့် တွက်ချက်ထားခြင်းဖြစ်ပါသည်။

၂။ ၃၀-၃-၂၀၁၈နေ့ ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ဒေါ်လာဈေး ၁၃၃၅ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# မြန်မာ့ကြက်သွန်နီ၏ ပြည်ပဈေးကွက်အလားအလာ



**ခင်ချောစု(ကုန်သွယ်မြင့်)**

ကြက်သွန်နီကို သိပ္ပံအမည်အားဖြင့် Allium cepa ဟုခေါ် ပါသည်။ အင်္ဂလိပ်ဘာသာအခေါ်အဝေါ်မှာ Onion ဖြစ်ပါသည်။ မျိုးရင်းမှာ AMARYLLIDACEAE ဟုခေါ်ဝေါ်သုံးစွဲကြကြောင်း တွေ့ရပါသည်။ မြန်မာ့မီးဖိုချောင်တွင် ကြက်သွန်နီသည်မပါမပြီးသော စားသောက်ကုန်တစ်မျိုးဖြစ်ပါသည်။ မြန်မာ့ဟင်းလျာတွင် ကြက်သွန်နီကို အစဉ်အမြဲ ထည့်သွင်းချက်ပြုတ်တတ်ပါသည်။ သို့ဖြစ်၍မြန်မာ့အစားအစာ၏ အခြေခံစားကုန် (၉) မျိုးတွင် ကြက်သွန်နီသည် စားဖိုဆောင်သီးနှံအဖြစ် ပါဝင်ပါသည်။ ကြက်သွန်နီကို အချို့နိုင်ငံများတွင် သစ်သီးဝလံဟင်းသီးဟင်းရွက်အုပ်စုတွင် ထည့်သွင်းတတ်ပါသည်။ ၂၀၁၀ ခုနှစ်မတိုင်မီ တပ်မတော်အစိုးရလက်ထက်တွင် ကြက်သွန်နီကိုပြည်တွင်းဖူလုံမှသာ ပြည်ပ တင်ပို့ရန်ကန့်သတ်ခဲ့သဖြင့် ကြက်သွန်နီပြည်ပတင်ပို့မှုနည်းပါးခဲ့ပြီး မြေလွတ်မြေရိုင်းများတွင် တိုးချဲ့စိုက်ပျိုးမှုကိုသာ တင်ပို့ခွင့်ပြုခဲ့သဖြင့် ပြည်ပတင်ပို့သူများမှ Supply Chain တစ်ခုလုံး ပါဝင်ဆောင်ရွက်လာတတ်ကြပါသည်။ ၂၀၁၁ ခုနှစ်တွင် ရွေးချယ်တင်မြှောက်ထားသော ဒီမိုကရေစီအစိုးရလက်ထက်မှစ၍လွတ်လပ်စွာ တင်ပို့ခွင့်ပြုခဲ့ပါသည်။ ထိုအချိန်မှစ၍ ကြက်သွန်နီကို တိုးတက်တင်ပို့လျက်ရှိသော်လည်း ပြည်တွင်းစားသုံးမှုများပြားခြင်း၊ ပြည်တွင်းဈေးကြီးမြင့်ခြင်း၊ ပုပ်သိုးလွယ်သောပစ္စည်းဖြစ်၍ Oversea မှ တင်ပို့ရန်ခက်ခဲသောကြောင့် နယ်စပ်ကုန်သွယ်မှုမှသာ တင်ပို့မှုများပြားလျက်ရှိပါသည်။ ကမ္ဘာ့ကြက်သွန်နီ စိုက်ပျိုးမှု၊ တင်ပို့မှု၊ တင်သွင်းမှုအခြေအနေများ၊ မြန်မာ့ကြက်သွန်နီစိုက်ပျိုးထွက်ရှိမှု ပြည်တွင်းဈေးနှုန်း ဖြစ်ပေါ်ခဲ့မှုအခြေအနေများနှင့် ပြည်ပတင်ပို့မှုအခြေအနေများကို လေ့လာမှုများအား ရေးသားတင်ပြရမည်ဆိုပါလျှင်-

## ကမ္ဘာ့ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်မှု

ကမ္ဘာပေါ်တွင် ကြက်သွန်နီအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံများမှာ တရုတ်နိုင်ငံဖြစ်ပြီး တန်ချိန် ၂၂ ဒသမ ၃ သန်းကျော်ဖြစ်ပြီး အိန္ဒိယနိုင်ငံမှာ တန်ချိန် ၁၉ ဒသမ ၃ သန်းကျော်ဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စုမှာတန်ချိန် ၃ ဒသမ ၁ သန်းကျော်ဖြစ်ပြီး အီရန်နိုင်ငံမှာ တန်ချိန် ၂ ဒသမ ၃ သန်းကျော်ဖြစ်ပါသည်။ ရုရှားနိုင်ငံသည် တန်ချိန်နှစ်သန်းခန့်ဖြစ်ပြီး တူရကီနိုင်ငံသည် တန်ချိန် ၁ ဒသမ ၉ သန်းခန့်ဖြစ်ပါသည်။ အီဂျစ်နိုင်ငံသည် တန်ချိန် ၁ ဒသမ ၉ သန်းဖြစ်ပြီး ပါကစ္စတန်နိုင်ငံသည် တန်ချိန် ၁ ဒသမ ၆ သန်း ဖြစ်ကြောင်း onion production world data 2016 အရ လေ့လာတွေ့ရှိရသည်။

## ကမ္ဘာ့ကြက်သွန်နီ တင်ပို့မှု

ကမ္ဘာပေါ်တွင် ကြက်သွန်နီ အများဆုံးပြည်ပတင်ပို့သည့် နိုင်ငံမှာ အိန္ဒိယဖြစ်ပြီး ၁၁၃၈၄၅၅ တန် ဖြစ်ပါသည်။ နယ်သာလန်နိုင်ငံသည် ၉၈၀၇၅၉ တန်ဖြစ်ပြီး တရုတ်နိုင်ငံသည် ၄၃၁၇၅၅ တန်ဖြစ်ပါသည်။ မက္ကဆီကိုနိုင်ငံသည် ၃၉၈၁၃၅ တန်ဖြစ်ပြီး စပိန်နိုင်ငံသည် ၃၉၁၇၅၂ တန်ဖြစ်ပါသည်။ အမေရိကန်နိုင်ငံသည် ၂၉၇၇၃၆ တန်ဖြစ်ပြီး အီဂျစ်နိုင်ငံသည် ၂၃၉၀၁၅ တန်ဖြစ်ပါသည်။ နယူးဇီလန်နိုင်ငံသည် တန် ၁၇၃၅၅၀ ဖြစ်ပြီး ပီရူးနိုင်ငံသည် ၂၂၀၃၀၂ တန်ဖြစ်ပါသည်။ ပြင်သစ်နိုင်ငံသည် တန် ၁၀၈၀၂၀ ပြည်ပတင်ပို့နိုင်မှုရှိနေကြောင်း onion Export world data 2016 အရ လေ့လာတွေ့ရှိရသည်။

## ကမ္ဘာ့ကြက်သွန်နီတင်သွင်းမှု

ကမ္ဘာပေါ်တွင် ကြက်သွန်နီအများဆုံး တင်သွင်းမှုရှိသည့် နိုင်ငံမှာ မလေးရှားနိုင်ငံဖြစ်ပြီး ၅၇၇၆၉၂ တန်ဖြစ်ပါသည်။ အမေရိကန်နိုင်ငံသည် တန် ၅၂၁၁၆၀ ဖြစ်ပြီး ယူနိုက်တက်ကင်းဒမ်းနိုင်ငံသည် ၃၉၄၈၅၇ တန်ဖြစ်ပါသည်။ ယူအေအီးနိုင်ငံသည် ၃၅၈၃၆၈ တန်ဖြစ်ပြီး ဂျပန်နိုင်ငံသည် ၂၇၉၄၉၉ တန်ဖြစ်ပါသည်။ ဂျာမနီနိုင်ငံသည် ၂၅၁၀၆၁ တန်ဖြစ်ပြီး နယ်သာလန်နိုင်ငံသည် ၂၂၅၈၄၉ တန်ဖြစ်ပါသည်။ ကနေဒါနိုင်ငံသည် ၁၉၆၉၈၂ တန် ဖြစ်ပြီး ပြင်သစ်နိုင်ငံသည် တန် ၁၄၉၈၀၀ ဖြစ်သည်။ ဘယ်လ်ဂျီယံနိုင်ငံသည် ၁၄၂၃၁၄ တန်တင်သွင်းမှုရှိနေကြောင်း onion importing world data 2016 အရ လေ့လာတွေ့ရှိ ရပါသည်။

## ပြည်ပဈေးကွက်အလိုက်ကြိုက်နှစ်သက်သော ကြက်သွန်နီအမျိုးအစားများ

ပြည်ပဈေးကွက်အလိုက် ကြိုက်နှစ်သက်သောကြက်သွန်နီအမျိုးအစားများကို အောက်ပါအတိုင်း တွေ့မြင်ရပါသည် -

| စဉ် | နိုင်ငံ/ဈေးကွက် | အရောင် | အရွယ်အစား | မှတ်ချက် |
|---|---|---|---|---|
| ၁ | အရှေ့အာရှနှင့် ပင်လယ်ကွေ့(ဒူဘိုင်း၊ ဆာဂျပ်၊ ဒိုဟာ၊ မူစကပ်၊ ဗဟာင်၊ ဒန်မန်၊ ဆော်ဒီအာရေဗျ၊ ကူဝိတ်) | အနီတောက်တောက်မှ အနီရင့်ရင့် | ၄၀-၆၀ မီလီ | ဂူဘာလာ/ပန်ဂျပ် |
| ၂ | မလေးရှား၊ စင်ကာပူ၊ ကလန်ဆိပ်ကမ်း | အနီရင့်ရင့်မှ ခရမ်းပြာရောင် | ၂၅-၃၀ မီလီ | ဂူဘာလာ/ပန်ဂျပ် |
| ၃ | သီရိလင်္ကာ | အနီရင့်ရင့်မှ အနီတောက်တောက် | ၂၅-၃၀ မီလီ | ဂူဘာလာ/အိုဗယ် |
| ၄ | ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ နီပေါ | အနီတောက်တောက်မှ အနီရင့်ရင့် | ၂၅-၃၀ မီလီ | ဂူဘာလာ/ပန်ဂျပ် |
| ၅ | အာဖဂန်ဆိပ်ကမ်းများ | အနီရင့်ရင့်မှ ခရမ်းပြာရောင် | ၂၅-၃၀ မီလီ | ဂူဘာလာ/ပန်ဂျပ် |
| ၆ | ဥရောပ | အဝါရောင်သမ်းသော အရောင်/ အညိုရောင် | ၆၀-၇၀ မီလီ | ဂူဘာလာ/ပန်ဂျပ် |
| ၇ | ဂျပန် | အဝါရောင်သမ်းသော အရောင်/အညိုရောင် | ၆၀-၇၀ မီလီ | ဂူဘာလာ/ပန်ဂျပ် |

## မြန်မာနိုင်ငံ၏ ကြက်သွန်နီစိုက်ပျိုးထွက်ရှိမှု

မြန်မာနိုင်ငံတွင် ကြက်သွန်နီစိုက်ပျိုးထုတ်လုပ်မှုကို မိုးနှင့်နွေရာသီတို့တွင် အဓိကစိုက်ပျိုးပြီး ကြက်သွန်နီစိုက်ဧကမှာ ယေဘုယျအားဖြင့် ဧက ၁၇၀၀၀ မှ ဧက ၁၉၀၀၀ ဝန်းကျင်ရှိသည်။ အထွက်နှုန်းမှာပျမ်းမျှအားဖြင့် ပိဿာ ၃၀၀၀ ခန့်ထွက်သည်။ အများဆုံး ပိဿာချိန် ၆၀၀၀-၇၀၀၀ ခန့်အထိထွက်ရှိသည်။ စိုက်ပျိုးသည့် နည်းစနစ်မှာ ဒေသအလိုက်ရိုးရာဓလေ့အတိုင်း စိုက်ပျိုးတတ်ပြီး မိုးရာသီတွင် ဥစိုက်အဖြစ်လည်းကောင်း၊ ဆောင်းရာသီတွင် ပျိုးစိုက်အဖြစ်လည်းကောင်း စိုက်ပျိုးတတ်သည်။ ယခုနောက်ပိုင်းတွင် ရေဖျန်းစနစ်စိုက်ပျိုးမှုသို့ ပြောင်းလဲနိုင်ရန်ကြိုးပမ်းနေကြပါသည်။ အထွက်နှုန်း ပိဿာ ၃၀၀၀ ဖြင့်ထွက်ရှိမှုနှင့် တွက်ချက်ပါက တစ်နှစ်လျှင် ကြက်သွန်နီ တန်ချိန်ကိုးသိန်းမှ ၁၀ သိန်းကြားတွင် ထွက်ရှိနိုင်ကြောင်း ခန့်မှန်းနိုင်သည်။ ကြက်သွန်နီသည် ပုပ်သိုးဆွေးမြေ့လွယ်ခြင်း၊ အခွံကျွတ်ခြင်း၊ ရေခါတ်များသော ဟင်းသီးဟင်းရွက်အမျိုးအစားဝင် ကုန်ပစ္စည်းဖြစ်သဖြင့် အလေအလွင့်မှာ တစ်နှစ်လုံးသိုလှောင်ပါက ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ရှိတတ်ကြောင်း သိရပါသည်။ သို့ဖြစ်၍ တန်ချိန် ၁၈၀၀၀၀ မှ ၂၀၀၀၀၀ ခန့်အထိ လျော့နည်းနိုင်ပါသည်။ အလေအလွင့်အတွက်နုတ်ပြီးပါက တန်ချိန် ၇၀၀၀၀၀ မှ ၈၀၀၀၀၀ ထိ ပြည်တွင်းစားရန်နှင့် ပြည်ပတင်ပို့ရန်ရှိပါသည်။

## ပြည်တွင်းကြက်သွန်နီအထွက်နှုန်း

ကြက်သွန်နီသည် ရေဓာတ်များသော ဟင်းသီးဟင်းရွက် အမျိုးအစားဝင် သီးနှံမျိုးဖြစ်ပါသည်။ ဟင်းသီးဟင်းရွက်မျိုးများကို ရာသီဥတုနှင့်စပ်လျဉ်း၍ အအေးကြိုက်သီးနှံနှင့် အနွေးကြိုက်သီးနှံဟူ၍ နှစ်မျိုးခွဲခြားထားသည်။ အအေးကြိုက်သီးနှံများသည် နေ့အပူချိန် ၄၀ဒီဂရီဖာရင်ဟိုက် မှ ၇၅ဒီဂရီ ဖာရင်ဟိုက်အထိ အတွင်းပိုမိုဖြစ်ထွန်းသည်။ အထွက်နှုန်းသည် ရေ၊ မြေ၊ ရာသီဥတုအဆင်ပြေပြီး မျိုးကောင်းမျိုးသန့်ကို စိုက်ပျိုးပြုစုနည်းလမ်း မှန်ကန်စွာဆောင်ရွက်ပါလျှင် တစ်ဧကမှသီးနှံအထွက်နှုန်း (အစို)ပိဿာချိန်ထွက်နိုင်ကြောင်း သိရပါသည်။ ထိုသီးနှံများတွင် ကြက်သွန်နီပါဝင်ပါသည်။ အခြားနိုင်ငံများတွင် အထွက်နှုန်းပိဿာ တစ်သောင်းကျော်ခန့် ထွက်ရှိနိုင်ပြီး မြန်မာနိုင်ငံတွင် တစ်ဧကပျမ်းမျှပိဿာ ၂၅၀၀ ခန့် အနည်းဆုံးထွက်ရှိတတ်ပါသည်။

## ပြည်ပတင်ပို့မှု

မြန်မာပြည်တွင် ကြက်သွန်နီကို မိုးကြက်သွန်နီစိုက်ပျိုးမှုမှာ နည်းပါးပြီး ဆောင်းကြက်သွန်နီ စိုက်ပျိုးမှုကိုသာ တစ်နိုင်ငံလုံး အားထားရကြောင်း တွေ့ရှိရပါသည်။ ကြက်သွန်နီကို မုံရွာ၊ မြင်းခြံ၊ တောင်သာ၊ ပခုက္ကူ၊ မန္တလေး၊ ကျောက်ဆည်၊ မကွေးဒေသတို့တွင် အများဆုံးစိုက်ပျိုးထွက်ရှိပြီး အရွယ်အစားကိုလိုက်၍ သုံးမျိုးခွဲခြားပါသည်။ အသေးဆိုဒ် (20 mm-30mm)၊ အလတ်ဆိုဒ် (25mm-35mm)၊ အကြီးဆိုဒ် (35mm Up)ဟူ၍ဖြစ်ပါသည်။ တစ်ဖက်တရုတ်နိုင်ငံတွင် အလတ်ဆိုဒ် (25mm-35mm)၊ အရွယ်အစားရှိ အလတ်ဆိုဒ်အခွံပါးခေါင်းကျစ်တဲ့ RC မြစ်သားမျိုးကို ကြိုက်နှစ်သက်ကြောင်း သိရပါသည်။ မြန်မာနိုင်ငံမှကြက်သွန်နီ အများဆုံး ပြည်ပတင်ပို့နိုင်မှုမှာ တရုတ်နိုင်ငံဖြစ်ပြီး ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၁၈၄၀၈ ဒသမ ၆၇၂ ကျော်သာ ရှိပါသည်။

ယခင်နှစ် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်တွင် တန်ချိန် ၆၆၇၁၃ ဒသမ ၇၆၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၂၁၉ သန်းရှိရခဲ့သည်။ ယခင်ဘဏ္ဍာနှစ်ထက် ၇၂ ရာခိုင်နှုန်း လျော့နည်းမှုရှိကြောင်း တွေ့ရှိရသည်။ ကြက်သွန်နီနှစ်အလိုက် ပြည်ပတင်ပို့မှုကို အောက်ပါအတိုင်း ဇယား(၁)(၂) ဖြင့် တွေ့မြင်ရပါသည် -

ဇယား(၁)

**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ် (၉. ၃. ၂၀၁၈) ရက်နေ့အထိ**

ရေတွက်ပုံ-မက်ထရစ်တန်

တန်ဖိုး-အမေရိကန်ဒေါ်လာသန်း

| စဉ် | နိုင်ငံအမည် | ကြက်သွန်နီ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် | | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် | |
|---|---|---|---|---|---|---|---|---|---|
| | | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး |
| (က) | တရုတ် | ၁၂၆၂၇.၀၀ | ၃.၁၃၉ | ၁၅၇၂၉.၀၀ | ၃.၆၈၀ | ၄၀၈၉၂.၇၅ | ၁၁.၅၅၂ | ၁၅၀၃၄.၇၅ | ၆.၀၁၆ |
| (ခ) | ထိုင်း | ၁၆၉၁၂.၀၀ | ၄.၀၅၃ | ၂၁၁၅၃.၀၀ | ၇.၄၇၃ | ၁၉၀၉၉.၈၄ | ၅.၆၈၅ | ၂၃၃၇.၈၅ | ၁.၁၉၃ |
| (ဂ) | မလေးရှား | ၄၁၈၆.၀၀ | ၁.၀၅၉ | ၆၀၁၂.၀၀ | ၁.၅၁၁ | ၃၇၆၁.၅၇ | ၁.၁၁၆ | ၃၇၅.၄၈ | ၀.၁၆၀ |
| (ဃ) | စင်ကာပူ | ၁၂၆၈.၀၀ | ၀.၂၉၃ | ၃၄၂၀.၀၀ | ၀.၈၃၃ | ၂၃၄၈.၆၁ | ၀.၆၈၁ | ၅၃၅.၅၉ | ၀.၂၂၁ |
| (င) | ဘူလ်ဂေးရီးယား | | | ၄၁၆.၀၀ | ၀.၁၀၄ | | ၀.၀၂၁ | | |
| (စ) | အိန္ဒိယ | ၄၂၄.၀၀ | ၀.၁၁၈ | ၂၀၈.၀၀ | ၀.၀၄၆ | ၅၈.၀၀ | | | |
| (ဆ) | ဘင်္ဂလားဒေ့ရှ် | ၂၀၉.၀၀ | ၀.၀၇၄ | ၆၃၃.၀၀ | ၀.၂၉၄ | | ၀.၀၁၅ | | |
| (ဇ) | အာရပ် | ၃၁၁.၀၀ | ၀.၀၈၈ | ၅၆ .၀၀ | ၀.၀၁၁ | ၅၈.၀၀ | | | |
| (ဈ) | ဂျပန် | | | ၁၈.၀၀ | ၀.၀၀၆ | | | | |
| (ည) | ပါကစ္စတန် | | | | | ၁၄၄.၉၉ | ၀.၀၄၅ | | |
| (ဋ) | အင်ဒိုနီးရှား | | | | | | | | |
| (ဌ) | မက္ကဆီကို | ၂၉.၀၀ | ၀.၀၀၈ | | | | | | |
| (ဍ) | ဗီယက်နမ် | ၁၁၈ .၀၀ | ၀.၀၃၁ | ၁၀၃.၀၀ | ၀.၀၂၉ | ၂၉၈.၀၀ | ၀.၀၉၁ | ၁၂၅.၀၀ | ၀.၀၅၂ |
| (ဎ) | မော်ရိုကို | ၅၁.၀၀ | ၀.၀၀၉ | | | | | | |
| (ဏ) | ဗင်နီဇွဲလား | | | | | ၅၂.၀၀ | ၀.၀၁၃ | | |
| | **စုစုပေါင်း** | **၃၆၁၃၅.၀၀** | **၈.၈၆** | **၄၇၇၄၈.၀၀** | **၁၄.၀၇** | **၆၆၇၁၃.၇၆** | **၁၉.၂၁၉** | **၁၈၄၀၈.၆၇** | **၇.၆၄၂** |

ဇယား(၂)

**ကြက်သွန်နီနှစ်အလိုက် ပြည်ပတင်ပို့နိုင်မှုစာရင်း**

| စဉ် | ဘဏ္ဍာနှစ် | ပုံမှန် (Over Sea) | | နယ်စပ် (Border Trade) | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|
| | | တန်ချိန် | တန်ဖိုးအမေရိကန်ဒေါ်လာသန်း | တန်ချိန် | တန်ဖိုးအမေရိကန်ဒေါ်လာသန်း | တန်ချိန် | တန်ဖိုးအမေရိကန်ဒေါ်လာသန်း |
| ၁ | ၂၀၀၄-၂၀၀၅ | ၁၀၉၄ | ၀.၁၉၇ | | | ၁၀၉၄ | ၀.၁၉၇ |
| ၂ | ၂၀၀၅-၂၀၀၆ | ၂၄၂၉၁ | ၄.၈၆၆ | | | ၂၄၂၉၁ | ၄.၈၆၆ |
| ၃ | ၂၀၀၆-၂၀၀၇ | ၈၆၈၇ | ၂.၃၆၈ | - | - | ၈၆၈၇ | ၂.၃၆၈ |
| ၄ | ၂၀၀၇-၂၀၀၈ | ၅၂၈၂ | ၁.၇၄၅ | ၅၆၀ | ၀.၇၀၀ | ၅၈၄၂ | ၂.၄၄၅ |
| ၅ | ၂၀၀၈-၂၀၀၉ | ၁၈၃၅၆ | ၃.၉၂၅ | ၂၇၂၁၀ | ၆.၇၀၀ | ၄၅၅၆၆ | ၁၀.၆၂၅ |
| ၆ | ၂၀၀၉-၂၀၁၀ | ၂၇၀၃ | ၀.၅၆၄ | ၁၁၆၆၀ | ၂.၈၆၀ | ၁၄၃၆၃ | ၃.၄၂၄ |
| ၇ | ၂၀၁၀-၂၀၁၁ (Value Added) | ၆ | ၀.၀၁၀ | - | - | ၆ | ၀.၀၁ |
| ၈ | ၂၀၁၁-၂၀၁၂ | ၇၀၄ | ၀.၂၃၃ | ၂၀၉ | ၀.၁၃၀ | ၁၀၇၃ | ၀.၃၆၃ |
| ၉ | ၂၀၁၂-၂၀၁၃ | ၅၅၀၀ | ၂.၁၂၂ | ၈၈၂၅ | ၃.၉၆၆ | ၁၄၃၂၅ | ၆.၀၈၈ |
| ၁၀ | ၂၀၁၃-၂၀၁၄ | ၁၂၃၀၇ | ၄.၅၀၅ | ၄၄၂၀၅ | ၂၂.၆၇၃ | ၅၆၅၁၂ | ၂၇.၁၇၈ |
| ၁၁ | ၂၀၁၄-၂၀၁၅ | ၉၇၅၂ | ၂.၄၇၄ | ၂၆၃၈၃ | ၆.၃၉၀ | ၃၆၁၃၅ | ၈.၈၆၄ |
| ၁၂ | ၂၀၁၅-၂၀၁၆ | ၁၂၃၄၁ | ၃.၁၄၉ | ၃၅၄၀၆ | ၁၀.၉၁၆ | ၄၇၇၄၇ | ၁၄.၀၆၅ |
| ၁၃ | ၂၀၁၆-၂၀၁၇ | ၇၂၁၄ | ၂.၁၁၂ | ၅၉၄၉၉ | ၁၇.၁၀၆ | ၆၆၇၁၃ | ၁၉.၂၁၈ |
| ၁၄ | ၂၀၁၇-၂၀၁၈ (၉-၃-၂၀၁၈)ထိ | ၁၀၃၆.၀၇၂ | ၀.၄၃၃ | ၁၇၃၇၃ | ၇.၂၀၉ | ၁၈၄၀၈.၆၇ | ၇.၆၄၂ |

(ဆက်လက်ဖော်ပြပါမည်)

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# MSP ဈေးနှုန်းနှင့် တောင်သူလယ်သမားပင်စင်ကိစ္စရပ်တို့နှင့်စပ်လျဉ်း၍ Odisha ပြည်နယ်တွင်လည်း တောင်သူလယ်သမားများ စုဝေးဆန္ဒပြမှုဖြစ်ပေါ်

မွမ်ဘိုင်းမြို့ ဆန္ဒပြပွဲပြီးနောက် ထောင်ပေါင်းများစွာသော တောင်သူလယ်သမားများ စုဝေးဆန္ဒပြမှု ထပ်မံဖြစ်ပေါ်ခဲ့သည့်နေရာမှာ Odisha ပြည်နယ်ဖြစ်ကြောင်း၊ ယင်းဆန္ဒပြပွဲ၌ တောင်သူလယ် သမားများသည် စပါးသီးနှံအတွက် MSP ဈေးနှုန်းအား တစ်ကွင်တယ် ၁၀၀ ကီလိုဂရမ်လျှင် ရူပီး ၅၀၀၀ သို့သတ်မှတ်ပေးရေး၊ ပြည်နယ်အတွင်းရှိ တောင်သူလယ်သမားပေါင်း ၃၆ သိန်းအတွက်တစ်လ လျှင် ရူပီး ၅၀၀၀ ခန့် ပင်စင်လစာရရှိရေးအတွက်လည်း တောင်းဆိုခဲ့ကြကြောင်း၊ လက်ရှိတွင် အဆိုပါပြည်နယ်၌ တောင်သူလယ်သမားများအတွက် ပင်စင်လစာ စီစဉ်ပေးထားခြင်းမရှိကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့် ၎င်းတို့၏ လိုလားချက်များအား ဖြည့်ဆည်းပေးရန် ပျက်ကွက်ပါက လှုံ့ဆော်မှုများအား ပိုမိုကျယ်ပြန့်လာမည်ဖြစ်ကာ အခြေခံလူတန်းစားအားလုံး ပါဝင်လာနိုင်သည်ဟု NKS ဥက္ကဋ္ဌ Akshay Kumar က ပြောကြားထားကြောင်း သိရှိရပါသည်။

မွမ်ဘိုင်းမြို့တွင်လည်း BJP ပါတီ ဦးဆောင်သည့် Maharashtra ပြည်နယ်အစိုးရသည် အတိုက်အခံပါတီနှင့် ယင်း၏ မိတ်ဖက်ပါတီများ၏ ဖိအားများရှိခဲ့သည့်အတွက် သစ်တောမြေများအား ထွန်ယက်စိုက်ပျိုးခွင့်အပါအဝင် တောင်သူလယ်သမားများ၏ တောင်းဆိုချက်များကို လက်ခံရန် ၂၀၁၈ ခုနှစ် မတ်လ ၁၂ ရက်တွင် ဆွေးနွေးဆုံးဖြတ်ခဲ့ရကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# မဟာမဲခေါင်ဒေသခွဲ၏ ထောက်ပံ့ပေးခြင်းလုပ်ငန်းများ တိုးတက်ရေးကို အထောက်အကူပြုမည့် နားလည်မှုစာချွန်လွှာ (MoU) ကို ယခုလကုန်တွင် လက်မှတ်ရေးထိုးမည်

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် မဟာမဲခေါင်ဒေသခွဲ၏ ထောက်ပံ့ပေးခြင်းလုပ်ငန်းများ(logistics)တိုးတက်ရေးကို အထောက်အကူပြုမည့် IICBTA (Initial Implementation of a Cross-border Transport Agreement) အတွက် နားလည်မှု စာချွန်လွှာ(MoU)ကို ယခုလကုန်တွင် လက်မှတ်ရေးထိုးရန်ရှိကြောင်း သိရှိရသည်။

အဆိုပါ IICBTA ကိုလက်မှတ်ရေးထိုးပြီးနောက် လေးလအတွင်း ထိုင်းနှင့် မြန်မာတစ်နိုင်ငံစီမှ ကုန်တင်ကားအရေအတွက် အစီး ၁၀၀ သည် မြန်မာနိုင်ငံရှိ မော်လမြိုင်မြို့နှင့် ထိုင်းနိုင်ငံရှိ မုဒါဟန်မြို့ အထိ အသွားအပြန်ပြေးဆွဲနိုင်မည်ဖြစ်သည်။ ယခုကဲ့သို့နှစ်နိုင်ငံအကြား MoU ရေးထိုးခြင်းသည် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ် စသည့် မဲခေါင်မြစ်ဝှမ်းဒေသရှိ ခြောက်နိုင်ငံက အတည်ပြုထားကြသည့်Cross-border Transport Agreement သဘောတူညီချက်များအရ တစ်စိတ်တစ်ပိုင်းအားဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် မဟာမဲခေါင်ဒေသ၏ Cross-border Transport Agreement ပါ သဘောတူညီချက်များအားလုံးကို အပြည့်အဝ လက်မှတ်ရေးထိုးထားခြင်း မရှိသေးသော်လည်း ထိုင်းနှင့် မြန်မာနှစ်နိုင်ငံ နယ်စပ်တစ်လျှောက်တွင် နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေး မြင့်တက်လာမှုကို အထောက်အကူဖြစ်စေရန် ထိုင်းနိုင်ငံနှင့် လက်မှတ်ရေးထိုးရခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (Myanmar International Freight Forwarders' Association) ဥက္ကဋ္ဌ ဦးအောင်ခင်မြင့်က ပြောခဲ့သည်။

မြန်မာနိုင်ငံ၏ထောက်ပံ့ပေးရေးကဏ္ဍ (logistic sector) ကို အထောက်အကူပြုမည့် ပို့ဆောင်ရေးအခြေခံ အထောက်အပံ့များသာမက လူ့စွမ်းအားအရင်းအမြစ်များပါ လက်ရှိအချိန်တွင် တိုးတက်လာကြောင်း၊ မြန်မာနိုင်ငံသည် မဲခေါင်ဒေသတွင်းနိုင်ငံများနှင့် ခိုင်မာသောကုန်ထုတ်လုပ်ငန်း ချိတ်ဆက်မှုဖြစ်လာစေရန်နှင့် နိုင်ငံတကာအဆင့်မီဖြစ်လာသည်အထိ မြန်မာနိုင်ငံ၏ ပို့ဆောင်ရေးအခြေခံအဆောက်အဦကိုအဆင့်မြှင့်တင်ပေးမည့် လမ်းစီမံကိန်း ၁၆၇ ခုကို အကောင်အထည်ဖော်ရန်ရှိကြောင်း၊ အာရှအဝေးပြေးလမ်းမနှင့် မဟာမဲခေါင်ဒေသခွဲရှိ စီးပွားရေးစင်္ကြံများနှင့်ချိတ်ဆက်နိုင်ရန် မြန်မာနိုင်ငံ၏လမ်းများစွာကို အဆင့်မြှင့်တင်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံတွင် ကုန်တင်ရပ်နားစခန်းနှင့် နိုင်ငံတကာအဆင့်မီ သိုလှောင်ရုံများ အရေးတကြီးလိုအပ်နေပြီး ယင်းစနစ်များကို ပံ့ပိုးပေးမည်ဆိုပါက သယ်ယူစရိတ် ကျဆင်းသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ကုန်တင်ယာဉ်မောင်းများ၏ အရည်အချင်းကိုလည်း မြှင့်တင်ပေးရန် လိုအပ်ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းမြင့်ဦးက ပြောကြားခဲ့သည်။

ကုန်စည်ပို့ဆောင်ရေး စဉ်ဆက်မပြတ် တိုးတက်မှုရရှိရေးနှင့် ပြည်တွင်းပို့ဆောင်ရေးစနစ် တိုးတက်ကောင်းမွန်ရေးကို အထောက်အကူပြုမည့် Training for Companies on Eco and Definsive Driving သင်တန်းကို အီးယူအထောက်အပံ့ဖြင့် မတ်လ ၁၃ ရက်မှ ၁၆ ရက်အထိ နေပြည်တော်၌ ဖွင့်လှစ်ခဲ့ပြီး ပြည်တွင်းရှိ အသေးစားနှင့်အလတ်စားကုမ္ပဏီ ၁၅၀ မှ ပူးပေါင်းပါဝင်ခဲ့ကြောင်း သိရှိရသည်။

**ကျော်သူရ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဗန်ကောက်မြို့**

# ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ပဲအတွက် သွင်းကုန်ကိုတာသတ်မှတ်ပေးခြင်းအား ဆက်လက်ခွင့်မပြုဘဲ တင်သွင်းခွင့်မပြုရန် အိန္ဒိယပဲကုန်သည်များလိုလား

အိန္ဒိယ၌ ပဲအမျိုးအစား အတော်များများမှာ MSP ဈေးနှုန်းအောက်တွင်ဆက်လက်ရှိနေရာ အစိုးရအနေဖြင့် လာမည့်မတ်လတွင် ကုန်ဆုံးမည့် ပဲတင်သွင်းခွင့်ကန့်သတ်ချက်ကို ရပ်တန့်ပေးရန် ပဲကြိတ်ခွဲသူများနှင့် ကုန်သည်များက တောင်းဆိုထားကြောင်း သိရသည်။ အိန္ဒိယအစိုးရသည် နှစ်စဉ်ပဲတင်သွင်းမှုကိုတာအား တန်ချိန်ငါးသန်းသတ်မှတ်ခဲ့ရာ ယင်းကိုတာအား အသုံးမသတ်ပါက နိုင်ငံအတွင်း၌ ပေါ်များနေပြီးဖြစ်သည့် ပမာဏအပေါ် ထပ်တိုးလာလိမ့်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ လာမည့်ဘဏ္ဍာနှစ် တွင် ပဲတန်ချိန် ငါးသန်းခန့် ထပ်မံတင်သွင်းခြင်းမပြုရန် တောင်းဆိုထားသည်ဟု ပဲကြိတ်စက်လုပ်ငန်းရှင်တစ်ဦးဖြစ်သူ Suresh Aggarwal က ပြောကြားထားသည်။

နိုင်ငံအတွင်း လောလောဆယ် ရိတ်သိမ်းနေပြီဖြစ်သည့် ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် ကုလားပဲကဲ့သို့သော ပဲအမျိုးအစားများ၏ ဈေးနှုန်းမှာ MSP ဈေးနှုန်းအောက်တွင် ရှိနေခြင်းကြောင့် ပဲစိုက်ပျိုးသည့်ဒေသများ၌ တောင်သူလယ်သမား ဆူပူအုံကြွမှုများ ဆက်လက်ဖြစ်ပေါ်လာစေနိုင်သည်ဟု ET သတင်းစာမျက်နှာ၌ ဖော်ပြထားပါသည်။

အိန္ဒိယအစိုးရသည် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် မတ်ပဲ အမျိုးအစားများအား ကန့်သတ်ကုန်စည်အောက် ထည့်သွင်းလိုက်ပြီး ၂၀၁၇-၁၈ ဘဏ္ဍာနှစ်အတွင်း ပဲစင်းငုံတန်ချိန်နှစ်သန်းနှင့် ပဲတီစိမ်း၊ မတ်ပဲနှစ်မျိုးပေါင်းတန်ချိန် သုံးသန်း တင်သွင်းခွင့် သတ်မှတ်ပေးခဲ့ပါ သည်။ ထို့ပြင် ဆယ်စုနှစ်တစ်ခုကြာ ခွင့်မပြုခဲ့သည့် ပဲတင်ပို့မှုကိုလည်း ပြီးခဲ့သည့်နှစ်တွင် ပြန်လည်ခွင့်ပြုပေးခဲ့ပါသည်။ သို့ရာတွင် အဆိုပါဆောင်ရွက်ချက်နှစ်ရပ်စလုံး သည် ပြည်တွင်းပဲဈေးနှုန်းအားများစွာ အထောက်အကူပြုနိုင်ခဲ့ခြင်းမရှိဟုလည်း သုံးသပ်ရေးသားချက်များ ပေါ်ထွက်လာ ခဲ့သည်။

အိန္ဒိယအစိုးရ၏ ခန့်မှန်းချက်များအရ ၂၀၁၇ ခုနှစ် ဧပြီလမှ နိုဝင်ဘာလအတွင်း ပဲမျိုးစုံတန်ချိန် ၄ ဒသမ ၇ သန်း တင်သွင်းခဲ့ပြီး ယင်းပမာဏသည် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တစ်ခုလုံး တင်သွင်းခဲ့သည့် ပမာဏ၏ ၇၁ ရာခိုင်နှုန်းရှိခဲ့ကာ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်၏ ၈၀ ဒသမ ၈ ရာခိုင်နှုန်းခန့်ရှိခဲ့ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**



# ဆော်ဒီအားကျော်ဖြတ်ကာ အိန္ဒိယသို့ ရေနံတင်ပို့ရောင်းချသည့် ထိပ်ဆုံးနိုင်ငံတစ်နိုင်ငံအဖြစ် အီရတ်ရောက်ရှိ

အီရတ်သည် ဆော်ဒီအာရေဗျနိုင်ငံကိုကျော်လွန်ကာ အိန္ဒိယသို့ ရေနံတင်ပို့ရောင်းချသည့် နိုင်ငံများအနက် ထိပ်ဆုံးနေရာသို့ ရောက်ရှိလာခဲ့ပြီး လက်ရှိဘဏ္ဍာနှစ်အတွင်း အိန္ဒိယနိုင်ငံ ရေနံလိုအပ်ချက်၏ ငါးပုံတစ်ပုံကျော်ခန့်အထိ ထောက်ပံ့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ ပုံမှန်အားဖြင့်မူ ဆော်ဒီအာရေဗျသည် အိန္ဒိယသို့ ရေနံအများဆုံးတင်ပို့သည့် နိုင်ငံဖြစ်သော်လည်း ယခုအခါ ယင်းအစဉ်အလာကို အီရတ်က ဖျက်ဆီး သိမ်းပိုက်လိုက်ပြီဖြစ်သည်ဟု အိန္ဒိယရေနံဝန်ကြီး Dharmendra Pradhan က မတ် ၅ ရက်တွင် ပြောကြားလိုက်သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆော်ဒီအာရေဗျသည် အိန္ဒိယသို့ ရေနံတန်ချိန် စုစုပေါင်း ၃၀ ဒသမ ၉ သန်း ထောက်ပံ့ရောင်းချနိုင်ခဲ့ပြီး အီရတ်အနေဖြင့် တန်ချိန် ၃၈ ဒသမ ၉ သန်းအထိ ရောင်းချခဲ့ကြောင်း သိရှိရပါသည်။ အီရန်အနေဖြင့်မူ အိန္ဒိယနိုင်ငံရှိဓာတ်ငွေ့လုပ်ကွက် အကောင်အထည်ဖော်ရန် မှာယူထားသည့် ရေနံစိမ်းတင်ပို့မှု နှောင့်နှေးကြန့်ကြာခဲ့သည့်အတွက် ယင်းတင်သွင်းမှုကို အိန္ဒိယက လျှော့ချလိုက်သော်လည်း တန်ချိန် ၁၈ ဒသမ ၄ သန်းဖြင့် အိန္ဒိယသို့ ရေနံတင်ပို့မှု တတိယ အများဆုံး နိုင်ငံစာရင်းတွင် ဆက်လက်ရှိနေမည်ဖြစ်ပြီး ဗင်နီဇွဲလားနိုင်ငံသည် တန်ချိန် ၁၅ ဒသမ ၅ သန်းဖြင့် စတုတ္ထအများဆုံး၊ နိုင်ဂျီးရီးယားသည် တန်ချိန် ၁၄ ဒသမ ၉ သန်းဖြင့် ပဉ္စမနေရာတွင် ရပ်တည်နေကြောင်း သိရှိရပါသည်။

အိန္ဒိယအနေဖြင့် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ရေနံစိမ်းတန်ချိန် ၂၀၂ ဒသမ ၈ သန်း၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂၁၃ ဒသမ ၉ သန်းတို့ တင်သွင်းခဲ့ပြီး လက်ရှိ ဘဏ္ဍာနှစ် ပထမ ၁၀ လအတွင်း ရေနံစိမ်းတန်ချိန် ၁၈၄ ဒသမ ၄ သန်း တင်သွင်းခဲ့ကြောင်း သိရှိရပါသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ နယူးဒေလီမြို့**

# သူဌေးကောင်း-သူဌေးဆိုး-ဘယ်လိုခွဲမလဲ ?

ခင်မောင်ညို(ဘောဂဗေဒ)

အကျင့်ပျက်ခြစားမှုတွေအကြောင်း ပြောကြတဲ့အခါ အဆင်းရဲဆုံးနိုင်ငံတွေမှာ အဆိုးဝါးဆုံးဖြစ်နေပြီး အဲဒီနိုင်ငံတွေ ကြွယ်ဝချမ်းသာလာတာနဲ့ အမျှ လျော့ပါးသွားတတ်တဲ့အကြောင်းကိုပါ ထည့်ပြောလေ့ရှိကြပါတယ်။ ဒီတော့ အကျင့်ပျက်ခြစားမှုအနည်းအများကို တိုင်းတာချင်ရင် ဝင်ငွေအဆင့်တူတဲ့ နိုင်ငံအချင်းချင်းကို နှိုင်းယှဉ်လေ့ရှိကြပါတယ်။ ဒီလိုယှဉ်ကြည့်တဲ့အခါ ဝင်ငွေချင်းတူပေမယ့် အကျင့်ပျက်မှုနည်းတာ၊ များတာကိုတွေ့ကြရတယ်။ ၂၀၁၂ ခုနှစ်ကလုပ်ခဲ့တဲ့ သုတေသနတစ်ရပ်မှာ နိုင်ငံ ၁၅ နိုင်ငံကို လေ့လာကြည့်တော့ ပိုလန်တို့၊ ဗြိတိန်တို့၊ စင်ကာပူတို့ဟာ ဝင်ငွေတူအခြားနိုင်ငံတွေထက် အကျင့်ပျက်ခြစားမှုနည်းတာကို တွေ့ရတယ်။ ရုရှားတို့၊ ဆော်ဒီအာရေဗျတို့က ဝင်ငွေတူတခြားနိုင်ငံတွေထက် ပိုဆိုးတယ်။ အံ့သြစရာမကောင်းတဲ့ တွေ့ရှိချက်တစ်ခုကတော့ အဲဒီနိုင်ငံတွေမှာ အထူးသဖြင့် ရေနံလိုကိုယ်ကျိုးရှာမှုအများဆုံးလုပ်ငန်းကြီးတွေက ကြီးစိုးနေတာဖြစ်ပါတယ်။ ရေနံရောင်းတဲ့ နိုင်ငံတွေလည်းပါပေသပေါ့။ ရေနံထုတ်-ရေနံရောင်းတဲ့ နိုင်ငံတိုင်းဟာ သူဌေးဆိုးတွေရဲ့ သုခဘုံလို့တော့ မပြောနိုင်ပါဘူး။

စိတ်ဝင်စားစရာကောင်းတဲ့ ဆက်စပ်မှုတစ်ခုကတော့ အကျင့်ပျက်ခြစားမှုများလေ ဆူကြုံနိမ့်မြင့် ကွာဟမှုကြီးမားလေဖြစ်ပြီး ဒီအကြောင်းတရားနှစ်ခုစလုံးက နိုင်ငံရဲ့စီးပွားရေးတိုးတက်မှုအတွက် အဟန့်အတား ဖြစ်စေပါတယ်။ ဆိုးဝါးတဲ့သူဌေးတွေဟာ တိုင်းပြည်ရဲ့ဥစ္စာနေထဲက သူတို့အတွက် ဝေစုများများရအောင် ကြိုးစားတတ်ကြတယ်။ ကြီးမားထွန်းကားလာတဲ့ အကျင့်ပျက်ခြစားမှုကလည်း သူတို့ကို အထောက်အကူပြုတယ်။ ဗင်နီဇွဲလား၊ ရုရှား၊ အီဂျစ်နဲ့မက္ကဆီကိုနိုင်ငံတွေဟာ ဆူကြုံနိမ့်မြင့်ကွာဟမှုကြီးမားတဲ့ နိုင်ငံတွေဖြစ်ပြီး တောင်ကိုရီးယား၊ ဟန်ဂေရီ၊ ပိုလန်၊ ချက်သမ္မတနိုင်ငံတွေကတော့ တန်းတူညီမျှမှုပိုကောင်းတာကို တွေ့ရတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဟာ စာရင်းအင်းတွေနဲ့ အလုပ်လုပ်နေသလား၊ စာရင်းအင်းပျောက် အလုပ်လုပ်နေသလားဆိုတာနဲ့လည်း ဆူကြုံနိမ့်မြင့်ကွာဟမှုနဲ့ ဆက်စပ်နေပါတယ်။ ငွေသားနဲ့ပဲ အပေးအချေလုပ်ကြတဲ့အခါ စာရင်းကပျောက်သွားပြီး အခွန်ရှောင်လို့ရသွားပါတယ်။

စာရင်းမဝင်၊ အင်းမဝင်တဲ့ လုပ်ငန်းတွေကြီးမားတဲ့နိုင်ငံမျိုးဟာ ဆူကြုံနိမ့်မြင့်ကွာဟမှုကြီးမားတဲ့ နိုင်ငံမျိုးဖြစ်နေတာဟာ တိုက်ဆိုင်မှုတော့ မဟုတ်ပါဘူး။ အဲဒီလို အမှောင်လောက (စည်းလွတ်လုပ်ငန်းလောက)မှာ အလုပ်သမားတွေဟာ လစာနည်းနည်းပဲရ၊ အခြားဘာအကျိုးခံစားခွင့်မှမရ၊ အလုပ်မလုပ်နိုင်တော့ရင်လည်း ဘာခံစားခွင့်မှရကြတာမဟုတ်ဘူး။ ဒီနယ်ပယ်ဟာ အမေရိကန်မှာ ၈ ရာခိုင်နှုန်း၊ ဥရောပမှာ ၁၀ ရာခိုင်နှုန်း၊ ထွန်းသစ်စနိုင်ငံတွေမှာ ၂၅ ရာခိုင်နှုန်း၊ ထိုင်းတို့၊ ဖိလစ်ပိုင်တို့မှာ ၃၅ ရာခိုင်နှုန်းလောက်ရှိပါတယ်။

စည်းလွတ်လုပ်ငန်းလောက (တရားဝင်အမည်ပေါက်မဟုတ်သောလုပ်ငန်းများ)မှာ အခွန်ရှောင်တိမ်းလေ့ရှိကြတော့ လူတွေမကျေနပ်စရာဖြစ်စေပါတယ်။

အိန္ဒိယမှာ အစိုးရက တိုင်းပြည်ဝင်ငွေ (ဂျီဒီပီ)ရဲ့ သုံးရာခိုင်နှုန်းသာ အခွန်ကောက်ခံရရှိလေတော့ အစိုးရဘတ်ဂျက်မှာ လိုငွေပြနေတာ သိပ်မဆန်းပါ။ စာရင်းမပေါက်တဲ့လုပ်ငန်းတွေက ၃၀ရာခိုင်နှုန်းလောက်ရှိသတဲ့။ မူလစာရေးဆရာကတော့ Black Economy အမည်းရောင် စီးပွားရေး အဆောက်အဦလို့ ကင်ပွန်းတပ်ခေါ်ဝေါ်ထားပါတယ်။

အခွန်ရှောင်တယ်ဆိုတာ သူဌေးတွေလုပ်လေ့လုပ်ထရှိတဲ့ ခေါင်မိုးကမိုးမလုံတဲ့ကိစ္စမျိုးပါ။ အိန္ဒိယမှာ သန်းကြွယ်သူဌေးပေါင်းနှစ်သိန်းခွဲလောက်ရှိရာမှာ လေးသောင်းနှစ်ထောင်လောက်ကပဲ ဒေါ်လာတစ်သိန်းခွဲနဲ့အထက်ဝင်ငွေရှိတယ်လို့ ပြောကြတယ်။

ထိပ်ဆုံးက လူတွေ အခွန်ရှောင်နေတာကြောင့် သာမန် အိန္ဒိယနိုင်ငံသားတွေက အခွန်မပေးချင်ကြတော့ဘဲ အခွန်ရှောင်တာတွေ ပိုများလာပါတယ်။ သူတို့ကစံနမူနာပြသလိုဖြစ်နေတော့ တခြားသူတွေက လိုက်ပြီးအတုယူကြတာပေါ့။

အိန္ဒိယက သူဌေးအတော်များများဟာ ဆေးရုံ၊ ကျောင်း၊ ဟိုတယ်၊ ဒေသခံသတင်းစာဆိုတဲ့ ပိုင်ဆိုင်မှုလေးခုထဲက အနည်းဆုံးတစ်ခုကနေ လေးခုအထိ ပိုင်ဆိုင်တတ်ကြတယ်လို့ ဆိုတယ်။

သာမန်ဒေသငယ်လေးတွေမှာရှိတဲ့ သူဌေးတွေတောင်မှအဲဒီလေးခုထဲက အနည်းဆုံးတစ်ခုကို ပိုင်ဆိုင်ကြတယ်။ ငွေသားနဲ့ကတ်မပေးသင့်ဘူးလို့လူတော်တော်များများက လက်ခံကြပေမယ့် လက်ဆောင်ပေးတာကိုတော့ ပြဿနာတစ်ရပ်ရယ်လို့ မမြင်တတ်ကြဘူး။ ဥပမာ-မိသားစုဝင်တစ်ယောက်ကို အခမဲ့ဆေးကုပေးတာ၊ ကလေးတစ်ယောက်ကို အခမဲ့ကျောင်းတက်ခွင့်ပြုတာ၊ တူမမင်္ဂလာဆောင်ကို ဟိုတယ်မှာအခန်းပေးလုပ်တာ၊ စီးပွားရေးလုပ်ငန်းတစ်ခုကိုဖြစ်ဖြစ်၊ နိုင်ငံရေးသမားတစ်ယောက်ကိုဖြစ်ဖြစ် သာသာထိုးထိုးရေးပေးတာမျိုးတွေကို ဘယ်လောက်ပင်တန်ဖိုးကြီးပါစေ အပြစ်ရယ်လို့ မမြင်တတ်ကြဘူး။

အဲဒီလုပ်ငန်းတွေ တည်ထောင်ထားတဲ့အတွက် အကျိုးအမြတ်ရချင်မှရမယ်။ ဒါပေမယ့် ဒီလုပ်ငန်းတွေဟာ နိုင်ငံရေးသမားတွေ၊ အုပ်ချုပ်ရေးနယ်ပယ်က ပုဂ္ဂိုလ်တွေနဲ့ဆက်ဆံဖို့အတွက် လိုအပ်တဲ့ရင်းနှီးမြှုပ်နှံမှုတွေ ဖြစ်တယ်။ ပြီးတော့ တစ်လမ်းသွားမဟုတ်ဘဲ အကျိုးကျေးဇူး ခံစားကြရတဲ့သူတွေက လိုင်စင်တွေ၊ အခြားအထူးခံစားခွင့်တွေနဲ့ ကျေးဇူးတုံ့ပြန်တတ်ကြတယ်။

အခုလို နောက်ဖေးပေါက်က အပေးအယူလုပ်ကြတာတွေကြောင့် အတွင်းလူတွေရဲ့ပါဝါကို ပိုမိုတောင့်တင်းခိုင်မာစေတယ်။ ဆူကြုံနိမ့်မြင့်ကွာဟမှုကိုပိုပြီးကြီးမားစေတယ်။ အဆက်အသွယ်အဆက်အဆံကနေရတဲ့ ငွေတွေဟာ အကျိုးမဲ့တဲ့လုပ်ငန်းတွေထဲ ရောက်သွားတယ်။

အိန္ဒိယမှာက စာစောင်တွေအများကြီး၊ နေ့စဉ်ထုတ်သတင်းစာကတစ်သောင်းသုံးထောင်ကျော်နဲ့ မဂ္ဂဇင်းပေါင်းက ၈၆၀၀၀ လောက်ရှိတယ်။ စာစောင် ၄၀ လောက်ပဲ စာဖတ်ပရိသတ်တစ်သိန်းလောက်ရှိကြတယ်။ အများစုက စီးပွားရေးအရရှင်သန်ရလောက်အောင် မကြီးမားဘူး။ ဒီစာစောင်တွေကို သူဌေးဆိုးတွေက ပိုင်ချင်မှပိုင်မယ်။ ဒါပေမယ့် စာစောင်တွေအပေါ်မှာ အနည်းဆုံးသြဇာလွှမ်းမိုးမှုရှိတယ်။ သြဇာလွှမ်းမိုးဖို့စာစောင်တစ်စောင်တော့ပိုင်ရမယ်ဆိုတဲ့ ဓလေ့ထုံးစံကိုချပေးလိုက်သလို ဖြစ်သွားတယ်။

အခွန်ရှောင်တဲ့ သူဌေးဆိုးတွေကို မထိန်းချုပ်နိုင်တဲ့ အစိုးရဟာလမ်းတွေဖောက်၊ လေဆိပ်တွေဆောက်တာမျိုးလို ဆူကြုံနိမ့်မြင့်ကွာဟမှုကို ဖြေရှင်းနိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို မလုပ်နိုင်တော့ဘူး။ အကျင့်ပျက်သူဌေးတွေဟာ အကျင့်ပျက်မှု၊ ဆူကြုံနိမ့်မြင့်ကွာဟမှု၊ စီးပွားရေးတိုးတက်မှုနှေးကွေးဆိုတဲ့ ဆိုးသွမ်းသံသရာကို လည်ပတ်စေပါတယ်။

ဒီနေရာမှာ သူဌေးဆိုးနဲ့ သူဌေးကောင်း ဘယ်လိုခွဲမယ်ဆိုတာ စိတ်ဝင်စားစရာကောင်းပါတယ်။ Ruchir Sharma ကတော့ စားသုံးသူတွေ အကျိုးရှိတဲ့ ထုတ်ကုန်တစ်မျိုးမျိုးကို ထုတ်လုပ်ရင် စက်ရုံတစ်ရုံတည်ပြီး အလုပ်သမားတွေကိုအလုပ်ပေးနိုင်ရင် သူဌေးကောင်းတဲ့။ နိုင်ငံရေးသမားတွေနဲ့ပေါင်းပြီး အစိုးရဆီက လုပ်ပိုင်ခွင့်တွေတောင်း၊ အဖေ့ဆီက အခွင့်အရေးတွေယူလုပ်နေတာမျိုးဆို သူဌေးဆိုးတဲ့။ တစ်နည်းအားဖြင့် ဥစ္စာဓနကိုဖန်တီးပေးနိုင်ရင် သူဌေးကောင်း၊ ဥစ္စာဓနကိုမဖန်တီးပေးနိုင်ဘဲ ခွဲခြမ်းဖို့ပဲလုပ်ရင် သူဌေးဆိုးပေါ့။

ကမ္ဘာတစ်ဝန်းလုံးကိုကြည့်ရင် ဆူကြုံနိမ့်မြင့်ကွာဟမှုတွေ ကြီးမားလာတာကို တွေ့ရပြီး အခုလိုဖြစ်ရတာဟာ ချမ်းသာတဲ့သူတွေပိုပိုပြီး ချမ်းသာလာလို့ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးချမ်းသာတယ်ဆိုတဲ့ နိုင်ငံမျိုးမှာတောင်မှ သူဌေးတွေချမ်းသာတဲ့နှုန်းက လူလတ်တန်းစားနဲ့ ဆင်းရဲသားတွေ ချမ်းသာတဲ့နှုန်းထက် ပိုမြန်နေတယ်။ ဆင်းရဲသားတွေလျော့၊ လူလတ်တန်းစားတွေ တိုးပွားနေပေမယ့် ဝင်ငွေကွာဟမှု၊ ဥစ္စာဓနပိုင်ဆိုင်မှုမှာတော့ ကွာဟချက်က ကြီးမားသည်ထက်ကြီးမားလာနေတာကိုတွေ့ရတယ်။

ရှေးခေတ်ကတည်းက "ပြည့်ဝမ်းကို မဖောက်ရာ" ဆိုပြီး သူဌေးတွေကို မဖျက်ဆီးဖို့ ဆုံးမတာကို တွေ့ရတယ်။ သူဌေးတွေရှိတာဟာ ကောင်းတယ်။ သူတို့ ဘယ်လိုသူဌေးလဲဆိုတာ အပေါ်မူတည်ပြီး သူဌေးကောင်း-သူဌေးဆိုးဖြစ်လာကြတယ်။ သူတို့ရဲ့ ဥစ္စာဓနဟာ အနာဂတ်မှာ တိုင်းပြည်တိုးတက်စေဖို့ အကျိုးပြုစေရမယ်။ သူဌေးဆိုးတွေဟာ သူဌေးကောင်းတွေ ဖြစ်လာနိုင်တယ်။ သူဌေးဆိုးတွေကတော့ အပြောင်းအလဲတွေကို ကြိုက်မှာမဟုတ်ဘူး။

**(ညွှန်း- RUCHIR SHARMA – BAD BILLOINAIR AND THE MEDDLING STATE)**

# အားဖြည့်ဆန် မိတ်ဆက်ပွဲနှင့် အာဟာရအစားထိုးစီမံချက် ရှင်းလင်းပွဲကျင်းပ

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးပြုပြင်ပြောင်းလဲပေးသောအဖွဲ့အစည်း (PATH)တို့ ပူးပေါင်း၍ အားဖြည့်ဆန်ဖြင့် ပိုမိုတောက်ပသည့် အနာဂတ် တည်ဆောက်ပေးခြင်း ခေါင်းစဉ်ဖြင့် အားဖြည့်ဆန် မိတ်ဆက်ပွဲနှင့် အာဟာရအစားထိုးစီမံချက်ရှင်းလင်းပွဲကို မတ် ၂၉ ရက်က မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၇၈လမ်းနှင့်၃၈လမ်းထောင့်ရှိ ဟိုတယ်(မန္တလေး) နှင်းဆီဖြူခန်းမတွင်ကျင်းပခဲ့သည်။ အခမ်းအနားသို့ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှူး ဦးကျော်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန ကလေးပြုစုရေးဌာနများမှ တာဝန်ခံများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။




အခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး PATH အဖွဲ့၏ စီမံချက်ညှိနှိုင်းရေးမှူး ဒေါက်တာဖြိုးဝင်းထွန်းက အားဖြည့်ဆန်စားသုံးခြင်းမှ ကျန်းမာရေးကောင်းကျိုးများ ရှိပုံကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အားဖြည့်ဆန်ဖြင့် ပိုမိုတောက်ပသော အနာဂတ်တည်ဆောက်ပေးခြင်း ခေါင်းစဉ်ဖြင့်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမျိုးသားအာဟာရဖွံ့ဖြိုးရေး သုတေသနဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာလွင်မာလှိုင်၊ PATH အဖွဲ့စီမံချက်ညှိနှိုင်းရေးမှူး ဒေါက်တာဖြိုးဝင်းထွန်း၊ ရုပ်ရှင်သရုပ်ဆောင်ချစ်သုဝေ၊ အထက်မြန်မာပြည် အားဖြည့်ဆန်ထုတ်လုပ်ရေး မန်နေဂျင်းဒါရိုက်တာ ဒေါ်ယမင်းနိုင်တို့က ဆွေးနွေးကြပြီး တက်ရောက်လာသူများ၏မေးမြန်းချက်များကိုပြန်လည်ဖြေကြားခဲ့သည်။ မြန်မာနိုင်ငံသည် အာရှတွင် အာဟာရချို့တဲ့မှုနှုန်း အမြင့်မားဆုံးနိုင်ငံဖြစ်ပြီး ကလေးသုံးဦးတွင် တစ်ဦးသည်ပိန်လှီလျက်ရှိပြီး အာဟာရချို့တဲ့မှုခံစားနေကြရာ အာဟာရဖြည့်ဆန်သည် အာဟာရဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုကြောင်းနှင့်အာဟာရဖြည့်ဆန်တစ်ဆနှင့် သမားရိုးကျ ဆန်အဆ ၁၀၀ ရောကာ စားသုံးခြင်းဖြင့် အဏုအာဟာရဓာတ် ချို့တဲ့ခြင်းကို လျှော့ချပေးကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# မြန်မာ့စားသောက်ကုန် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဟောပြောပွဲ၊ ဆွေးနွေးပွဲ၊ ပြိုင်ပွဲ၊ ကုန်စည်ပြပွဲ၊ ဈေးရောင်းပွဲတော်နှင့် မြန်မာ့ရိုးရာ အစားအသောက် ဈေးရောင်းပွဲတော်တွင် စားသုံးသူအသိပညာပေးပြခန်း ခင်းကျင်းပြသခဲ့




မြန်မာ့စားသောက်ကုန် ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဟောပြောပွဲ၊ ဆွေးနွေးပွဲ၊ ပြိုင်ပွဲ၊ ကုန်စည်ပြပွဲ ဈေးရောင်းပွဲတော်နှင့် မြန်မာ့ရိုးရာ အစားအသောက်ဈေးရောင်းပွဲတော် အခမ်းအနားအား မန္တလေးတိုင်းဒေသကြီး စားသောက်ကုန် ထုတ်လုပ်တင် ပို့ရောင်းချသူများအသင်း (MRFPEA)မှ ကျင်းပပြီး မတ် ၂၇ ရက်နှင့် ၂၈ ရက်နေ့များတွင် ပြခန်းများ ခင်းကျင်း၍ စည်ကားသိုက်မြိုက်စွာပြုလုပ်ခဲ့ပါတယ်။ အဆိုပါ ပြပွဲတွင် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူ အကာ အကွယ်ပေးရေး အသိပညာပေးပြခန်း ခင်းကျင်းပြသခဲ့ ကြောင်းသိရပါတယ်။

ဖွင့်ပွဲအခမ်းအနားမှာ မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်တင် ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌနှင့် မန္တလေးတိုင်းဒေသကြီး စားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌတို့မှ ဟောပြောပွဲနှင့် ဆွေးနွေးပွဲအား တက်ရောက် ဖွင့်လှစ်ခဲ့ပြီး ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ ပါတယ်။

ထို့နောက် ဒေါက်တာအောင်ထွန်းသက်က မြန်မာ့စား သောက်ကုန်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ခေါင်းစဉ်ဖြင့် စားသောက် ကုန်နှင့် ပတ်သက်သော အချက်အလက်များအား အသိပညာ ပေးဟောပြောခြင်း၊ ပါမောက္ခဒေါက်တာအောင်မြင့်၊ မန္တလေး နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်၊ FDA ၊ FOSTA၊ MFPEA တို့မှ ဘေးအန္တရာယ်ကင်းသော စားသောက်ကုန် များထုတ်လုပ်ရောင်းချမှုဆိုင်ရာ နိုင်ငံတော်မှ ဆောင်ရွက် ထားမှုများနှင့် အသင်းအဖွဲ့များမှ ဆောင်ရွက်ထားရှိမှုများအား ဆွေးနွေးခြင်းနှင့် ပြခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေး၍ အကောင်းဆုံးထုတ်ကုန်များအား ဆုချီးမြှင့်ခြင်း အစီအစဉ် များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သတင်းရ ရှိပါတယ်။

**နေခြည်ဦး (စားသုံးသူ-မန္တလေး)**

# ပုသိမ်မြို့ မြို့တော်ခန်းမတွင် Thai-Myanmar Friendship Fair 2018 ကုန်စည်ပြပွဲ ပြုလုပ်

ပုသိမ်မြို့ မြို့တော်ခန်းမတွင် မတ် ၂၉ ရက်က Thai-Myanmar Friendship Fair 2018 ကုန်စည်ပြပွဲ ဖွင့်ပွဲကျင်းပပြုလုပ်ခဲ့ရာ ဧရာဝတီတိုင်း ဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာကုန်သွယ် မှုမြှင့်တင်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံစီးပွားရေးသံမှူး၊ ဧရာဝတီ တိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းနှင့် မိတ်ဖက်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြပွဲတွင် ပါဝင်ပြသသည့်ပြည် တွင်းပြည်ပကုမ္ပဏီလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ အသီးသီးမှတက်ရောက်လာ သော အမှုထမ်း၊ အရာထမ်းများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြပါတယ်။

ကုန်စည်ပြပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်က မြန်မာ့ ထုတ်ကုန်ပစ္စည်းများ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရန်၊ ပြည်တွင်း၊ ပြည်ပ ကုန်စည်ပြပွဲများမှတစ်ဆင့် နိုင်ငံတကာကို ယှဉ်ပြိုင်နိုင် စွမ်းရှိသည့် အရည်အသွေး နှင့် နည်းပညာများ တိုးတက်မြင့်မားလာစေရန်၊ နိုင်ငံတကာနည်းပညာများနှင့် နိုင်ငံတကာထုတ်ကုန်ပစ္စည်းများကို လေ့လာ နိုင်ရန်၊ ပြည်တွင်း လုပ်ငန်းရှင်အချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ပြည်တွင်းလုပ်ငန်းရှင်များနှင့် နိုင်ငံတကာ လုပ်ငန်းရှင်များ ပိုမိုပူးပေါင်းဆောင် ရွက်နိုင်ရန်၊ ပြည်တွင်းပြည်ပပို့ကုန်သွင်းကုန်လုပ်ငန်းများ ပိုမိုအောင်မြင်လာ စေရန်၊ ကုန်သွယ်မှုပိုမိုမြင့်မားလာစေပြီး အောင်မြင်ခိုင်မာသော စီးပွားရေး လုပ်ငန်းများပိုမိုဖြစ်ထွန်းလာစေရန်စတဲ့ ရည်ရွယ်ချက်များနဲ့ ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါတယ်။

အဆိုပါကုန်စည် ပြပွဲကို မတ် ၃၀ ရက်မှ ဧပြီ ၁ ရက်အထိ (၄)ရက်ကြာ ပြုလုပ်ခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး၊ နေဝင်းစိုး**

# အာဆီယံနှင့် ဒစ်ဂျစ်တယ်စီးပွားရေး

**သိန်းမြင့်ဝေ**

### ၂၀၁၈ အတွက် အဓိကအချက် ၂ ချက်

အာဆီယံအလှည့်ကျ ဥက္ကဋ္ဌဖြစ်သော စင်ကာပူနိုင်ငံသည် ဒစ်ဂျစ်တယ် စီးပွားရေးကို ပိုမိုအာရုံစိုက်လျက်ရှိသည်။ ဒစ်ဂျစ်တယ်စီးပွားရေးသည် ပိုမို ပေါင်းစည်းအောင်မြင်သော အာဆီယံ စီးပွားရေး အသိုက်အဝန်း (AEC) ကို အကောင်အထည် ဖော်ရန်အတွက် သော့ချက်ကျသည့် တွန်းအားတစ်ရပ် (key driver) ဖြစ်လာနိုင်သည်။

၂၀၁၈ ခုနှစ်အတွက် အာဆီယံ ဥက္ကဋ္ဌဖြစ်သော စင်ကာပူသည် အဓိက အချက်နှစ်ချက်ကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်းပြောကြားသည်။ ပထမ အချက်မှာ ပြန်လည်နိုးထနိုင်စွမ်း (Resitience) ဖြစ်ပြီး ဒုတိယအချက်မှာ ဆန်းသစ်ပြောင်းလဲခြင်း (Innovation) ဖြစ်သည်။ ပြန်လည်နိုးထနိုင်စွမ်း ဆိုသည်မှာ ဖြစ်ပေါ်လာသည့် ဒဏ်များ ဖြစ်သော အကြမ်းဖက်မှု (Terrorism)၊ ဆိုက်ဘာမှုခင်း (Cyber Crime) နှင့် ရာသီဥတုပြောင်းလဲမှုတို့ကို ကြံ့ကြံ့ခံ နိုင်ပြီး ပြန်လည်ရုန်းထနိုင်စွမ်းရှိသည့် စီးပွားရေးကို ဆိုလိုသည်။ ဆန်းသစ် ပြောင်းလဲခြင်းသည် နည်းပညာကို အသုံးပြုခြင်းအားဖြင့် ဆန်းသစ်ပြောင်း လဲမှုရှိသော စီးပွားရေးကို ဆိုလိုပါ သည်။ ၂၀၁၈ ခုနှစ်၏ အာဆီယံဥက္ကဋ္ဌ သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဒစ်ဂျစ်တယ်စီးပွားရေးကို အဆင့်မြှင့် တင်သွားမည်ဖြစ်သည်။ သို့မှသာ ရေ ရှည်တိုးတက်မှုကိုရရှိပြီး ကမ္ဘာတစ်ဝန်း ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဒေသကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် ဒစ်ဂျစ်တယ်စီးပွား ရေးက အာဆီယံနိုင်ငံများထံသို့ သယ် ဆောင်လာမည့် အခွင့်အလမ်းများကို သိရှိထားရန် လိုအပ်သည်။ ထို့ပြင် အာဆီယံနှင့် ဒစ်ဂျစ်တယ်စီးပွားရေး ကြားတွင်ရှိသော အဟန့်အတားများ (Roadlocks) ကိုလည်း ဖော်ထုတ်ရပါ မည်။ ဆက်လက်၍ ထိရောက်သော ပေါ်လစီရေးဆွဲချမှတ်နိုင်ရေးကို ဆောင် ရွက်ရမည်ဖြစ်သည်။ သို့သော်လည်း အထက်ဖော်ပြပါ လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် လက်ရှိ ဒစ်ဂျစ်တယ်စီးပွားရေး၏ အခြေအနေ နှင့် အလားအလာတို့ကို သိရှိနားလည် ရန်အရေးကြီးပါသည်။

### အာဆီယံ၏ ဒစ်ဂျစ်တယ်စီးပွားရေး

အာဆီယံသည် အားကောင်း သည့် ဒေသဆိုင်ရာ စီးပွားရေးနှင့် ကောင်းမွန်သော လူဦးရေအချိုးအစား ရှိသည့်အပြင် သတင်းအချက်အလက် နှင့် ဆက်သွယ်ရေးဆိုင်ရာ ရင်းနှီးမြှုပ် နှံမှုများကိုလည်း ဆောင်ရွက်ထားသည်။ ဤအချက်များကြောင့် အာဆီယံသည် ဒစ်ဂျစ်တယ်စီးပွားရေးပိုင်းတွင် ကမ္ဘာ လုံးဆိုင်ရာ ဦးဆောင်နိုင်မည့် ဒေသ (Potential Global Leader) ဖြစ်လာ နိုင်သည်။

အာဆီယံသည် စုစုပေါင်း GDP အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ထရီ လီယံရှိပြီး ကမ္ဘာ့ဆဋ္ဌမမြောက် စီးပွား ရေးအင်အား အကြီးမားဆုံးဖြစ်သည်။ စုစုပေါင်း လူဦးရေ ၆၂၈ သန်းရှိပြီး ကမ္ဘာ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်း ရှိပါ သည်။ ထို့ပြင် အသက် ၃၀ နှစ်အောက် လူဦးရေမှာ ၄၀ ရာခိုင်နှုန်းရှိပြီး ၎င်း လူငယ်များ၏ ၉၀ ရာခိုင်နှုန်းသည် အင် တာနက်သုံးစွဲလျက်ရှိပါသည်။ အဆိုပါ လူငယ်များသည် ICT နည်းပညာကို ကျွမ်းကျင် နားလည်ကြသောကြောင့် ဒေသ၏ ဒစ်ဂျစ်တယ်စီးပွားရေးတိုး တက်မှုကို များစွာအထောက်အကူပြု မည့်သူများဖြစ်သည်။ ၎င်းတို့သည် ဈေး ဝယ်ခြင်း၊ ဘဏ်လုပ်ငန်း၊ ဟိုတယ်များ နှင့် ကြိုတင်ချိတ်ဆက်ခြင်းအပြင် အငှားယာဉ်တက္ကစီများ ချိတ်ဆက်ငှား ရမ်းခြင်းတို့ကို အင်တာနက်အသုံးပြု ဆောင်ရွက်နေကြသူများလည်း ဖြစ် သည်။

လက်ရှိအချိန်ကာလတွင်အာဆီယံ နှင့် ဒစ်ဂျစ်တယ်စီးပွားရေးသည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၅၀ ဘီလီယံနီး ပါးရရှိအောင် ဖန်တီးပေးနေပါသည်။ ရငွေအများစုကို ကွန်ရက်ချိတ်ဆက်မှု (Connectivity) နှင့် အွန်လိုင်း ဝန် ဆောင်မှု (Online Services) တို့မှ ရရှိ ပါသည်။ ကွန်ရက်ချိတ်ဆက်မှုနှင့် အွန် လိုင်းဝန်ဆောင်မှုတို့မှ ၃၅ ရာခိုင်နှုန်းစီ ရရှိသောကြောင့် စုစုပေါင်းရငွေ၏ ၇၀ ရာခိုင်နှုန်းကိုရရှိနေပါသည်။ ထို့နောက် User interface မှ စုစုပေါင်းရငွေ၏ ၂၀ ရာခိုင်နှုန်းရရှိနေပြီး User interface တွင် devices, software နှင့် system တို့ ပါဝင်သည်။ စုစုပေါင်းရငွေ၏ ကျန်ရှိ သော ၁၀ ရာခိုင်နှုန်းကို နည်းပညာဆိုင် ရာ အသေးစားဝန်ဆောင်မှုဖြစ်သော Content နှင့် Emabling Technologies တို့မှ ရရှိသည်။

ICT ရင်းနှီးမြှုပ်နှံမှုများကလည်း ဒေသ၏ ဒစ်ဂျစ်တယ်စီးပွားရေးကို မြှင့်တင်ပေးပါသည်။ ၂၀၁၄ ခုနှစ်တွင် အာဆီယံဒေသတွင် ICT ရင်းနှီးမြှုပ်နှံမှု သည်အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံ ကျော်ရှိပြီး နှစ်စဉ် ၁၅ ရာခိုင်နှုန်း ကျော် တိုးတက်လျက်ရှိပါသည်။

### ဒေသ၏စီးပွားရေးကို မြှင့်တင်ပေးခြင်း

ဒစ်ဂျစ်တယ်စီးပွားရေးကို မြှင့် တင်ခြင်းက ဒေသရှိ အဖွဲ့ဝင်နိုင်ငံများ ၏ စီးပွားရေးတိုးတက်မှုကိုလည်း တွန်း အားပေးရာရောက်ပါသည်။ အင်တာ နက်အသုံးပြုခြင်းသည် စီးပွားရေးလုပ် ငန်းရှင်များအတွက် ဈေးကွက်သစ်များ ရရှိစေသည့်အပြင် စီးပွားရေးလုပ်ငန်း သစ်များကိုလည်း တိုးချဲ့လုပ်ဆောင် နိုင်စေပါသည်။ ထို့ပြင်အာဆီယံသည် ကမ္ဘာလုံးဆိုင်ရာ ဒစ်ဂျစ်တယ်အင်အား ကောင်းသောဒေသ (Global Digital Powerhouse) အဖြစ် ပြောင်းလဲနိုင်မည် ဆိုပါက ၂၀၂၅ ခုနှစ်တွင် အာဆီယံ၏ GDP သည် နောက်ထပ် အမေရိကန် ဒေါ်လာ တစ်ထရီလီယံ တိုးပွားလာမည် ဖြစ်သည်။

ဒစ်ဂျစ်တယ် ဆန်းသစ်ပြောင်းလဲ မှု(Digital Innovation) သည် အာဆီယံ တွင် ရှိနှင့်နေပြီးဖြစ်သည်။ ဥပမာ- စင်ကာပူနိုင်ငံရှိ Olam International ကုမ္ပဏီသည် ဒစ်ဂျစ်တယ်နည်းပညာ ဖြင့် စမတ်လယ်ယာလုပ်ငန်း (Smart Farming) ကို အောင်မြင်စွာမြှင့်တင် ဆောင်ရွက်နေပါသည်။ Smart Farming ဆိုသည်မှာ ဒစ်ဂျစ်တယ် နည်းပညာကို အသုံးပြုခြင်းအားဖြင့် ဆောင်ရွက်သော စွမ်းဆောင်ရည်ရှိ သည့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း (Efficient Agriculture) ကို ဆို လိုသည်။ အဆိုပါကုမ္ပဏီသည် လယ် သမား သတင်းအချက်အလက်စနစ် (Farmer Information System)နှင့် အတူ နိုင်ငံပေါင်း ၂၁ နိုင်ငံတွင် လယ် သမားတစ်သိန်းကျော် မှတ်ပုံတင်ထား ပါသည်။ ကုမ္ပဏီသည် အွန်လိုင်းအစီ အစဉ် (Online Platform)မှတစ်ဆင့် မည်သည့်မြေယာတွင် မည်သို့စိုက်ပျိုးရ မည်ဆိုသော နည်းလမ်းအပါအဝင် လယ်သမားများထံသို့ ဘက်စုံသတင်း အချက်အလက်များကို ဖြည့်ဆည်းပေး နေပါသည်။

ဤနည်းပညာသည် ရရှိသော ကိန်းဂဏန်း အချက်အလက်များကို သရုပ်ခွဲဆန်းစစ်ရန်အတွက် လည်း ကောင်း၊ လယ်ယာမြေများ၏ တည်နေ ရာကို တိတိကျကျရေးဆွဲရန်အတွက် လည်းကောင်း အသုံးဝင်သည်။ ထို့ပြင် ဓာတ်မြေဩဇာ မည်မျှသုံးစွဲရမည်ကို လည်းကောင်း၊ ကိုကိုးမှုန့် ပိုမိုကောင်း မွန်စွာထုတ်လုပ်နိုင်ရေးအတွက် မည် သည့်အရိပ်ရသစ်ပင် စိုက်ပျိုးရမည်ကို လည်းကောင်း ညွှန်ပြပေးသည့် နည်း ပညာဖြစ်ပါသည်။ ဒစ်ဂျစ်တယ်နည်း ပညာသည် လုပ်ငန်းသစ်များ (New Industries) ကိုလည်း ဖန်တီးပေး သည်။

(ဆက်လက်ဖော်ပြပါမည်)

## ယခုတစ်ပတ် တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန် နှစ်သောင်းကျော် တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်၊ လွယ်ဂျယ်နဲ့ ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းသုံးခုမှ မတ် ၁၇ ရက်မှ ၂၃ ရက်ထိ ရက်သတ္တပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၅၀ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၂၁၁၂၇ တန်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၂၅၇၂တန်နဲ့ နှိုင်းယှဉ်ပါက ၁၄၄၅တန် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။

စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၁၇၆၈၁တန်၊ လွယ်ဂျယ်မှ ၂၈၄၆ တန်နဲ့ ကန်ပိုက်တီမှ တန် ၆၀၀ ဖြစ်ပါတယ်။ ယခုတစ်ပတ် ချင်းရွှေဟော်မှ ပြောင်းတင်ပို့မှု မရှိခဲ့ပါဘူး။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ကို မိမိဘက်ပေါက်ဈေး ၃၀၈၆၅၅ ကျပ်ရှိခဲ့ရာမှ မတ် ၁၇ ရက်မှ ၂၃ ရက်အထိ ရက်သတ္တပတ်အတွင်း ၃၀၈၃၃၃ ကျပ်သို့ ဈေးအနည်းငယ် ကျဆင်းခဲ့ကြောင်း၊ မန္တလေး-မူဆယ် ပြောင်းသယ်ယူစရိတ်မှာ တစ်ပိဿာလျှင် ၆၃-၆၅ ကျပ်ရှိကြောင်း၊ ယခုတစ်ပတ် မူဆယ်သို့ ပြောင်းကားစီးရေ ၆၃၆စီး ဝင်ရောက်ခဲ့သဖြင့် ယခင်တစ်ပတ်ထက် ၁၁စီးပိုမိုခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံတွင် ယခုရက်ပိုင်းအတွင်း ဆန်၊ ပြောင်းကားများ ပုံမှန် ဝင်/ထွက်သွားလာလျက်ရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

## မူဆယ်နဲ့ လွယ်ဂျယ်မှ သကြားတင်ပို့

မတ် ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၀၁၀ တန်ဖိုးရှိ Re-export သကြား ၁၅၃၉၉တန်ကျော်ကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ တန် ၂၁၇၉၀ကျော် နဲ့ နှိုင်းယှဉ်ပါက ၆၃၉၁တန် လျော့နည်းတင်ပို့ခဲ့တာ တွေ့ရပါတယ်။ ချင်းရွှေဟော်မှ ယခုတစ်ပတ်လည်း သကြားတင်ပို့မှုမရှိဘဲ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၆၈သန်းတန်ဖိုးရှိ Re-export သကြား ၂၅၈ တန်ခွဲ တင်ပို့ခဲ့ပါတယ်။

မူဆယ်ကုန်စည်ဒိုင်မှာ သကြားတစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးမှာ ယခင်တစ်ပတ်က ကျပ် ၇၉၄၈၈၀ဈေးရှိခဲ့ပြီး မတ်လ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း ကျပ် ၇၉၉၀၂၀ သို့ ဈေးဆက်လက်မြင့်တက်ခဲ့ကြောင်း၊ တစ်ဖက်နိုင်ငံဈေးမှာလည်း ယွမ် ၃၈၄၀ မှ ယွမ် ၃၈၆၀ ဈေးသို့ ဈေးတက်ခဲ့ကြောင်း သိရပါတယ်။

**မော်မော်အောင်**

## ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန် တန် ခုနစ်ထောင်ကျော်တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ မတ် ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန် ဒေါ်လာ ၆ ဒသမ ၁၆၆ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၈၈၃၁ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၀၄၉၈ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၁၆၆၇ တန် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်မှာ မြန်မာ-ထိုင်း နယ်စပ်ရှိ ကုန်သွယ်ရေးဇုန်နဲ့ ကုန်သွယ်ရေးစခန်းများမှ ရေထွက်ကုန်များ တင်ပို့မှုကျဆင်းခဲ့တယ်လို့ သိရပါတယ်။ တင်ပို့မှုကိုကြည့်ပါက မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၂၆ သန်းတန်ဖိုးရှိ ငါးမျိုးစုံ၊ ငါးအသားလွှာ တို့ကို ၁၇၄ တန်၊ မြိတ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၈၅ သန်း တန်ဖိုးရှိ ကင်းမွန်လိပ်၊ ငါးမှုန့်၊ ငါးမျိုးစုံ၊ မွေးပုစွန်၊ သဲကဏန်း၊ ကင်းမွန်တို့ကို ၁၅၅၁ တန်၊ ကော့သောင်းကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၅၅ သန်း တန်ဖိုးရှိငါးမျိုးစုံ၊ ကင်းမွန်၊ ပုစွန်၊ ရေဘဝဲ၊ အခြားရေထွက်၊ ပင်လယ်ငါးရှဉ့်၊ ကဏန်းတို့ကို ၇၁၀၅ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။

**ခင်မိုးသူ**

## မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်တွင် ၂၀၁၈ ခုနှစ် မတ်လအတွက် ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်သည် ကုန်သွယ်မှုမြှင့်တင်နိုင်ရန် ကုန်သည်လုပ်ငန်းရှင်များအား တရားဝင်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေးအတွက် ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများကို အချိန်နှင့်တစ်ပြေးညီဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးကိုလည်း အစဉ်တစိုက်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသော ကုန်သွယ်ရေးဇုန်တစ်ခုဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ် မတ်လအတွက် မူဆယ်(၁၀၅)မိုင် ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးကို တာဝန်ခံညွှန်ကြားရေးမှူး ဦးဆောင်၍ မတ် ၂၂ ရက်က မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ဌာနဆိုင်ရာများ၊ ကုန်သည်အသင်းအဖွဲ့များ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ကိုယ်စားလှယ်များ စုစုပေါင်း ၆၁ ဦး တက်ရောက်ခဲ့ပါတယ်။

အဆိုပါ အစည်းအဝေးတွင် ကုန်သွယ်ရေးဦးစီးဌာန မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တာဝန်ခံ ညွှန်ကြားရေးမှူး ဦးဝင်းလွင်က ကုန်သွယ်မှုအခြေအနေများနှင့်ပတ်သက်၍ မတ် ၉ ရက်ထိ ပင်လယ်ရေကြောင်းမှ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၂၃၃၃၆ ဒသမ ၂၇၈ သန်း၊ နယ်စပ်ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၇၇၇၉ ဒသမ ၇၈၁ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၁၁၁၆ ဒသမ ၀၅၉ သန်းဖြစ်ကြောင်း၊ ကာလတူ နှိုင်းယှဉ်ချက်အရ ယခင်နှစ်ထက် စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄၃၂၄ ဒသမ ၈၀၇ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တစ်နှစ်လုံး ကုန်သွယ်မှုပမာဏ လျာထားချက်မှာ အမေရိကန် ဒေါ်လာ သန်း ၅၅၇၀ ဖြစ်ပြီး အမှန် ဆောင်ရွက်နိုင်မှုအနေဖြင့် မတ်လ ၂၀ ရက်ထိ စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၅၅၉၈ ဒသမ ၇၀၄ သန်းဖြစ်၍ ကုန်သွယ်မှုပမာဏ လျာထားချက်အပေါ် ၁၀၀ ဒသမ ၅၂ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၏ ကာလတူ အများဆုံး ပို့ကုန်သွင်းကုန် ၁၀မျိုးအား ထုတ်နုတ်၍ သုံးသပ်ဆွေးနွေးခဲ့ပြီး တရားမဝင် မှောင်ခိုလမ်းကြောင်းအခြေအနေများ၊ မတ်လအတွင်း ဖမ်းဆီးရမိမှု အခြေအနေများနှင့် ၂၀၁၈ မတ်လအတွင်း ထုတ်ပြန်ခဲ့သော ဝန်ကြီးဌာန၏ အမိန့်နှင့် ညွှန်ကြားချက်များအား ရှင်းလင်းခဲ့ပါတယ်။

ဆက်လက်၍ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ တစ်ဖက်နိုင်ငံသို့ သရက်သီးတင်ပို့မှု ရာသီချိန် စတင်ရောက်ရှိလာတော့မည်ဖြစ်၍ သရက်သီးပေါ်ဦးပေါ်စအချိန်တွင် ဈေးကောင်းရရှိတတ်ခြင်းကြောင့် ခြံရှင်များ၊ တောင်သူများမှ မရင့်မှည့်မီ ဆောလျင်စွာ ခူးဆွတ်၍ ဆေးတို့ပြီး ရောင်းချတတ်ပါသဖြင့် ဧပြီလတွင် ဆေးတို့သရက်သီးများ နယ်စပ်သို့ သွားရောက်ရောင်းချနိုင်မှုမရှိစေရေး လမ်းညွှန်ပေးပါရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ မတ်လ ၆ရက်က တင်ပြလာပါကြောင်း၊ အဆိုပါ တင်ပြစာနှင့်ပတ်သက်ပြီး ကုန်သွယ်ရေးဦးစီးဌာန(ရုံးချုပ်)မှ သစ်သီးဝလံကုန်စည်ဒိုင်အနေဖြင့် သရက်သီး အရည်အသွေး စစ်ဆေးသည့်အဖွဲ့ ဖွဲ့စည်းပြီး မမှန်မကန်ဆောင်ရွက်ပါက ရောင်းချခွင့်၊ တင်ပို့ခွင့် မပြုကြောင်း အသိပေး ကြေညာဆောင်ရွက်ရန် လမ်းညွှန်ထားပါကြောင်း၊ သို့ဖြစ်၍ သစ်သီးဝလံ ကုန်စည်ဒိုင်အနေဖြင့် သစ်သီးဝလံ အရောင်းကွင်းများနှင့် ပွဲရုံများတွင် နေ့စဉ်ရောင်းဝယ်သည့် အခါ ဆေးတို့သီးများ ရောင်းချခြင်း မရှိစေရေး၊ အရည်အသွေးမှန်ကန်စေရေးနှင့် မြန်မာ့သရက်သီးဈေးကွက် မပျောက်စေရေးတို့အတွက် သက်ဆိုင်ရာအသင်းအဖွဲ့များ၊ သစ်သီးအရောင်းကွင်းများ၊ ပွဲရုံများနှင့် ခြံလုပ်ငန်းရှင်များအား ကြိုတင်အသိပေး ညှိနှိုင်းဆောင်ရွက်သွားရန်၊ ယခုနှစ်သရက်သီးရာသီတွင် စည်းကမ်းချက်များနှင့်အညီ စနစ်တကျ ရောင်းချသွားနိုင်ရေး ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့ပါတယ်။

ထို့ပြင် မူဆယ်(၁၀၅)မိုင် သစ်သီးဝလံကုန်စည်ဒိုင်မှ သရက်သီးအား ဧပြီ ၁၅ရက်ထက်စော၍ ပို့ကုန်လိုင်စင်ထုတ်ပေးမှု ဆိုင်းငံ့ပေးပါရန် တင်ပြလာခြင်းအပေါ် သရက်သီး သီးနှံ အား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှ (၁၄-၁၂-၂၀၁၇) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၁၇) ဖြင့် HS Code 2017 Version တွင် လိုင်စင်လျှောက်ထားရန် မလိုအပ်သော ကုန်ပစ္စည်းစာရင်းတွင် ထည့်သွင်းပြီးဖြစ်ပါကြောင်း၊ ဧပြီ ၁၅ ရက် ထက်စော၍ တင်ပို့ခြင်း မရှိစေရန် သစ်သီးဝလံကုန်စည်ဒိုင်မှ ပွဲရုံများ၊ ခြံရှင်များ၊ ကုန်သည်များအား ပညာပေး လှုံ့ဆော်မှုနည်းလမ်း၊ ကာကွယ်တားဆီးအရေးယူမှု နည်းလမ်းများဖြင့် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ဆက်လက်ပြီး ကုန်သွယ်မှုပမာဏ မြင့်မားတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည့် အစီအမံများ၊ ကုန်သွယ်မှုပမာဏ မြင့်မားတိုးတက်ရေးနှင့် ကုန်သွယ်ရေးဇုန် သန့်ရှင်းသာယာလှပရေးအတွက် ဌာနဆိုင်ရာများ၊ မိတ်ဖက်ဌာနများ၊ ကုမ္ပဏီလုပ်ငန်းရှင်များမှ ဝိုင်းဝန်းဆောင်ရွက်ပေးစေလိုသည့် အချက်များအား အသေးစိတ်ဆွေးနွေးပြောကြားခဲ့ပါတယ်။

ထို့နောက် အစည်းအဝေး တက်ရောက်လာသူများ၏ သိရှိလိုသည်များ မေးမြန်းမှုကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါတယ်။

**မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်**

## မူဆယ်မှ ရေထွက်ကုန် တန်ဖိုးပိုမိုပြီး တန်ချိန် လျော့နည်း တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ မတ် လ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၄၇ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၂၃၅၉ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၂၆၀၄ တန်ကျော်နဲ့ နှိုင်းယှဉ်ပါက ၂၄၅ တန် လျော့နည်းတင်ပို့ခဲ့ပေမယ့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၅သန်း ပိုမိုခဲ့ပါတယ်။

ယခုတစ်ပတ်အတွင်း ငါးမျိုးစုံ၊ ငါးဆားနယ်၊ ပုစွန်ခြောက်နဲ့ ကင်းမွန်ခြောက်တို့ ပိုမိုတင်ပို့ခဲ့တာကြောင့် ယခုလို တန်ဖိုးပိုမိုခဲ့ရတာဖြစ်ကြောင်း သိရပါတယ်။

**မော်မော်အောင်**

## မူဆယ်မှ ဝါဂွမ်း တရုတ်သို့ အဓိကတင်ပို့နေ

မတ် ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၀၄၂၈၀တန်ဖိုးရှိ ငွေချည်-၆-ဝါဂွမ်း ၄၇ တန်ကျော်တင်ပို့ခဲ့ရာ ယခင်တစ်ပတ်က တင်ပို့ခဲ့တဲ့ ၃၄ တန်ခွဲနဲ့နှိုင်းယှဉ်ပါက ၁၃ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။

ဝါစိုက်ပျိုးမှုကို တောင်တွင်းကြီး၊ ပျော်ဘွယ်၊ ရမည်းသင်း၊ စလေ၊ ချောက်၊ အောင်လံ၊ ပေါင်းတည်နဲ့ ဝက်ထီးကန်ဒေသတွေမှာ အများဆုံးစိုက်ပျိုးကြပြီး တရုတ်နိုင်ငံဈေးကွက်ကို အဓိကတင်ပို့ရောင်းချကြောင်း သိရပါတယ်။

**မော်မော်အောင်**

# ကောင်းသောဂုဏ်သတင်း လက်ဆင့်ကမ်းအမွေပေးနိုင်ပါစေ

နိုင်ဦး၊ မြင့်မြင့်ချို

ပြောလည်း မပြောချင်တော့ပါဘူး အရပ်ကတို့ရေ . . ကောင်းကြသေးရဲ့လား။ ငယ်ငယ်တုန်းကကြည့်ခဲ့ဖူးတဲ့ ရုပ်ရှင်ထဲကလို ရှေ့ကဗေဒင်ဆရာက ရွှာစဉ်လှည့်လည်၍ အာပေါင်အာရင်း သန်သန်ဖြင့် ဗေဒင်ဟောသည်။ မမှန်က ငွေပြန်အမ်းမည်ဟုအော်သည်။ ဗေဒင်ဆရာ နောက်ကလိုက်လာသော ခါတ်ပုံထည့်ရန် မှန်ဘောင်ရောင်းသူမှ မှန်ဘောင်၊ မှန်ဘောင်ဟုအော်သည်။ စဉ်းစားကြည့်ကြပါတော့ ဗေဒင်ဟောသည်၊ မှန်ဘောင်ဟု ရွာသူရွာသားများကြားပါက တစ်မျိုးအဓိပ္ပာယ်ကောက်လွဲနိုင်သည်။ ရည်ရွယ်လိုသော၊ နှောင့်ယှက်လိုသော သဘောမရှိသော်လည်း မထင်မှတ်ဘဲ တစ်ဦး၏ အကျိုးစီးပွားကို တစ်ဦးက နှောင့်ယှက်သလိုဖြစ်ကာ နှစ်ဦးလုံးအတွက် ကောင်းကျိုးထက်၊ ဆိုးကျိုးများကိုသာ ဖြစ်ပေါ်စေနိုင်သဖြင့် မကောင်းပေ။ ဆင်ခြင်စဉ်းစားဆောင်ရွက်မှသာလျှင် နှစ်ဦးနှစ်ဖက်အကျိုးရှိပေမည်။

တစ်နေ့တစ်နေ့တွင် ကမ္ဘာကြီး၌ ဆေးလိပ်သောက်၍ လူ ၂၀၀၀ ကျော်၊ အရက်သောက်၍ လူ ၁၇၀၀ ကျော်၊ စစ်ပွဲများကြောင့် လူ ၁၅၀၀ ကျော် အန္တရာယ်ရှိသော နေထိုင်စားသောက်မှုပုံစံများကြောင့် လူ ၇၀၀၀ ကျော်၊ ဘေးမကင်းသော ဝန်ဆောင်မှုလုပ်ငန်းများကြောင့် လူ ၁၀၀၀ ကျော် နေ့စဉ်သေဆုံးလျက်ရှိကြောင်း မီဒီယာများတွင် ဖော်ပြထားမှုများအရ သိရှိရသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရန်အရှိန်ယူစပြုနေသည်။ လူတို့၏တစ်ဦးချင်းဝင်ငွေများလည်း တိုးတက်လာသည်။ စားရေး၊ ဝတ်ရေး၊ နေရေးကိစ္စများသည်လည်း ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည်။ အချိန်နှင့်ငွေကို လဲလှယ်လာကြသည်။ အချိန်ကုန်မခံနိုင် အချိန်သည်ရွှေကဲ့သို့ရှားပါးလာနေ၍ ငွေကုန်ခံကာ ကြားခံဆောင်ရွက်သူ၏အကူအညီဖြင့် လုပ်ငန်းများ ဆောင်ရွက်ကြရာမှ ခေတ်စနစ်၏ လိုအပ်ချက်နှင့်အညီ ဝန်ဆောင်မှုလုပ်ငန်းအလိုလိုပေါ်ပေါက်လာသည်။ သူ့ထက်ငါအပြိုင် ဖောက်သည်များ ရရှိရေးအတွက် ကြိုးစားလာကြသည်။ မီဒီယာနည်းလမ်းပေါင်းစုံကို အသုံးပြုလာကြသည်။ မှန်မှန်ကန်ကန်ဆောင်ရွက်သော ဝန်ဆောင်မှုလုပ်ငန်းများ ရှိသကဲ့သို့ ဆွမ်းဆန်ထဲ ကြွက်ချေးရောဆိုသလို ဘယ်သူသေသေ ငတေမာလျှင်ပြီးရော ဆိုသည့် ပေါ်ပင်ဝန်ဆောင်မှုလုပ်ငန်းများ လည်းရှိလာသည်။ ထိုအတ္တအကျိုးစီးပွားကို ရှေ့တန်းတင်ကာ ဆောင်ရွက်သည့် ဝန်ဆောင်မှုလုပ်ငန်းအချို့ကြောင့် စီးပွားရေးကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်သော၊ သမာသမတ်ကျသော လုပ်ငန်းရှင်များ ထိခိုက်နစ်နာ ဆုံးရှုံးမှုများ ကြုံတွေ့ရမည်ကို စိုးရိမ်မိသည်။




စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနသည်ပြဋ္ဌာန်းထားသည့် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ (၂၀၁၄)နှင့်အညီ လူသုံးအိမ်သုံးပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ မိမိပြည်သူများဖြစ်သည့် စားသုံးသူများဘက်သို့လည်းကောင်း၊ လုပ်ငန်းရှင်များဘက်သို့ လည်းကောင်း၊ တစ်ဖက်ဖက်သို့ ဘက်မလိုက်ဘဲ စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော လူသုံးအိမ်သုံးပစ္စည်းများအား ရယူသုံးစွဲနိုင်ရေး၊ လုပ်ငန်းရှင်များကိုလည်း လုံခြုံစိတ်ချရမှုရှိသော နိုင်ငံတကာ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ မိမိပြည်သူများဖြစ်သည့် စားသုံးသူများဘက်သို့လည်းကောင်း၊ လုပ်ငန်းရှင်များကိုလည်း လုံခြုံစိတ်ချရမှုရှိသော နိုင်ငံတကာ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူဗဟိုပြု ဆောင်ရွက်လျက်ရှိပါသည်။ သို့မှသာ စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းစွာ နေထိုင်နိုင်ပြီး သက်ရှည်ကျန်းမာကာ လူ့သက်တမ်းစေ့ နေထိုင်နိုင်မည်ဖြစ်သလို လုပ်ငန်းရှင်များ၏စွမ်းရည်များ တိုးတက်လာကာ ပြည်တွင်းဈေးကွက်သာမက နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ ပေါ်ပေါက်လာသော ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံသည် စားသုံးသူပြည်သူများ ယုံကြည်စိတ်ချရသည့် သတင်းအချက်အလက်များအတိုင်း အပြည့်အဝ ဝန်ဆောင်မှုပေးရန် လိုအပ်ပါသည်။ တာဝန်ခံမှုနှင့် တာဝန်ယူမှုရှိရပါမည်။ ပေးထားသော ကတိကဝတ်များအတိုင်း ဆောင်ရွက်ပေးရန်လိုပါသည်။ စားသုံးသူများပေးထားသည့်ဝန်ဆောင်ခနှင့်အညီ ထိုက်တန်သောသောက ကင်းဝေးသည့် စိတ်ကျေနပ်မှုရရှိရန် ဆောင်ရွက်ပေးသင့်ပါသည်။ ကြော်ငြာတာ၊ အသိပေးတာ၊ အာမခံချက်ပေးတာနဲ့ တခြားစီ ဆောင်ရွက်ပါကမူ စားသုံးသူများနစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ပါက ပြဋ္ဌာန်းဥပဒေနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

စားသုံးသူရော၊ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်နေသော လုပ်ငန်းရှင်များရော မိမိနိုင်ငံသားများဖြစ်၍ အရေးယူခြင်းများထက် ကိုယ်စီအသိစိတ်ဓါတ်ဖြင့် ပူးပေါင်းပါဝင်စေချင်ပါသည်။ စားသုံးသူများသည် မှန်ကန်သော၊ စီးပွားရေးကျင့်ဝတ်နှင့်အညီ ဆောင်ရွက်သော၊ တာဝန်ယူမှုတာဝန်ခံမှုရှိသော ဝန်ဆောင်မှုလုပ်ငန်းများကို သာစနစ်တကျ ရွေးချယ်အသုံးပြုစေချင်ပါသည်။ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူလုပ်ငန်းရှင်များကလည်း စားသုံးသူများမှ ယုံကြည်စိတ်ချစွာ ပေးအပ်သော ဝန်ဆောင်ခများနှင့်အညီ ထိုက်တန်သော ဝန်ဆောင်မှုကို ပေးစေချင်သည်။ ပြီးတော့ တွေ့ကြုံရသည့် အခက်အခဲများနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်များရှိ စားသုံးသူရေးရာဦးစီးဌာနများတွင် ဆွေးနွေးအကြံပြုချက်များ ရယူနိုင်ပါသည်။ စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူများ၊ လုပ်ငန်းရှင်များအတွက် ကူညီပေးရန်အသင့်ရှိနေပါသည်။ စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများနှင့်ပတ်သက်၍ တိုင်ကြားသူနှင့်တိုင်ကြားခံရသူကြား ပြေလည်အောင်ဖြေ ရှင်းဆောင်ရွက်ပေးခဲ့ရာ အချို့ကို ဖော်ပြလိုပါသည်။

(က) ဘဏ်တစ်ခု၏ ATM စက်မှ Visa ကတ်ဖြင့် ငွေနှစ်သိန်းထုတ်ရာ ကျပ် ၁၆၀၀၀၀ သာထွက်ရှိ၍ နစ်နာမှုအား တိုင်ကြားလာမှုနှင့်ပတ်သက်၍ ထုတ်ယူငွေမှန်ကန်ကြောင်း၊ ငွေထုတ်ယူသူစိတ်ကျေနပ်သည်အထိ တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဘဏ်မှ ပြန်ကြားခဲ့ခြင်းဖြင့် ဖြေရှင်းပေးနိုင်ခဲ့ပါသည်။

(ဂ) ဖုန်းအရောင်းဆိုင်တစ်ဆိုင်မှ ဖုန်းတစ်လုံးအား ဝယ်ယူပြီးနောက် အာမခံသက်တမ်းမကုန်ခင် ဆက်သွယ်မရတော့ဘဲ ပျက်စီးသွားသဖြင့် မူလဝယ်ယူခဲ့သည့်ဆိုင်သို့ ပြသရာ ဆိုင်မှ IC လောင်သွားကြောင်း ပြင်ဆင်စရိတ်ကျပ် ၄၅၀၀၀ ကျမည်ဖြစ်ကြောင်းပြောသဖြင့် တိုင်ကြားခဲ့ပါသည်။ အဆိုပါတိုင်ကြားမှုနှင့်ပတ်သက်၍ အဖွဲ့ဖွဲ့စည်းဆက်သွယ်ညှိနှိုင်းခဲ့ရာ နောက်ဆုံး၌ ပြင်ဆင်ပေးမည်ဖြစ်ကြောင်း၊ ပြင်ဆင်ခပေးရန်မလိုကြောင်း ဝယ်ယူသူစိတ်ကျေနပ်သည်အထိ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

(ဃ) ကုမ္ပဏီတစ်ခုမှ ပေါင်းအုပ်ဆေး ဝယ်ယူသုံးစွဲ၍ မိုးကြိုငရုတ်သီးပင်များ ထူးခြားစွာသေဆုံးသွား၍ တောင်သူလေးဦးက ဖုန်းဖြင့် တိုင်ကြားလာခဲ့ပါသည်။ စစ်ဆေးရာ မှန်ကန်၍ ညှိနှိုင်းစေခဲ့ရာ ကုမ္ပဏီမှနစ်နာကြေး ငရုတ်စိုက်ခင်းတစ်ဧကလျှင် ကျပ် ၃၅၀၀၀၀ ဖြင့် ၃ ဒသမ ၅ ဧကအတွက် ပေးလျော်ပေးမှုကို တောင်သူများက လက်ခံခဲ့သည်။

(င) ဟိုတယ်တစ်ခုတွင် ထမင်းသုံးဆောင်ရာ၌ ပုစွန်ထုပ်ဟင်းလျာများမှာ လတ်ဆတ်မှုမရှိဘဲ အနံ့ထွက်နေခြင်း၊ အခြားဝန်ဆောင်မှုများလည်း အဆင်မပြေခြင်းများကြောင့် ဖြေရှင်းပေးပါရန် တိုင်ကြားလာမှုနှင့်ပတ်သက်၍ ညှိနှိုင်းခဲ့ရာ ဟိုတယ်တာဝန်ရှိသူမှ တောင်းပန်ခြင်း၊ စားသောက်စရိတ်ညှိနှိုင်းပေးခြင်းဖြင့် နှစ်ဦးနှစ်ဖက် စိတ်ကျေနပ်မှုရရှိသည်အထိ ဖြေရှင်းပေးနိုင်ခဲ့ပါသည်။

စားသုံးသူနှင့် လုပ်ငန်းရှင်တို့သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အကျိုးပြုနေသည်ကို သတိထားစေချင်ပါသည်။ စားသုံးသူစားသုံးမှ လုပ်ငန်းရှင်ထုတ်လုပ်နိုင်မည်၊ လုပ်ငန်းများ တိုးချဲ့နိုင်မည်၊ အလုပ်အကိုင်များ ဖန်တီးပေးနိုင်မည်ဖြစ်သည်။ စားသုံးသူများကို စေတနာထား ဝန်ဆောင်မှုပေးသင့်သည်။ ထိုသို့မဟုတ်ဘဲ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းမှုမရှိသော ဝန်ဆောင်မှုကို ရယူသုံးစွဲမိ၍ နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လာပါက မိမိငွေအား၊ လူအား၊ အချိန်အားများကို အသုံးပြု၍ ဆောင်ရွက်လျက်ရှိသော ဝန်ဆောင်မှုလုပ်ငန်းပြိုလဲသွားပေမည်။ နာမည်ဂုဏ်သတင်း ပျက်ယွင်းကာ နာလန်မထူနိုင် ဖြစ်ပေမည်။

သို့ဖြစ်ပါ၍ စားသုံးသူများဘေးဥပဒ်အန္တရာယ် ကင်းရှင်းရေးအတွက် လုပ်ငန်းရှင်များမှ ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ကြရာတွင် စေတနာရှေ့ထား၍ ဆောင်ရွက်ပေးကြပါ။ ပန်းသတင်း လေညင်းဆောင်၊ လူသတင်း လူချင်းဆောင်ဆိုသကဲ့သို့ ဝန်ဆောင်မှုလုပ်ငန်းအမည် ထင်ပေါ်လာမည်ဖြစ်သည်။ ကောင်းသော နာမည်ဂုဏ်သတင်းကို သားစဉ်မြေးဆက်လက်ဆင့်ကမ်းအမွေပေးနိုင်မည် ဖြစ်သည်။ နိုင်ငံသားများအတွက် အလုပ်အကိုင်များ ဖန်တီးပေးရာ ရောက်မည်၊ နိုင်ငံဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အားပေး ကူညီရာရောက်မည်ဖြစ်သည်။ စားသုံးသူများမှလည်း ကောင်းမွန်သော၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ဝန်ဆောင်မှုလုပ်ငန်းများအား အားပေးကြပါ။ စေတနာမပါ အတ္တအကျိုးစီးပွားအတွက်သာဆောင်ရွက်သော ဝန်ဆောင်မှုများကြောင့် နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ရပါက တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များရှိ စားသုံးသူရေးရာဦးစီးဌာနများ၊ CICC စင်တာများတွင် တိုင်ကြား၍ ကုစားခွင့်ရယူကြပါရန် တိုက်တွန်းအပ်ပါသည်။

❑

## ဘင်္ဂလားဒေ့ရှ်နယ်စပ်မှ ရေထွက်ကုန်တင်ပို့မှုကျဆင်း

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ မတ် ၁၇ ရက်မှ ၂၃ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ သုည ဒသမ ၀၅၉ သန်းတန်ဖိုးရှိ ရေထွက်ကုန် ၃၀၁ တန်ကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၃၃၁ တန်တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ တန် ၃၀ ခန့်လျော့နည်း တင်ပို့ ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ တင်ပို့ခဲ့တဲ့ ရေထွက်ကုန်များကတော့ မောင်တောကုန် သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃ သန်းတန်ဖိုးရှိငါးစုံလေးခြောက် ၃၈ တန်၊ စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၂၄ သန်းတန်ဖိုးရှိငါးမြစ်ချင်းတန် ၂၆၀ နဲ့ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၅ သန်းတန်ဖိုးရှိ ငါးခေါင်းပွ သုံးတန်ခန့်ကို တင်ပို့ခဲ့ပါတယ်။

မောင်တောကုန်သွယ်ရေးစခန်းမှ ရေထွက်ကုန်များအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၄၈၅ သန်းတန်ဖိုးရှိ ဧည့်မထဆန်၊ မန်ကျည်းစေ့၊ ဆီးယိုထုပ်တို့ကို ၁၃၂၄ တန်နဲ့ စစ်တွေကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၅၉ သန်းတန်ဖိုးရှိ မန်ကျည်းစေ့၊ မန်ကျည်းဖတ်၊ ဆီးသီးခြောက်၊ ဆီးဖတ်၊ ချင်းအစို၊ ဆီးယိုထုပ်တို့ကို တန် ၄၀၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ **ခင်မိုးသူ**

## အိန္ဒိယနယ်စပ်မှ ကွမ်းသီးတင်ပို့မှု လျော့ကျ

မြန်မာ-အိန္ဒိယနယ်စပ်ရှိကုန်သွယ်ရေးစခန်းများမှ မတ်လ ၁၇ ရက်မှ ၂၃ ရက်ထိ သီတင်းပတ်အတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၁၈ သန်းတန်ဖိုးရှိ ကွမ်းသီး တန် ၇၆၀ ကိုတင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ၁၀၅၅ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၉၅ တန်လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မှာ တမူးကုန်သွယ်ရေးစခန်းရော ရိဒ်ကုန်သွယ်ရေးစခန်းပါ ကွမ်းသီးများတင်ပို့မှု ကျဆင်းခဲ့တယ်လို့ သိရပါတယ်။

တင်ပို့မှုကိုကြည့်ပါက တမူး ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၉၀၉ သန်းတန်ဖိုးရှိ ကွမ်းသီး ၆၇၅ တန်၊ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၀၉ သန်းတန်ဖိုးရှိ ကွမ်းသီး ၈၅ တန်ကို တင်ပို့ခဲ့ပါတယ်။ တမူးကုန်သွယ်ရေးစခန်း မှ ကွမ်းသီးအပြင် အမေရိကန်ဒေါ်လာ သုည ဒသမ ၄၆၀ သန်းတန်ဖိုးရှိနန့်ဖာလုံကုန်စုံ၊ ပဲစင်းငုံ၊ ငရုတ်ကောင်း၊ ဘိလပ်မြေ၊ စီးကရက်တို့ကို ၂၉၄ တန်၊ ရိဒ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၃၀ သန်းတန်ဖိုးရှိ ဆေးရိုး၊ ဆေးကြေမှုန့်၊ မဝတ်တီရှပ်၊ မစီးဖိနပ်၊ ဖရဲသီးတို့ကို ၁၉၂ တန် တင်ပို့ခဲ့တယ်လို့ သတင်းရရှိပါတယ်။ **ခင်မိုးသူ**







Address : : No ( 6/2 ) , Yadanar Housing , Thanlyin Township, Yangon.
01-590118 , 09 - 5104526. 09-5196722.
Email : :shineandnyunt1@gmail.com,shineandnyunt2@gmail.com.

# AUNG HEIN MIN COMPANY LIMITED

AUNG HEIN MIN

EXCAVATORS ◆ PAVERS ◆ COMPACTORS ◆ ARTICULATED DUMP TRUCKS ◆ DRILLING MACHINE ◆ GENERATOR SET

## Heavy Machinery Solution Provider



SUMITOMO EXCAVATORS / PAVERS | SAKAI | TEREX | TRUCKS | Atlas Copco | Cummins Power Generation | Chicago Pneumatic

**Yangon HQ Office** : No.153, Min Gyi Mahar Min Khaung Road, Industrial Zone 4, Hlaing Thar Yar Township, Yangon, TEL +95(1) 685 048
**Mandalay Branch** : No.188, 32nd Street (Between 82nd & 83rd Street, Chan Aye Thar Zan Township, Mandalay, TEL +95(2) 66082
**Pharkant Branch** : MH/C-(3) Mashikahtaung, Pharkant, Kachin State, TEL +95 (74) 70489
**Nay Pyi Taw Branch:** No.22, Thiri Yadanar Shopping Complex, Zaputhiri Township, Nay Pyi Taw Tel +95 (67) 422343., TEL +95 (67) 422343
**Email** : sales@ahmheavy.com **Website** : www.ahmheavy.com

မြဝတီဘဏ်လီမိတက်

MYAWADDY BANK LIMITED

## Services

- Current Deposit Account
- Savings Deposit Account
- Fixed Deposit Account
- Call Deposit Account
- Scholarship Funding Services
- Loans and Overdraft
- Hire Purchase System
- Gift Cheque Services
- Safe Deposit Locker
- ATM / POS Services
- Mobile Banking Services

INTERNATIONAL BANKING

## Foreign Banking Services

- နိုင်ငံခြားငွေကြေး (USD/ SGD/ EUR/ THB) တို့ဖြင့် စာရင်းရှင်စာရင်းဖွင့်လှစ်ခြင်း။
- Western Union Company နှင့် ချိတ်ဆက်၍ ငွေလွှဲဆောင်ရွက်ပေးခြင်း။
- ပြည်ပနိုင်ငံများ မှ ငွေလွှဲပို့ခြင်း။
- ပြည်ပနိုင်ငံများ သို့ ငွေလွှဲပို့ခြင်း။
- Import L/C ဖွင့်လှစ်ခြင်း။
- Export L/C အကြောင်းကြားပေးခြင်း။
- T.T စနစ်ဖြင့် ငွေလွှဲပေးပို့ခြင်း။
- ဘဏ်အာမခံထုတ်ပေးခြင်း။
- နိုင်ငံခြားငွေကြေး (USD/ SGD/ EUR/ THB) တို့ကို ဝယ်ယူ/ရောင်းချလဲလှယ်ခြင်း လုပ်ငန်းများ။

**Secure, Secret, Swift and Correct, Myawaddy Bank**

MPU | UnionPay | JCB | SWIFT

မြဝတီဘဏ်(ရုံးချုပ်) – အမှတ်–၁၅၁၊
ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်ဝါးတန်းလမ်းထောင့်၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

Phone No : (01) 2301367, 2301368, 2301452, 2301378, 2301401, 2301410
Fax : (01) 2301395, 2301450, 2301402
Email : mwdbankygn@mptmail.net.mm

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ဆန်စပါး Supply Chain နှင့် ဆန်ဈေးကွက်တို့အပေါ် လေ့လာဆန်းစစ်သုံးသပ်ခြင်း

နန္ဒာဝင်း၊ ဟန်နီ (WTO)

**ယခင်တစ်ပတ်မှအဆက်**

**February, 2018 Grain: World Markets and Trade** တွင် ဖော်ပြထားချက်အရ တရုတ်နိုင်ငံသည် နှစ်ပေါင်းများစွာကြာ ဆန်တင်သွင်းမှုအများဆုံးနိုင်ငံအဖြစ် ရပ်တည်နေရာမှ ယခုနှစ်များအတွင်း ဆန်ပြန်လည်တင်ပို့မှု တိုးတက်များပြားလာလျက်ရှိနေပြီး ကမ္ဘာ့ကုန်သွယ်မှုတွင် ၎င်း၏ကုန်သွယ်မှုသည် အခရာကျသောလမ်းကြောင်း ဖြစ်လာခဲ့သည်ဟု ဖော်ပြထားသည်။ တရုတ်နိုင်ငံအနေဖြင့် ၂၀၀၄ ခုနှစ်မှစ၍ ဆန်တင်သွင်းမှု တန် ၅ ဒသမ ၃၂ သန်းအပေါ် tariff-rate quota (TRQ) သတ်မှတ်ထားရှိထားသော်လည်း ၂၀၁၂ ခုနှစ်တွင် အဓိကတင်ပို့သည့်နိုင်ငံအဖြစ်ရောက်ရှိလာခဲ့ကြောင်း၊ ထိုသို့သောအကြောင်းအရာများသည် တရုတ်နယ်စပ်တစ်လျှောက် ခိုင်မာအားကောင်းသော ကုန်သွယ်မှုတစ်ရပ်ဖြစ်လာစေပြီး ကမ္ဘာ့ဆန်ပို့ကုန်၏ ၁၀ ရာခိုင်နှုန်းကျော်ကို တရုတ်သို့တင်ပို့နေရသည့်အတွက် ၎င်း၏အိမ်နီးချင်းနိုင်ငံများ၏ အဓိကအရေးပါသော ဈေးကွက်တစ်ခု ဖြစ်လာစေသည်။ ၂၀၁၇ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ ဆန်တင်ပို့မှု ၁၀ ရာခိုင်နှုန်းကျော်၊ ဗီယက်နမ်နိုင်ငံ၏ ဆန်ပို့ကုန် သုံးပုံတစ်ပုံနှင့် မြန်မာနိုင်ငံမှ ဆန်ပို့ကုန်၏ထက်ဝက်ကျော်ကို တရုတ်နိုင်ငံသို့တင်ပို့လျက်ရှိကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် ပြည်တွင်းထုတ်လုပ်မှုအများအပြားရှိနေသည့်အပြင် တင်သွင်းမှုကိုလည်း ဆက်လက်လုပ်ဆောင်လျက်ရှိပြီး ပြည်တွင်းဈေးနှုန်းနှင့် တင်သွင်းသည့် ဈေးနှုန်း၏ကွာခြားချက်မှာလည်းရှိနေသေးကြောင်း၊ ထို့အပြင် တရုတ်နိုင်ငံအစိုးရအနေဖြင့် ဆန်ကွဲတင်သွင်းမှုအပေါ် out-of-quota tariff လျှော့ချနိုင်ရန် ကြေညာချက်ကို မကြာသေးမီက ထုတ်ပြန်ခဲ့သည့်အတွက် တင်သွင်းမှုများ ဆက်လက်များပြားလျက်ရှိကြောင်း ဖော်ပြထားသည်။

တရုတ်နိုင်ငံ၏ ကာလရှည်စိုက်ပျိုးထားသည့် ဆန်စပါး (long-grain) ဈေးနှုန်းသည် ကမ္ဘာ့ဈေးနှုန်းထက်မြင့်မားလျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအကြား ၎င်း၏ကာလလတ်စိုက်ပျိုးထားသည့် ဆန်စပါးဈေးကွက် medium-grain markets သည်လည်း အဓိကကျသောဈေးကွက်အဖြစ်တည်ရှိနေဆဲဖြစ်သည်။ ပြည်တွင်းထုတ်လုပ်သည့် ကောက်ပဲသီးနှံအသစ်များ၏ဈေးနှုန်းမှာ မြင့်မားလျက်ရှိသော်လည်း အဟောင်းဈေးနှုန်းသည် သိသိသာသာနိမ့်နေသည်ကို တွေ့ရှိရကြောင်း၊ လွန်ခဲ့သည့် တစ်နှစ်ကျော်မှစ၍ လေလံစနစ်ဖြင့် သိုလှောင်သိမ်းဆည်းထားသည့် ဆန်စပါးများကို ရောင်းချခြင်းသည် အရှိန်ရလာခဲ့ပြီး အဆိုပါဆန်များသည် ၂၀၁၃ ခုနှစ်ကတည်းက ဈေးကွက်အတွင်း ဝင်ရောက်လာခဲ့သော ဆန်စပါးများဖြစ်ကြောင်း၊ တရုတ်ဆန်တင်ပို့မှုသည် ၂၀၁၇ ခုနှစ်အတွင်း ပိုမိုများပြားလာခဲ့ပြီး ဈေးနှုန်းနည်းသော ဆန်အဟောင်းများကို အာဖရိကဈေးကွက်များသို့ သင်္ဘောဖြင့် တင်ပို့ရောင်းချလျက်ရှိကြောင်း ဖော်ပြထားသည်။

### တရုတ်နိုင်ငံ၏ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ (ဖေဖော်ဝါရီလ) တို့အတွင်း ဆန်စပါးကုန်သွယ်မှုဆိုင်ရာ ပြောင်းလဲမှုများ


TRADE CHANGES IN 2018 (1,000 MT)

| Country | Attribute | Previous | Current | Change | Reason |
|---|---|---|---|---|---|
| China | Imports | 5,250 | 5,500 | 250 | Recent reduction on the duty for broken rice |
| Indonesia | Imports | 300 | 800 | 500 | Recent government purchases |
| Burma | Exports | 3,000 | 3,300 | 300 | Higher trade with China |
| China | Exports | 1,500 | 1,600 | 100 | Competitive sales of old crop, especially to West Africa |
| India | Exports | 12,000 | 12,500 | 500 | Strong sales to Bangladesh |
| Vietnam | Exports | 6,500 | 6,700 | 200 | Higher exports to China and Southeast Asia |

အထက်ဖော်ပြပါပုံတွင် ဖော်ပြထားချက်အရ တရုတ်နိုင်ငံ၏ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလအထိ ဆန်တင်သွင်းမှုမှာ ယခင်ကာလက တင်သွင်းခဲ့သည့် မက်ထရစ်တန်ချိန်ထောင်ပေါင်း ၅၂၅၀ မှ ၅၅၀၀ သို့ တိုးတက်လာခဲ့သည်ကို တွေ့ရသည်။ မက်ထရစ်တန်ချိန် ထောင်ပေါင်း ၂၅၀ တိုးတက်လာခြင်းမှာ မကြာသေးမီကာလများက broken rice အတွက် အခွန်အခများ လျှော့ချခြင်းကြောင့်ဖြစ်သည်ဟု သိရသည်။ ပို့ကုန်ပိုင်းအနေဖြင့် ယခင်ကမက်ထရစ်တန်ချိန် ၁ ဒသမ ၅ သန်းတင်ပို့ခဲ့ရာမှ ယခု ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလအထိ မက်ထရစ်တန်ချိန် ၁ ဒသမ ၆သန်းသို့ တိုးတက်လာခဲ့ပါသည်။ အကြောင်းမှာ တရုတ်နိုင်ငံ၏ ဆန်စပါးပို့ကုန်အများစုသည် ဆန် အဟောင်းများ(old crop) များကို ယှဉ်ပြိုင်ရောင်းချခြင်းဖြစ်ပြီး အထူးသဖြင့် အနောက်အာဖရိကနိုင်ငံများသို့ဖြစ်ကြောင်း ဖော်ပြထားသည်။

အခြားသော ဆန်အဓိကတင်ပို့သည့်နိုင်ငံများမှာ အိန္ဒိယ၊ ထိုင်းနှင့် ဗီယက်နမ်တို့ဖြစ်ကြပြီး ၂၀၁၆- ၂၀၁၇ ခုနှစ်တွင် ဆန်တန်ချိန် မက်ထရစ်တန်ချိန် သန်းပေါင်း ၁၀ ဒသမ ၃၊ ၁၀ နှင့် ၅ ဒသမ ၈ စသည်ဖြင့် အသီးသီးတင်ပို့ခဲ့ကြသည်။ ၂၀၁၆- ၂၀၁၇ ခုနှစ်တွင် ဆန်အများဆုံးတင်သွင်းသည့် နိုင်ငံများမှာ တရုတ်နှင့် နိုင်ဂျီးရီးယားတို့ဖြစ်ကြသည်။ FAO ၏ စာရင်းဇယားများအရ ၂၀၁၅ ခုနှစ်တွင် ပျမ်းမျှဆန်စပါးဈေးနှုန်းအညွှန်းကိန်းသည် လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း သိသိသာသာ တည်ငြိမ်နေဆဲဖြစ်သည်ဟု ဖော်ပြထားသည်။

### တောင်အာရှနိုင်ငံများအကြား ဆန်စပါးစိုက်ပျိုးမှုနှင့် တင်ပို့မှုအခြေအနေ(၂၀၁၃-၂၀၁၄)




Source: USDA, PSD Online (accessed January 23, 2015 and March 5, 2015).
Notes: Shares based on quantity. Both production and import quantities are based on marketing year. Totals are based on the period averages.

### တရုတ်နိုင်ငံ၏ ဆန်ထုတ်လုပ်မှု၊ စားသုံးမှု၊ ကုန်စည်အနေအထားနှင့် ကုန်သွယ်မှု

**Table 6.1:** China: Rice production, consumption, stocks, and trade 2007/08–2013/14

| Attribute | 2007/08 | 2008/09 | 2009/10 | 2010/11 | 2011/12 | 2012/13 | 2013/14 |
|---|---|---|---|---|---|---|---|
| Beginning stocks (1,000 mt) | 35,915 | 37,762 | 38,546 | 40,534 | 42,574 | 45,023 | 46,826 |
| Production (milled) (1,000 mt) | 130,224 | 134,330 | 136,570 | 137,000 | 140,700 | 143,000 | 142,530 |
| Area harvested (1,000 ha) | 28,919 | 29,240 | 29,627 | 29,873 | 30,057 | 30,137 | 30,312 |
| Yield (paddy rice) (mt/ha) | 6.4 | 6.6 | 6.6 | 6.6 | 6.7 | 6.8 | 6.7 |
| Imports (1,000 mt) | 445 | 201 | 388 | 540 | 1,790 | 3,700 | 4,015 |
| Consumption and residual (1,000 mt) | 127,450 | 133,000 | 134,320 | 135,000 | 139,600 | 144,000 | 146,300 |
| Exports (1,000 mt) | 1,372 | 747 | 650 | 500 | 441 | 341 | 257 |
| Ending stocks (1,000 mt) | 37,762 | 38,546 | 40,534 | 42,574 | 45,023 | 46,826 | 46,814 |
| Exports-to-production ratio (%) | 1 | 1 | a | a | a | a | a |
| Ending stocks-to-use ratio (%) | 29 | 29 | 30 | 31 | 32 | 32 | 32 |
| Per capita consumption (kg) | 96.7 | 100.4 | 100.9 | 100.9 | 103.9 | 106.6 | 107.8 |

Sources: USDA, PSD Online (accessed January 21, 2015); World Bank, Data: Population (accessed January 21, 2015).
Note: Per capita consumption used marketing year apparent consumption divided by calendar year population. All other data, including imports and exports, are based on the marketing year.
a Less than 0.5 percent.

### တရုတ်နိုင်ငံ၏ ဆန်ဈေးကွက်အခြေအနေ

တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးမားဆုံး ဆန်ဈေးကွက်တစ်ခုဖြစ်ပြီး တတိယအများဆုံးဆန်ထုတ်လုပ်သည့် နိုင်ငံဖြစ်သောကြောင့် အခြားသော အရှေ့အာရှဒေသတွင်းနိုင်ငံများ၏ ဈေးကွက်ကို သေးငယ်သိမ်နုပ်သွားစေသည်။ အရှေ့အာရှဒေသတွင်း နိုင်ငံများအကြား ထုတ်လုပ်နိုင်မှုကို နှိုင်းဆကြည့်မည်ဆိုပါက တရုတ်နိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုသည် ၉၀ ရာခိုင်နှုန်းရှိပြီး အခြားသော နိုင်ငံများဖြစ်သည့် တောင်ကိုရီးယားမှ ၃ ရာခိုင်နှုန်းနှင့် ဂျပန်နိုင်ငံမှ ငါးရာခိုင်နှုန်း ထုတ်လုပ်ကြကြောင်း သိရသည်။ ထို့အပြင် အရှေ့အာရှဒေသသည် ဆန်စားသုံးမှုအဓိကဖြစ်သည့်အတွက် ထုတ်လုပ်မှုအပြင် တင်သွင်းရလျက်ရှိသည်။ တရုတ်နိုင်ငံ၏ ဆန်တင်သွင်းမှုအနေဖြင့် ၂၀၀၇-၂၀၀၈ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အထိ တင်သွင်းသည့်ပမာဏမှာ အရှေ့အာရှဒေသများသို့တင်သွင်းမှု၏ ၅၁ ရာခိုင်နှုန်းထိရှိကြောင်းလည်း သိရသည်။

တရုတ်နိုင်ငံသည် ၂၀၁၀ - ၂၀၁၁ ခုနှစ်များမှစ၍ အသားတင်ဆန်တင်သွင်းခဲ့ရပြီး ၂၀၁၁ - ၂၀၁၂ ခုနှစ်မတိုင်မီအထိ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ဆန်တင်သွင်းမှုနှင့်နှိုင်းယှဉ်ကြည့်မည်ဆိုပါက အနည်းငယ်သာရှိသေးသည့် အခြေအနေဖြစ်သည်။ သို့သော် ၂၀၁၃ -၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့အကြီးမားဆုံး ဆန်တင်သွင်းသည့် နိုင်ငံဖြစ်လာခဲ့ပြီး ဒေသတွင်းနိုင်ငံများ၏ စုစုပေါင်းဆန်တင်သွင်းမှု ပမာဏ၏ ထက်ဝက်ကျော်ရှိကြောင်းနှင့် အခြားသော ဆန်တင်သွင်းသည့် ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများ၏ ပမာဏနှင့်ပေါင်း၍တွက်ချက်မည်ဆိုပါက အရှေ့အာရှဒေသရှိနိုင်ငံများမှ ဆန်တင်သွင်းမှု၏ ၄၀ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ တရုတ်နိုင်ငံ၏ ဆန်ဈေးကွက်ကြီးမားလာမှု၊ ဆန်တင်သွင်းမှုကြီးမားလာမှုကြောင့် တရုတ်အစိုးရအနေဖြင့် ပြည်တွင်းဆန်လုံလောက်မှုရှိစေရေးအတွက် ဆက်စပ်လျက်ရှိသည့် မူဝါဒများကို မကြာသေးမီက ချမှတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

### တရုတ်နိုင်ငံ၏ဆန်ဈေးနှုန်းဆိုင်ရာကိစ္စရပ်များ

#### တရုတ်နိုင်ငံ၏ ဆန်စပါးပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်ပေါက်ဈေးနှုန်းအခြေအနေ

| | Rice | | |
|---|---|---|---|
| | Domestic | World | Domestic /world ratio |
| 2000 | - | 0.20 | - |
| 2001 | - | 0.17 | - |
| 2002 | 0.23 | 0.19 | 1.21 |
| 2003 | 0.24 | 0.20 | 1.23 |
| 2004 | 0.34 | 0.24 | 1.44 |
| 2005 | 0.36 | 0.29 | 1.25 |
| 2006 | 0.38 | 0.30 | 1.25 |
| 2007 | 0.43 | 0.33 | 1.30 |
| 2008 | 0.49 | 0.65 | 0.75 |
| 2009 | 0.53 | 0.55 | 0.96 |
| 2010 | 0.62 | 0.49 | 1.28 |
| 2011 | 0.74 | 0.54 | 1.36 |
| 2012 | 0.80 | 0.56 | 1.43 |
| 2013 | 0.84 | 0.51 | 1.66 |
| 2014 | 0.87 | 0.42 | 2.05 |
| 2015 | 0.87 | 0.39 | 2.23 |

**မှတ်ချက်။ အမေရိကန်ဒေါ်လာ/ကီလိုဂရမ်**

တရုတ်နိုင်ငံမှ China Agricultural Price Survey Yearbooks နှင့် World Bank ၏ အချက်အလက်များကို အခြေခံပြုစုထားသည့် အထက်ဖော်ပြပါဇယားအရ တရုတ်နိုင်ငံ၏ ပြည်တွင်းဆန်ဈေးနှုန်းသည် ၂၀၀၂ ခုနှစ်တွင် ဆန်တစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ သုည ဒသမ ၂၃ ရှိရာမှ ၂၀၁၅ ခုနှစ်တွင် ဆန်တစ်ကီလိုလျှင် အမေရိကန်ဒေါ်လာသုည ဒသမ ၈၇ နှုန်းအထိ တစ်သမတ်တည်း တိုးတက်လာသည်ကို တွေ့ရပါသည်။ အလားတူကာလအတွင်း ကမ္ဘာ့ဆန်ဈေးနှုန်းသည် ၂၀၀၃ ခုနှစ်တွင် ဆန်တစ်ကီလိုလျှင် အမေရိကန်ဒေါ်လာသုည ဒသမ ၁၉ ရှိရာမှ ၂၀၀၈ ခုနှစ်အရောက် တွင် ဆန်တစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ သုည ဒသမ ၆၅ ရာခိုင်နှုန်းသို့ အမြင့်ဆုံးရောက်ရှိခဲ့သည်ကို တွေ့ရပါသည်။ ၎င်းနောက် ကမ္ဘာ့ဆန်ဈေးနှုန်းသည် ကျဆင်းလာခဲ့ပြီး ၂၀၁၅ ခုနှစ်၌ ဆန်တစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ သုည ဒသမ ၃၉ ထိ ကျဆင်းခဲ့သည်ကို တွေ့ရပါသည်။ တရုတ်နိုင်ငံအနေဖြင့် ၂၀၀၂ ခုနှစ်ကာလကတည်းကပင် ကမ္ဘာ့ဆန်ဈေးနှုန်းပေါက်ဈေးထက် ပြည်တွင်းဈေးနှုန်းက ၂၀ ရာခိုင်နှုန်းခန့်သာလွန်နေသည်ကို တွေ့ရသည့်အတွက် လက်ရှိကာလတွင် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးနှုန်းတို့အကြား ကွာခြားမှုအတန် မြင့်မားနေသည်ဟု လေ့လာသုံးသပ်ရသည်။

သို့သော် ၎င်းကွာခြားမှုမှာ ၂၀၀၈-၂၀၀၉ ခုနှစ်ကာလများအတွင်း၌ ဆန့်ကျင်ဘက်ဖြစ်နေပြီး ကမ္ဘာ့အစားအစာဈေးနှုန်းအကျပ်အတည်းကာလ၏ တစ်စိတ်တစ်ပိုင်း သက်ရောက်မှုကြောင့် ကမ္ဘာ့ဆန်ဈေးနှုန်းက မြင့်တက်လာခြင်းဖြစ်ပါသည်။ ယင်းကာလကတည်းက တရုတ်ပြည်တွင်းဆန်ဈေးနှုန်း ပရီမီယံကြေးမှာ ဆက်လက်မြင့်မားလာခဲ့ပြီး အထူးသဖြင့် ၂၀၁၃-၂၀၁၅ ခုနှစ်၌ တရုတ်ပြည်တွင်းဆန်ဈေးနှုန်းများ မြင့်တက်လာခဲ့ကာ ကမ္ဘာ့ဈေးကွက်ပေါက်ဈေးမှာကျဆင်းလာခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် ဆန်တင်သွင်းမှုများပြားလာမှုနှင့် ဆန်စပါး stock သိုလှောင်မှုများ တိုးတက်လာမှုကြောင့် တရုတ်နိုင်ငံ၏ ပြည်တွင်းဆန်ဈေးနှုန်းသည် ကာလတူ ကမ္ဘာ့ဈေးကွက်ပေါက်ဈေးထက် နှစ်ဆခန့်မြင့်မားနေခြင်းဖြစ်သည်ဟု သုံးသပ်လေ့လာရသည်။

**ဆက်လက်ဖော်ပြပါမည်။**

# နိုင်ငံခြားဖြစ် စားသောက်ကုန်ပစ္စည်းများ ပြည်တွင်းမှာလည်း ထုတ်လုပ်နိုင်သည်

မောင်လွင်ပြင်

၂၀၁၇ ခုနှစ်အောက်တိုဘာ ၁ ရက်ကစပြီး ဘတ်စ်ကား၊ ကုန်တင်ယာဉ်များအပါအဝင် ပြည်ပကတင်သွင်းသော စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းအချို့အား အကောက်ခွန်နှုန်းထားတိုးမြှင့်ကောက်ခံတော့မည်ဖြစ်ကြောင်း "၂၀၁၇ မြန်မာ့အကောက်ခွန်နှုန်းထားစာရင်း "တွင် ဖော်ပြထားသည်။ မြန်မာ့အကောက်ခွန်နှုန်းထားစာရင်း (၂၀၁၇) အရ အကောက်ခွန်နှုန်းထား တိုးမြှင့်ကောက်ခံမည့်ပစ္စည်းများမှာ ပြည်ပကတင်သွင်းသည့် ဘတ်စ်ကား၊ ကုန်တင်ယာဉ်များအပြင် လူသုံးကုန်၊ စားသောက်ကုန်များဖြစ်သော ပြည်ပကတင်သွင်းသည့် ဘိလပ်မြေ၊ အိမ်သုံးဆား၊ အသင့်သောက် ကော်ဖီမစ် (Instant Coffee)၊ ပြည်တွင်းတွင် စိုက်ပျိုးထွက်ရှိသော အသီးအနှံများ၊ မီးဖိုချောင်သုံး ကြက်သွန်ဖြူ ကြက်သွန်နီ၊ ပန်းများ၊ ပရိဘောဂများ စသည်တို့ဖြစ်ကြောင်း သိရသည်။

ယင်းကုန်စည်များကို ယခင်က အကောက်ခွန်ကောက်ခံရာတွင် မြန်မာ့အကောက်ခွန်နှုန်းထားစာရင်း (၂၀၁၂) အရ ကောက်ခံခဲ့ပြီး ယခု ၂၀၁၇ အကောက်ခွန်နှုန်းထားအသစ်ဖြင့် ကောက်ခံခြင်းသည် အကြောင်းရှိပါသည်။ ယင်း ပြည်ပမှတင်သွင်းရသည့် ကုန်စည်အချို့သည် တင်သွင်းမှုပမာဏများပြားသည့် ကုန်စည်များဖြစ်ခြင်း၊ ပြည်တွင်း၌လည်း ထုတ်လုပ်နိုင်သည့် ထုတ်ကုန်ဖြစ်နေခြင်း၊ သက်ဆိုင်ရာအသင်းအဖွဲ့များကလည်း သဘောထားမှတ်ချက်ပေးခြင်း စသည့်အကြောင်းကိစ္စများကြောင့် အကောက်ခွန်နှုန်းထား တိုးမြှင့်သတ်မှတ်လိုက်ရခြင်းဖြစ်သည်ဟု သက်ဆိုင်ရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

၂၀၁၇ အောက်တိုဘာ ၁ ရက်ကစ၍ စတင်ကောက်ခံနေပြီဖြစ်သည့် အကောက်ခွန်နှုန်းထားအသစ်များမှာ ပြည်ပကတင်သွင်းလာသည့်ဘိလပ်မြေကို ယခင်တစ်ရာခိုင်နှုန်းမှ ယခုသုံးရာခိုင်နှုန်းသို့ လည်းကောင်း၊ အိမ်သုံးဆားကို ယခင် ၁၀ ရာခိုင်နှုန်းမှ ယခု ၂၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ အသင့်သောက်ကော်ဖီမစ်ကို ယခင် ၁၅ ရာခိုင်နှုန်းမှ ယခု ၂၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ ပြည်တွင်းတွင် စိုက်ပျိုးထွက်ရှိသည့် အသီးအနှံများကို ပြည်ပက တင်သွင်းလာခြင်းအတွက် ယခင် ၁၅ ရာခိုင်နှုန်းမှ ယခု ၃၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ ကြက်သွန်ဖြူ ကြက်သွန်နီကို ယခင် သုည ဒသမ ၅ နှင့် တစ်ရာခိုင်နှုန်းမှ ယခု ၁၀ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ပြည်ပကတင်သွင်းလာသည့် ပန်းများကိုလည်း ယခင်ငါးရာခိုင်နှုန်းမှ ယခု ၁၅ ရာခိုင်နှုန်းသို့ လည်းကောင်း၊ ပရိဘောဂများကိုလည်း ယခင် ၁၅ ရာခိုင်နှုန်းမှ ယခု ၂၀ ရာခိုင်နှုန်းသို့ လည်းကောင်း ပြောင်းလဲသတ်မှတ်ကောက်ခံနေပြီဖြစ်သည်။

ထို့ပြင် ဘတ်စ်ကားနှင့် ကုန်တင်ယာဉ်များ အနေဖြင့်လည်း ယခင် သုံးရာခိုင်နှုန်းကောက်ခံနေရာက ယခု ၁၀ ရာခိုင်နှုန်းသို့ လည်းကောင်း၊ CKD စနစ် (Complete Knocked Down) ဖြင့် တင်သွင်းထုတ်လုပ်သည့် ဘတ်စ်ကားနှင့်ကုန်တင်ယာဉ်များကိုလည်း ယခင် သုံးရာခိုင်နှုန်းမှ ယခု ၇ ဒသမ ၅ ရာခိုင်နှုန်းသို့ တိုးမြှင့်ကောက်ခံမည်ဖြစ်သည်။ အိမ်သုံး လူစီး မော်တော်ယာဉ်များအတွက်မူ ယခင်အတိုင်း မပြောင်းလဲဘဲ အင်ဂျင်ပါဝါ ၂၀၀၀ စီစီနှင့်အောက် မော်တော်ယာဉ်များကို ၃၀ ရာခိုင်နှုန်း၊ အင်ဂျင်ပါဝါ ၂၀၀၀ စီစီအထက် မော်တော်ယာဉ်များကိုလည်း ယခင်ရာခိုင်နှုန်းအတိုင်း ၄၀ ရာခိုင်နှုန်းဖြင့်သာ ကောက်ခံမည်ဖြစ်သည်။ သို့သော် CKD စနစ်ဖြင့် တင်သွင်းပြီး ပြည်တွင်းတွင် တပ်ဆင်ထုတ်လုပ်ရောင်းချမည့် လူစီးအိမ်သုံးမော်တော်ယာဉ်များကိုမူ ယခင်ကောက်ခံခဲ့သည့်နှုန်းထားကို လျှော့ချပြီး ကောက်ခံမည်ဟု သိရသည်။ ယခင် CKD စနစ်ဖြင့် တင်သွင်းသည့် လူစီးအိမ်သုံးမော်တော်ယာဉ်များကို အကောက်ခွန်ကောက်ခံရာတွင် ၃၀ ရာခိုင်နှုန်းဖြင့်ကောက်ခံခဲ့သည်။ သို့သော် ယခု လျှော့ချကောက်ခံရာတွင် ၂၀၀၀ စီစီအောက် အိမ်သုံးယာဉ်များကို ၃၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ ၂၀၀၀ စီစီအထက်ယာဉ်ကို ၄၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းသို့လည်းကောင်း လျှော့ချကောက်ခံမည်ဖြစ်သည်။

ပြည်ပကတင်သွင်းလာသော ပြည်တွင်း၌လည်း စိုက်ပျိုးထုတ်လုပ်နိုင်သော ကုန်ပစ္စည်းများအား အကောက်ခွန်ဘာကြောင့် တိုးမြှင့်ကောက်ခံရသနည်း။ အကြမ်းဖျင်း စဉ်းစားမိသည်ကတော့ နိုင်ငံခြားသုံးငွေ အမေရိကန်ဒေါ်လာနှင့် ဥရောပယူရိုငွေကြေး၊ ဗြိတိသျှပေါင် စတာလင်ငွေကြေးများ အလဟဿ မလျှော့ပါးစေရေးအတွက်ဟု မြင်မိသည်။ တစ်နည်းအားဖြင့် နိုင်ငံခြားငွေ ယိုပေါက်၊ စိမ့်ပေါက်များကို ဖာထေးခြင်းလည်း ဖြစ်နိုင်သည်။ ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်နေ၊ အလျှံပယ်လည်း ထွက်နေသည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ၊ မီးဖိုချောင်သုံးကြက်သွန်ဖြူ ကြက်သွန်နီနှင့် ချင်း၊ နနွင်း၊ အိမ်သုံးဆား၊ ပန်းမန်အမျိုးမျိုးနှင့် သစ်အချောထည်ပစ္စည်း၊ ပရိဘောဂအိမ်ထောင်အသုံးအဆောင်ပစ္စည်းများအား နိုင်ငံခြားက မှာယူတင်သွင်းနေလျှင် နိုင်ငံခြားငွေ အလဟဿဖြစ်ရသည်။ ထို့ပြင် မြန်မာနိုင်ငံတွင် ကမ္ဘာ့အဆင့်အတန်းမီသည့် ကော်ဖီကို စိုက်ပျိုးထုတ်လုပ်နိုင်သည်။ ကော်ဖီကောင်းကောင်းထွက်သည့်အပြင် နိုင်ငံခြားသို့ပင် ပြန်လည်တင်ပို့နိုင်သည့် အခြေအနေရှိသည်။ ပြည်တွင်း စက်မှုဇုန်အချို့တွင်လည်း အသင့်သောက်ကော်ဖီအထုပ်များ တံဆိပ်အမျိုးမျိုးဖြင့် တစ်ဟုန်ထိုးထွက်ရှိနေသည်။ ယင်းအနေအထားတွင် နိုင်ငံခြားမှ ကော်ဖီမစ်အထုပ်များ ပြန်သွင်းနေရခြင်းမှာ အဓိပ္ပာယ်မရှိဖြစ်နေသည်။ ထို့ကြောင့် နိုင်ငံခြားက တင်သွင်းနေသော ပြည်တွင်း၌လည်းအဆင့်မီမီထုတ်လုပ်နိုင်သည့် စားသောက်ကုန်နှင့်လူသုံးကုန်အချို့ကို အကောက်ခွန်တိုးမြှင့်ကောက်ခံရခြင်းသည် ပြည်တွင်းဖြစ်ကိုအားပေးစေရေး တွန်းအားပေးခြင်းတစ်မျိုး ဖြစ်သလို ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးထွန်းကားရေးကိုလည်း သွယ်ဝိုက်သောနည်းဖြင့် တွန်းအားပေးသည်ဟုမြင်မိသည်။

ထိုသို့ပြည်ပကတင်သွင်းနေသော ကုန်စည်အချို့ကို အကောက်ခွန်နှုန်းထား တိုးမြှင့်ကောက်ခံသောအခါ စားသုံးသူပြည်သူများအဖို့ ဘာများထိခိုက်နစ်နာစရာရှိသနည်းဟု မေးဖွယ်ရာရှိသည်။ ထိခိုက်နစ်နာစရာတော့ ထွေထွေထူးထူး မရှိပါ။ ရှိနိုင်သည်က ထိုကုန်စည်အချို့ထဲက နိုင်ငံခြားနာမည်ကြီးအမှတ်တံဆိပ်နှင့် ကုန်ပစ္စည်းအချို့ ဈေးနှုန်းအနည်းငယ်မြင့်တက်လာဖွယ်ရှိနိုင်သည်။ မြင့်လည်း မြင့်တက်ခဲ့ပါသည်။ ယင်းနိုင်ငံခြားနာမည်ကြီးအမှတ်တံဆိပ် ကုန်ပစ္စည်းအချို့ ဈေးအနည်းငယ်မြင့်တက်ခြင်းသည် သာမန်စားသုံးသူပြည်သူ လူထုသို့ ရိုက်ခတ်မှုမရှိခဲ့ပါ။ သာမန်ပြည်သူလူထုက ဝင်ငွေထွက်ငွေ အခြေအနေအရပြည်တွင်းဖြစ်ကိုပဲ အားပေးနေကြသည်ကများသည်။ မြန်မာနိုင်ငံတွင် လူလတ်တန်းစားများတိုးပွားလာနေသည်။ လူလတ်တန်းစားများထဲက အချို့သောသူတို့သည် နိုင်ငံခြားကလာသော နိုင်ငံခြားဖြစ်နာမည်ကြီးအမှတ်တံဆိပ် ကုန်ပစ္စည်းများကိုသာရွေးချယ်ပြီး အသုံးပြုချင်နေကြသည်။ ယင်းသို့အသုံးပြုနိုင်မှ လူနေမှုအဆင့်အတန်းမြင့်သည်။ ခေတ်နှင့်အညီ နေထိုင်နိုင်သည်ဟု အထင်ရှိသူများရှိနေသည်။ နိုင်ငံခြားကလာမှ သုံးချင်ခြင်း၊ နိုင်ငံခြားဖြစ် နာမည်ကြီးအမှတ်တံဆိပ်ကိုမှ အထင်ကြီးခြင်းဆိုသည့်ကိစ္စသည် လူတစ်ဦးချင်းစီ၏ အတွေးအခေါ်၊ အယူအဆ၊ ကိုယ်ပိုင်လွတ်လပ်ခွင့် ကိစ္စဖြစ်၍ အပြစ်ပြောစရာတော့မရှိပါ။ သို့သော်နိုင်ငံတော်နှင့်ချိန်၍ စဉ်းစားမည်ဆိုလျှင်တော့ နိုင်ငံခြားကလာသည့် သရက်သီး၊ ငှက်ပျောသီး၊ နိုင်ငံခြားအမှတ်တံဆိပ်ကပ်ထားသော ဘဲဥ၊ ကြက်ဥ၊ ကြက်အူချောင်း၊ ဝက်အူချောင်း၊ နိုင်ငံခြားတွင် ထုပ်ပိုးထားသည့် ကော်ဖီမစ်၊ နိုင်ငံခြားဖြစ် ပန်းစည်း၊ ပန်းခြင်း စသည်စသည်ပစ္စည်းများ ဝယ်သုံးသူရှိ၍တင်သွင်းနေရပါသည်ဆိုလျှင် နိုင်ငံခြားငွေ လေလွင့် မည်ဖြစ်သည်။

မြန်မာနိုင်ငံသည် လက်ရှိကာလတွင် နိုင်ငံခြားငွေကြေးကို ချွေချွေတာတာစုစုဆောင်းဆောင်း လုပ်နေရသည့် အခြေအနေဖြစ်သည်။ နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့လာစေရေးအဘက်ဘက်က ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်နေစဉ်အတွင်း နှစ်စဉ်ကုန်သွယ်ရေး လိုငွေကွာဟမှု လျော့ကျအောင်လည်း ဆောင်ရွက်နေရသေးသည်။ ကုန်သွယ်ရေးလိုငွေလျော့ကျစေလိုလျှင် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပို့ကုန်ပစ္စည်းပိုမိုထုတ်လုပ်နိုင်ဖို့လိုသည်။ ပို့ကုန်အမယ်သစ်များ၊ ထုတ်လုပ်ကုန်စည်အသစ်များ စွန့်ဦးတီထွင်ရှာဖွေဖော်ထုတ်ရဦးမည်လည်းဖြစ်သည်။ ဒီအခြေအနေ၊ ဒီအနေအထားများအရ မြန်မာနိုင်ငံက နိုင်ငံခြားငွေကြေးအလေအလွင့်မရှိစေရေး ဦးစားပေး ဆောင်ရွက်ရမည်။ ပြည်တွင်း၌ထုတ်လုပ်နိုင်သော ကုန်ပစ္စည်းများ နိုင်ငံခြားမှတင်သွင်းမှုကို လျှော့ချရေးစီစဉ်ရမည်။ စီစဉ်ရာတွင် နိုင်ငံခြားက အဆိုပါပစ္စည်းများ မတင်သွင်းရဟု အမိန့်အာဏာဖြင့် ပိတ်ပင်တားဆီး၍မရ။

မြန်မာနိုင်ငံသည် ဒီမိုကရေစီ အသွင်ပြောင်းနေသောနိုင်ငံဖြစ်သည်။ ဈေးကွက်စီးပွားရေးစစ်စစ်ဖြစ်ရေး ဖော်ထုတ်ဆောင်ရွက်နေသည့် နိုင်ငံဖြစ်သည်။ ထို့ကြောင့် စီးပွားရေးကဏ္ဍတွင်လည်း ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ပြုပြင်ပြောင်းလဲရမည်။ မူဝါဒ၊ နည်းဗျူဟာ၊ ပညာအမြော်အမြင်သုံးရမည်။ ၂၀၁၇ မြန်မာ့အကောက်ခွန်နှုန်းထား ပြောင်းလဲသတ်မှတ်ကောက်ခံခြင်းသည် ထိုရည်ရွယ်ချက်များကို ဦးတည်သည်ဟုမြင်သည်။ ချုပ်ရလျှင် မြန်မာနိုင်ငံသည် နိုင်ငံခြားငွေကြေးလေလွင့်ခြင်းကို ပိတ်ဆို့ကာကွယ်ရမည်။ နိုင်ငံခြားဖြစ်စားသောက်ကုန်ပစ္စည်းများ တင်သွင်း မှုလျော့ကျရေးအတွက် အကောက်ခွန်တိုးမြှင့်ကောက်ခံသည်မှာ မှန်ကန်သည်။ နိုင်ငံခြားဖြစ် စားသောက်ကုန်ပစ္စည်းများနေရာတွင် ပြည်တွင်းဖြစ်ပစ္စည်းများဖြင့် အစားထိုးရမည်။ သို့သော် ပြည်တွင်း ဖြစ်သည် နိုင်ငံခြားဖြစ်ကဲ့သို့ အရည်အသွေးကောင်းမွန်ဖို့လိုသည်။ ဝန်ဆောင်မှုလည်း ကောင်းမွန်ရမည်။ ယင်းသည်ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ လုပ်လျှင် ဖြစ်နိုင်သည်။ နိုင်ငံခြားဖြစ်စားသောက်ကုန်ပစ္စည်းကဲ့သို့ အရည်အသွေး ပြည့်မီသောပစ္စည်းများပြည်တွင်းလုပ်ငန်းရှင်များ ထုတ်လုပ်နိုင်ကြပါသည်။ လုပ်လျှင်ဖြစ်ပါသည်။ အစိုးရကလည်း အားပေးထောက်ပံ့မှုလိုပါမည်။

❑

စာမျက်နှာ (၈) ဈေးကွက်တွင် မျက်နှာပန်းလှ ...... မှအဆက်

ထိုကဲ့သို့ ဈေးကွက်အလားအလာနှင့် ဝယ်လိုအားကောင်း မွန်သော မိမိတို့၏ သစ်သီးဝလံပို့ကုန်များအား ပိုမိုကောင်းမွန်သော ထုပ်ပိုးမှုပုံစံများအသုံးပြု၍လည်းကောင်း၊ ထိုသစ်သီးဝလံများအား အဆင့်မြင့်နည်းပညာများအသုံးပြု၍ သစ်သီးဝလံ အသုံးပြုသွားရည်စာ/မုန့်များအဖြစ်လည်းကောင်း၊ Preserved Fruit ပုံစံများဖြင့်လည်းကောင်း Value Added ပြုလုပ်၍ နိုင်ငံတကာအဆင့်မီ ထုတ်လုပ် မှုပုံစံများဖြင့် ထုတ်လုပ်နိုင်ပါက ဈေးကောင်းပိုမိုရရှိနိုင်မည်ဖြစ်ပါသည်။

ထို့အပြင် အဓိကတင်ပို့လျက် ရှိသည့် တရုတ်နိုင်ငံအပြင် အခြားသောဝယ်လိုအားရှိသည့် နိုင်ငံများသို့ ဈေးကွက်တိုးချဲ့ တင်ပို့နိုင်ရေး အတွက် ၎င်းနိုင်ငံများမှကြိုက်နှစ်သက်သည့် စားသုံးမှုပုံစံများ၊ အရည်အသွေးထိန်းသိမ်းမှု ပုံစံများအား လေ့လာကာ မိမိနိုင်ငံရှိ ထုတ်လုပ်မှုပုံစံများအား အဆင့်မြှင့်တင်၍ ထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက နိုင်ငံတကာဈေးကွက်အား ပိုမိုထိုးဖောက်ရရှိ၍ မြန်မာ့သစ်သီးဝလံဈေးကွက် ပိုမိုကောင်းမွန်လာမည်ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။



# မကွေးမြို့ ကားကြီးကွင်း၌ ပုဂ္ဂလိကပိုင် လုပ်ငန်းသုံးမော်တော်ယာဉ်လိုင်းများ သကြၤန်ကာလ ကားလက်မှတ်ဈေးတက်ပါက မကွေးတိုင်းဒေသကြီး စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC) သို့ တိုင်ကြားနိုင်

ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်လိုင်းများအား စားသုံးသူအကာအကွယ်ပေးရေးနှင့် ဝန်ဆောင်မှုဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောခြင်းကို မတ်လ ၂၁ ရက်က မကွေးမြို့၊ ကားကြီးကွင်း၊ ကွပ်ကဲရေးရုံးတွင် ပြုလုပ်ခဲ့ရာ ပုဂ္ဂလိကပိုင်လုပ်ငန်းသုံး မော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီ၏ ကွပ်ကဲမှုလက်အောက်ရှိ မော်တော်ယာဉ်လိုင်းပေါင်းစုံ ယာဉ်လိုင်းအသီးသီးမှ ဂိတ်မှူးများ၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်နောက်လိုက်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီး၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်အေးအေးမိုးက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပါ စားသုံးသူများ၏ ရပိုင်ခွင့်နှင့် လိုက်နာရမည့် တာဝန်များ၊ ဝန်ဆောင်မှုကဏ္ဍနှင့်စပ်လျဉ်း၍ လုပ်ငန်းရှင်များ လိုက်နာရမည့်အချက်များ၊ မိမိကြော်ငြာထားသည့်အတိုင်း ဆောင်ရွက်ပေးရမည့် အကြောင်းအရာများနှင့် ဆောက်လုပ်ရေးနှင့် အိမ်ပြင်ဆင်ခြင်း၊ ဆက်သွယ်ရေးဆိုင်ရာ တိုင်ကြားချက်များ၊ စားသောက်ဆိုင်၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဝန်ဆောင်မှု၊ ကျန်းမာရေး ဝန်ဆောင်မှု၊ ပညာရေးဝန်ဆောင်မှု၊ အဆင့်မြင့် ပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုများတွင် အငြင်းပွားဖွယ်ရာ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများဖြစ်သော ယာဉ်ထွက်ချိန် စနစ်တကျ မှန်ကန်မှုမရှိခြင်း၊ အာမခံကတိကဝတ်အတိုင်း ဆောင်ရွက်ပေးမှုမရှိခြင်း၊ သတ်မှတ်အရေအတွက်ထက် ခရီးသည်များပိုမိုတင်ဆောင်ခြင်း၊ Air Con Bus ဖြစ်သော်လည်း Air Con အသုံးမပြုခြင်း၊ အကြောင်းတစ်စုံတစ်ရာကြောင့် လမ်းခရီးတွင်ယာဉ်ပျက်ပါက ယာဉ်အားအချိန်မီ အစားထိုးပေးနိုင်မှုမရှိခြင်း၊ သင်္ကြန်ကာလတွင် ကားလက်မှတ်များအား ပုံမှန်ဈေးထက်အဆမတန် ဈေးတင်ရောင်းချခြင်း စသည်တို့ဖြစ်ပေါ်လာပါက ခရီးသွားပြည်သူများအနေဖြင့် မကွေးတိုင်းဒေသကြီး စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ (CICC)သို့တိုင်ကြားမှုများ ရှိလာနိုင်ပါကြောင်း၊ ထိုသို့တိုင်ကြားလာပါက ပထမဦးစွာ တာဝန်ရှိသူများအား ခေါ်ယူတွေ့ဆုံခြင်း၊ အဖွဲ့စုံဖြင့် ရှောင်တခင်စစ်ဆေးခြင်း၊ တိုင်ကြားလာမှုအပေါ် စုံစမ်းစစ်ဆေး ခြင်း၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းစစ်ဆေး၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် တိုင်းဒေသကြီး အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ အရေးယူပိုင်ခွင့်ဖြစ်သည့် စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ ပုဒ်မ (၁၉)ပါအရ စီမံခန့်ခွဲမှု နည်းလမ်းများဖြင့် အရေးယူဖြေရှင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသေးစိတ်ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် မော်တော်ယာဉ်လိုင်းပေါင်းစုံ ဂိတ်မှူးများနှင့် ယာဉ်မောင်းများမှ သိလိုသည်များ မေးမြန်းမှုပေါ် ပြန်လည်ဖြေရှင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများအား ဝန်ဆောင်မှုဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။ **စန္ဒာစိုးလွင် (မကွေး)**

## ရန်ကုန်မြောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၈) ကျင်းပ

ရန်ကုန်မြောက်ပိုင်းခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၃/၂၀၁၈)ကြိမ်မြောက် အစည်းအဝေးကို မြောက်ပိုင်းခရိုင် ခရိုင်အုပ်ချုပ်ရေးမှူးရုံး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန စည်သူခန်းမ၌ မတ်လ ၂၆ ရက်က ကျင်းပခဲ့ပြီး အစည်းအဝေးသို့ အဖွဲ့ဝင်များ၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၁၄ ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်တင်စိုးက ယခင်လအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ယခုလတွင် ခရိုင်အတွင်းရှိ ဈေး၊ မြို့နယ်/ရပ်ကွက်ကျေးရွာများသို့ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ မိတ်ဖက်ဌာနများနှင့်ပူးပေါင်း၍ ခရိုင်အတွင်းရှိ ရပ်ကွက်ကျေးရွာများ၊ ဆေးဆိုင်များနှင့် ဈေးများသို့ကွင်းဆင်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ၊ ဖေဖော်ဝါရီလအတွင်း မြောက်ပိုင်းခရိုင်ဦးစီးမှူးရုံးသို့ လူကိုယ်တိုင်လာရောက်တိုင်ကြားလာသည့် အရစ်ကျစနစ်ဖြင့်ဝယ်ယူခဲ့သော စပါးရိတ်သိမ်းခြွေစက် ဝယ်ယူခဲ့မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် စေ့စပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ဆွေးနွေးတင်ပြခဲ့ပြီး ရှေ့ဆက်၍ ခရိုင်ဦးစီးမှူးရုံးအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများတွင် အသိပညာပေးဟောပြောခြင်း၊ ဈေးကွက်စုံစမ်း ထောက်လှမ်းခြင်း၊ စားသုံးသူ တိုင်ကြားမှုများကို လက်ခံဖြေရှင်းဆောင်ရွက်ခြင်း၊ အခါအားလျော်စွာ သတိပေး တားမြစ်ချက်များကို ထုတ်ပြန်ကြေညာခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် ခရိုင်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များမှ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ဝိုင်းဝန်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။ **ထားလှိုင် (ရန်ကုန်)**

## ပုသိမ်မြို့တွင် Kubota Pathein အရောင်းပြခန်းအသစ်ဖွင့်ပွဲ ပြုလုပ်

Tharaphu Soe Myint Group of Companies အုပ်စုရှိ Crown Kubota Myanmar Company Limited မှ လယ်ယာသုံးစက်ပစ္စည်း Kubota Pathein အရောင်းပြခန်းအသစ်ကို ပုသိမ်မြို့၊ မြတ်တိုရပ်ကွက်၊ အမှတ် (၁၆၉-ဘီ)တွင် ဖွင့်လှစ်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားကို မတ်လ ၂၅ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အရောင်းပြခန်းတွင် နောက်ဆုံးပေါ် လယ်ယာသုံးစက်ပစ္စည်းများဖြစ်သည့် ထွန်စက်အမျိုးမျိုး၊ ရိတ်သိမ်းခြွေလှေ့စက်၊ လက်တွန်းထွန်စက်၊ ကောက်စိုက်စက်၊ မြေတူးစက်များကို လက်ငင်း ငွေချေစနစ်ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကဆောင်ရွက်နေသော တိုင်းဒေသကြီးဖြစ်သည့်အတွက် တောင်သူများ အဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ရန် AGD ဘဏ်၊ မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ်များနှင့် ချိတ်ဆက်၍ လည်းကောင်း၊ တစ်နှစ်သို့မဟုတ် နှစ်နှစ် အရစ်ကျစနစ်ဖြင့် ရောင်းချပေးသွားမှာဖြစ်ပြီး စက်ပစ္စည်းပြခန်းနှင့်အတူ ကုမ္ပဏီမှ အပိုပစ္စည်းရောင်းချပေးမှုနှင့် ဝန်ဆောင်မှုအတွက်လည်း စီစဉ်ထားရှိကြောင်း၊ လက်ရှိအချိန်တွင် ရိတ်သိမ်းခြွေလှေ့စက်များ အများဆုံးရောင်းချရလျက်ရှိကြောင်း ကုမ္ပဏီမှ တာဝန်ရှိသူ ဦးနိုင်လင်းဦးထံမှ စုံစမ်းသိရှိရသည်။ **မင်းမင်းဦး(ပုသိမ်)**

# ရန်ကုန်ကားဈေးကွက် ဆက်လက်အေးနေဆဲ

မတ်လနောက်ဆုံးပတ်၏ ရန်ကုန်ကားဈေးကွက် အခြေအနေမှာ ပြီးခဲ့သည့်ရက်သတ္တပတ်တွင် ကားအင်ဂျင်ပါဝါအလိုက် အထူးကုန်စည်ခွန် အနည်းငယ်လျှော့ချပေးသည့် သတင်းထုတ်ပြန်ခဲ့သော်လည်း ကားဈေးကွက်မှာ ယခင်အတိုင်းပင် အရောင်းအဝယ်အေး စက်နေဆဲပင်ဖြစ်ပြီး ကားပွဲစားတန်းများတွင် ပါဝါနိမ့်ကား အနည်းငယ်နှင့် အလဲအထပ် အနည်းငယ်သာအလုပ်ဖြစ်ကြောင်း သိရသည်။

လက်ရှိကားဈေးကွက်ထဲတွင် ဖြစ်ပေါ်နေသည်မှာ အင်ဂျင်ပါဝါသေးကားများ၊ သိန်း ၃၀၀ အထက် အင်ဂျင်ပါဝါကြီးကားများနှင့် ဘယ်မောင်းတစ်ပတ်ရစ် (အနည်းငယ်သုံးပြီး) ကားများထဲတွင် အင်ဂျင်ပါဝါသေးကားများသာ အရောင်းအဝယ်အနည်းငယ်ရှိပြီး ကျန်ကားများမှာ ဈေးကွက်အေးသည့်အပြင် အမေးပါနည်းနေကြောင်း သိရသည်။

ယင်းသို့ ကားဈေးကွက်အရောင်းအဝယ်နည်းကာ ဈေးကွက်အေးနေရခြင်းမှာ သုံးစွဲသူအများစုနှင့်ယာဉ်ဝယ်ရောင်းအများစုမှာ မတ်လတတိယပတ်က သိရှိလာရသော အထူးကုန်စည်ခွန်နှုန်းထားမှာ အနည်းငယ်သာလျှော့ချခဲ့ပြီး အများမျှော်လင့်သလို ဝင်ငွေခွန်နှုန်းထားလျှော့ချခဲ့မှုမရှိဘဲ ယခင်နှစ်များအတိုင်းသာ အပြောင်းအလဲမရှိဆက်လက်ကောက်ခံသွားမည်ဖြစ်ကြောင်း သိရှိရသဖြင့်လည်းကောင်း၊ ၂၀၁၈ ယာဉ်တင်သွင်းမှုမူဝါဒအရ ဘယ်မောင်းများသာ တင်သွင်းခွင့်ရှိပြီး ယင်းကားများမှာ စတင်ဈေးကွက်ဝင်ရောက်လာစက ယခုလောက်လူကြိုက်မများသော်လည်း လက်ရှိမှာ လူကြိုက်များရောင်းအားကောင်းနေပြီး အရောင်း ဖွင့်လှစ်ရာတွင် ဘဏ်များနှင့် ချိတ်ဆက်ကာ ကာလရှည်အတိုးဖြင့် အရစ်ကျဈေး သတ်မှတ်ရောင်းချပေးသဖြင့် အတော်အတန်နေရာရလာကြောင်း၊ သိန်း ၂၀၀ အထက်ကားများ ဝယ်ယူရန်လျာထားသူများမှာ ညာမောင်းဂျပန်ကား ကီလို တစ်သိန်းနီးပါးနှင့် ယခုဘယ်မောင်းကားသစ် ဇီးရိုးကီလိုနှင့် ချိန်ထိုးလျှင် Brand New ကားများဘက်သာ အားသာပြီး ဝယ်ယူသူများလာ၍ ဈေးကွက်ရလာခြင်းဖြစ်ကြောင်း၊ ယင်းအခြေအနေအား ထိန်းသိမ်းထားနိုင်ပါက ဂျပန်ညာမောင်းကားအဟောင်းများ အသုံးပြုသူနည်းသွားပြီး ဈေးကွက်ထိန်းညှိမှုအခြေအနေဖြင့်လည်း ပြောင်းလဲလာသော မူဝါဒအရ ဈေးကွက်အတွင်းရောက်ရှိသည့် ကားသစ်များနှင့် ကားဟောင်းများမျှခြေဖြစ်လာနိုင်ကြောင်း၊ သို့ရာတွင် ချက်ချင်းမဖြစ်နိုင်သေးဘဲ ရှေ့နှစ်ဆန်းပိုင်းမှသာ မူဝါဒထပ်ပြောင်းမပြောင်း၊ ပြည်တွင်းထုတ်ကားများ လိုအပ်ချက်ပြည့်မီ၊ မမီစောင့်ကြည့်ရမည်ဖြစ်၍ အသုံးပြုပြီး ကားဟောင်းများ ဈေးကွက်ဆက်လက်မာနေနိုင်ကြောင်း ရှင်းပြသွားသည်။

လာသည့်ကားများထဲတွင် အင်ဂျင်ပါဝါအလိုက်သတ်မှတ်သည်ဖြစ်၍ ထပ်မံတင်သွင်းလာမည့်ကားများသာ ခံစားခွင့်ရှိပြီး စီအိုင်အက်ဖ်တန်ဖိုးများလေ အခွန်ရာနှုန်းသက်သာလေဖြစ်၍ အင်ဂျင်ပါဝါကြီးကားများထပ်မံတင်သွင်းလာနိုင်ခြေရှိပြီး လက်ရှိဈေးကွက်ထဲရှိ အင်ဂျင်ပါဝါကြီးကားများ ရောင်းလိုသူများပြီး ဝယ်လိုသူနည်းနေကြောင်း သိရသည်။

SN

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဗီလ်ဒါ (၂၀၀၄) | I | ၁၉၂ သိန်း | 1.5 ဓာတ်ဆီ၊ ရန်ကုန် |
| ၂။ | ရက်တစ် (၂၀၁၀) | J | ၁၅၅ သိန်း | 1.5 ဓာတ်ဆီ၊ ရန်ကုန် |
| ၃။ | ကရောင်း/ဆလွန်း (၂၀၀၂) | E | ၂၃၅ သိန်း | 2.5 ဓာတ်ဆီ၊ ရန်ကုန် |
| ၄။ | မတ်ခ်တူး (၂၀၀၃) | F | ၂၁၅ သိန်း | 2.5 ဓာတ်ဆီ၊ နယ်၊ ရုပ်ပြောင်း |
| ၅။ | အက်ဇီယို (၂၀၁၁) | ယာယီ | ၂၇၈ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၆။ | ကာလ်ဒီးနား (၂၀၀၁) | စီစီ | ၁၇၈ သိန်း | 2.0 ဓာတ်ဆီ၊ ရန်ကုန် |
| ၇။ | ဝှရ်ှ (၂၀၀၃) | I | ၂၃၈ သိန်း | 1.8 ဓာတ်ဆီ၊ ရန်ကုန် |
| ၈။ | ဟွန်ဒါဖစ်/ ရှပ်တဲလ်(၂၀၁၂) | HH | ၂၂၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |
| ၉။ | ပရိုဘောက် (၂၀၁၀) | J | ၁၅၅ သိန်း | 1.3 ဓာတ်ဆီ၊ ရန်ကုန် |

## ပုသိမ်မြို့ ITEC သင်တန်းကျောင်းတွင် 4 Skills of Japanese Language Course သင်တန်းဖွင့်လှစ်

ပုသိမ်မြို့ Information Technology Education Center (ITEC) သင်တန်းကျောင်းနှင့် ဂျပန်နိုင်ငံ Ko Korize Japan LTD တို့ ပူးပေါင်း၍ ဂျပန်ဘာသာကို ဂျပန်ဆရာဖြင့် သင်ကြားပေးမည့် သင်တန်းဖွင့်လှစ်ရန် သဘောတူ စာချုပ်လက်မှတ်ရေးထိုးပွဲကို အမှတ် ၂၉၊ ရှင်ပင်ဘုန်းပွင့်လမ်း ITEC သင်တန်းကျောင်းတွင် မတ် ၂၄ ရက်က ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ဧပြီလ ၂ ရက်တွင် စတင်ဖွင့်လှစ်၍ တနင်္လာနေ့မှ ဗုဒ္ဓဟူးနေ့အထိ တစ်ပတ်လျှင် သုံးရက်ဖြင့် နှစ်လကြာသင်ကြားပေးမှာဖြစ်ပြီး သင်တန်းတွင် Minnanonihongo သင်ရိုးကို အသုံးပြုကာ ဂျပန်နိုင်ငံ၏ စံအသံထွက်များ၊ တိုကျိုမြို့သား အသံထွက်များကို စံထားလျက် 4 Skills of Japanese Language Course ဂျပန်စာပေကို နားထောင်စွမ်းရည်၊ အပြောစွမ်းရည်၊ အရေးစွမ်းရည်၊ အဖတ်စွမ်းရည်များအား အသံထွက်မှန်ကန်စေရန် ဂျပန်ဆရာများ၏ အသံဖိုင်များဖြင့် သင်ကြားပေးမှာဖြစ်ပြီး ယခုလက်ရှိ သင်တန်းတက်ရောက်ရန် လာရောက်အပ်နှံမှုများနှင့် မေးမြန်းစုံစမ်းမှုများ လည်းရှိကြောင်း၊ သင်တန်းတက်ရောက်နေစဉ် သင်တန်းသားများ၏ တိုးတက်မှု၊ ကျွမ်းကျင်မှုအခြေအနေနှင့် စကားသံများကို သင်တန်း၏ Facebook စာမျက်နှာရှိ ဗီဒီယိုဖိုင်များတွင် ဝင်ရောက်လေ့လာနိုင်သလို ဂျပန်သံရုံးမှာ စာမေးပွဲဖြေဆိုလိုပါက ဖြေဆိုနိုင်ရန် ဆောင်ရွက်ပေးမှာဖြစ်ကြောင်း၊ ယခင်ဂျပန်စကားသင်ယူလိုပါက ရန်ကုန်မြို့သို့ သွားရောက်ရပြီး ယခုလို ပုသိမ်မြို့မှာ ဂျပန်ဘာသာစကားသင်တန်းစတင်ဖွင့်လှစ်ပေးနိုင်သည့်အတွက် ဂျပန်စကားလေ့လာသင်ယူမည့် ခေတ်ပညာတတ်လူငယ်များအတွက် အချိန်ကုန်/ စရိတ်စက ကုန်ကျငွေ သက်သာစွာဖြင့် အဆင်ပြေစွာ သင်ယူနိုင်မှာဖြစ်ကြောင်း ITEC သင်တန်းကျောင်းမှ သင်တန်းဆရာ ဦးထွန်းဇံဖြိုးထံမှ စုံစမ်းသိရှိရသည်။

ရောမြေ(ပုသိမ်)

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဟောင်ကောင်မြို့တွင် ကျင်းပမည့် ကုန်စည်ပြပွဲများ

၂၀၁၈ ခုနှစ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်မြို့ရှိ Hong Kong Convention and Exhibition Center တွင် Hong Kong Electronics Fair (Spring Edition)၊ Hong Kong Houseware Fair & Home Textiles Fair 2018၊ Hong Kong Gifts & Premium Fair နှင့် Belt & Road Summit ကျင်းပပြုလုပ်မည်ဖြစ်ပြီး အောက်ဖော်ပြပါ ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်-

(က) Hong Kong Electronics Fair (Spring Edition) (၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၃ ရက်မှ ၁၆ ရက်ထိ)

(ခ) Hong Kong Houseware Fair & Home Textiles Fair 2018 (၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့မှ ၂၃ ရက်ထိ)

(ဂ) Hong Kong Gifts & Premium Fair (၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၇ ရက်မှ ၃၀ ရက်အထိ)

(ဃ) Belt & Road Summit (၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၈ ရက်)

အဆိုပါပြပွဲများသို့ မြန်မာနိုင်ငံမှ စိတ်ပါဝင်စားသော လုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ပြီး ပြပွဲသို့သွားရောက်ပြသမည့် လုပ်ငန်းရှင်များအနေဖြင့် အသေးစိတ်သိရှိလိုပါက www.hktdc.com/ hkelectronicsfairse၊ www.hktdc.com/hkhousewarefair၊ www.hktdc. com/hkgifts premiumfair၊ www.beltandroadsummit.hk များသို့ သက်ဆိုင်ရာတစ်ခုချင်းစီအလိုက် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းနှင့် စိတ်ပါဝင်စားပါက မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ၊ ဖုန်း-၀၆၇ ၄၃၀၄၄၆၊ ၄၃၀၄၄၇၊ ဖက်စ် - ၀၆၇ ၄၃၀၁၂၈ ၊ E-mail: moctradefair@gmail.com သို့လည်းကောင်း၊ မြန်မာကုန်သွယ်မှုဗဟိုဌာန (ရန်ကုန်မြို့)၊ဖုန်း-၀၁ ၂၅၄၀၂၄၊ ဖက်စ်-၀၁ ၂၅၄၀၂၃ သို့လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ဆုမွန်သိန်း (TD)

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက စွန့်လွှတ်အပ်နှံသည့် မြေအား မူလပိုင်ရှင်သို့ ပြန်လည်ပေးအပ်ခြင်း အခမ်းအနားကျင်းပခဲ့

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနက စွန့်လွှတ်အပ်နှံလာသည့် ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာအုပ်စု ကွင်းအမှတ် ၉၇၉၊ ကျောက်ဖျာကန်အနောက်ကွင်း၊ ဦးပိုင်အမှတ် (၇၃) မြေဧရိယာ သုည ဒသမ ၉၅ ဧကရှိ ရွာမြေကိုနိုင်ငံတော်မှ မူလပိုင်ရှင်သို့ပြန်လည်ပေးအပ်သည့် အခမ်းအနားကို မတ်လ ၂၉ ရက် ညနေ ၄ နာရီတွင် ၎င်းကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းကင်းဝန် ခန်းမ၌ ကျင်းပပြုလုပ်ရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည် တက်ရောက်၍ အဖွင့်အမှာ စကားပြောကြားခဲ့သည်။ ထို့နောက် ပုလဲမြို့နယ် လယ်မြေနှင့် အခြားမြေ များသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌက သိမ်းဆည်းမြေနှင့် ပတ်သက်၍ ဖြေရှင်း ဆောင်ရွက်ပေးမှုအဆင့်ဆင့်ကို လည်းကောင်း၊ စွန့်လွှတ်အပ်နှံသည့် ဝန်ကြီး ဌာနကိုယ်စား ယင်းမာပင်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးဦးဖေသန်းဝင်းက မြေအသုံးချရခဲ့မှုအားလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြပြီး ဝန်ကြီးက မူလပိုင်ရှင် ဦးမိုးဇော်လင်းထံ မူလပိုင်ရှင်မှန်ကန်ကြောင်း (ပုံစံ-၃) အား ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

ခိုင်မို့မို့(မြင်းမူ)

## International Trade Basic Course (Weekend Programme) (Batch-3) သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပမည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကုန်သွယ်မှုပညာပေးရေး ဌာနခွဲ၊ ကုန်သွယ်မှု သင်တန်းကျောင်း (ရန်ကုန်)သည် ရန်ကုန်တိုင်းဒေသကြီး၊ ရုံးအမှတ် (၂၂၈/၂၄၀)၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်တွင် တည်ရှိပြီး ကုန်သွယ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ နည်းလမ်းများနှင့် ကုန်သွယ်ရေး ဗဟုသုတများ ပြန့်ပွားတွင်ကျယ်စေရန် ရည်ရွယ်၍ သင်တန်းများဖွင့်လှစ်ပို့ချလျက်ရှိသည်။

အဆိုပါသင်တန်းကျောင်းသည် International Trade Basic Course (Weekend Programme) (Batch-3) သင်တန်းအားဖွင့်လှစ်လျက်ရှိပြီး သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီလ (၇) ရက်၊ နံနက် (၉:၀၀) နာရီတွင် ကုန်သွယ်ရေးဦးစီးဌာန (ရန်ကုန်ရုံး) ၏ ပဥ္စမထပ်ရှိ ညီလာခံခန်းမတွင်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

ကြည်သာသစ်နိုင်

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

(၁) မြန်မာကုန်သွယ်မှုဗဟိုဌာန (Myanmar Trade Center) ဖုန်း-၀၁ ၂၅၄၀၂၄ ဖက်စ်- ၀၁ ၂၅၄၀၂၃ အီးမေးလ်-itpic.moc@gmail.com

(၂) Myanmar-EU Trade Help Desk ဖုန်း- ၀၉ ၄၃၀ ၄၁ ၈၄၇ အီးမေးလ်- mmeu.tradehelpdesk@gmail.com

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |



## (၇) နေ့ သားသမီးများအတွက်
## စီးပွားရေး အကြံပေး ဟောကိန်း
## ၂-၄-၂၀၁၈ မှ ၈-၄-၂၀၁၈ ရက်နေ့ထိ

**ဒေါ်မြတ်မြတ်အေး**
**(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)**



**တနင်္ဂနွေသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင်မည်သို့သောလုပ်ငန်းမျိုးကို လုပ်ကိုင်ဆောင်ရွက်ရန် ဆုံးဖြတ်မှုဝေဝါးနေတတ်သည်။ အလှဆင်လုပ်ငန်းများ၊ အလှပြုပြင်ရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ အကျိုးပေးတတ်ပါသည်။ ပညာရေးကောင်းနေမည်။ စိတ်သဘောတူညီမည်ဟုထင်မှတ်ထားသူနှင့်ချစ်ခင်ကြင်နာနေမည်။ အိမ်ထောင်ရေးပျော်ရွှင်ကြည်နူးမှုများရှိနေမည်။ ကျန်းမာရေးတွင် အပူကြီးခြင်း၊ ဖျားနာခြင်း၊ သွေးအားနည်းခြင်း ဝေဒနာခံစားရတတ်သည်။

**ယတြာ။ ။လက်ဖက်ထမင်းလှူပေးပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများအတွက်လူမှုရေးပိုများလာတတ်သည်။ ငွေကြေးအကျိုးအမြတ်များနှင့်ကံကောင်းတတ်သည်။ ဂျုံနှင့်ဂျုံထွက်ပစ္စည်းများ၊ အာဟာရစားသောက်ကုန်လုပ်ငန်းများ အကျိုးပေးပါသည်။ ပညာရေးတွင်အရှေ့ပိုင်းပညာရပ်နှင့် အကျိုးပေးသည်။ အချစ်ရေးကောင်းပါသည်။ အိမ်ထောင်မရှိသေးလျှင် အိမ်ထောင်ကျရန် အခြေအနေဖြစ်နေတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အူကျခြင်း၊ လိပ်ခေါင်းရောဂါဖြစ်ခြင်း၊ သားအိမ်ကျခြင်း၊ အကြောအားနည်းခြင်းတို့ဖြစ်တတ်ပါသည်။

**ယတြာ။ ။ထောပတ်ထမင်းလှူပါ။**



**အင်္ဂါသားသမီးများအတွက်** မိမိကိုယ်တိုင်ကြိုးစားအားထုတ်မှု၊ အပင်ပန်းခံမှုတို့ကြောင့် အဆင်ပြေ၍အမြတ်အစွန်းများရရှိနေတတ်ပါသည်။ ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်း၊ မြေတွင်းထွက်ပစ္စည်းများနှင့် ပတ်သက်သောလုပ်ငန်းများ အကျိုးပေးနေတတ်ပါသည်။ ပညာရေးကံကောင်းနေမည်။ မိမိမျှော်လင့်သောချစ်သူနှင့်ဆုံဆည်းရတတ်သည်။ အိမ်ထောင်ရေး ပျော်ရွှင်မှုရှိမည်။ ကျန်းမာရေးတွင် မျက်စိနှင့်ပတ်သက်သော ဝေဒနာခံစားရတတ်ပါသည်။

**ယတြာ။ ။နို့အေးလှူဒါန်းပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** အနုပညာနှင့်ပတ်သက်သောစီးပွားရေးလုပ်ငန်းအထူးအောင်မြင်မှုရရှိနေတတ်သည်။ ပန်းချီ၊ ပန်းပု၊ အဆို၊ အက၊ အတီးအမှုတ်များနှင့် ပတ်သက်သောစီးပွားရေးလုပ်ငန်းများမှ ဝင်ငွေတိုးတက်မှုရှိနေတတ်ပါသည်။ ပညာရေးကောင်းနေမည်။ အချစ်ရေးတွင် ပြန်လည်ဆုံဆည်းရတတ်သည်။ အိမ်ထောင်ရေးပဋိပက္ခလေးများရှိနေတတ်ပါသည်။ ကျန်းမာရေးတွင် ပိုးမွှားများကိုက်ခြင်းကြောင့် အနာရောဂါဖြစ်တတ်သည်ကို သတိရှိပါ။

**ယတြာ။ ။ရှောက်ယိုလှူဒါန်းပါ။**



**ကြာသပတေးသားသမီးများအတွက်** လုပ်ကိုင်ဆောင်ရွက်သောစီးပွားရေးလုပ်ငန်းများမှ အောင်မြင်ဖြစ်ထွန်းမှုရှိနေတတ်သည်။ အကျိုးဆောင်စီးပွားရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းတို့နှင့် ပတ်သက်၍ ဝင်ငွေအားကောင်းနေတတ်ပါသည်။ ပညာရေးတိုးတက်မှုရှိနေမည်။ အချစ်ရေးတွင် ချစ်ခင်သူများ ဝိုင်းလည်နေခြင်းကြောင့် ရွေးချယ်ရခက်နေတတ်သောသဘောရှိလိမ့်မည်။ ကျန်းမာရေးတွင် ဦးခေါင်းကိုက်ဝေဒနာအကြောနှင့်ပတ်သက်သောဝေဒနာတို့ကို ခံစားရတတ်သည်။

**ယတြာ။ ။ ဘုရားရောင်တော်များ ဖွင့်ပေးပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများလောဘတက်နေ၍ မနိုင်မနင်းဖြစ်ပြီး လစ်ဟင်းမှုများရှိလာတတ်သည်။ ဟိုတယ်လုပ်ငန်း၊ အားကစားပစ္စည်းနှင့်ပတ်သက်ပြီး စီးပွားရေးလုပ်ငန်းများ အကျိုးထူးအောင်မြင်မှုရှိနေတတ်ပါသည်။ ပညာဉာဏ်စွမ်းထက်မြက်မှုအားကောင်းနေသည်။ အချစ်ရေးတွင် အကျိုးပြုမည့်ချစ်သူများနှင့်ကြုံရတတ်သည်။ အိမ်ထောင်ရေးကံကောင်းနေမည်။ ကျန်းမာရေးတွင် အဆီ၊ အဆိမ့်ကြောင့် ဝေဒနာဖြစ်တတ်သည်။

**ယတြာ။ ။ အသုပ်စုံအပေါင်းအသင်းတို့ကို ကျွေးပါ။**



**စနေသားသမီးများအတွက်** လုပ်ငန်းများကြန့်ကြာမှုရှိနေမည်။ မျှော်မှန်းမှုမရရှိဖြစ်နေတတ်သည်။ ရေနံနှင့်ရေနံထွက်ပစ္စည်းများထုတ်လုပ်ရောင်းဝယ်ပါက အကျိုးအမြတ်များရရှိမည့်ကာလဖြစ်သည်။ ပညာရေးကြိုးစားအားထုတ်ရမည်။ အချစ်ရေးတွင် သဘောထားတိုက်ဆိုင်မှုမရှိသူ၏ လွှမ်းမိုးမှုကိုခံရတတ်သည်။ ကျန်းမာရေးတွင် အနာဟောင်းမှ ခံစားရသော ဝေဒနာကို သတိပြုသင့်ပါသည်။

**ယတြာ။ ။ ဘာသာရေးတစ်ခုခုအဓိဋ္ဌာန်ပြုပါ။**

# ကယားပြည်နယ်အတွင်း ကုန်စည်တင်သွင်းမှုနှင့် ကုန်စည်စီးဆင်းမှုအခြေအနေများ

မတ် ၂၁ ရက်မှ ၂၈ ရက်အတွင်း ကယားဒေသထွက် ဧည့်မထဆန်လို့ခေါ်တဲ့ ရွှေရင်အေးဆန်နဲ့ တရုတ်မွှေးဆန်အမျိုးအစားတို့ဟာ တရုတ်နိုင်ငံဈေးကွက်အကြိုက်ဆန် ဖြစ်တဲ့အတွက် အရောင်းသွက်လှပါတယ်။ ကယားပြည်နယ်မှ မူဆယ်သို့ ဆန်တန်ချိန် ၂၇၇ တန်ခန့် တင်ပို့ထားရာ ယခင်တစ်ပတ်ထက် ဆန်တန်ချိန် ၁၄၇ တန်ခန့် တင်ပို့မှုပိုမိုလာပါတယ်။ ကယားပြည်နယ်အတွင်းသို့ ဆန်တင်ပို့မှုကို လေ့လာကြည့်ရာမှာ ပြည်မဘက်က ၃၆ တန်နဲ့ ရွှေဘိုက ၁၂၅ တန် တင်သွင်းလာတာကြောင့် ဆန်တန်ချိန် စုစုပေါင်း ၁၆၁ တန်တင်သွင်းလာကြောင်း သိရှိရပါတယ်။

ပြောင်းဖူးစေ့တင်ပို့မှုမှာလည်း ရန်ကုန်တိရစ္ဆာန် အစာအစာ ထုတ်လုပ်တဲ့ လုပ်ငန်းအတွက် တန်ချိန်အားဖြင့် ၁၁၆ တန်ကိုလည်းကောင်း၊ မူဆယ်-ရွှေလီဘက်ကို တန်ချိန်အားဖြင့် ၉၄ တန်တင်ပို့ခဲ့ပြီး ပြောင်းတင်ပို့မှု စုစုပေါင်း တန်ချိန် ၂၁၀ ခန့် တင်ပို့ထားပြီး ယခင်တစ်ပတ်ထက် ပြောင်းတန်ချိန်ပေါင်း ၅၈ တန်ခန့် တင်ပို့မှု လျော့နည်းလာခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဒီလိုလျော့နည်းလာရခြင်းမှာ တောင်သူသီးနှံလက်ကျန် နည်းပါးလာခြင်းကြောင့်ဖြစ်သည်ဟု တောင်သူများထံမှ လေ့လာသိရှိရပါတယ်။

ကုန်ဈေးနှုန်းများအနေဖြင့် မတ်လ ၂၈ ရက်နေ့ထိ ပြောင်း(ခြောက်) အထိုင်ဈေး တစ်ပိဿာ ဈေးနှုန်းမှာ ကျပ် ၅၂၀၊ စပါးတင်း(၁၀၀)ဈေးနှုန်းမှာ ကျပ် ၇၈၀၀၀၀၊ ပေါ်ဆန်း ဆန်တစ်အိတ်လျှင် ကျပ် ၅၈၀၀၀၊ ပေါ်ကွဲဆန်တစ်အိတ်လျှင် ကျပ် ၂၆၅၀၀၊ ဧည့်မထ(ဒေသ)ဆန်တစ်အိတ်လျှင်ကျပ် ၂၈၀၀၀၊ ငစိန်ဆန် တစ်အိတ်လျှင်ကျပ် ၂၄၀၀၀၊ ပဲဆီ တစ်ပိဿာ(လက်လီ) ကျပ် ၅၇၀၀၊ နှမ်းဆီ တစ်ပိဿာလျှင်(လက်လီ) ကျပ် ၅၂၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် (လက်လီ) ကျပ် ၂၅၀၀ ရှိပြီး ဈေးကွက်အတွင်း အသား/ငါး ဈေးနှုန်းများမှ ကြက်(မွေးမြူရေး) တစ်ပိဿာ ကျပ် ၆၀၀၀၊ ဝက်(မွေးမြူရေး) တစ်ပိဿာ ကျပ် ၇၀၀၀၊ အမဲ (မွေးမြူရေး) တစ်ပိဿာ ကျပ် ၁၁၀၀၀၊ ဆိတ် (မွေးမြူရေး) တစ်ပိဿာ ကျပ် ၁၆၀၀၀၊ ငါး (ငါးမြစ်ချင်း) အလတ် တစ်ပိဿာ ကျပ် ၅၅၀၀ ဖြစ်သည်ဟု ကယားပြည်နယ် စားသုံးသူကုန် ဈေးနှုန်းသတင်းများအရ သိရှိရပါတယ်။

**ဖြိုးဝေအောင် (လွိုင်ကော်-ကယား)**

# ရော်ဘာဈေးကျပြီး တင်ပို့မှုလည်းလျော့ကျ

မတ်လ ၁၇ ရက်မှ ၂၃ ရက်အထိ သီတင်းပတ်အတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်နဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၆၄ သန်းတန်ဖိုးရှိ ရော်ဘာ ၁၂၅၂ တန်တင်ပို့ခဲ့ပါတယ်။ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တင်ပို့မှုများမှာ RSS-1 အမျိုးအစား ၆၄၅ တန်ခန့်နဲ့ MSR-20 အမျိုးအစား ၃၅၇ တန်ကျော်၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ RSS-3 အမျိုးအစားတန် ၂၅၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က မူဆယ်နဲ့ချင်းရွှေဟော်မှ ရော်ဘာ ၁၉၀၇ တန်နီးပါးတင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၆၅၅ တန် လျော့ကျခဲ့တာ တွေ့ရပါတယ်။ ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်ရဲ့ရော်ဘာဈေးမှာ RSS-3 အမျိုးအစားတစ်တန်လျှင် ၁၆ ဒသမ ၂၀၈ သိန်းဖြစ်ပြီး ယခင်တစ်ပတ်ဈေးထက် တစ်တန်ကို ကျပ် ၁၆၉၀ ဈေးကျကြောင်း သိရပါတယ်။

မတ်လ ၁၈ ရက်မှ ၂၄ ရက်အထိ ကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၁၅ သန်းတန်ဖိုးရှိ ရော်ဘာ ၈၆၈ တန်ကို ဂျပန်၊ တရုတ်၊ ကိုရီးယားနဲ့ မလေးရှားနိုင်ငံများသို့ တင်ပို့ခဲ့ပါတယ်။ ဂျပန်နိုင်ငံသို့ MSR-20 အမျိုးအစား ၉၉ တန်ကျော်၊ တရုတ်နိုင်ငံသို့ MSR-20 အမျိုးအစား ၁၀၁ တန်နဲ့ RSS 3 အမျိုးအစား တန်ချိန် ၂၀၀၊ ကိုရီးယားနိုင်ငံသို့ MSR-20 အမျိုးအစား ၈၈ တန်ကျော်နဲ့ မလေးရှားနိုင်ငံသို့ RSS-3 အမျိုးအစား တန်ချိန် ၁၈၀နဲ့ MSR-20 အမျိုးအစား တန်ချိန် ၂၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ရော်ဘာ ၁၁၀၉ တန် တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ်မှာ ၂၄၁ တန်လျော့ကျခဲ့ပါတယ်။



ယခုတစ်ပတ်မှာ ရော်ဘာတင်ပို့မှုလျော့ကျသလို ရော်ဘာဈေးလည်း တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၀ မှ ၁၀၀ ခန့်အထိ ဈေးကျကြောင်းသိရပါတယ်။ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ဈေးနှုန်းထုတ်ပြန်ချက်အရ RSS အမျိုးအစားအတွက် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ ဈေးကျပြီး MSR အမျိုးအစားအတွက် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၅၀ ခန့်ဈေးကျကြောင်းသိရပါတယ်။

| | | | |
|---|---|---|---|
| RSS-1 | တစ်တန်လျှင် | အမေရိကန်ဒေါ်လာ | ၁၃၅၀ - ၁၄၀၀ |
| RSS-2 | တစ်တန်လျှင် | အမေရိကန်ဒေါ်လာ | ၁၃၀၀ - ၁၄၀၀ |
| RSS-3 | တစ်တန်လျှင် | အမေရိကန်ဒေါ်လာ | ၁၂၅၀ - ၁၃၅၀ |
| RSS-4 | တစ်တန်လျှင် | အမေရိကန်ဒေါ်လာ | ၁၂၀၀ - ၁၃၀၀ |
| RSS-5 | တစ်တန်လျှင် | အမေရိကန်ဒေါ်လာ | ၁၁၅၀ - ၁၂၅၀ |
| MSR-3 L | တစ်တန်လျှင် | အမေရိကန်ဒေါ်လာ | ၁၇၅၀ - ၁၈၅၀ |
| MSR-10 | တစ်တန်လျှင် | အမေရိကန်ဒေါ်လာ | ၁၄၀၀ - ၁၅၀၀ |
| MSR-20 | တစ်တန်လျှင် | အမေရိကန်ဒေါ်လာ | ၁၂၅၀ - ၁၃၅၀ |
| MSR-50 | တစ်တန်လျှင် | အမေရိကန်ဒေါ်လာ | ၁၁၅၀ - ၁၂၀၀ |
| Crepe Rubber | တစ်တန်လျှင် | အမေရိကန်ဒေါ်လာ | ၁၂၅၀ - ၁၃၅၀ |

**ယဉ်ယဉ်အေး**

**စာမျက်နှာ (၃) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ...... မှအဆက်**

အသီးသီးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ကိုယ်စားပြုပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနမှပေးအပ်သည့်တာဝန်များအပြင် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ ဌာန/အဖွဲ့အစည်းများနှင့်လည်း လိုက်လျောညီထွေစွာ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားတိုးတက်ရေးကိုလည်း ကြိုးစားဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ စားသုံးသူများ အကျိုးစီးပွားကိုကာကွယ်ဆောင်ရွက်ခြင်းအပြင် စားသုံးသူများ၏ သက်သာချောင်ချိရေးကိုလည်း စဉ်းစားဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီး ကံရွာလေးကျေးရွာရှိ ASW ပဲခွဲစက်၊ နှမ်းလှော်လုပ်ငန်းနှင့် ပဲနှမ်း ရောင်းဝယ်ရေးစက်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်းနှမ်းများ အဆင့်ဆင့် ကုန်ချောထုတ်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**MOC (IR)**

# ပြည်တွင်းဈေးကွက် ပိုမိုရရှိလာပါက ယိုးဒယားနိုင်ငံထုတ်ဖိနပ်များအား ပြည်တွင်း၌ ထုတ်လုပ်သွားမည်

ပြည်တွင်းသို့ ယိုးဒယားနိုင်ငံထုတ် ဖိနပ်များတင်သွင်းရာတွင် ယခုထက် ဈေးကွက်ပိုမိုရရှိလာပါက ပြည်တွင်း၌ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ဇော်မြန်မာစတားကုမ္ပဏီမှ သိရသည်။

ပြည်တွင်းဖိနပ်ဈေးကွက်တွင် တရုတ်နိုင်ငံထုတ်ဖိနပ်များနှင့် ယိုးဒယား နိုင်ငံထုတ်ဖိနပ်များမှာ ဈေးကွက်တွင်း သုံးစွဲမှုအများဆုံးဖိနပ်များဖြစ်ပြီး ယိုးဒယားဖိနပ်များသုံးစွဲမှု ပိုမိုတိုးတက်လာပါက ယိုးဒယားဖိနပ် Brand များအား ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ထိုင်းနိုင်ငံမှာ ထုတ်ရတာက ကုန်ကြမ်းရရှိမှုနဲ့ နည်းပညာရရှိမှု အဆင်ပြေတဲ့အတွက် ထုတ်လုပ်တင်သွင်းတာပါ။ နောက်ပိုင်းကျရင် ဟိုမှာပညာရှင်မွေးပြီး မြန်မာနိုင်ငံမှာလည်း ထုတ်လုပ်သွားမှာပါ။ အခုလည်း ဈေးသင့်ပြီး ကွာလတီကောင်းတဲ့ ယိုးဒယားဖိနပ်တွေကို တင်သွင်းတာပါ။ အခုဆိုရင် ကိုယ်ပိုင်တံဆိပ်တွေလည်း ထုတ်လုပ်ထားပါတယ်"ဟု ဇော်မြန်မာစတားကုမ္ပဏီ၏ Founder ဦးဇော်နီက ပြောသည်။

လက်ရှိတွင် ယိုးဒယားနိုင်ငံထုတ်ဖိနပ်များအား လက်လီလက်ကား ရောင်းချနိုင်ရန်အတွက် ရွှေမြန်မာစတားဆိုင်ကိုဖွင့်လှစ်ခဲ့ပြီး ယိုးဒယားနိုင်ငံထုတ် Govusoft Brand ကို မြန်မာပြည်တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ်တင်သွင်းနေကြောင်း၊ တခြားဖိနပ်များကိုလည်း ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့် တင်သွင်းဖြန့်ချိလျက်ရှိကြောင်း သိရသည်။

■

# ဖျော်ဖြေရေးကဏ္ဍများပါဝင်သည့် Big 9 Go အက်ပလီကေးရှင်းသစ် မိတ်ဆက်

ဖျော်ဖြေရေးကဏ္ဍများပါဝင်သည့် Big 9 Go အက်ပလီကေးရှင်းသစ်ကို စတင်မိတ်ဆက်လိုက်ပြီဖြစ်သည်။

Big 9 Go အက်ပလီကေးရှင်းမှာ ပြည်တွင်းထုတ် ဖျော်ဖြေရေးဝန်ဆောင်မှု အက်ပလီကေးရှင်းဖြစ်ပြီး Iron Cross Music Band မှ လေးဖြူနှင့် မျိုးကြီးတို့မှ ဦးစီးဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။




"ဒီအက်ပလီကေးရှင်းမှာ Iron Cross ရဲ့ သီချင်းတွေအပြင် Life Style၊ ဖျော်ဖြေရေး၊ ဖက်ရှင်နဲ့ အလှအပရေးရာ၊ ကျန်းမာရေး၊ အားကစား၊ ခရီးသွားတင်ဆက်မှု စတဲ့ကဏ္ဍတွေကို ကြည့်ရှုနိုင်ပါတယ်။ ဒီလိုမျိုး Big 9 နဲ့ ပူးပေါင်းဆောင်ရွက်နိုင်တဲ့အတွက်လည်း ဝမ်းသာပါတယ်။ သုံးတဲ့သူတွေအနေနဲ့လည်း ဖုန်းထဲမှာ သီချင်းတွေ၊ ဗီဒီယိုတွေကိုသိမ်းဖို့ နေရာပေးစရာမလိုဘဲ ကွန်ရက်ပေါ်ကနေ တိုက်ရိုက်ကြည့်လို့ရပါပြီ"ဟု MPT-KSGM Joint Operations ၏ Chief Commercial Officer Mr.Rezio Umeda က ပြောသည်။

အဆိုပါအက်ပလီကေးရှင်းတွင် နောက်ဆုံးပေါ်တေးဂီတရုပ်သံဗွီဒီယိုများကို ကြည့်ရှုနိုင်မည့်အပြင် အထူးသီးသန့်ဖျော်ဖြေရေးအစီအစဉ်များကိုလည်း တွေ့မြင်ရမည်ဖြစ်ကြောင်း သိရသည်။

MPT သုံးစွဲသူများအနေဖြင့် Big 9 Go အက်ပလီကေးရှင်းကို တစ်ရက်လျှင် ၉၉ ကျပ်နှုန်းဖြင့် ဝန်ဆောင်မှုရယူနိုင်မည်ဖြစ်ပြီး ဝန်ဆောင်မှုစတင်သုံးစွဲသူများအနေဖြင့် တစ်ပတ်အခမဲ့သုံးစွဲခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

# ပြည်တွင်းဈေးကွက်အတွက် ရည်ရွယ်ထုတ်လုပ်ထားသည့် ခနောငါးမှုန့် ထုတ်ကုန်သစ် မိတ်ဆက်

မြန်မာနိုင်ငံဈေးကွက်အတွက် အထူးရည်ရွယ်ထုတ်လုပ်ထားသည့် ခနောငါးမှုန့်အသစ် မိတ်ဆက်ပွဲကို မတ်လ ၂၆ ရက်တွင် Novotel Hotel ၌ ကျင်းပခဲ့သည်။

အဆိုပါ ခနောငါးမှုန့်ကို စိုက်ပျိုးမွေးမြူရေးခြံများမှရသည့် ပါဝင်ပစ္စည်းများအသုံးပြု၍ ကျွမ်းကျင်သည့် စားဖိုမှူးများ၏အကူအညီနှင့် အရည်အသွေးမြင့်မားစွာ ထုတ်လုပ်ထားခြင်းဖြစ် ကြောင်း သိရသည်။

"ငါးဆိုတာ မြစ်၊ ပင်လယ်တို့ကနေ လတ်လတ်ဆတ်ဆတ်ရနိုင်တဲ့ သဘာဝဟင်းအမယ်မျိုးဖြစ်ပြီး ကျန်းမာရေးကို အထောက်အကူဖြစ်စေမယ့် အကျိုးကျေးဇူးတွေလည်းပါရှိပါတယ်။ ခနောငါးမှုန့်က ငါးညှီနံ့အရမ်းမစူးပဲ သဘာဝ ငါးစစ်စစ်ရဲ့ အချိုအရသာကိုခံစားနိုင်အောင် အရည်အသွေးမြင့် ရေချိုငါးကြင်းကနေ ရောစပ်ထုတ်လုပ်ထားပါတယ်။ ကောင်းမွန်တဲ့အနံ့အတွက် ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ချင်းတို့နဲ့ အချိုးကျရောစပ်ထုတ်လုပ်ထားပါတယ်"ဟု ခနော၏ Brand Manager ဖြစ်သူ မချောစုစုဋ္ဌေးက ပြောသည်။

ခနောအနေဖြင့် ယခုထုတ်လုပ်လိုက်သည့် ခနောငါးမှုန့်အပြင် ခနောကြက်သားမှုန့်၊ ခနောသံပုရာမှုန့်နှင့် ခနောဆန်ပြုတ်တို့ကို ပြည်တွင်းဈေးကွက်အတွင်း ဖြန့်ချိထားပြီး ခနောငါးမှုန့် ကိုလည်း အရွယ်အစားသုံးမျိုးထုတ်လုပ်ထားကြောင်း သိရသည်။ ရောင်းချရာတွင်လည်း ၁၄ ဂရမ်ကို ကျပ် ၁၀၀၊ ၈၅ ဂရမ်ကို ကျပ် ၅၀၀ နှင့် ၃၅၀ ဂရမ်ကို ကျပ် ၁၇၀၀ တို့ဖြင့် ရောင်းချသွားမည် ဖြစ်ကြောင်း သိရသည်။

# Yummy Hot Pot & BBQ ဆိုင်သစ် ဖွင့်လှစ်

Yummy Hot Pot & BBQ ဆိုင်သစ်ကိုပါရမီလမ်းပေါ်ရှိမြမဉ္ဇူလမ်းထိပ်တွင် ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

အဆိုပါဆိုင်သစ်တွင် ရောင်းချမည့်ဟော့ပေါ့နှင့်အကင်မျိုးစုံကို အဝစားပုံစံဖြင့် ရောင်းချပေးမည်ဖြစ်ပြီး ဆိုင်သစ်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အဖြစ် တစ်ပတ်အတွင်း လာရောက်စားသုံးသူများကိုလည်း ၄၀ ရာခိုင်နှုန်းဒစ်စကောင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီဆိုင်ကို ညီအစ်မတွေစုပြီး ရှယ်ယာသဘောမျိုးနဲ့ ဖွင့်ထားတာပါ။ အဝစားပုံစံနဲ့ ရောင်းမှာဖြစ်ပြီး ဈေးနှုန်းကို တစ်သောင်းခွဲ သတ်မှတ်ထားပါတယ်။ အခုတစ်ပတ်အတွင်း လာစားတဲ့သူတွေကို ၄၀ ရာခိုင်နှုန်းလျှော့ပေးမှာပါ။ တခြားဆိုင်တွေထက် မလျှော့အောင်ကြိုးစားပြီး လုပ်ထားပါတယ်။ မန္တလေးမှာ ဖွင့်တာတော့ သုံးနှစ်လောက်ရှိပြီ။ အခုမှ ရန်ကုန်မှာ ပထမဆုံးဖွင့်တာပါ။ လောလောဆယ် ဒီဆိုင်ကိုပဲအောင်မြင်အောင် လုပ်သွားမှာပါ"ဟု ဆိုင်ပိုင်ရှင် မသီသီစန်းက ပြောသည်။

Yummy Hot Pot & BBQ ဆိုင်တွင် လာရောက်စားသုံးသူများအတွက် အချိုပွဲကို တခြားဆိုင်များထက်သာအောင် ပြုလုပ်ပေးထားမည်ဖြစ်ပြီး သန့်ရှင်းလတ်ဆတ်သော ကုန်ကြမ်းများကိုသာ အသုံးပြုထားကြောင်း သိရသည်။

■

## Lay's Patato Chip အား ပြည်တွင်းဈေးကွက်အတွင်း စတင်မိတ်ဆက်

Pepsi-Cola(Thai) Trading Co.,Ltd မှ ထုတ်လုပ်ဖြန့်ချိသည့် Lay's Patato Chips အား ပြည်တွင်းဈေးကွက်အတွင်းသို့ စတင်မိတ်ဆက်လိုက်ပြီဖြစ်သည်။

Lay's Patato Chips ကို ကမ္ဘာတစ်ဝန်းရှိ နိုင်ငံရပ်ခြားဈေးကွက်များသို့ အရသာပေါင်း ၂၀၀ ကျော်ဖြင့် ထိုးဖောက်ဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအတွက် အရသာလေးမျိုးကိုသာ စတင် မိတ်ဆက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကမ္ဘာ့နံပါတ်တစ်စားသောက်ကုန် ကို မိတ်ဆက်ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ စားသုံးသူတွေအတွက် စိတ်ကျေနပ်မှုပေးနိုင်မယ်လို့လည်း ယုံကြည်ပါတယ်။ အရသာရှိတဲ့အာလူးကြော်ကို ပြည်တွင်းကလူတွေအတွက် ဈေးကွက်ထဲအရောက်ပို့ပေးမှာပါ"ဟု Pepsi-Cola(Thai) Trading Co.,Ltd မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါအာလူးကြော်ကို ဖွဲနုဆီဖြင့် ကြော်ထားပြီး မူလအာလူးအရသာ (သို့မဟုတ်) လေးနက်သည့်အရသာ၊ နော်ရီပင်လယ်ရေညှိအရသာ၊ ကင်းမွန်ငရုတ်သီးအစပ်အရသာနှင့် ပင်စိမ်းရွက် အချိုအရသာစသည့် အရသာလေးမျိုးတို့ကို ပြည်တွင်းဈေးကွက်အတွင်း မိတ်ဆက်ခြင်းဖြစ်ကြောင်း သိရသည်။

# အချိန်ကုန်သက်သာစေမည့် Kaizen 10 Minute Haircut ဆံပင်ညှပ်ဆိုင်ခွဲသစ် ဖွင့်လှစ်

ဆံပင်ညှပ်ရန်အတွက် အချိန်အကြာကြီးမလိုအပ်ဘဲ ၁၀ မိနစ်ဖြင့် Customer စိတ်ကြိုက်ညှပ်ပေးနိုင်သည့် Kaizen 10 Minute Haircut ဆံပင်ညှပ်ဆိုင် ဆိုင်ခွဲကို ရန်ကုန်မြို့ရှိ City Mall St.John တွင် ဖွင့်လှစ်ခဲ့သည်။




အဆိုပါဆံပင်ညှပ်ဆိုင်ကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး လက်ရာသပ်ရပ်၍ ဆန်းသစ်သောဆံပင်ပုံစံများကိုလည်း ဈေးနှုန်းသက်သာစွာ ဝန်ဆောင်မှုပေးနေခြင်းဖြစ်ကြောင်း သိရသည်။

Kaizen သည် ဆံပင်ညှပ်ရာတွင် မြန်ဆန်ခြင်း၊ စတိုင်လ်ကျခြင်းတို့အပြင် အသုံးပြုသည့်ပစ္စည်းများအား ပိုးသတ်ထားခြင်း၊ ရေမလိုဘဲ လေစုပ်သည့်နည်းပညာဖြင့် သန့်စင်ပေးခြင်းတို့ကြောင့် နိုင်ငံတကာမှ အသိအမှတ်ပြုထားကြောင်း သိရသည်။

လက်ရှိတွင် Kaizen 10 Minute Haircut ဆိုင်များကို Junction City, City Mall St.John, City Mart Shwe Pin Lone တို့တွင် ဖွင့်လှစ်ထားပြီး သင်္ကြန်အပြီးတွင်လည်း ဆိုင်ခွဲထပ်မံဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ချောစု စုစည်းသည်

# အကြားအာရုံချို့တဲ့နေသော ကလေးငယ်များရိုက်ကူးသည့် ဓာတ်ပုံစာအုပ်ထုတ်ဝေရန် စီစဉ်

ရန်ကုန်မြို့၏ စိတ်ဝင်စားဖွယ် ပုံရိပ်များကို အကြားအာရုံချို့တဲ့သော ကလေးငယ်များ၏ မျက်လုံးများမှ တစ်ဆင့် မြင်တွေ့ရသော ပုံရိပ်များပါဝင်သောစာအုပ်ကို ယခုနှစ်ကုန်ပိုင်းတွင် ထုတ်ဝေသွားမည်ဖြစ်ပြီး နိုင်ငံတကာသို့ ဖြန့်ချိသွားမည်ကြောင်း သတင်းရရှိသည်။

အဆိုပါစာအုပ်ကို အီတလီ ပရဟိတအသင်း Link For Aid၊ ကမ္ဘာကျော်ဓာတ်ပုံဆရာ Francesca Moscheni နှင့် မြန်မာနိုင်ငံအခြေစိုက် Samsung ၊ Sule Shangri-La ၊ Asian Trails၊ Red Dot တို့ ပူးပေါင်းပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီစာအုပ်ကို အကောင်အထည်ဖော်ဖို့ အကြားအာရုံချို့တဲ့နေတဲ့ ကလေးရှစ်ယောက်ကို ဓာတ်ပုံရိုက်ခြင်းမှတစ်ဆင့် သူတို့ရဲ့မမြင်တွေ့နိုင်တဲ့ စွမ်းရည်နဲ့ ပါရမီကိုဖော်ပြသွားဖို့ ရည်ရွယ်ပါတယ်။ Samsung ရဲ့ ပံ့ပိုးမှုကြောင့် နောက်ဆုံးပေါ် နည်းပညာတွေရရှိထားတဲ့အတွက် Mary Chapman ကျောင်းက အသက် ၁၂ နှစ်မှ ၁၅ နှစ်အရွယ် ကလေးတွေဟာ နောက်ဆုံးပေါ် နည်းပညာတွေကို အသုံးပြုပြီး ဒီပရောဂျက်ကို အကောင်အထည် ဖော်ကြမှာပါ။ Farncessa Moscheni နေ့စဉ်ဓာတ်ပုံသင်တန်းရဲ့ လမ်းညွှန်သင်ကြားမှုအောက်မှာ ကလေးတွေဟာ သူတို့ရဲ့ အမြင်အာရုံကတစ်ဆင့် စမတ်ဖုန်းတွေကို အသုံးပြုပြီး ရန်ကုန်မြို့တစ်ပတ်လှည့်လည်ပြီး ဓာတ်ပုံတွေလိုက်ရိုက်မှာ ဖြစ်ပါတယ်"ဟု Link For Aid ၏ တည်ထောင်သူ Pamela McCourt Francescone က ပြောသည်။

Samsung Myanmar မှ ယခုပရောဂျက်တွင် အသုံးပြုမည့် စမတ်ဖုန်းများကို ထောက်ပံ့ပေးမည်ဖြစ်ပြီး ကလေးများအတွက် စမတ်ဖုန်းအသုံးပြုနည်းသင်တန်းတစ်ခုအား စီစဉ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Link For Aid ပရဟိတအဖွဲ့အစည်းကို ၂၀၁၂ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ပရဟိတရန်ပုံငွေပွဲများ ကျင်းပကာ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ရှိ ချို့တဲ့နွမ်းပါး၊ နားမကြား၊ မိဘမဲ့ ကလေးများကို ထောက်ပံ့ကူညီပေးနေကြောင်း သိရသည်။

# Myanmar Plaza Golden Thingyan Festival ၂၀၁၈ ကို ဧပြီ လဆန်းပိုင်းတွင် စတင်ပြုလုပ်မည်

မြန်မာရိုးရာ အတာသင်္ကြန်ရေသဘင်ပွဲတော် အထိမ်းအမှတ်အဖြစ် မြန်မာပလာဇာက စီစဉ်သော Myanmar Plaza Golden Thingyan Festival 2018 ကို ဧပြီ ၄ ရက်မှ စတင်ကာ ဧပြီ ၂၉ ရက်နေ့အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"Myanmar Plaza Golden Thingyan Festival 2018 ကို သင်္ကြန်ရဲ့ အငွေ့အသက် အပြင်အဆင်တွေနဲ့ အတူ စိတ်ဝင်စားစရာ အစီအစဉ်တွေနဲ့ ပြုလုပ်သွားဖို့ စီစဉ်ထားပါတယ်" ဟု မြန်မာပလာဇာ၏ တာဝန်ရှိသူတစ်ဦးက ပြောသည်။

Myanmar Plaza Golden Thingyan Festival 2018 တွင် ဈေးဝယ်သူများအတွက် ကျပ်တစ်သောင်းဖိုးဝယ်ယူရုံနဲ့ ပါဝင်ကံစမ်းနိုင်မယ့် အမေရိကန်ဒေါ်လာ ၁၂၀၀၊ အမေရိကန်ဒေါ်လာ ၅၀၀ နှင့် အမေရိကန်ဒေါ်လာ ၁၀၀ တန် ဈေးဝယ်ကူပွန်များ အပါအဝင် Myanmar Plaza Member များအတွက် အမှတ်တရအလက်ဆောင်များ ပါဝင်သော Lucky Draw အစီအစဉ်များကိုလည်း ထည့်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဧပြီ ၅ ရက်မှ ၈ ရက်အထိ ကလေးများအတွက် သင်္ကြန်လက်မှုပညာပြပွဲကို ညနေ ၄ နာရီမှ ည ၇ နာရီအထိ ပြုလုပ်ပေးသွားမည်ဖြစ်ပြီး ဧပြီ ၇ ရက် ညနေ ၆ နာရီမှ ည ၈ နာရီအထိ တေးသံရှင် နေမင်းအိမ်၏ Fan Meeting နှင့် Live ဂီတဖျော်ဖြေပွဲကိုလည်းကောင်း၊ ဧပြီ ၈ ရက် ညနေ ၄ နာရီမှ ၇ နာရီအထိ Myanmar Magic Entertainment မျက်လှည့်ဖျော်ဖြေပွဲတွေများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

Myanmar Plaza Golden Thingyan Festival 2018 Facebook Page တွင်လည်း ဉာဏ်စမ်းမေးခွန်းများ ဖြေဆိုပြီး ဆုလက်ဆောင်များ ချီးမြှင့်သွားရန်လည်း စီစဉ်ထားကြောင်း သိရသည်။

■

# ဒုတိယအကြိမ်မြောက် ချည်မျှင်နှင့် အထည်ချုပ်၊ နိုင်ငံတကာ အလှအပရေးရာ၊ ဖြည့်စွက်အစားအစာများနှင့် အားကစားဆိုင်ရာ ကုန်စည်ပြပွဲနှင့် ဟောပြောပွဲ ကျင်းပ

ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံချည်မျှင်နှင့် အထည်ချုပ်လုပ်ငန်းဆိုင်ရာ နိုင်ငံတကာကုန်စည်ပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ရန်ကုန်မြို့၊ ရို့စ်ဂါးဒင်းဟိုတယ်၌ မတ် ၂၈ ရက်မှ မတ် ၃၀ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည်။





အဆိုပါပြပွဲ အခမ်းအနားနှင့်အတူ ဒုတိယအကြိမ်မြောက် နိုင်ငံတကာ အလှအပရေးရာ၊ ဖြည့်စွက်အစားအစာများနှင့် အားကစားဆိုင်ရာ လုပ်ငန်းနယ်ပယ်အသီးသီး၏ ကုန်စည်ပြပွဲကိုလည်း ပူးတွဲပြုလုပ်ခဲ့သည်။

"နိုင်ငံတကာမှာ ချည်မျှင်နဲ့အထည်လုပ်ငန်းရှင်တွေ ပြောတာက မြန်မာနိုင်ငံက အရှေ့တောင်အာရှမှာ ဒုတိယအကြီးဆုံးနိုင်ငံလည်းဖြစ်တယ်။ အိမ်နီးချင်းနိုင်ငံတွေမှာ စက်ရုံတွေရှိပြီးသားဖြစ်နေတယ်။ မြန်မာနိုင်ငံမှာ မြေနေရာအများကြီးရှိတယ်၊ အလုပ်သမားခလည်း သက်သာတယ်၊ ဖွံ့ဖြိုးဆဲနိုင်ငံလည်းဖြစ်တဲ့အတွက် သူတို့က မြန်မာနိုင်ငံဈေးကွက်ကိုစိတ်ဝင်စားတယ်။ ဒါကြောင့် အစိုးရပိုင်းရော၊ အသင်းအဖွဲ့တွေနဲ့ပါ အဆက်အသွယ်ရှိချင်သလို ပြည်တွင်းက ဥပဒေစည်းမျဉ်းတွေ သိချင်တဲ့အတွက် အခုလိုပြပွဲကို စီစဉ်ဖြစ်တာပါ။ အခုဆိုရင်လည်း စက်မှုဝန်ကြီးဌာနက ပြည်တွင်းမှာ ရင်းနှီးမြှုပ်နှံဖို့အတွက် အခွင့်အလမ်းတွေ ဘယ်လိုရှိတယ်၊ ဘာတွေလိုအပ်ချက်ရှိမလဲဆိုတာ ဆွေးနွေးသွားဖို့ ရှိပါတယ်။ မြန်မာနိုင်ငံဈေးကွက်ကြီး အများကြီးတိုးတက်လာဖို့ မျှော်လင့်ထားပါတယ်"ဟု ယခုပြပွဲကို စီစဉ်သည့် Myanmar Event Services Co.,Ltd ၏ Business Development Manager ကိုဘုဏ်းမြတ်က ပြောသည်။

အဆိုပါပြပွဲတွင် ပြည်တွင်းပြည်ပကုမ္ပဏီများ၏ ခန်းမပေါင်း ၅၀ ကျော် ပါဝင်ပြသခဲ့သည်။

# နဝမအကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ရန်ကုန်မြို့တွင် ပြုလုပ်

နဝမအကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအခမ်းအနားကို မတ် ၃၁ ရက်မှ ဧပြီ ၂ ရက်အထိ ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် ကျင်းပပြုလုပ်ခဲ့သည်။



အဆိုပါပြပွဲအခမ်းအနားတွင် မြန်မာ၊ တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့မှ ကုမ္ပဏီ ၂၀ ကျော်၏ လက်ဝတ်ရတနာပြခန်းများကို ပြသနိုင်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့နိုင်ငံမှာ ကုန်ကြမ်း မှသည်ကုန်ချောဆီသို့ဆိုတဲ့မူဝါဒရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ကျောက်မျက်ရတနာအကြမ်းထည်တွေ အများစုထွက်ပြီး အချောထည်လုပ်ငန်းတွေဟာ လိုအပ်နေတာကို တွေ့ရှိရပါတယ်။ အခုလို ပြပွဲတွေ အများအပြား လုပ်နိုင်မယ်ဆိုရင် ကျောက်မျက်ရတနာအချောထည်လုပ်ငန်းကြီး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဒီလိုပြပွဲကြီးမှာ ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်ဖို့ နိုင်ငံတကာက နည်းပညာတွေကိုလေ့လာနိုင်မှာဖြစ်ပြီး ကျွန်တော်တို့တစ်နိုင်ငံလုံးမှာ ဆက်တိုက်ပြုလုပ်သွားဖို့ကိုလည်း မျှော်လင့်မိပါတယ်"ဟု မြန်မာနိုင်ငံကျောက်မျက်နှင့် လက်ဝတ် ရတနာလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး(၁) ဦးသောင်းတင်က ပြောသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ကျောက်မျက်ရတနာ အများဆုံးထွက်ရှိသောနိုင်ငံတစ်နိုင်ငံဖြစ်ပြီး နီလာ၊ ပတ္တမြား၊ ကျောက်စိမ်းတို့မှာ နိုင်ငံတကာဈေးကွက်တွင် ဈေးကွက်ဝင်ကြောင်း သိရသည်။

သန်းထိုက်အောင် စုစည်းသည်

# M-ပိုက်ဆံကို အသုံးပြုကာ ငွေဖြည့်ကဒ်ဝယ်ယူနိုင်ဟု အူရီဒူးမြန်မာ သတင်းထုတ်ပြန်

M-ပိုက်ဆံကို အသုံးပြုကာ ပြည်တွင်းရှိ မည်သည့်ဖုန်းဆင်းကဒ်မဆို ငွေဖြည့်ကဒ် ဝယ်ယူနိုင်ပြီဖြစ်ကြောင်း အူရီဒူးမြန်မာက မတ် ၃၀ ရက်တွင် သတင်းထုတ်ပြန်လိုက်သည်။

M-ပိုက်ဆံသည် အူရီဒူးဝန် ဆောင်မှုသုံးစွဲသူများအတွက် မိုဘိုင်း ငွေကြေးဝန်ဆောင်မှုတစ်ခုဖြစ်ပြီး သုံးစွဲသူများအနေဖြင့် လွယ်ကူလုံခြုံစိတ်ချရသည့် နည်းလမ်းဖြင့် ငွေလွှဲခြင်း၊ လက်ခံခြင်း၊ အချိန်နှင့်တစ်ပြေးညီ ဖုန်းဘေလ်ဝယ်ယူခြင်းနှင့် မိုဘိုင်းလ်ဖုန်းကိုအသုံး ပြု၍ အလွယ်တကူငွေပေးချေခြင်းတို့ကို ပြုလုပ်နိုင်ကြောင်း၊ ယခုအခါ M-ပိုက်ဆံအသုံးပြုသူများအနေဖြင့် ကိုယ်ပိုင်ဆင်းကဒ် (သို့မဟုတ်) အခြားသူ၏ အူရီဒူးဆင်းကဒ် (သို့မဟုတ်) အခြား အော်ပရေတာများ၏ ဆင်းကဒ်များသို့ပါ ဖုန်းငွေဖြည့်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် M-ပိုက်ဆံအသုံးပြုသူများအတွက် နေ့စဉ်စုစုပေါင်းငွေလွှဲပြောင်းနိုင်မည့် ပမာဏတန်ဖိုး ကန့်သတ်ချက်ကိုလည်း ကျပ်နှစ်သိန်းမှ ကျပ်ငါးသိန်းသို့ တိုးမြှင့်လိုက်ကြောင်း၊ လက်ကျန်ငွေနှင့် ငွေလွှဲပြောင်းခြင်းဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ်ထားသော မိုဘိုင်းလ်ငွေကြေး စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်ပြီး မိသားစု၊ မိတ်ဆွေနှင့် စီးပွားဖက်များကို လုံခြုံစိတ်ချစွာ ငွေကြေးပေးပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

အူရီဒူးမြန်မာသည် ၂၀၁၃ ခုနှစ်တွင် ဆက်သွယ်ရေးလိုင်စင်ရရှိပြီးနောက် ၂၀၁၄ ခုနှစ် ဩဂုတ်လမှစတင်ကာ ဆက်သွယ်ရေးဝန်ဆောင်မှုများကို အများပြည်သူသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။



## မြို့ကြီးများ၏ ၂-၄-၂၀၁၈ မှ ၆-၄-၂၀၁၈ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၂-၄-၂၀၁၈) | အင်္ဂါ(၃-၄-၂၀၁၈) | ဗုဒ္ဓဟူး(၄-၄-၂၀၁၈) | ကြာသပတေး(၅-၄-၂၀၁၈) | သောကြာ(၆-၄-၂၀၁၈) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၇°C/၉၉°F | ၅၀% ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၈°C/၁၀၀°F |
| ရန်ကုန်မြို့ | နေသာ ၃၈°C/၉၇°F | တိမ်အသင့်အတင့် ၃၈°C/၉၇°F | ၅၀% ၃၆°C/၉၇°F | တိမ်အသင့်အတင့် ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F |
| မန္တလေးမြို့ | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F |
| မြစ်ကြီးနား | နေသာ ၃၆°C/၉၇°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၃°C/၉၂°F |
| လားရှိုး | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F |
| ကျိုင်းတုံ | တိမ်အသင့်အတင့် ၃၃°C/၇၉°F | ၄၀% ၃၁°C/၉၁°F | ၃၀% ၂၉°C/၉၁°F | နေသာ ၃၂°C/၉၂°F | နေသာ ၃၂°C/၈၇°F |
| လွိုင်ကော် | တိမ်အသင့်အတင့် ၃၂°C/၇၉°F | နေသာ ၃၂°C/၉၀°F | ၄၀% ၃၁°C/၈၇°F | နေသာ ၃၂°C/၇၉°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F |
| တောင်ကြီး | တိမ်အသင့်အတင့် ၇°C/၄၄°F | တိမ်အသင့်အတင့် ၅°C/၄၁°F | တိမ်အသင့်အတင့် ၂°C/၃၅°F | တိမ်အသင့်အတင့် ၇°C/၄၅°F | တိမ်အသင့်အတင့် ၃°C/၃၇°F |
| ဟော်လမြိုင် | တိမ်အသင့်အတင့် ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F |
| ဘားအံ | ၅၀% ၃၅°C/၉၅°F | ၅၀% ၃၅°C/၉၅°F | ၅၀% ၃၅°C/၉၅°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆° |
| တောင်ငူ | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F |
| မုံရွာ | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၁°F |
| ပုသိမ် | နေသာ ၃၅°C/၉၅°F | ၅၀% ၃၅°C/၉၅°F | ၅၀% ၃၄°C/၉၄°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၆°F |
| မြိတ် | ၈၀% ၃၁°C/၈၈°F | ၅၀% ၃၂°C/၈၉°F | ၄၀% ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၂°C/၈၉°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F |
| စစ်တွေ | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | တိမ်အသင့်အတင့် ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F |
| မကွေး | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၁°F | နေသာ ၃၉°C/၁၀၂°F | နေသာ ၃၉°C/၁၀၂°F |
| ဖလမ်း | ၅၀% ၂၉°C/၇၆°F | နေသာ ၂၄°C/၇၇°F | နေသာ ၂၆°C/၇၆°F | နေသာ ၂၇°C/၇၇°F | နေသာ ၂၇°C/၇၇°F |

## အယ်လ်နီညိုကဲ့သို့သော ရာသီဥတု သွင်ပြင်လက္ခဏာများကြောင့် ကမ္ဘာ့သီးနှံ ရိတ်သိမ်းမှုကို သုံးပုံနှစ်ပုံ ထိခိုက်

အယ်လ်နီညိုရာသီဥတု သွင်ပြင်လက္ခဏာကဲ့သို့သော အတိုင်းအဆကြီးမားသော ရာသီဥတုပြောင်းလဲမှု သံသရာကြောင့် ကမ္ဘာ့သီးနှံစိုက်ပျိုးမှု၏ သုံးပုံနှစ်ပုံကို ထိခိုက်စေခဲ့ကြောင်း ဖင်လန်နိုင်ငံ အာလ်တိုတက္ကသိုလ်မှ သုတေသီများ၏ပြောကြားချက်ကို ယူရေးရှုရီဗျူးသတင်းတွင် ဖော်ပြသည်။

ရာသီဥတုမတည်ငြိမ်မှု၊ လေဖိအား၊ ပင်လယ်ရေမျက်နှာပြင်အပူရှိန်အခြေအနေ သို့မဟုတ် အလားတူ အကြောင်းတရားများသည် ပုံမှန်မတည်မငြိမ် ဖြစ်ပေါ်လျက်ရှိရာ မိုးရွာသွန်းမှုနှင့် အပူချိန် ပြောင်းလဲမှုပုံစံတို့ကို ထူးထူးကဲကဲ ဖြစ်ပေါ်စေသည်။

"မကြာသေးမီနှစ်များအတွင်း ဒီလိုမတည်မငြိမ်ဖြစ်တာတွေကို သုတေသီတွေရဲ့ ခန့်မှန်းနိုင်တဲ့စွမ်းအားက ထူးခြားစွာ တိုးတက်ခဲ့ပါတယ်။ ဒီသုတေသနပြုချက်တွေကို အသုံးပြုပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေကို ချမှတ်ရာမှာ တိုးတက်ကောင်းမွန်တဲ့ ခန့်မှန်းချက်တွေကို ကျွန်တော်တို့ပြုလုပ်နိုင်ခဲ့ပါတယ်။ ဒီလိုပြုလုပ်နိုင်တဲ့အတွက် ရာသီဥတုနဲ့ပတ်သက်တဲ့ အထိတ်အလန့်ဖြစ်မှုတွေကို ပိုမိုပြီးခံနိုင်ရည်ရှိလာပါတယ်။ ဒါကြောင့် ကမ္ဘာ့တစ်လွှားမှာရှိတဲ့ နေရာဒေသအသီးသီးမှာ အစားအစာဖူလုံရေးကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လာနိုင်ပါတယ်"ဟု အာလ်တိုတက္ကသိုလ်တွင် ပါရဂူဘွဲ့တက်ရောက်နေသူ မာတီယာဟိန်းနီးကပြောသည်။

Nature Communications စာစောင်တွင် ဖော်ပြသော လေ့လာချက် အစီရင်ခံစာမှာ အယ်လ်နီညိုတောင်ပိုင်းဒေသ ရာသီဥတု မတည်မငြိမ်ဖြစ်မှုနှင့် မြောက်အတ္တလန္တိတ်ဒေသရာသီဥတု မတည်မငြိမ်ဖြစ်မှုတို့က ကမ္ဘာ့အစားအစာ ထုတ်လုပ်မှုအပေါ် ဂယက်ရိုက်ခတ်မှုကို ပထမဆုံးအကြိမ်အဖြစ် ဆောင်ရွက်သော လေ့လာချက်အစီရင် ခံစာဖြစ်သည်။

ယင်းရာသီဥတု မတည်မငြိမ်ဖြစ်မှုတွင် ဖြစ်ပေါ်သောအဆင့်ပေါ် မူတည်၍ ဖြစ်ပေါ်သောရလဒ်မှာလည်း အမျိုးမျိုးကွဲပြားမှုရှိသည်။ အယ်လ်နီညိုရာသီဥတု သွင်ပြင်လက္ခဏာအဆင့်နှင့် လာနီညာရာသီဥတု သွင်ပြင်လက္ခဏာအဆင့်တို့ ကွဲပြားခြားနားမှုရှိသည်ကို လူတိုင်းသိထားပြီးဖြစ်သည်။ လာနီညာရာသီဥတု သွင်ပြင်လက္ခဏာသည် တောင်အာရှ၊ လက်တင်အမေရိကနှင့် တောင် အာဖရိကရှိ ဒေသအများအပြားတွင် ပြောင်း၊ ပဲပုပ်၊ ဆန်စပါးနှင့် ဂျုံတို့ ၏ အထွက်နှုန်းကိုကောင်းမွန်စွာ အကျိုးပေးလေ့ရှိသည်။

**ဉာဏ်တင်**

## တရုတ်နိုင်ငံ၏ "ရာသီဥတုအခြေအနေပြောင်းလဲရေးစနစ်"ကြောင့် အာသံနယ်တွင် စိုးရိမ်စရာဖြစ်

တရုတ်နိုင်ငံက ရာသီဥတုအခြေအနေပြောင်းလဲရေးစနစ်ကို တည်ဆောက်လျက်ရှိကြောင်း မတ်လ ၂၆ ရက်က သတင်းများ ထွက်ပေါ်လာပြီးနောက်ပိုင်း အိန္ဒိယနိုင်ငံ အာသံပြည်နယ်အစိုးရက စိုးရိမ်ကြောင်း သတိပေးချက်ထုတ်ပြန်ခဲ့သည်။

တရုတ်နိုင်ငံသည် တိဗက်ကုန်းမြင့်တွင် မိုးပိုမိုရရှိရေးအတွက် လုပ်ငန်းများ စတင်ဆောင်ရွက်နေကြောင်း သတင်းများရရှိထားသည်။ တိဗက်ကုန်းမြင့်ဒေသသည် ဗြဟ္မပုတြမြစ် မြစ်ဖျားခံရာဒေသဖြစ်သည့်အားလျော်စွာ မြစ်ကမ်းဘေးဒေသများတွင် ရေလွှမ်းမိုးကာ အပျက်အစီးများ ပိုမိုဖြစ်ပွားလာမည်ကို စိုးရိမ်လျက်ရှိသည်။

ဗြဟ္မပုတြမြစ်နှင့်မြစ်အတွင်းစီးဝင်သောမြစ်လက်တက်များတွင် ရေကြီးရေလျှံမှုကြောင့်နှစ်စဉ်အာသံဒေသတွင် လူရာပေါင်းများစွာ သေဆုံးခြင်းနှင့် အိုးအိမ်လယ်ယာမြေများ ပျက်စီးခြင်းတို့နှင့် ကြုံတွေ့နေရသည်။ ဗြဟ္မပုတြမြစ် မြစ်ဖျားခံရာဒေသတွင် မိုးများပိုမိုရွာသွန်းမည်ဆိုပါက အပျက်အစီးများ ပိုမိုဖြစ်ပွားမည့်လက္ခဏာရှိနေသည်။

တရုတ်နိုင်ငံက စဉ်းစားဆင်ခြင်မှုကင်းမဲ့စွာ တိဗက်ကုန်းမြင့်ဒေသရှိ သဘာဝဂေဟစနစ်ကို ဝင်ရောက်ပြင်ဆင်ရန်ကြိုးပမ်းမှုများကြောင့် မြစ်ကမ်းနံဘေးဒေသရှိ အာသံနှင့်အရုနာချာပရာဒေ့ရှ်ဒေသတို့တွင် ဘေးဒုက္ခများ ကြုံတွေ့နေရကြောင်း ပြည်နယ်ဘဏ္ဍာရေးဝန်ကြီးဟီမန်တာဘီဆွာဆာမာက ပြောသည်။

"ဒီစနစ်သစ်နဲ့ ပတ်သက်တဲ့ သတင်းက အထိတ်အလန့်ဖြစ်စရာတစ်ခုလိုရောက်ရှိလာပါတယ်။ တရုတ်နိုင်ငံကကျွန်တော်တို့ကို ဒုက္ခပေးပေါင်းများပြီ။ နှစ်စဉ်ကျွန်တော်တို့ ရေလွှမ်းမိုးမှုဒဏ်ကိုခံနေရတယ်။ ဒီစနစ်သစ်ကို စပြီးဆောင်ရွက်မယ်ဆိုရင် တော်တော်ကြီးရှုပ်ထွေးလာမှာ သေချာတယ်။ ဒီကိစ္စကို လေ့လာစိစစ်ပြီး တရုတ်အာဏာပိုင်တွေနဲ့ ပေါင်းစပ်ညှိနှိုင်းဖို့ ပြည်ထဲရေးဝန်ကြီးဌာနကို ကျွန်တော်ပြောထားပါတယ်။ တိဗက်ကုန်းမြင့်ဒေသမှာရှိတဲ့ သဘာဝဂေဟစနစ်ကို မဖျက်ဆီးဖို့ ဗဟိုအစိုးရက တရုတ်အစိုးရကိုတောင်းဆိုသင့်ပါတယ်"ဟု သူကပြောသည်။

ယခုစနစ်အရ ဆောင်ရွက်မည်ဆိုပါက တိဗက်ကုန်းမြင့်ဒေသ၏ မိုးရွာသွန်းမှုမှာတစ်နှစ်ကို ကုဗမီတာ ဘီလီယံ ၁၀ အထိ တိုးတက်လာနိုင်ကြောင်း ဆောက်သံချိုင်းနား မောနင်းပို့စ် သတင်းတွင် ဖော်ပြခဲ့သည်။

**ဉာဏ်တင်**

# စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၃/၂၀၁၈) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၏ (၃/၂၀၁၈)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ်လ ၂၀ ရက်တွင် ရွှေဘိုခရိုင်၊ စီမံခန့်ခွဲမှု ကော်မတီရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ခရိုင် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း ၁၆ ဦး တက်ရောက်ခဲ့ပါ သည်။

အစည်းအဝေးတွင် ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ စားသုံးသူရေးရာ ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ငွေက (၂/၂၀၁၈) ခရိုင်စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ ရေဦးမြို့နယ် ကြံချက်ဖိုများတွင် အသုံးပြုသည့် တရုတ်ချွတ်ဆေး (Sodium Hydrosulfite)နမူနာပစ္စည်းနှင့် ကြံချက်ဖိုမှ ထွက်ရှိသည့် ကြံသကာနမူနာများအား စစ်ကိုင်းတိုင်းဒေသကြီး (FDA)သို့ နမူနာပေးပို့စစ်ဆေးခဲ့ရာ ကြံသကာများတွင် စားသုံးသူကို အန္တရာယ်ဖြစ်စေသော တရုတ်ချွတ်ဆေး (Sodium Hydrosulfite)မပါဝင်ကြောင်း ပြန်ကြားလာသဖြင့် ရွှေဘိုခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ဥက္ကဋ္ဌ နှင့် တိုင်ကြားသူထံသို့ ပြန်ကြားပြီးဖြစ်ကြောင်း၊ မေတ္တာရှင် အမှတ်တံဆိပ် လေးဘက်နာပျောက်တိုင်းရင်းဆေးနှင့်ပတ်သက်၍ ၎င်းဆေးထဲတွင် အင်္ဂလိပ်ဆေးများ ပါဝင်နေသောကြောင့် စားသုံးသူပြည်သူများ သုံးစွဲရန်မသင့်ကြောင်း ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်ထုတ် မြန်မာ့အလင်း သတင်းစာတွင် တရားဝင်ကြေညာထားပြီး ဆေးဆိုင်များတွင် ဆက်လက် မရောင်းချရန် တရားဝင်စာများ ထုတ်ပြန်ထားပြီးဖြစ်၍ တွေ့ရှိပါက သိမ်းဆည်းမည် ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ် မတ်လ ၆ ရက်တွင် ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ရွှေဘိုမြို့ပေါ်ရှိ ဆေးဆိုင်များအား စစ်ဆေးခဲ့ရာ သက်တမ်းလွန်ဆေးဝါးများနှင့်FDAထောက်ခံချက်မရှိသော ဆေးဝါးများတွေ့ရှိ၍ သိမ်းဆည်းခဲ့ပြီး အဖွဲ့ဖြင့် မီးရှို့ဖျက်ဆီးရန် လိုအပ်ကြောင်း တင်ပြခဲ့သည်။ ထို့နောက် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဝင်များမှ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး ခရိုင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးဥက္ကဋ္ဌက ဈေးများ စစ်ဆေးသည့်အခါတွင်လည်း ထိရောက်စွာ အရေးယူနိုင်အောင်ဆောင်ရွက်သင့်ကြောင်း၊ လိုအပ်ပါက အဖွဲ့များဖြင့် ပူးပေါင်း၍ ကူညီဆောင်ရွက်သင့်ကြောင်း၊ စစ်ဆေးသောအခါတွင်လည်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) တို့ရှိမှသာလျှင် ပိုမိုအဆင်ပြေ၍ ထိရောက်စွာ အရေးယူနိုင်မည်ဟု ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**ပြည့်ဖြိုးဝေ (ရွှေဘို)**

# ကယားပြည်နယ် စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် ကော်မတီနှစ်ရပ်တို့၏ (၃/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှပြည်နယ်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် ကော်မတီနှစ်ရပ်တို့၏ (၃/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ်လ ၂၆ ရက်တွင် ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်ခဲ့ရာ ပြည်နယ်စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြတယ်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဒုတိယဥက္ကဋ္ဌက အဖွဲ့ဝင်များအနေဖြင့် စားသုံးသူများ ဘေးဥပဒ် အန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအသောက်များကို ရွေးချယ် ဝယ်ယူစားသောက်တတ်စေရန်၊ စားသုံးသူများ၏ အခွင့်အရေးအပြည့်အဝ ရရှိစေရန်၊ စားသုံးသူများ ထိခိုက်နစ်နာမှုဖြစ်လာလျှင်လည်း အရေးဆိုတိုင်တန်းတတ်စေရန်နှင့် စားသောက်ကုန်များ ထုတ်လုပ်သည့် လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့ကုန်စည်နှင့် ကိုက်ညီသည့် ကုန်အမှတ်အသားအညွှန်းကိန်းများကို ပြည့်စုံစွာ ထည့်သွင်းဖော်ပြလာရန် မိမိတို့အဖွဲ့ဝင်များအနေဖြင့် အသိပညာပေးခြင်းများကို ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ကြောင်းပြောကြားခဲ့ပြီး ပြည်နယ်စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးခမ်လျန်စွမ်းက (၂/၂၀၁၈) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လည်းကောင်း၊ သက်တမ်းလွန်၊ တားမြစ်စားသောက်ကုန်များ၊ သက်တမ်းလွန်ဆေးဝါးများ မီးရှို့ဖျက်ဆီး ဆောင်ရွက်မှုကို မှတ်တမ်းတင်အတည်ပြုနိုင်ရန်၊ သောက်ရေသန့်ထုတ်လုပ်မှုနှင့် ဈေးကွက်ရောင်းချမှုများတွင် စုပေါင်း ဆောင်ရွက်ခြင်းဖြင့် စားသုံးသူအကျိုးနှင့် ထုတ်လုပ်သူများအကျိုးကို မျှော်မှန်းသည့် သောက်ရေသန့်အသင်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်နိုင်ရန်နှင့် စားသောက်ဆိုင်များအား Food Safetyနှင့် ဝန်ဆောင်မှုဆိုင်ရာ အသိပညာပေး ကွင်းဆင်းဆောင်ရွက်ရန်ကို အမှာစာဖြင့် ရှင်းလင်းတင်ပြခဲ့ပြီး စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမည့် အစီအမံများကို အကျယ်တဝင့် ဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာသော အဖွဲ့ဝင်များကလည်း အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါတယ်။

**ကျော်ဇင်ထွေး (စားသုံးသူ၊ ကယား)**

# ပခုက္ကူမြို့ FDA မှ ဦးဆောင်၍ တရားဝင်ပိတ်ပင်ထားသော၊ သက်တမ်းလွန်နေသော ဆေးဝါးများအား မီးရှို့ဖျက်ဆီး

ပခုက္ကူမြို့ စည်ပင်အမှိုက်ကျင်း၌ တရားဝင်ပိတ်ပင်ထားသော၊ သက်တမ်းလွန်နေသော ဆေးဝါးများအား မီးရှို့ဖျက်ဆီးပွဲကို မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) မှ ဦးဆောင်၍ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များနှင့်အတူ မတ်လ ၃၀ ရက်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးရှို့ဖျက်ဆီးပွဲတွင် ပခုက္ကူခရိုင်အတွင်းရှိ ပခုက္ကူ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူစသည့် မြို့နယ်များရှိ မြို့မ ဈေးများအတွင်းနှင့် ရပ်ကွက်များအတွင်းရှိ ဆေးဆိုင်များမှ ပျက်စီးဆေးဝါးများ၊ ထောက်ခံချက်အမှတ် မပါရှိသော ဆေးဝါးများ၊ သက်တမ်းလွန်နေသောဆေးဝါးများ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ သုံးစွဲရန်မသင့် တားမြစ်ထားသော ဆေးဝါးများအား ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေး တွေ့ရှိသိမ်းဆည်းခဲ့ပြီး ဆေးပစ္စည်း အမျိုးပေါင်း ၉၉ မျိုးအား ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များရှေ့မှောက်တွင် မီးရှို့ဖျက်ဆီးခဲ့ပြီး ဆေးဝါးရောင်းချသော ဆိုင်ပိုင်ရှင်များကိုနောင်တွင် စားသုံးသူပြည်သူများအတွက် အန္တရာယ်ရှိနိုင်သော ဆေးဝါးများအားမရောင်းချရန် အသိပညာပေးခဲ့ပြီး ဆက်လက် ရောင်းချသည်ကိုတွေ့ရှိပါက အမျိုးသားအစားအသောက်ဥပဒေအရ အပြစ်ပေး အရေးယူသွားမည်ဖြစ်သည့်အပြင် ယခုကဲ့သို့လည်း မီးရှို့ဖျက်ဆီးသွားမှာဖြစ်ကြောင်း အသိပညာပေးခဲ့ကြောင်း သတင်း ရရှိပါသည်။

**သူဇာကျော်(ပခုက္ကူ)**

# ကရင်ပြည်နယ် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ (၂)ရပ်တို့၏ (၃/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်း ကော်မတီနှင့် တိုင်ကြားမှုလက်ခံ ဆောင်ရွက်ရေး လုပ်ငန်း ကော်မတီတို့၏ (၃/၂၀၁၈)လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကရင်ပြည်နယ် စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ မတ်လ ၂၉ ရက်က ကျင်းပခဲ့ရာ ကော်မတီ အဖွဲ့ဝင် ၂၈ ဦး တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ကရင်ပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အတွင်းရေးမှူး စားသုံးသူရေးရာ ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက (၂/၂၀၁၈) ညှိနှိုင်း အစည်းအဝေး၌ ချမှတ်ခဲ့သော အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တင်ပြခဲ့ရာ အသိပညာပေး ဟောပြောခြင်း(၁၄၀ ရာခိုင်နှုန်း)၊ စစ်ဆေး ခြင်း (၁၆၀ ရာခိုင်နှုန်း) ဆောင်ရွက်ခဲ့ကြောင်း၊ လျာထားချက် ထက်ကျော်လွန်ခဲ့ကြောင်း၊ ရေသန့်လုပ်ငန်းနှင့် ပတ်သက်၍ ကရင်ပြည်နယ်ရှိမြို့နယ်များသို့လည်း စစ်ဆေးဆောင်ရွက်နေကြောင်း၊ ဘားအံမြို့နယ် ဇွဲကပင်ကုန်း၊ အမှတ် (၉) ရပ်ကွက်ရှိ FDA ခွင့်ပြုချက်မရှိသည့် မုန့်လုပ်ငန်းများကို စိစစ်ခဲ့ရာ ဆီကြော်လုပ်ငန်း၊ ပေါင် မုန့်လုပ်ငန်း၊ ကိတ်မုန့်လုပ်ငန်းငါးခုအား ဆက်စပ်ဌာန အဖွဲ့မှ (၅) ကြိမ်စစ်ဆေးမှုပြုလုပ်ခဲ့ကြောင်း၊ ၎င်းလုပ်ငန်းများကို အဆက်မပြတ် စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်ဌာနများမှ ပူးပေါင်းအား ကောင်းမွန်မှုကြောင့် လုပ်ငန်းများအဆင်ပြေကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းငါးမျိုး (မော်တော်ယာဉ်လုပ်ငန်း၊ အီလက်ထရောနစ်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ကြော်ငြာလုပ်ငန်း၊ ရောင်းချသောပစ္စည်းအပေါ် အာမခံ လုပ်ငန်း) စသည့် ဝန်ဆောင်မှုလုပ်ငန်းများကို စာရင်းပြုစုပြီးဖြစ်ကြောင်း၊ ၎င်းဝန်ဆောင်မှုကို နောက်လတွင် အသိပညာပေးခြင်း စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြီးနောက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် လျာထားချက်ကို ကြိုးစားဆောင်ရွက်သွားရန်နှင့် ၂၀၁၈ ခုနှစ် သင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများ အဆင်ပြေစေရန် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းအား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပြီး အစည်းအဝေးတက်ရောက်လာသည့် ကော်မတီ အသီးသီးမှ အဖွဲ့ဝင်များက ဝိုင်းဝန်းဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်း ရရှိပါသည်။

**ခင်ကြည် (ကရင်)**

# ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်အတွင်း နေပြည်တော်ခရိုင် ဦးစီးမှူးရုံးမှ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ခရိုင်ဦးစီးမှူးရုံးအနေဖြင့် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်(၂၀၁၇ ခုနှစ် ဧပြီလမှ ၂၀၁၈ ခုနှစ်မတ်လအထိ) ပြည်ထောင်စုနယ်မြေအတွင်းရှိ ဒက္ခိဏခရိုင်နှင့် ဥတ္တရခရိုင်တို့တွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အခြေခံပညာကျောင်းပေါင်း ၈၈ ကျောင်း၊ ကျေးရွာ ၄၅ ရွာတို့တွင် အသိပညာပေး ဟောပြောပွဲ ၁၃၁ ကြိမ်၊ ကွင်းဆင်းစစ်ဆေးခြင်းကို စည်ပင်သာယာဈေးများတွင် ၂၇ ကြိမ်၊ အလုပ်ရုံ ၁၁ ရုံ၊ ကျောင်းဈေးတန်း ၈၂ ခု၊ စူပါမားကက်နှင့် စတိုးဆိုင် ၅၆ ဆိုင်၊ ဆေးဆိုင် ၁၉ ဆိုင်တို့ကို ကွင်းဆင်းလေ့လာစိစစ်ခြင်းများ ပြုလုပ်ခဲ့ပြီး ခရိုင်စားသုံးသူ အငြင်းပွားဖြေရှင်းရေးအဖွဲ့ အစည်းအဝေး ၂၂ ကြိမ်နှင့် စားသုံးသူ ၂၇၃၄၇ ဦးအား စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းနှင့် ပတ်သက်သည့် အသိပညာပေး ဟောပြောခြင်း၊ အသိပညာပေး လက်ကမ်းစာစောင် ၁၉၇၀၀ အားဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

**မြင့်နိုင်**
**(နေပြည်တော်)**

# မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံကြား ကုန်ပစ္စည်းအတုနှိမ်နင်းရေးနှင့် ကူးစက်ရောဂါ ရှာဖွေစစ်ဆေးရေးဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပ





တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီပြည်ဝင်/ထွက် ကူးစက်ရောဂါ ရှာဖွေစစ်ဆေးရေးဌာန၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ တင်ပို့ရောင်းချသော ကုန်ပစ္စည်းအတုများ နှိမ်နင်းတိုက်ဖျက်အောင်နိုင်မှု ပြပွဲအခမ်းအနားကို မတ်လ ၂၂ ရက်က ကျယ်ဂေါင်ဂိတ်တွင် ပြုလုပ်ခဲ့ပါတယ်။

အဆိုပါအခမ်းအနားကို ရွှေလီ-ကျယ်ဂေါင်ပြည်ဝင်/ ထွက် ကူးစက်ရောဂါ ရှာဖွေစစ်ဆေးရေးဌာန (CIQ) မှ ကြီးကြပ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အခမ်းအနားအား တစ်ဖက်တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူးစက်ရောဂါရှာ ဖွေစစ်ဆေးရေးဌာန (CIQ) ညွှန်ကြားရေးမှူး ၁ ဦးနှင့် ရွှေလီမြို့ ဒုတိယမြို့တော်ဝန် မစ္စတာ လီချန် ထောင်တို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ကာ မြန်မာနိုင်ငံဘက်မှ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ဒုတိယညွှန်ကြားရေးမှူး ဦးဆောင်သော အရာထမ်း၊ အမှုထမ်း ၃ ဦးနှင့် မူဆယ်ခရိုင် ဒုတိယ အထွေထွေအုပ်ချုပ်ရေးမှူး ဦးဆောင်သော ဌာနဆိုင်ရာမှ အရာထမ်း၊ အမှုထမ်း ၁၅ ဦး၊ စုစုပေါင်း ကိုယ်စားလှယ် ၂၀ ဦးတို့ တက်ရောက်ခဲ့ကြပါတယ်။

အဆိုပါ ပြပွဲအခမ်းအနားတွင် နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ရာ နယ်စပ်ဂိတ်များ၌ မြန်မာနိုင်ငံသို့ တင်ပို့သည့် ကုန်ပစ္စည်းများကို အရည်အသွေးစစ်ဆေးရာ၌ သုံးစွဲရန် မသင့်၊ အရည်အသွေးမမီသဖြင့် ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ တားဆီးထိန်းချုပ်ထားသည့် ကုန်ပစ္စည်းများကို ခင်းကျင်းပြသထားပြီး ကုန်ပစ္စည်းအများစုမှာ လျှပ်စစ်မီးသီးများ၊ ဖိနပ်များ၊ ပိုက်ဆံအိတ်များ၊ မျက်မှန်များ၊ ပန်ကာများ၊ TV များ၊ EVDစက်များ၊ မော်တာများ၊ မီးစက်များ၊ ဆိုင်ကယ်တာယာများ၊ ဆိုင်ကယ်ဦးထုပ်များ၊ ဆိုင်ကယ်အပိုပစ္စည်းများ၊ ဖုန်းများ၊ ကွန်ပျူတာ ဆက်စပ်ပစ္စည်းများ၊ လျှပ်စစ်မီးပူများ၊ လျှပ်စစ်ပေါင်းအိုးများ၊ ဒယ်အိုးများ၊ မီးခံပြားများ၊ လျှပ်စစ်ရေနွေးအိုးများ၊ မီးခလုတ်များ စသည့် စက်မှုထုတ်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ဖြစ်တာကို တွေ့မြင်ခဲ့ရပါတယ်။

ယင်းနောက် ကျယ်ဂေါင်မြို့တွင် ဖွင့်လှစ်ထားသည့် ကူးစက်ရောဂါရှာ ဖွေစစ်ဆေးရေးဌာနခွဲသို့ သွားရောက်၍ ကုန်ပစ္စည်းစစ်ဆေးမှုများ၊ ကျန်းမာရေးစစ်ဆေးမှုများ၊ တိရစ္ဆာန်ပိုးမွှားရောဂါ စစ်ဆေးမှုများ ပြုလုပ်ရန်နှင့် ကြိုတင်ထိန်းချုပ်ကာကွယ်နိုင်ရေးများ ပြုလုပ်ရန်အတွက် စီစဉ်ဆောင်ရွက်ထားမှုများကိုလည်းကောင်း၊ ရွှေလီမြို့ရှိ ပြည်ဝင်/ထွက် ကူးစက်ရောဂါရှာဖွေ စစ်ဆေးရေး နည်းပညာစင်တာသို့ သွား ရောက်၍ နယ်စပ်ဒေသနေပြည်သူများ အလုပ်ဝင်ရောက် လုပ်ကိုင်နိုင်ရန်အတွက် ကျန်းမာရေးစစ်ဆေးမှုများ၊ အလုပ်သမားကတ် ထုတ်ပေးမှုများ၊ နေထိုင်ခွင့်ပြုလုပ်ပေးမှုများ၊ ထုတ်ကုန်/သွင်းကုန်ပစ္စည်းများ အရည်အသွေးစစ်ဆေးမှုများ၊ အပင်ပိုးမွှား ရောဂါစစ်ဆေးမှုများ၊ ဆန်၊ ပြောင်း၊ ပဲ၊ နှမ်း၊ သစ်သီးဝလံ စသည့် လယ်ယာထွက်ကုန်ပစ္စည်းများအား ဓာတ်ကြွင်းကျန်မှု ရှိ/မရှိ စစ်ဆေးမှုများ၊ တိရစ္ဆာန် ကူးစက်ရောဂါစစ်ဆေးမှုများ ပြုလုပ်ရာ နေရာများသို့လည်းကောင်း သွားရောက်လေ့လာခဲ့ပါတယ်။

ညနေပိုင်း၌ ရွှေလီမြို့ ယွီ့ရွှေ့ ရေပူစမ်းဟိုတယ် အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်သည့် မူဆယ်-ရွှေလီ/ကျယ်ဂေါင်ဂိတ် ကူးစက်ရောဂါ ရှာဖွေစစ်ဆေးရေးလုပ်ငန်း ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံဘက်မှ ကိုယ်စားလှယ် ၂၀ ဦးနှင့် တရုတ်နိုင်ငံဘက်မှ ကိုယ်စားလှယ် ၁၄ ဦး၊ စုစုပေါင်း ၃၄ ဦး တက်ရောက်ခဲ့ကြပြီး မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် ဒုတိယစခန်းတာဝန်ခံ၊ ဒုတိယညွှန်ကြားရေးမှူး ဦးလန်းဆန်းဦးက ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး ကုန်သွယ်မှုလုပ်ငန်းများ၊ တရားမဝင် ကုန်သွယ်မှုတားဆီးရေး လုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုန်သွယ်မှုကို အဓိကမောင်းနှင်လျက်ရှိသည့် မိမိတို့၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ နှစ်နိုင်ငံကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် စဉ်ဆက်မပြတ် ဆွေးနွေးညှိနှိုင်းပူးပေါင်း ဆောင်ရွက်မှု အခြေအနေများကို အသေးစိတ် ဆွေးနွေးခဲ့သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နယ်စပ်စစ်ဆေးရေးနှင့် ရောဂါရှာဖွေစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူး မစ္စတာ လီကျိယွန်က တရုတ်-မြန်မာ နှစ်ဦးနှစ်ဖက် လုပ်ဖော်ကိုင်ဖက်များ သဘောပေါက်နားလည်မှုနဲ့ ကုန်စစ်ဆေးရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်ရန် မျှော်လင့်ထားမှု အခြေအနေများနှင့် ပူးပေါင်း ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း ဆွေးနွေးခဲ့ပြီး သက်ဆိုင်ရာ ဌာနအလိုက် တာဝန်ရှိသူများမှ အပြန်အလှန် ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါတယ်။

**ညို (စီးပွားရေးတက္ကသိုလ်)**

ROYAL AUNG MAHAR ENGINEERING CO.,LTD.
09 420093975, 09 423723823, 09 799537957
Supply and Installation of Mechanical Work
HDPE, PPR, uPVC, MS, GI Pipe, Fixtures Installation
Cold Water System, Hot Water System, Sanitary System, Fire Fighting System, Sprinkler System, Air-con & Ventilation System
Supply and Installation of Electrical Work
Cable, Breaker, Tray Trunking and Piping, DB, ATS & Control Panel, Fixtures Installation, Power Supply and Lighting System, Fire Alarm System, LV/ELV System, Lightning Protection System, Sub-Station Power Distribution
We offer solutions tailored to our customer's needs
ABOUT US
www.builk.com/royalaungmaharengineering
www.facebook.com/royalaungmahar
Email ; royalaungmahar@gmail.com
sannuaung9@gmail.com

GALACO ENGINEERING CO.,LTD
No.28, Bo Gyoke Aung San Rd
Pazundaung Tsp,
Yangon, Myanmar
+95 9333953045
+95 9776080089
+95 9454889199
galaco.eng@galacoeng.com
www.galacoeng.com

Civil / Structural
- Structural design of structural steel, concrete & masonry
- Construction of residential, office, warehouse and industrial
- Construction of heavy machinary foundation and road.

Plumbing & Sanitary
- Potable water supply
- Water distribution
- Waste water
- Storm water

Fire Protection
- Fire standpipe
- Hose reel, Hydrant,
- Landing valve & pumps
- Automatic sprinkler
- Fire alarms

LPG Gas
- Downstream pipelines
- LPG cylinders or bulk tanks
- LPG pressure regulation
- LPG Gas leaks detection

Electrical
- Power supply and distribution
- Lighting : Interior, exterior & emergency lighting
- Control systems
- CCTV surveillance & data communication

Vol: 18, No.14 Monday April 2 2018



# ဖရက်ဒ်ကို ခေါ်ယူရန် မန်စီးတီးနှင့် မန်ယူတို့ အပြိုင်ကြိုးပမ်း

ရှက်တာဒိုးနက်အသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား ဖရက်ဒ်ကို ခေါ်ယူရန်အတွက် အင်္ဂလန်ပရီးမီးယားလိဂ် ထိပ်သီးပြိုင်ဖက်အသင်းများဖြစ်သည့် မန်စီးတီးနှင့် မန်ယူတို့ အပြိုင် ကြိုးပမ်းနေကြောင်း သိရသည်။

ဖရက်ဒ်သည် ရှက်တာဒိုးနက်အသင်းတွင် ခြေစွမ်းပြနေသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ထိပ်တန်းအသင်းကြီးများ၏ စိတ်ဝင်စားမှုကို ခံနေရခြင်းဖြစ်သည်။ အသက် (၂၅)နှစ်ရှိ အဆိုပါကစားသမားကို မန်စီးတီးအသင်းက ပေါင် ၄၄ ဒသမ၅ သန်းပေး၍ ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

ရှက်တာဒိုးနက်အသင်း၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ ဆာဂျီအီပေါကင်က ၎င်းတို့၏ ကစားသမားကို မန်စီးတီးနှင့် မန်ယူအသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေသည်မှာ မှန်ကန်ကြောင်း ပြောဆိုခဲ့သည်။ မန်စီးတီးနည်းပြ ဂွါဒီရိုလာကမူ လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် ဖရက်ဒ်ကို ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း ဝန်ခံပြောကြားသွားသည်။

"ကျွန်တော့်ရဲ့ ပြောင်းရွှေ့မှုသတင်းတွေက မှန်ကန်မှု မရှိသေးပါဘူး။ လက်ရှိအချိန်မှာ ကျွန်တော်ဟာ ရှက်တာဒိုးနက်အသင်းမှာ ပျော်ရွှင်နေပါတယ်။ မန်စီးတီးအသင်းနဲ့ မန်ယူတို့လို ထိပ်တန်းအသင်းကြီးတွေရဲ့ စိတ်ဝင်စားမှုကို ခံနေရတာကိုတော့ ရင်ခုန်မိတာအမှန်ပါပဲ။ ဒီလိုအသင်းတွေမှာ ဘယ်ကစားသမားမဆို ပါဝင်ကစားချင်ကြမှာ အသေအချာပါပဲ။ ဒါပေမဲ့ လတ်တလောကာလမှာ ကျွန်တော့်ရဲ့ အနာဂတ်ကို မဆုံးဖြတ်ရသေးသလို ကျွန်တော့်အနာဂတ်က ရှက်တာဒိုးနက်အသင်းအပေါ်မှာ အဓိကမူတည်နေပါတယ်"ဟုပြောကြားသည်။

ဟန်နေသစ် စုစည်းသည်

# စီရော်နယ်ဒို၏ ချစ်သူ ဂျော်ဂျီနာရိုဒရီဂွက်ဇ် ကလေးနောက်ထပ်မယူချင်တော့ကြောင်း ပြောကြား

ရီးရဲယ်မက်ဒရစ် တောင်ပံတိုက်စစ်မှူး စီရော်နယ်ဒို၏ အတူနေချစ်သူ ဂျော်ဂျီနာရိုဒရီဂွက်ဇ်က နောက်ထပ်ရင်သွေးလိုချင်မှုမရှိတော့ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ အသက်(၂၃)နှစ်ရှိ ရိုဒရီဂွက်ဇ်သည် လက်ရှိအချိန်တွင် ကလေး လေးဦးကိုထိန်းကျောင်းနေရသူဖြစ်ပြီး အကြီးဆုံးကလေးမှာ မိမိနှင့် သက်ဆိုင်ခြင်းမရှိဘဲ စီရော်နယ်ဒို၏ ကနဦးကလေးသာဖြစ်သည်။ ရိုဒရီဂွက်ဇ်က "ကျွန်မကိုယ် ကျွန်မပြန်ပြီး မေးခွန်းထုတ်မိတဲ့အချိန်မှာ နောက်ထပ်ကလေးမလိုချင်တော့ဘူးဆိုတာ သေချာပါတယ်။ အခုချိန်မှာ ဒီကလေး လေးယောက်ကို ထိန်းကျောင်းနေရတာ တော်တော်မလွယ်ပါဘူး။ ရော်နယ်ကတော့ သူ့ရဲ့ရည်မှန်းချက်အတိုင်း ကလေးခုနစ်ဦးအထိ ရယူဖို့ စိတ်ကူးထားပါတယ်"ဟု ပြောကြားသည်။



စီရော်နယ်ဒိုသည် မိမိ၏ကျောနံပါတ် (၇)နှင့်လိုက်ဖက်ညီအောင် ကလေးခုနစ်ဦး မွေးသွားရန် သန္နိဋ္ဌာန်ချထားကြောင်း သိရသည်။

# စတာလင်းကို စာချုပ်သက်တမ်းတိုးရန် မန်စီးတီးသဘောတူညီမှု ရရှိထား

မန်စီးတီးအသင်းသည် ၎င်းတို့အသင်း၏ တောင်ပံတိုက်စစ်မှူး စတာလင်းကို ကာလရှည်စာချုပ်သက်တမ်းတိုးရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း သိရသည်။

မန်စီးတီး အသင်းနည်းပြ ဂွါဒီရိုလာက စတာလင်းနဲ့ စာချုပ်သက်တမ်းတိုးဖို့ သဘောတူလိုက်ပါပြီ။ သူ့ကို တခြားအသင်းတွေက ခေါ်ယူဖို့ စိတ်ဝင်စားနေမယ်ဆိုတာ ကျွန်တော်သိပါတယ်။ ဒါပေမဲ့ စတာလင်းဟာ ကျွန်တော်တို့အသင်းအတွက် အရေးကြီးတဲ့ ကစားသမားတစ်ယောက်ပါ'ဟု ပြောကြားခဲ့သည်။

မန်စီးတီးအသင်းသည် စတာလင်းနှင့် ကာလရှည် စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှုရရှိထားပြီဟု ဆိုသော်လည်း မည်သည့်နှစ်အထိ သက်တမ်းတိုးမည်ကို ဖော်ပြထားခြင်းမရှိဘဲ လက်မှတ်ရေးထိုးပြီးမှသာ ထုတ်ပြန်သွားမည်ဟု သတင်းများတွင် ဖော်ပြထားသည်။



# အီဘရာဟီမိုဗစ်ကို သူရဲကောင်းတစ်ဦးကဲ့သို့ အယ်လ်အေဂလက်ဇီ ပရိသတ်များကြိုဆို

မန်ယူအသင်းမှ အယ်လ်အေဂလက်ဇီအသင်းသို့ ပြောင်းရွှေ့သွားသည့် အီဘရာဟီမိုဗစ်ကို အယ်လ်အေ ဂလက်ဇီပရိသတ်များက သူရဲကောင်းတစ်ဦးကဲ့သို့ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

မိုဗစ်သည် ပြီးခဲ့သည့် အင်္ဂါနေ့ ညနေပိုင်းက လော့စ်အိန်ဂျလိစ် နိုင်ငံတကာလေဆိပ်သို့ ရောက်ရှိချိန်တွင် ပရိသတ်ထောင်နှင့်ချီ၍ ကြိုဆိုခဲ့ခြင်းဖြစ်သည်။ အသက်(၃၆)နှစ်ရှိပြီဖြစ်သော မိုဗစ်သည် အေဂျစ်၊ အင်တာမီလန်၊ အေစီမီလန်၊ ဘာစီလိုနာ၊ ဂျူဗင်တပ်နှင့် ပီအက်စ်ဂျီအသင်းတို့တွင် ကစားခဲ့ပြီး ယခုနောက်ဆုံး မန်ယူမှ အယ်လ်အေ ဂလက်ဇီအသင်းသို့ ပြောင်းရွှေ့သွားခြင်းဖြစ်သည်။

မိုဗစ်က "ကျွန်တော် ဒီအသင်းကို ရောက်လာတာဟာ ကျွန်တော့်ရဲ့ဘဝအသစ် ပြန်စတာနဲ့ အတူတူပါပဲ။ မန်ယူမှာ ကစားခွင့်ပေးခဲ့တာကို ကျေးဇူးတင်ပါတယ်။ မန်ယူအသင်းမှာ ပုံမှန်ပွဲထွက် ခွင့်မရခဲ့ပေမယ့် ဂလက်ဇီအသင်းမှာတော့ ပုံမှန်ပွဲထွက်ခွင့်တွေရရှိပြီး ဂိုးတွေလည်း ပြန်သွင်းနိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ဒီက ပရိသတ်တွေနဲ့ တစ်သားတည်းဖြစ်အောင် ကြိုးစားသွားမှာပါ" ဟုပြောကြားခဲ့သည်။

မိုဗစ်သည် အယ်လ်အေဂလက်ဇီအသင်းတွင် တစ်ပတ်လုပ်ခ ပေါင် ၁၆၀၀၀ သာ ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

- *ဘာစီလိုနာအသင်းသည် ဘိုင်ယန်မြူးနစ်အသင်းမှ နောက်ခံကစားသမား ဒေးဗစ်အဲလ်ဗာကို ခေါ်ယူသွားရန်ရှိနေကြောင်း မက်ဆီက ပြောကြားလိုက်သည်။*
- *ချယ်လ်ဆီးအသင်းသည် ရီးရဲလ်မက်ဒရစ်အသင်းမှ တောင်ပံတိုက်စစ်ကစားသမား ဂါရတ်ဘေးလ်ကိုခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။*
- *ရီးရဲလ်မက်ဒရစ်အသင်းနှင့် အနာဂတ်မရေရာ ဖြစ်နေသည့် အစ္စကိုအား ခေါ်ယူရန် မန်စီးတီးအသင်းက ပစ်မှတ်ထားနေပြီး ၎င်းကစားသမားကို ပေါင် ၇၅ သန်းပေးမည်ဟု သိရသည်။ ထို့ပြင် အစ္စကိုကို ချယ်လ်ဆီးအသင်းနှင့် စပါးအသင်းတို့ကလည်း ခေါ်ယူလိုကြောင်း The Sun သတင်းစာတွင် ဖော်ပြထားသည်။*
- *ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာတော့မည်ဟု သတင်းများထွက်ပေါ်နေသည့် လီဝန်ဒေါ်စကီးက မိမိ၏ အနာဂတ်မှာ ဘိုင်ယန်မြူးနစ်တွင်သာ ဆက်ရှိနေမည်ဟု ပြောကြားလိုက်သည်။*

# မိုရာတာကို ခေါ်ယူရန် ဘိုင်ယန်မြူးနစ် ပစ်မှတ်ထားလား



ဘိုင်ယန်မြူးနစ်အသင်းသည် ချယ်လ်ဆီးတိုက်စစ်မှူး မိုရာတာကို လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် ခေါ်ယူသွားရန် ပစ်မှတ်ထားလာကြောင်း သိရသည်။မိုရာတာသည် ရီးရဲမက်ဒရစ်အသင်းမှ ချယ်လ်ဆီး အသင်းသို့ ရောက်ရှိလာချိန်တွင် အသင်းနှင့် အံဝင်ခွင်ကျမဖြစ်ဘဲ ခြေစွမ်းပျောက်ဆုံးနေမှုကြောင့် ပရိသတ်၏ ဝေဖန်မှုများကို ခံနေရသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် လာမည့်ရာသီတွင် အသင်း၏ တိုက်စစ်ပိုင်းကို ပိုမို မြှင့်တင်နိုင်ရန်အတွက် ချယ်လ်ဆီးအသင်းနှင့် အနာဂတ် မရေမရာ ဖြစ်နေသည့် မိုရာတာကိုခေါ်ယူရန် စီစဉ်နေခြင်းဖြစ်သည်။ သို့သော် ဘိုင်ယန်မြူးနစ်အနေဖြင့် အဆိုပါကစားသမားကို တရားဝင် ကမ်းလှမ်းလာမှုမျိုးမရှိသေးဘဲ အလုပ်သဘောဆွေးနွေးနေခြင်းသာဖြစ်ကြောင်းနှင့် မိုရာတာဘက်မှလည်း တစ်စုံတစ်ရာ တုံ့ပြန်လာမှုမရှိသေးကြောင်း သိရသည်။

မိုရာတာသည် ရီးရဲမက်ဒရစ်၊ ဂျူဗင်တပ်စသည့်အသင်းကြီးများတွင် ပါဝင်ခွင့်ရရှိခဲ့သော်လည်း အရန်တိုက်စစ်မှူးအဖြစ်နှင့်သာ ပွဲထွက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ မိုရာတာ၏ လူငယ်ကစားသမားဘဝမှာ အက်သလက်တီကိုအသင်းနှင့် စတင်ခဲ့ပြီး ဂီတာဖေး၊ ရီးရဲမက်ဒရစ် စသည့်အသင်းများ တွင် ကစားခဲ့သည်။ ထို့ပြင် ၎င်းကစားသမားသည် ၂၀၀၉ ခုနှစ်ကပင် စပိန်ယူ-၁၇ လက်ရွေးစင် ကစားသမားဖြစ်ခဲ့ပြီး ယူ-၁၈၊ ယူ-၁၉နှင့် ယူ-၂၁တို့တွင် ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ၂၀၁၄ ခုနှစ်တွင် စပိန်နိုင်ငံ လက်ရွေးစင်အသင်းကြီးတွင် ပါဝင်ခွင့် ရရှိခဲ့ပြီး ၂၃ ပွဲတွင် ၁၃ ဂိုး သွင်းပေးထားနိုင်ခဲ့သည်။

မိုရာတာသည် ချယ်လ်ဆီးအသင်း၌ ၂၄ ပွဲ ကစားခဲ့ရာတွင် ၁၀ ဂိုးသာ သွင်းပေးထားနိုင်ခြင်းကြောင့် ပရိသတ်များ၏ ဝေဖန်မှုမြင့်တက်နေသဖြင့် ပြန်လည်ရောင်းထုတ်ရန် တွန်းအားပေးမှုများလည်း ရှိနေသည်။

# ဥရောပသမဂ္ဂမှ ခွင့်ပြုပေးလျက်ရှိသော ယေဘုယျအကောက်ခွန်သက်သာခွင့်စနစ် (Generalized System of Preference-GSP) အစီအစဉ်နှင့် တင်ပို့သူမှ မှတ်ပုံတင်၍ ကိုယ်တိုင် သက်သေခံကာ ထုတ်ပေးသည့်စနစ် (Registered Exporter System-REX) အကြောင်း သိကောင်းစရာများ

| ရွှေစင်ဦး |

**ယခင်တစ်ပတ်မှအဆက်**

မြန်မာနိုင်ငံတွင် အသုံးပြုသည့် EBA ၏ အခြေခံစည်းမျဉ်း အချို့ကို အောက်တွင် ဖော်ပြထားသည် -

* ၂၀၁၆ ခုနှစ်တွင် အီးယူမှ မြန်မာနိုင်ငံသို့ တင်သွင်းသည့် တင်သွင်းကုန်ပစ္စည်း၏ ၈၇% သည် EBA ကို ဦးစားပေး တင်သွင်းသည်။ အဆိုပါ တင်သွင်းကုန်စည်များအတွက် ထပ်တိုး အခွန်ကောက်ခံခြင်း မရှိပေ။
* အခြားတင်သွင်းကုန်များမှာ အထူးကုန်သွယ်မှုကင်းလွတ်စနစ် အောက်မှ တင်သွင်းသည် ကုန်စည်များ သို့မဟုတ် အထူးအခွင့် အရေးမရှိသည့် ထုတ်ကုန်ပစ္စည်းတို့ဖြစ်သည်။ ဥပမာ-အီးယူသို့ မြန်မာနိုင်ငံမှ တင်သွင်းသည့် အထူးအခွင့်အရေးမရရှိသည့် ကုန်စည်တို့မှာ ကျောက်မျက်ရတနာများ၊ ပဲနှင့် ပဲနီလေးတို့ ဖြစ်သည်။ သစ်သည်လည်း အထူးအခွင့်အရေးမရရှိသည့် ကုန်စည်တွင် ပါဝင်သည်။

ဇယား (၁)

| သွင်းကုန် အမျိုးအစား | ၂၀၁၆ ခုနှစ်တွင် မြန်မာနိုင်ငံမှ အီးယူသို့ တင်သွင်းကုန်စည် EUR Million | စုစုပေါင်း ရှယ်ယာ | ရှင်းလင်း ဖော်ပြချက် |
|---|---|---|---|
| မြန်မာနိုင်ငံမှ အီးယူသို့ တင်သွင်း ကုန်စည်စုစုပေါင်း | ၉၈၃,၁ | ၁၀၀,၀% | |
| အထူးအခွင့်အရေး မရရှိသည့်နိုင်ငံ | ၉၅,၁ | ၉,၇ % | အဆိုပါ ထုတ်ကုန်များအတွက် သင့်တင့်မျှတသည့် စည်းမျဉ်း စည်းကမ်း မရှိ။ |
| အထူးအခွင့်အရေး ရရှိသည့်နိုင်ငံနှင့် အခွန် ကင်းလွတ်ခွင့်နှင့် ကိုက်ညီသော | ၈၅၉,၃ | ၈၇,၄ % | မှတ်သားရန်မှာ လက်နက်နှင့် ခဲယမ်းမီးကျောက်များမှ လွဲ၍ လက်တွေ့ကျကျ အခွန် ကင်းလွတ်ခွင့် မရှိသည့် သွင်းကုန်များ မရှိခြင်းကို |
| အခွန် ကင်းလွတ်ခွင့်နှင့် ဦးစား ပေးခြင်းကို အသုံး ပြုသည့် | ၈၂၇,၁ | ၈၄,၁ % | အသုံးပြု သည့် နှုန်းများမှာ (၃၂/ မီတာ/ ၈၅၉ မီတာ) |
| အခွန် ကင်းလွတ်ခွင့်နှင့် ဦးစား ပေးခြင်းကို အသုံး မပြုသည့် | ၃၂,၂ | ၃,၃ % | |
| အထူး တင်သွင်းကုန် အခန်းကဏ္ဍ (ပြည်တွင်း၊ ပြည်ပ ကုန်သွယ်မှု ဖြစ်စဉ်) မထင်ရှားသော သွင်းကုန် အခန်းကဏ္ဍ | ၂၈,၈ | ၂,၉% | တင်သွင်း ကုန်စည်အားလုံး နီးပါးသည် MFN သို့ GSP/EBA စည်းမျဉ်း အောက်တွင် အခွန်ကင်းလွတ်ခွင့် ရရှိသည်။ |

ရင်းမြစ်- Eurostate ဒေတာ အသုံးပြု၍ တွက်ချက်ခြင်း။

* ဦးစားပေးတင်သွင်းသော အခွန်ကင်းလွတ်ခွင့် သွင်းကုန်များ အကြား တင်သွင်းကုန်အားလုံး၏ ၉၆% ကို ဦးစားပေးတင်သွင်း ခြင်းပြုလုပ်သည် (တန်ဖိုးအားဖြင့်)။ TCF အခန်းကဏ္ဍဖြစ်သည့် (ချည်ထည်၊ အဝတ်အထည်နှင့် ဖိနပ်) တို့တွင် ပင်ရင်းစည်းမျဉ်း စည်းကမ်းတို့သည် သင့်တင့်မျှတမှုရှိခြင်းနှင့် အခွန်ကင်းလွတ်ခွင့်ရ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက သင့်တင့်မျှတသည့် အခွင့်အရေးများပါရှိသည်။

သွင်းကုန်အခန်းကဏ္ဍတွင် မြန်မာနိုင်ငံမှ အီးယူသို့ တင်သွင်း ကုန်စည်အကျဉ်းကို ဇယား(၁)တွင် ကြည့်ရှုနိုင်သည်။

အခွန်ထမ်းဆောင်ရသည့် မြန်မာနိုင်ငံမှ သွင်းကုန်များအကြား မူဝါဒအရ အခွန်ကင်းလွတ်ခွင့်ရသော (လက်နက်နှင့် ခဲယမ်းမီး ကျောက်များမှလွဲ၍) TCG အခန်းကဏ္ဍတွင် ဆန်စပါးနှင့်ငါးကဲ့သို့ သော သွင်းကုန်များ လွှမ်းမိုးလျက်ရှိသည်။

* ၂၀၁၆ ခုနှစ်တွင် မြန်မာမှ အီးယူသို့ သွင်းကုန် ၈၆% သည် ဦးစားပေးအခွန်ကင်းလွတ်ခွင့်ရသည့် TCF ထုတ်ကုန်များဖြစ် သည်။ ဦးစားပေးတင်သွင်းရာတွင် အဆိုပါ သွင်းကုန်၏ ၉၇% ကို အသုံးပြုခဲ့သည်။
* ဦးစားပေးကုန်စည်၏ အရေးပါသော အခြားထုတ်ကုန်များမှာ ဆန်စပါးနှင့်ငါးတို့ဖြစ်သည်။ TCF ထွက်ကုန်များအပြင် ဆန်စပါး နှင့်ငါးတို့သည်လည်း အရေးပါသော ကုန်စည်များဖြစ်သည်။
* TCG အတွက် ဦးစားပေး ကုန်စည်များတွင် (MFN: အခွင့်အရေး အများဆုံးရရှိသော နိုင်ငံအထည်ချုပ်လုပ်ငန်းအတွက် ၁၂%၊ ဖိနပ်လုပ်ငန်းအတွက် ၁၇%၊ ဆန်စပါး (MFN:128£t သို့ 175£t) နှင့် ငါး (MFN: အများစုမှာ ၈-၂၀%)
* TCF ကုန်စည်များအား ဦးစားပေးအသုံးပြုမှုခြင်း အလွန်မြင့်မား လျက်ရှိသည်။ ဂျုံ၊ နှံစားပြောင်းနှင့်ငါး၊ စက်ပစ္စည်းကဲ့သို့ အချို့ ကုန်စည်များကို ကုန်သွယ်ရာတွင် ဦးစားပေးခြင်းနည်းပါးလျက် ရှိပြီး ပြန်လည်တင်ပို့ခြင်း အပါအဝင် (မြန်မာနိုင်ငံမှ မထုတ် လုပ်သော ကုန်စည်များ)

မြန်မာမှ အီးယူသို့ ဦးစားပေးတင်သွင်းနေသည့် ကုန်စည် အသေးစိတ်ကို HS ခေါင်းစဉ်ဖြင့် ဇယား(၂)တွင် အသေးစိတ် ဖော်ပြထားသည်။

## ၂။၃။ EU GSP ဆိုင်ရာသတ်မှတ်ချက်များ။

EU GSP သည် အကျိုးခံစားသည့် နိုင်ငံများအား အီးယူစည်း မျဉ်းစည်းကမ်းနှစ်ခုကို မှန်ကန်စွာ လိုက်နာစေသည်။ တစ်ခုမှာ EU GSP စည်းမျဉ်းစည်းကမ်းဖြစ်ပြီး ကျန်တစ်ခုမှာ EU GSP ပင်ရင်းနိုင်ငံ စည်းမျဉ်းစည်းကမ်းဖြစ်သည်။

GSP စည်းမျဉ်းစည်းကမ်းအသစ်တွင် အထူးအခွင့်အရေး များကို ရပ်ဆိုင်း (သို့) ရုပ်သိမ်းခံရစေနိုင်သည့် အောက်ပါအခြေအနေ များကို ဖော်ပြထားသည် -

- ➢ အခြေခံလူ့အခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေးဆိုင်ရာ အိုင်အယ်လ်အို။ ကုလသမဂ္ဂကွန်ဗင်းရှင်းများတွင် ချမှတ်ထား သည့် အခြေခံမူများကို စနစ်တကျ ချိုးဖောက်ခြင်း။
- ➢ မတရားသော ကုန်သွယ်မှုဆိုင်ရာ လုပ်ဆောင်ချက်များ (ကုန် ကြမ်းပစ္စည်းများ ပေးသွင်းခြင်း)။ (သို့သော် အရည်အချင်းပြည့်ဝ သည့် WTO အဖွဲ့အစည်းက ထိုသို့ မလိုက်နာကြောင်း ဆုံးဖြတ် ပြီးနောက်တွင်မှ ဖြစ်သည်။
- ➢ စီမံအုပ်ချုပ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမရှိခြင်း၊ ဥပမာ အကောက်ခွန် ထိန်းချုပ်မှုပိုင်းတွင် ဆိုးရွားစွာ လိုအပ်ချက်များ ရှိနေခြင်း။
- ➢ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဆင့်မှ ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်သို့ တက် ရောက်လာခြင်း သို့မဟုတ်GSP+မှ သာမန်သို့တက်ရောက်လာခြင်း။

(ကိုးကား။ ဥရောပသမဂ္ဂ၏အထူးအကောက်ခွန်ကင်းလွတ် သက်သာခွင့်စနစ်နှင့် ၎င်း၏ ပင်ရင်းနိုင်ငံဆိုင်ရာ စည်းမျဉ်းများ အတွက် လမ်းညွှန်)

**(ဆက်လက်ဖော်ပြပါမည်)**

### ထုတ်ကုန်အခန်းကဏ္ဍဖြင့် အီးယူမှ တင်သွင်းသည့် အခွန်ကင်းလွတ်ခွင့်နှင့်ကိုက်ညီသော ကုန်စည်

ဇယား (၂)

| HSခေါင်းစဉ် (TCF-ချည်ထည်၊ အဝတ်အထည်၊ ဖိနပ်) | ၂၀၁၆ ခုနှစ်တွင် မြန်မာမှ အီးယူသို့ တင်သွင်းသော EUR million | စုစု ပေါင်း | ဦးစားပေး အသုံး ပြုခြင်း |
|---|---|---|---|
| စုစုပေါင်း TCF (HS 41,42,50-67) | ၇၄၀,၁ | ၈၆,၁% | ၉၆,၉% |
| အခြားစုစုပေါင်း | ၁၁၉,၁ | ၁၃,၉% | ၉၂,၁% |
| HS ခေါင်းစဉ် | | | |
| ၆၂-အဝတ်အစား၊ အသုံးအဆောင် နှင့် ချည်ဇာမဟုတ်သော ပစ္စည်းများ | ၄၄၉,၇ | ၅၂,၃% | ၉၆,၉% |
| ၆၁-အဝတ်အစား၊ အသုံးအဆောင်နှင့် ချည်ဇာများ | ၂၁၆,၂ | ၂၅,၂% | ၉၇,၈% |
| ၁၀-အဆင့်မြင့် ဂျုံ နှံစားပြောင်း၊ အသင့်စားသုံးရန် | ၅၅,၄ | ၆,၄% | ၉၉,၉% |
| ၆၄-ခြေတွင် ဝတ်ဆင်သည့် ဖိနပ်နှင့် အသုံးအဆောင် | ၅၂,၅ | ၆,၁% | ၉၆,၅% |
| ၀၃-ငါးနှင့်ကျောရိုးရှိ ရေနေသတ္တဝါ | ၃၆,၀ | ၄,၂% | ၉၉,၀% |
| ၄၂-သားရေနှင့် တိရစ္ဆာန်မှ ထုတ်လုပ်သော ပိုက်ဆံအိတ် (ခရီးဆောင်များ) | ၁၄,၁ | ၁,၆% | ၉၂,၈% |
| ၈၅- လျှပ်စစ်ဖြင့် လည်ပတ်သောစက်များ | ၅,၆ | ၀,၆% | ၃၀,၀% |
| ၃၉-ကော်ပစ္စည်း | ၃,၇ | ၀,၄% | ၇၆,၄% |
| ၉၄- ပရိဘောဂ၊ မွေ့ယာခန်းဝင်ပစ္စည်း | ၃,၆ | ၀,၄% | ၅၆,၇% |
| ၆၅- ဦးထုပ်နှင့် ယင်းနှင့် သက်ဆိုင်သော အသုံးအဆောင်များ | ၂,၈ | ၀,၃% | ၉၆,၅% |
| ၉၅-ကစားစရာ | ၂,၅ | ၀,၃% | ၈၅,၀% |
| ၄၀-ရော်ဘာပစ္စည်းအမျိုးမျိုး | ၂,၃ | ၀,၃% | ၉၈,၇% |
| ၅၈- ဇာနှင့်ချည်ထည် ယက်လုပ်ထားသော | ၂,၃ | ၀,၃% | ၉၁,၉% |
| ၉၀-ဆေးရုံသုံး၊ ဓာတ်ခွဲခန်းသုံး၊ ပညာရေး တိုင်းတာရေး ကိရိယာများ | ၂,၀ | ၀,၂% | ၈၅,၃% |
| ၄၄-သစ်အမျိုးမျိုးမှ ရရှိသော | ၁,၉ | ၀,၂% | ၆၃,၇% |
| ၇၈-ခဲမှထုတ်လုပ်သော | ၁,၈ | ၀,၂% | ၁၀၀,၀% |
| ၁၆-အသား၊ ငါးအသား၊ ကျောရိုးရှိရေနေသတ္တဝါ | ၁,၄ | ၀,၂% | ၁၀၀,၀% |
| ၄၆-ကြိမ်၊ ဝါးတို့ဖြင့် ယက်လုပ်ထားသော ခြင်းတောင်း၊ လက်မှုပစ္စည်း | ၁,၂ | ၀,၁% | ၈၁,၂% |
| ၆၃-စောင်၊ အနွေးထည်၊ အပူထိန်းချည်ထည်များ | ၁,၁ | ၀,၁% | ၅၇,၁% |
| ၆၇-ငှက်မွေး၊ ဆံမွေး၊ တိရစ္ဆာန် အမွေးအမှင် | ၀,၉ | ၀,၁% | ၈၁,၈% |
| ၀၇-စားသုံးနိုင်သော အမြစ်၊ သစ်ဥ၊ ဥစ်ဖု | ၀,၆ | ၀,၁% | ၆၁,၂% |
| အခြား | ၁,၄ | ၀,၂% | |

# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုဆိုင်ရာ ထူးခြားဖြစ်စဉ်ပြောင်းလဲမှုများနှင့် နိုင်ငံအသီးသီးမှ WTO သတ်မှတ်ချက်နှင့်အညီ လိုက်ပါဆောင်ရွက်မှုများ

**ညီညီအောင် (WTO သံမှူး)**

(ယခင်တစ်ပတ်မှအဆက်)

**မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Trade Facilitation Agreement အရ လိုက်ပါ အကောင်အထည်ဖော်မည့် လုပ်ငန်းတာဝန်အမျိုးအစားများကို Notification ပြုလုပ်မှု**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Trade Facilitation Agreement (TFA) တွင် လိုက်ပါဆောင်ရွက်မည့် လုပ်ငန်း စဉ်အမျိုးအစားအလိုက် Category (A) (B) (C) သတ်မှတ်ထားရှိမှုအား အချိန်ကာလသတ်မှတ်ချက်အရ ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများအနေဖြင့် TFA စာချုပ်အာဏာသက်ဝင်ပြီးနောက် တစ်နှစ်အကြာတွင် Notification ပြုလုပ်ပေးရမည်ဖြစ်ပါသည်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ TFA သည် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၂ရက်မှ စတင်ကာ အာဏာသက်ဝင်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် တစ်နှစ်ပြည့်မြောက်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Trade Facilitation Agreement (TFA) တွင် လိုက်ပါဆောင်ရွက်မည့် လုပ်ငန်းစဉ် အမျိုးအစားအလိုက် Category (A) (B) (C) သတ်မှတ်ထားရှိမှုအား ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်တွင် တရားဝင် Notification ပြုလုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ Category (A) (B) (C) သတ်မှတ်ထားရှိမှု TFA Notification အား ကမ္ဘာ့ကုန် သွယ်ရေးအဖွဲ့၏ Committee on Trade Facilitation မှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် အဖွဲ့ဝင်နိုင်ငံများသို့ ဖြန့်ဝေခဲ့ပြီးကြောင်း သိရှိရပါသည်။

**ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်မှ ကုန်သွယ်ရေးစစ်ပွဲ ဖြစ်ပွားလာနိုင်ဟု သတိပေးပြောကြား**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် အင်အားကြီးနိုင်ငံများအနေဖြင့် အကောက်ခွန် နှုန်းထားတိုးမြှင့်ကောက်ခံရေး ပြင်ဆင်နေမှုများနှင့် ပတ်သက်၍ အဖွဲ့ဝင်နိုင်ငံများအကြား သဘောထားတင်းမာလာမှု ပိုမိုလာခြင်းမှာ အနာဂတ်တွင် ကုန်သွယ်ရေးစစ်ပွဲ အချိန်မရွေးဖြစ်ပွားလာနိုင်သဖြင့် အထူးသတိပြုသင့်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်မှ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ အစောပိုင်း၌ ပြောကြားခဲ့ပါ သည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်မှုဆိုင်ရာ အကောက်ခွန်နှုန်းထားများ၊ ကုန်သွယ်မှု စည်းမျဉ်းများနှင့် ကိုယ်ကျိုးစီးပွားအတွက် အကာအကွယ်ပေးမှုများနှင့်ပတ်သက်၍ သဘောထားများ တင်းမာလျက်ရှိပါသည်။ ထို့အတူ တောင်ကိုရီးယားနှင့် ဥရောပသမဂ္ဂတို့သည် အမေရိကန်ပြည်ထောင်စု၏ ကုန်သွယ်ရေးဆိုင်ရာ လက်ရှိမူဝါဒများနှင့် ပတ်သက်၍ ဝေဖန်မှုများ ပိုမိုပြုလုပ်လျက်ရှိပါသည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် လက်ရှိအချိန်တွင် အဝတ်လျှော်စက်နှင့် ဆိုလာပါဝါများ တင်သွင်းမှုအတွက် အကောက်ခွန်နှုန်းထားများ တိုးမြှင့်ထားသဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် ကုန်သွယ်မှုဆိုင်ရာ အငြင်းပွားမှုအတွက် အမှုရင်ဆိုင်နေရပါသည်။

လက်ရှိနောက်ဆုံးကြားသိရသော သတင်းများအရ အမေရိကန် ပြည်ထောင်စုသည် တရုတ်နိုင်ငံမှ ဈေးသက်သာသော သံမဏိနှင့် အလူမီနီယံ သွင်းကုန်များအား ပစ်မှတ်ထားလျက် ၎င်းသွင်းကုန်များအတွက် အကောက်ခွန်နှုန်းထားများ တိုးမြှင့်ရန် စီစဉ်လျက်ရှိကြောင်း သိရှိရပါသည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် သံမဏိအပေါ် အကောက်ခွန်နှုန်း ၂၅ ရာခိုင်နှုန်းနှင့် အလူမီနီယံအပေါ် အကောက်ခွန်နှုန်း ၁၀ ရာခိုင်နှုန်း ကောက်ခံရန် စီစဉ်နေကြောင်း သိရှိရပြီး ယင်းမှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းနှင့်မညီကြောင်း ဂျာမနီသံမဏိအသင်းအဖွဲ့မှ တုံ့ပြန်ထားပါသည်။ ယင်းကဲ့သို့ အမေရိကန် ပြည်ထောင်စုမှ အကောက်ခွန်နှုန်းထားများ တိုးမြှင့်လာပါက ဥရောပသမဂ္ဂအနေဖြင့်လည်း အမေရိကန်ပြည်ထောင်စု တင်သွင်းလျက်ရှိသော အချို့သော အရေးကြီးကုန်စည်များ (ဥပမာ - ဝီစကီ၊ ဂျင်းဘောင်းဘီ) တို့အပေါ် အကောက်ခွန်နှုန်းထား ၂၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံထားရန် စဉ်းစားလျက်ရှိကြောင်း သိရှိရပါ သည်။

**မလေးရှားနိုင်ငံ၏ (၇) ကြိမ်မြောက် ကုန်သွယ်မှု မူဝါဒဆိုင်ရာဆန်းစစ်မှု အစည်းအဝေး ကျင်းပခဲ့ခြင်း**

မလေးရှားနိုင်ငံ၏ (၇) ကြိမ်မြောက် ကုန်သွယ်ရေး မူဝါဒဆန်းစစ်မှု အစည်းအဝေးကို ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့ပါသည်။ မလေးရှားနိုင်ငံ၏ (၇) ကြိမ်မြောက် ကုန်သွယ်မှုမူဝါဒဆန်းစစ် မှုအစည်းအဝေးတွင် မြန်မာနိုင်ငံ အပါအဝင် စုစုပေါင်းကိုယ်စားလှယ် ၄၃ ဦးတို့က မိန့်ခွန်းပါဝင်ပြောကြားခဲ့ကြပါသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ကိုယ်စား ဒုတိယအမြဲတမ်းကိုယ်စားလှယ်က မိန့်ခွန်းပြောကြားရာတွင် မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်ရေးမူဝါဒဆန်းစစ်မှု လုပ်ငန်းစဉ်အား ထောက်ခံကြောင်း၊ မလေးရှားနိုင်ငံ၏ (၇) ကြိမ်မြောက် ကုန်သွယ်ရေးမူဝါဒဆန်းစစ်မှုကို ကြိုဆိုကြောင်း၊ မြန်မာ-မလေးရှားနှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ၊ မလေးရှားနိုင်ငံနှင့် ကုန်သွယ်ရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်နေမှုများ၊ မလေးရှားနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရေရှည် မျှော်မှန်းချက်ထားရှိဆောင်ရွက်နေမှု၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ကန့်သတ်ချက်များ ဖြေလျှော့ပေးရန် လိုအပ်မှု၊ ကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေမှု၊ မလေးရှားနိုင်ငံမှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ Multilateral Trading System အပေါ် ဆက်လက်ထောက်ခံအားပေးရန် တိုက်တွန်းသည့်အချက်များကို ပြောကြားခဲ့ပါသည်။

မလေးရှားနိုင်ငံ၏ (၇) ကြိမ်မြောက် ကုန်သွယ်ရေးမူဝါဒဆန်းစစ်မှု အစည်းအဝေးတွင် အဖွဲ့ဝင် နိုင်ငံများ၏ အဓိက ဆွေးနွေးချက်များ၌ မလေးရှားနိုင်ငံ၏ Regional Trade Agreements နှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းများနှင့်ပတ်သက်၍ လိုက်လျောညီထွေဖြစ်ရန် အကြံပြုချက်များ၊ ကုန်သွယ်ရေးလျင်မြန်ချောမွေ့စေမှု၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများနှင့် ၎င်းနှင့် ပတ်သက်၍ လျင်မြန်ချောမွေ့စေရေး ဆောင်ရွက်နေမှု၊ အကောက် ခွန်နှုန်းထားဆိုင်ရာများ၊ ပို့ကုန်ဆိုင်ရာ အခွန်ကောက်ခံမှုနှင့် သွင်းကုန်လိုင်စင်ဆိုင်ရာကိစ္စရပ်များ၊ ပို့ကုန်ထောက်ပံ့မှုနှင့် ပို့ကုန်တိုးမြှင့်မှု၊ စံချိန်စံညွှန်းများ၊ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ၊ အစိုးရဝယ်ယူရေးစနစ်၊ ဉာဏမူပိုင်ခွင့်၊ ထုတ်လုပ်မှု၊ ဝန်ဆောင်မှု လုပ်ငန်းများ၊ ဘဏ်လုပ်ငန်း၊ အာမခံဝန်ဆောင်မှု၊ ဆက်သွယ်ရေးဝန်ဆောင်မှု၊ ပို့ဆောင်ရေးဝန်ဆောင်မှု၊ ကျွမ်းကျင်သူဝန်ဆောင်မှုတို့အပြင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် လက်ရှိဆွေးနွေးဆဲဖြစ်သော E-commerce နှင့် သက်ဆိုင်သော မလေးရှားနိုင်ငံ၏ ကုန်သွယ်ရေး မူဝါဒဆိုင်ရာအချက်များ ပါဝင်ခဲ့ပါသည်။

ဆက်လက်ဖော်ပြပါမည်။

# ထိုင်းနိုင်ငံ၏ ပို့ကုန်တင်ပို့မှု တိုးတက်၊ စက်မှုလုပ်ငန်းများ၏ ယုံကြည်မှုကျဆင်းလာ



ထိုင်းနိုင်ငံသည် ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလတွင် ပို့ကုန်တင်ပို့နိုင်မှု တိုးတက်မှုနှုန်းမှာ ယခင်နှစ်ထက် ၁၀ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ သို့ရာတွင် စက်မှုလုပ်ငန်းများ၏ ခန့်မှန်း အညွှန်းကိန်းများအရ လုပ်ငန်းများ ကျဆင်းသွားပါသည်။ စက်မှုလုပ်ငန်းများ၏ ကုန်ကျစရိတ်များ မြင့်တက်လာသည့်အတွက် လေးလတာကာလအတွင်း ပထမဆုံးအကြိမ် ကျဆင်းခြင်း ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ပို့ကုန်တင်ပို့နိုင်မှုမှာ အမေရိကန် ဒေါ်လာ ၂၀ ဒသမ ၃၆ ဘီလီယံ ရရှိပြီး ယခင်နှစ်ထက် ၁၀ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ဖော်ပြထားပါသည်။ ၂၀၁၈ ခုနှစ်၏ ပထမနှစ်လအတွင်း ပို့ကုန်တိုးတက်မှုနှုန်း ၁၃ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ပြီး အမေရိကန် ဒေါ်လာ၄၀ ဒသမ ၄၇ ဘီလီယံရရှိခဲ့ကြောင်း၊ သွင်းကုန်တင်သွင်းမှုမှာ ပြီးခဲ့သည့်လတွင် ၉ ဒသမ ၅၆ ဘီလီယံရရှိပြီး ၁၆ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်၏ပထမ နှစ်လအတွင်း သွင်းကုန် ၃၉ ဒသမ ၇၈ ဘီလီယံ ရရှိပြီး ၂၀ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ပြီးခဲ့သည့်လတွင် ကုန်သွယ်မှု ပိုငွေမှာ အမေရိကန်ဒေါ်လာ ၈၀၇ သန်းဖြစ်ပြီး ၂၀၁၈ ခုနှစ် ပထမနှစ်လတွင် ကုန်သွယ်မှု ပိုငွေ အမေရိကန် ဒေါ်လာ ၆၈၈ ဒသမ ၅ သန်းဖြစ်ကြောင်း၊ ပို့ကုန်တိုးမြှင့် တင်ပို့နိုင်သော်လည်း စက်မှုလုပ်ငန်းများ၏အညွှန်းကိန်းများအရ စက်မှုလုပ်ငန်းများသည် အလုပ်သမားခနှင့် ကုန်ကြမ်းဝယ်ယူ စရိတ် တိုးမြှင့်ခဲ့သည့်အတွက် ကျဆင်းခဲ့ပါကြောင်း၊ ထိုင်းစက်မှုလုပ်ငန်း ဖက်ဒရေးရှင်း ဥက္ကဋ္ဌ Mr. Chen Namchaisiri က ပြောသည်။

အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများအနေဖြင့် ပြီးခဲ့သည့်လတွင် ကုန်ကြမ်းပစ္စည်းဈေးနှုန်းနှင့် အနိမ့်ဆုံးလုပ်သားများ၏ လုပ်အားခများမြင့်တက်မှုများကြောင့် ယုံကြည်မှုများ ကျဆင်းခဲ့ပါကြောင်း၊ ပို့ကုန်လုပ်ငန်းရှင်များမှာ ကုန်သွယ်မှု အတားအဆီးများအတွက် စိတ်ပူနေခဲ့ပါကြောင်း အကြီးစားစက်မှုလုပ်ငန်းများမှာမူ ယုံကြည်မှုကောင်းများ ကျန်ရှိနေပါကြောင်း Mr Chen က ပြောပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးနှင့် မူဝါဒနှင့် မဟာဗျူဟာရုံး ညွှန်ကြားရေးမှူးချုပ် Ms. Pimchanok Vonkorpon က ၂၀၁၈ ခုနှစ် ပထမနှစ်လအတွင်း ပို့ကုန်ဆောင်ရွက်နိုင်မှုသည် ပြီးခဲ့သည့် ခုနစ်နှစ်အတွင်း အမြင့်ဆုံးဖြစ်ပါကြောင်း၊ ပို့ကုန်တင်ပို့မှုအနေဖြင့် အမေရိကန်ပြည်ထောင်စု၊ တောင်အာရှ၊ အရှေ့တောင်အာရှ၊ လက်တင် အမေရိကနှင့် အရှေ့အလယ်ပိုင်း ဒေသများသို့ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ခဲ့ပါကြောင်း၊ လယ်ယာထုတ်ကုန်များဖြစ်သည့် ဆန်၊ အုန်းတို့၏ တင်ပို့မှုမှာ ၁၆ နှစ်ဆက်တိုက် လစဉ်တိုးမြှင့်တင်ပို့ နိုင်ခဲ့ပါကြောင်း၊ ရော်ဘာ၊ သကြား၊ ပင်လယ်စာတင်ပို့မှုမှာ အနည်းငယ်ကျဆင်းသွားပါကြောင်း၊ စက်မှုလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် မော်တော်ယာဉ်နှင့် ယာဉ်အပိုပစ္စည်းများ၊ ကွန်ပျူတာနှင့်အပိုပစ္စည်းများ၊ အင်ဂျင် နှင့် အပိုပစ္စည်းများတင်ပို့မှုမှာ ၁၂ နှစ် ဆက်တိုက် လစဉ်တိုးတက်တင်ပို့နိုင်ခဲ့ပါကြောင်း စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ယခုနှစ်တွင် ပို့ကုန်တိုးတက်မှု ၈ ရာခိုင်နှုန်း တိုးတက်မည်ဟုမျှော်လင့်ပါကြောင်း Ms Pimchanok က ပြောကြားခဲ့ကြောင်း သိရသည်။

Source : Bankok Post

မင်းအောင်အေး

# အာရှဒေသ၏ စီးပွားရေးအချက်အချာအဖြစ် ဟောင်ကောင်ကို ကျော်လွန်၍ စင်ကာပူရောက်ရှိ

ဟောင်ကောင်က 'တရုတ်ဗဟိုပြု' ကာ လုပ်ရှားဆောင်ရွက်မှု ပိုမိုများပြားလာသဖြင့် နိုင်ငံစုံကုမ္ပဏီကြီးများက အာရှဒေသအတွင်း၌ အာရှဒေသရုံးချုပ်များကို ဖွင့်လှစ်ရာတွင် စင်ကာပူနိုင်ငံကို ဦးစားပေး စဉ်းစားလာကြကြောင်း စင်ကာပူ စီးပွားရေးဖွံ့ဖြိုးမှု ဘုတ်အဖွဲ့၏ တင်ပြချက်ကို စထရိတ်တိုင်းမ်သတင်းတွင် ဖော်ပြသည်။



၁၉၉၇ ခုနှစ်မှစ၍ ဟောင်ကောင်သည် တရုတ်ပြည်မကြီးအတွက် စီးပွားရေးဝန်ဆောင်မှုများကို ပေးရန် ပိုမိုအလေးပေး ဆောင်ရွက်လာသည့်အတွက် အာရှပစိဖိတ်ဒေသ စီးပွားရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စင်ကာပူကို ဦးစားပေးလာသည့် အခြေအနေကိုရောက်ရှိခဲ့ကြောင်း စင်ကာပူအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ရရှိအောင် ဆွဲဆောင်နေသော အစိုးရအေဂျင်စီတစ်ခုဖြစ်သည့် စီးပွားရေးဖွံ့ဖြိုးမှု ဘုတ်အဖွဲ့၏ဥက္ကဋ္ဌ ဒေါက်တာဘဲဆွမ်းဂင်က ပြောသည်။

"ဟောင်ကောင်က စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာမှာ တရုတ်နိုင်ငံကို ဗဟိုပြုပြီး စဉ်းစားလာတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါကြောင့် အာရှဒေသ စီးပွားရေးလုပ်ငန်းတွေကို ပေါင်းစပ်ညှိနှိုင်းရေးနဲ့ စီမံခန့်ခွဲရေးလုပ်ငန်းတွေကို ဆောင်ရွက်မယ်ဆိုရင် ဒီလုပ်ရှားမှုတွေအတွက် ဟောင်ကောင်က သိပ်မသင့်တော်တော့ဘူးလို့ ထင်ပါတယ်"ဟု မတ် ၂၇ ရက်က ဘလွမ်းဘတ်သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ဒေါက်တာဘဲက ပြောသည်။

နိုင်ငံစုံကော်ပိုရေးရှင်း ၇၀၀၀ အပါအဝင် စင်ကာပူနိုင်ငံပြင်ပ၌ စီးပွားရေးလုပ်ငန်းကို ဆောင်ရွက်နေသော နိုင်ငံတကာကုမ္ပဏီပေါင်း ၃၇၄၀၀ ရှိသည့်အနက် ထက်ဝက်ကျော်သည် အာရှပစိဖိတ်ဒေသရှိ စီးပွားရေးလုပ်ငန်းများကို စင်ကာပူမှနေ၍ စီမံခန့်ခွဲလျက်ရှိကြောင်း စီးပွားရေးဖွံ့ဖြိုးမှုဘုတ်အဖွဲ့၏ ဝက်ဘ်ဆိုက်ဒ်တွင် ဖော်ပြသည်။

ယင်းသို့သော အခြေအနေများကြောင့် စင်ကာပူနိုင်ငံသည် တီထွင်ဖန်တီးမှုကို ဦးဆောင်သော စီးပွားရေးဖြစ်လာကြောင်း၊ သုတေသနနှင့် ဖွံ့ဖြိုးမှုအတွက် အမြောက်အမြား သုံးစွဲခြင်း၊ အခွန်ကောက်ခံမှု သက်သာခြင်းနှင့် အလုပ်သမားဥပဒေများ ကောင်းမွန်ခြင်းတို့ကြောင့် ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်ခဲ့ကြောင်း ဒေါက်တာဘဲက သုံးသပ်သည်။

သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စင်ကာပူအစိုးရသည် နိုင်ငံ၏ စုစုပေါင်း ပြည်တွင်းထုတ်ကုန် (ဂျီဒီပီ)၏ တစ်ရာခိုင်နှုန်းနှင့် ညီမျှသော ပမာဏကို အသုံးပြုပြီး ပုဂ္ဂလိကကဏ္ဍက ဂျီဒီပီ၏ ၁ ဒသမ ၃ ရာခိုင်နှုန်းကို ဆောင်ရွက်ပေးကြောင်း ဒေါက်တာဘဲက ပြောသည်။

ပမာဏသေးငယ်ပြီး တီထွင်ဖန်တီးမှုကို အလေးပေးဆောင်ရွက်လျက်ရှိသော ဆွီဒင်နှင့် ဆွစ်ဇာလန်နိုင်ငံတို့ကို နမူနာယူကာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကို ဂျီဒီပီ၏ ၃ ရာခိုင်နှုန်းအထိ မြှင့်တင်သုံးစွဲရန် အာဏာပိုင်တို့က ဆောင်ရွက်လျက်ရှိသည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးအဖွဲ့၏ စာရင်းဇယားများအရ ၂၀၁၅ ခုနှစ်တွင် ဆွီဒင်နိုင်ငံက ၃ ဒသမ ၃ ရာခိုင်နှုန်း သုံးစွဲပြီး ဆွစ်ဇာလန်နိုင်ငံက ၃ ဒသမ ၄ ရာခိုင်နှုန်းသုံးစွဲသည်ကို တွေ့ရသည်။

# အကောက်ခွန်စီမံချက်ကို စွန့်လွှတ်ရန် တရုတ်က အမေရိကန်ပြည်ထောင်စုကို တိုက်တွန်း

စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်သော အကောက်ခွန်စနစ်ကို စွန့်လွှတ်ရန် တရုတ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အမေရိကန်အစိုးရကို မတ်လ ၂၀ ရက်က တိုက်တွန်းကြောင်း အေပီသတင်းတွင် ဖော်ပြသည်။ အကယ်၍ ဆက်လက်ဆောင်ရွက်ပါက တန်ပြန် ဆောင်ရွက်မှုများ တစ်သီကြီး ဖြစ်ပေါ်ကာ ကမ္ဘာ့ကုန်သွယ်မှုကို အနှောင့်အယှက်ပေးနိုင်ကြောင်းနှင့် တရုတ် အစိုးရက အဆုံးစွန်အထိ တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

နည်းပညာဆိုင်ရာ မူဝါဒ အငြင်းပွားမှုကြောင့် အမေရိကန်ဒေါ်လာ ဘီလီယံ ၆၀ ဖိုးရှိတရုတ်ကုန်ပစ္စည်းများ အပေါ်တွင် အခွန်တိုးမြှင့်ကောက်ခံရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အဆိုပြုထားသည်။ ယင်းအဆိုပြုချက်နှင့်ပတ်သက်၍ တုံ့ပြန်မည့်အစီအစဉ် အသေးစိတ်ကို ဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ဂေါင်ဖန်းက မပြောကြားခဲ့ပေ။ သို့သော်လည်း တရုတ်နိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေး အကျိုးစီးပွားကို ကာကွယ်ရန်အတွက် တရုတ်နိုင်ငံ က သင့်လျော်သလို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထရမ့်၏ အစီအစဉ်များသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းများကို ချိုးဖောက်နေကြောင်းနှင့် အခြား နိုင်ငံများကလည်း သွင်းကုန်ထိန်းချုပ်လာမည့် တုံ့ပြန်မှုကွင်းဆက်များပေါ်ပေါက်ကာ ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးမှုကို ထိခိုက်စေနိုင်ကြောင်း ဂေါင်က ပုံမှန် သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။ ရှင်းလင်းပွဲတွင် သူက နောက်ဆုံးဖြစ်ပေါ်နေသော အငြင်းပွားမှုနှင့် ပတ်သက်၍ ပြင်းထန်သော စကားလုံးများကို သုံးနှုန်းပြောဆိုသွားသည်။

"ချောက်ကမ်းပါးစွန်းကို မရောက်မီ အမေရိကန်ပြည်ထောင်စုက ထိန်းချုပ်နိုင်လိမ့်မယ်လို့ ကျွန်တော်တို့ ယုံ ကြည်ပါတယ်။ မဟုတ်ရင်တော့ အဆုံးအထိ ကျွန်တော်တို့ တိုက်ခိုက်သွားမှာပါ"ဟု ဂေါင်က ပြောသည်။

တရုတ်အစိုးရသည် အမေရိကန်အစိုးရ၏ သံမဏိနှင့် အလူမီနီယံအခွန်ကောက်ခံမှုကို တုံ့ပြန်သည့်အနေဖြင့် ဝက်သားနှင့် စတီးပိုက်များအပါအဝင် အမေရိကန်ဒေါ်လာ သုံးဘီလီယံတန်ဖိုးရှိ အမေရိကန်သွင်းကုန်များ၏ အခွန်နှုန်းကို မြှင့်တင်ခဲ့သည်။ ယင်းဆောင်ရွက်ချက်မှာ အမေရိကန်နိုင်ငံအား လက်တုံ့ပြန်ခြင်းဖြစ်မည်ဟု ယူဆရသည်။

# ဗီယက်နမ် ပရဆေးလုပ်ငန်း တိုးတက်ရေးကို ကျွမ်းကျင်သူတို့ ဆွေးနွေး

ကျွမ်းကျင်သူများနှင့် သိပ္ပံပညာရှင်များသည် ဗီယက်နမ်နိုင်ငံ၏ ပရဆေးလုပ်ငန်း တိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများကို ဟန္တိုင်းမြို့၌ မတ်လ ၂၈ ရက်က ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးကြကြောင်း ဗီယက်နမ်နယူးစ်သတင်းတွင် ဖော်ပြသည်။

ပြည်တွင်းမှရရှိသော ပရဆေးကုန်ကြမ်းများမှာ မျှော်မှန်းထားသလောက် မရရှိကြောင်း ဟန္တိုင်း ဆေးဝါးတက္ကသိုလ် ရုက္ခဗေဒဌာန အကြီးအကဲ ပါမောက္ခ ထရန်ဗန်အွန်က ပြောသည်။

"ကျွန်တော်တို့က ပရဆေးအရင်းအမြစ်တွေကို သတ္တုမိုင်းတွေလို သဘောထားပြီး ကုန်ခမ်းသွားတဲ့အထိ ထုတ်ချင်ကြတယ်။ ဒါက ဒီကနေ့ ဗီယက်နမ်နိုင်ငံမှာရှိနေတဲ့ ပရဆေးလုပ်ငန်းရဲ့ အခြေအနေဖြစ်ပါတယ်"ဟု ပါမောက္ခ အွန်က ပြောသည်။

ပြည်နယ်များနှင့် တိုင်းဒေသကြီးများတွင် ပရဆေးအရင်းအမြစ်များကို ပရမ်းပတာ ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့လျက်ရှိကြောင်း သူက ပြောသည်။ ဤအခြေအနေကြောင့် ဗီယက်နမ်နိုင်ငံအတွင်းရှိ သဘာဝ အရင်းအမြစ်များ ကုန်ခမ်းသွားနိုင်သည်ဟု ဆိုသည်။

"ကျွန်တော်တို့က ပရဆေးပင်တွေကို ဆေးဝါးကုန်ကြမ်းအဖြစ်သာ မြင်ကြတယ်။ ဒါကြောင့် ကျွန်တော်တို့ ပရဆေးပင်တွေကနေ ထုတ်ကုန်အမျိုးမျိုး ထုတ်လုပ်နိုင်မယ့် အခွင့်အလမ်းတွေ ဆုံးရှုံးခဲ့ရပါတယ်။ အထူးသဖြင့် ပရဆေးကုန်ကြမ်း ထုတ်လုပ်ရေးလုပ်ငန်းကို ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်ပေးနိုင်တဲ့ အခွင့်အလမ်းကို ဆုံးရှုံးခဲ့ရပါတယ်။ ဒါကြောင့် မီးခိုးမထွက်တဲ့ စက်မှုလုပ်ငန်းလို့ခေါ်တဲ့ ခရီးသွားလုပ်ငန်းကနေရမယ့် အမေရိကန်ဒေါ်လာ ဘီလီယံချီပြီး ကျွန်တော်တို့ ဆုံးရှုံးနေပါတယ်"ဟု အွန်က ပြောသည်။

ပြည်တွင်း ပရဆေးကုန်ကြမ်းများနှင့် ပတ်သက်သော အမြင်များကို ပြောင်းလဲရန်အချိန် ရောက်နေပြီဖြစ်ကြောင်း သူက ပြောသည်။

ဟန္တိုင်းဆေးဝါးတက္ကသိုလ်၏ သစ်ပင်ဌာနသည် DK Pharmar JSC ကုမ္ပဏီနှင့် ပူးပေါင်း၍ ပရဆေးပင် ဖွံ့ဖြိုးတိုးတက်ရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိသည်။ ယင်းစနစ်အရ လွန်ခဲ့သော ၁၅ နှစ်အတွင်း စီးပွားရေးလုပ်ငန်း ပုံစံကောင်းတစ်ခုနှင့် တန်ဖိုးကွင်းဆက်တစ်ခုကို ဖော်ထုတ်နိုင်ခဲ့သည်။ ယင်းစနစ်မှာ ဆေးဝါးဥယျာဉ်စိုက်ပျိုးရေးလုပ်ငန်းကို ခရီးသွားလုပ်ငန်းနှင့် ပေါင်းစပ်ဖန်တီးထားခြင်း ဖြစ်သည်။ ကွမ်နင်းပြည်နယ် ယင်တူးနှင့် နင်ဘင်းပြည်နယ် အိုင်ဒင်းတို့တွင် ဆေးဝါးဥယျာဉ်နှစ်ခုကို စိုက်ပျိုးထားသည်။ ဟာဂျိုင်းပြည်နယ် ကွမ်ဘာခရိုင်တွင်လည်း ဆေးဝါးဥယျာဉ်တစ်ခုကို တည်ထောင်ရန် စီစဉ်လျက်ရှိသည်။

# ဧပြီ စီးပွားရေးအလားအလာကို တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းတို့ လျှော့ချခန့်မှန်း

အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့၏ ကုန်သွယ်ရေး အငြင်းပွားမှုကြောင့် မရေရာမှုများ ဖြစ်ပေါ်နေသည့်အတွက် တောင်ကိုရီးယားနိုင်ငံ၏ ဧပြီအတွက် စီးပွားရေးအခြေအနေကို ကုမ္ပဏီများက အဆိုးဘက်မှ ရှုမြင်ကြကြောင်း မတ်လ ၂၉ ရက်က ထုတ်ပြန် သဘောထား ကောက်ယူချက် အစီရင်ခံစာကို ကိုးကား၍ ယွန်းဟပ်သတင်းတွင် ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံ၏ ထိပ်တန်း စီးပွားရေးလုပ်ငန်း ၆၀၀ ကို စစ်တမ်းကောက် ယူပြုစုသော စီးပွားရေးစစ်တမ်း အညွှန်း ကိန်း (Business Survey Index) အရ ဧပြီအတွက် ရမှတ်မှာ ၉၆ ဒသမ ၃ ရှိရာ ဖေဖော်ဝါရီလကရရှိခဲ့သော ၁၀၀ ဒသမ ၂ နှင့် နှိုင်းယှဉ်ပါက ကျဆင်းနေကြောင်း ကိုရီးယား စီးပွားရေး သုတေသနအဖွဲ့ (KERI) က ပြောသည်။ အညွှန်းကိန်း ရမှတ်သည် ၁၀၀ အောက်ဖြစ်ပါက အလားအလာ မကောင်းဟု ယူဆပြီး ၁၀၀ ထက်ကျော်လွန်ပါက အလားအလာ ကောင်းမွန်သည်ဟု ယူဆကြသည်။

ကမ္ဘာပေါ်တွင် အကြီးဆုံးနှစ်နိုင်ငံတို့ အချင်းချင်း ဖြစ်ပေါ်နေသော ကုန်သွယ်ရေးအငြင်းပွားမှုသည် မိမိတို့အပေါ် ဖိတ်လျှံအကျိုးသက်ရောက်မှု ဖြစ်လာလိမ့်မည်ဟု ကုမ္ပဏီက ခန့်မှန်းထားကြကြောင်း KERI က ပြောသည်။ ယခင်ရက်သတ္တပတ်က အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်သည် တရုတ်ကုန်စည်များအပေါ် ပြင်းထန်သော အခွန်သတ်မှတ်ချက်များနှင့် ရင်းနှီးမြှုပ်နှံမှုများကို ကန့်သတ်သော ဥပဒေကြမ်းကို လက်မှတ်ရေးထိုးခဲ့သည်။ ယင်းသို့ ဆောင်ရွက်မှုကြောင့် တရုတ်နိုင်ငံကလည်း အမေရိကန်ပြည်ထောင်စု၏ သံမဏိ၊ ဝက်သားနှင့် အခြားထုတ်ကုန် များအပေါ် သွင်းကုန်ခွန်သတ်မှတ်ကာ လက်တုံ့ပြန်ခဲ့သည်။ တရုတ်နိုင်ငံသည် တောင်ကိုရီးယား၏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး အမေရိကန်နိုင်ငံက ဒုတိယနေရာ တွင် ရှိသည်။

မတ်လအတွက် အညွှန်းကိန်းမှာ ၉၉ ဒသမ ၁ ရှိသဖြင့် အနိမ့်ဆုံးစံဖြစ် သော ၁၀၀ အောက် ၃၅ လမြောက် အဖြစ် ကျဆင်းခဲ့သည်။

ဉာဏ်တင် စုစည်းသည်




# THE ALL-NEW BMW X3.

## ON A MISSION.

The all-new BMW X3 is a statement of unlimited oppotunities and an expression of sheer presence and freedom, it offers supreme driving comfort both on and off the road, ready for every challenge, new interface design with touch and gesture control, modern and highly exclusive interior with plenty of storage space.





**Prestige Automobiles Co., Ltd. The Exclusive Authorised BMW Dealer in Myanmar.**
**Yangon Showroom**: Tel: +95 1 230 6133 **Service Hotline:** 01-230 6144
**Mandalay Pavilion Showroom:** Tel: +95 9 78888 2089 **Service Hotline:** 09 78888 2086
**Email:** info@pac-bmw.com **Website:** www.bmwmyanmar.com

Join BMW Myanmar
www.facebook.com/BMWPAC


EVER RICH GROUP CO.,LTD
* ဂျီအိုင် ဟော်လိုပိုက် (GI Hollow Pipe)
* စီချန်နယ် ( C Channel)
* ကြမ်းခင်းပြား (Floor Deck Sheet)
* အိုမီဂါ (Omega Channel)
* ကာလာသွပ်ပြား (Pre-painted GI Sheet)
* ယူဘင့် (U Beam)
* အိုင်ဘင့် (I Beam, H Beam) နှင့်
* အခြားအိမ်ဆောက်ပစ္စည်းများ
EVER RICH GROUP CO.,LTD စက်ရုံမှ တိုက်ရိုက် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည်။
အမှတ်(၃၆/ဒီ)၊လမ်းသစ်လမ်း၊နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ရန်ကုန်မြို့။ ၀၁-၉၆၆၅၇၁၇၊၀၁-၉၆၄၀၂၇၇၊၀၉-၁၀၀၈၈၇၂၀၊၀၉-၄၅၇၇၄၀၀၆၅၊၀၉-၉၇၆၇၀၀၂၅၀
အမှတ်(၄၁၇)၊လှသီရိလမ်းနှင့်ကင်းဝန်မင်းကြီးလမ်းထောင့်၊ ရွှေလင်ဗန်းစက်မှုဇုံ၊လှိုင်သာယာမြို့နယ်၊ရန်ကုန်။ ၀၁-၆၁၇၁၃၄၉၊၀၉-၇၃၂၅၀၁၅၁၊၀၉-၇၉၆၁၀၀၁၄၁၊၀၉-၉၇၇၉၄၁၈၀၁၊၀၉-၄၅၇၇၄၀၀၆၄


JPM
CAR SALE CENTER
Email- jpmautocenter@gmail.com
Web: www.jpmmotors.com
မြန်မာ့ရိုးရာ
နှစ်သစ်အတာသကြၤန်
ပွဲတော်
မိတ်ဆွေများအားလုံးမြန်မာ့ရိုးရာ အတာသကြၤန် နှစ်သစ်မှစ၍ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာဖြင့် လုပ်ငန်းသစ်များတိုးပွားကြပါစေကြောင်း
နှစ်ထစ်ဆုမွန်တောင်း တောင်းဆုပြုပါသည်။
အမှတ်(၄၂-အေ)၊တက္ကသိုလ်ရိပ်သာလမ်းသစ်၊ပေါင်းမြို့နယ်၊ရန်ကုန်။ (ရွှေထိုင်းစားသောက်ဆိုင်ရှေ့) Ph: 01 860 3921 ~ 22
HOT LINE
09 253008800

COMMERCE
INTERNATIONAL

# ၂၀၁၇ ခုနှစ်က ကျဆင်းခဲ့သော စင်ကာပူဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း ပြန်လည်နာလန်ထူလာ



စင်ကာပူ၏ ကုန်ထုတ်လုပ်ငန်းတွင် အဓိကမဏ္ဍိုင်တစ်ခုဖြစ်သော စင်ကာပူ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းသည် ယခုနှစ်တွင် ပြန်လည်နာလန်ထူလာတော့မည်ဖြစ်ကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။ ယခုကဲ့သို့ မြင့်တက်လာခြင်းမှာ ကမ္ဘာ့ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီကြီးများ၏ ထုတ်လုပ်မှုမြင့်တက်လာခြင်းနှင့် နိုင်ငံတစ်ဝန်းရှိ ထုတ်လုပ်ရေးလုပ်ငန်းခွင်များတွင် အလိုအလျောက်စက်များ တပ်ဆင်ခြင်းကြောင့်ဖြစ်သည်။

၂၀၁၇ ခုနှစ်တွင် စင်ကာပူဆေးဝါးထုတ်လုပ်မှုမှာ နှစ်ပေါင်း ၂၀ အတွင်း အဆိုးရွားဆုံးအဆင့်သို့ရောက်ရှိခဲ့ပြီး ယင်းအခြေအနေမှ ပြန်လည်နာလန်ထူလာခြင်းက စင်ကာပူစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုလျက်ရှိသည်။ ဆေးဝါးထုတ်လုပ်မှုကဏ္ဍသည် နိုင်ငံ၏ ကုန်ထုတ်လုပ်မှုတွင် နံပါတ် ၂ နေရာသို့ရောက်ရှိနေပြီး စုစုပေါင်းပြည်တွင်းထုတ်ကုန် (ဂျီဒီပီ) ၏ သုံးရာခိုင်နှုန်းအထိ ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းကဏ္ဍသည် ၂၀၁၈ ခုနှစ်တွင် အဆမတန်ဖွံ့ဖြိုးလာနိုင်ကြောင်း စင်ကာပူစီးပွားရေးဖွံ့ဖြိုးမှုဘုတ်အဖွဲ့က ရိုက်တာသတင်းဌာနကို ပြောသည်။

"လုပ်ငန်းနေရာသစ်တွေ ဖွင့်လှစ်မှုက စင်ကာပူနိုင်ငံရဲ့ အခြေခံတွေရဲ့ ခိုင်မာမှုကို ပြသနေပါတယ်။ ၂၀၁၈ ခုနှစ်အတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေက အဆမတန်ဖွံ့ဖြိုးတိုးတက်လာလိမ့်မယ်လို့ ခန့်မှန်းပါတယ်"ဟု စီးပွားရေးဖွံ့ဖြိုးမှုဘုတ်အဖွဲ့ ဇီဝဆေးဝါးသိပ္ပံဌာနညွှန်ကြားရေးမှူး မစ္စဟိုဝမ်စီက ပြောသည်။

လုပ်ငန်းတစ်ခုလုံး ခြုံ၍ကြည့်မည်ဆိုပါက လာမည့်နှစ်အနည်းငယ်အတွင်း အခြေအနေကောင်းမွန်နေဦးမည်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုအစားအစာနှင့် ဆေးဝါးအုပ်ချုပ်မှုဌာန (FDA) ကဆေးဝါးသစ်များ ထုတ်လုပ်ခွင့်အတည်ပြုချက်ထုတ်ပေးရာတွင် ၂၀၁၇ ခုနှစ်က ၂၁ နှစ်အတွင်း အနှေးကွေးဆုံးဖြစ်ခဲ့သည်ကို ရည်ညွှန်း၍ အဆိုပါအမျိုးသမီးက ပြောသည်။

ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းသည် ဇန်နဝါရီမှ မတ်လအထိပထမသုံးလပတ်တွင် ထုတ်လုပ်မှုအခြေအနေ အကောင်းဆုံးဖြစ်ကြောင်းနှင့် လုပ်ငန်း ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများ၏ ၅၆ ရာခိုင်နှုန်းမှာ ယခင်သုံးလပတ်နှင့် နှိုင်းယှဉ်ပါကမြင့်တက်ခဲ့ကြောင်း ကုန်ထုတ်လုပ်မှုကဏ္ဍနှင့်ဆိုင်သော စီးပွားရေးဖွံ့ဖြိုးမှုဘုတ်အဖွဲ့ စစ်တမ်းတွင် ဖော်ပြသည်။ သို့ရာတွင် မစ္စဟိုက တိတိကျကျ ခန့်မှန်းပြောကြားခြင်းမရှိသကဲ့သို့ စစ်တမ်းတွင်လည်း တိတိကျကျ ဖော်ပြခြင်းမရှိခဲ့ပေ။

ဆေးဝါး ထုတ်လုပ်မှုလုပ်ငန်းသည် ဇန်နဝါရီတွင် ကျဆင်းခဲ့သည်။ သို့ရာတွင် ရာခိုင်နှုန်းအားဖြင့် အနည်းငယ်သာ ကျဆင်းခဲ့ခြင်းဖြစ်သည်။ ဖေဖော်ဝါရီတွင်မူ ယခင်နှစ်ဖေဖော်ဝါရီနှင့် နှိုင်းယှဉ်ပါက ၁၅ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ သို့ဖြစ်ရာ သုံးလပတ် တိုးတက်မှုနှုန်းမှာ ခုနစ်ရာခိုင်နှုန်းအထိ ရောက်ရှိစေခဲ့သည်။ ဆေးဝါးထုတ်လုပ်မှုမှာ ၂၀၁၇ ခုနှစ်က ၁၅ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့ရာ ၁၉၉၃ ခုနှစ်နောက်ပိုင်း နှစ်အလိုက်ကျဆင်းမှုနှုန်း အများဆုံးဖြစ်ခဲ့သည်။

၂၀၁၇ ခုနှစ်က ဤကဏ္ဍမှ ထုတ်လုပ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံရှိခဲ့ပြီး စင်ကာပူ၏ဆေးဝါးထုတ်လုပ်မှုသည် ယခုရာစုနှစ်အတွင်း သုံးဆမြင့်တက်ခဲ့သည်။ လုပ်ငန်းကဏ္ဍနာလန်ထူအောင် ဆောင်ရွက်ရာတွင် အကျပ်အတည်း လွတ်ကင်းစွာဆောင်ရွက်နိုင်သည်တော့ မဟုတ်ပေ။ သို့ရာတွင် နည်းပညာ ခေတ်မီတိုးတက်မှုကြောင့် စက်မှုလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူများသည် ထုတ်လုပ်မှုအဆင့်များကို အဆင်ပြေညီညွတ်စွာ ထုတ်လုပ်နိုင်ကြသည်။

ဉာဏ်တင် စုစည်းသည်

## တရုတ်နိုင်ငံက အခွန်ကောက်ခံမည်ကို အမေရိကန် ပဲပုပ်တောင်သူတို့ စိုးရိမ်

အမေရိကန်ပဲပုပ်များကို တရုတ်နိုင်ငံက သွင်းကုန်ခွန်ကောက်ခံပါက အလူးအလဲ ရုန်းကန်လုံးပန်းနေရသော ပဲပုပ်လုပ်ငန်းအတွက် နောက်ထပ်ထိုး နှက်ချက်တစ်ခုဖြစ်လာမည်ကို အမေရိကန်ပြည်ထောင်စု အင်ဒီယားနားတောင်သူတို့က စိုးရိမ်လျက်ရှိ သည်။

"လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအများစုက အကျိုးအမြတ်နည်းနည်းလေးပဲရပါတယ်"ဟု Tippecanoe ခရိုင်ကောင်စီဝင်နှင့် ပဲပုပ်တောင်သူတစ်ဦးဖြစ်သူ ကယ်ဗင်အန်ဒါးဝုကပြောသည်။

အင်ဒီယားနားပြည်နယ်မှ ထွက်ရှိသော သီးနှံများအနက် တစ်ဝက်ကျော်ကို ပြည်ပသို့တင်ပို့လျက်ရှိပြီး တရုတ်နိုင်ငံက အဓိကပဲပုပ်တင်သွင်းသည့် နိုင်ငံဖြစ်ကြောင်း အန်ဒါးဝုကပြောသည်။ အကောက်ခွန်ကောက်ခံမည့် အလားအလာရှိနေခြင်းကြောင့် ပဲပုပ်ဈေးသည် ၂၀ ရာခိုင်နှုန်းအထိ ကျဆင်းမည့်အလားအလာရှိကြောင်း သူက ပြောသည်။

"ထုံးစံအားဖြင့်တော့ ကုန်သွယ်ရေးစစ်ပွဲက အင်ဒီယားနားကို ကောင်းကျိုးမပေးပါဘူး" ဟု အန်ဒါးဝုက ပြောသည်။

အကောက်ခွန်များကို ပြဋ္ဌာန်းပါ က တရုတ်နိုင်ငံသည် ပဲပုပ်ရရှိရန်အတွက် အာဂျင်တီးနားနှင့် ဘရာဇီးနိုင်ငံတို့ဘက်သို့ လှည့်သွားနိုင်ကြောင်း ပါဒူးတက္ကသိုလ် လယ်ယာစိုက်ပျိုးရေး ဘောဂဗေဒပါမောက္ခနှင့် လယ်ယာစိုက်ပျိုးရေးသုတေသနအကြီးတန်း ဒုတိယညွှန်ကြားရေးမှူး မာရှယ်မာတင်ကပြောသည်။

၂၀၁၇ ခုနှစ်က အင်ဒီးယားနားပြည်နယ်မှ ပဲပုပ်ဘူရှယ်သန်း ၃၂၀ ထုတ်လုပ်ခဲ့သဖြင့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ လေးဘီလီယံနီးပါးရှိသည်။ ၂၀၁၇ ခုနှစ်က ပဲပုပ်ထုတ်လုပ်မှုတွင်အနောက် အင်ဒီးယားနားဒေသက ဘူရှယ်သန်း ၄၀ ကျော် ထုတ်လုပ်ခဲ့သည်။ အင်ဒီးယားနားဒေသတွင် အရေးပါဆုံးသီးနှံနှစ်ခုမှာ ပြောင်းနှင့် ပဲပုပ်ဖြစ်ကြောင်း မာတင်က ပြောသည်။'

တောင်သူများသည် လေထဲမှ နိုက်ထရိုဂျင်ကိုမြေဆီလွှာအတွင်းသို့ ပို့ပေးသောပဲပုပ်နှင့် မြေဆီလွှာအတွင်း ရောက်လာသော နိုက်ထရိုဂျင်ကို အသုံးပြုသောပြောင်းတို့ကို အလှည့်ကျစိုက်သည်။

## ကော်ဖီရောင်းကုန်များတွင် ကင်ဆာရောဂါသတိပေးချက်ထည့်ပေးရန် အမေရိကန်တရားရုံးဆုံးဖြတ်ချက်ကို ကိုရီးယားတွင် တုံ့ပြန်ချက်အမျိုးမျိုးရှိ




ကော်ဖီကိုလှော်ရာမှ ဓာတုပစ္စည်းများ ထွက်ရှိသည့်အတွက် စတားဘတ်အပါအဝင် ကော်ဖီကုမ္ပဏီများသည် ကင်ဆာသတိပေးချက်တံဆိပ်ကိုဖော်ပြပေးရန် လော့အိန်ဂျလိစ်တရားရုံးက ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်းနှင့် ထိုသို့ချမှတ်ခဲ့သည့်အတွက် တောင်ကိုရီးယားကော်ဖီလုပ်ငန်းကို ဦးဆောင်လျက်ရှိသော ကုမ္ပဏီများသည် သတိထား၍ လုပ်ငန်းများ ဆောင်ရွက်နေရသည်။ မြို့ပြလှုပ်ရှားတက်ကြွသူများကလည်း သတိထား၍ ဆောင်ရွက်ကြရန် နှိုးဆော်လျက်ရှိသည်။ တောင်ကိုရီးယား စားသုံးသူအများစုမှာ စိတ်ရှုပ်ထွေးလျက်ရှိကြောင်း ကိုရီးယားဟာရယ်သတင်းတွင်ဖော်ပြသည်။

ဆီအက်တဲရှိ ကုမ္ပဏီဌာနချုပ်မှ ဤပြဿနာနှင့်ပတ်သက်၍ ညွှန်ကြားချက်မရသေးကြောင်းနှင့် လောလောဆယ်တွင်မူ ကိုရီးယားရှိ လုပ်ငန်းဆောင်ရွက်မှုများမှာ အပြောင်းအလဲရှိမည်မဟုတ်ကြောင်း အမေရိကန်စတားဘတ်ကော်ဖီကုမ္ပဏီ၏ ဒေသဆိုင်ရာ လက်အောက်ခံကုမ္ပဏီ Starbucks Coffee Korea က ပြောသည်။

"အမှုဖြစ်နေတာက ရှစ်နှစ်လောက်ရှိပြီ။ အမေရိကန်ပြည်ထောင်စုမှာတောင် အမှုကမပြီးသေးပါဘူး။ အမေရိကန်ပြည်ထောင်စုရုံးချုပ်က ဘာလုပ်မယ်ဆိုတာ ကျွန်တော်တို့စောင့်ကြည့်ရမှာပဲ"ဟု စတားဘတ် ကော်ဖီကိုရီးယားမှ အရာရှိတစ်ဦးက ကိုရီးယားဟာရယ်သတင်းဌာနကို ပြောသည်။ ကော်ဖီလှော်ရာမှ ထွက်ရှိသော ဓာတုဓာတ်ပေါင်းသည်အန္တရာယ်မရှိကြောင်း သက်သေပြနိုင်ရန်အတွက် အမေရိကန်ပြည်ထောင်စုရှိ စတားဘတ်ကုမ္ပဏီက အခြားသော ကော်ဖီလုပ်ငန်းစုများနှင့် ပူးပေါင်း၍ ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း တောင်ကိုရီးယားရှိ ကုမ္ပဏီကပြောသည်။ ဤကဲ့သို့သော တရားရုံးဆုံးဖြတ်ချက်မျိုးက နောက်ဆုံးတွင် ကိုရီးယားရှိကမ္ဘာ့ကော်ဖီလုပ်ငန်းစုများ၏ ပြည်တွင်းလက်အောက်ခံကုမ္ပဏီများအား သတိပေးသည့်သဘောဖြစ်လာနိုင်ကြောင်း ကျန်းမာရေးဆိုင်ရာ လှုပ်ရှားသူများကပြောသည်။

"အမေရိကန်တရားရုံးက ကော်ဖီအန္တရာယ်ကို ပုံကြီးချဲ့နေတယ်လို့ ထင်ပါတယ်။ ကော်ဖီမှာကာစီနိုဂျင် (Carcinogen) ဆိုတဲ့ ဓာတ်ပါတာမှန်ရင် ကျွန်တော်က အလုပ်ပင်ပန်းရင် အနည်းဆုံး ကော်ဖီသုံးခွက်လောက် သောက်တာဆိုတော့သေတာကြာလှပြီ"ဟု အွန်လိုင်းကွန့်မန့်ရေးသူတစ်ဦးကဆိုသည်။

ကော်ဖီလှော်စဉ်ကာလအတွင်း ထွက်ရှိသော ကာစီနိုဂျင်နှင့်ပတ်သက်၍ ဥပဒေပြဋ္ဌာန်းချက်မှာ တောင်ကိုရီးယားတွင် မရှိသေးသကဲ့သို့ ယင်းကိစ္စကို လောလောဆယ်လေ့လာသုံးသပ်မှု မပြုလုပ်သေးသည့်အတွက် တစ်စုံတစ်ရာ မဝေဖန်လိုကြောင်း ကိုရီးယား အစားအစာနှင့် ဆေးဝါးဘေးအန္တရာယ်ကင်းရှင်းရေးဝန်ကြီးဌာနက ပြောသည်။